http://www.dhammadownload.com



# သုခ
# မင်္ဂလသုတ်

အဖွင့်

ဥက္ကံဝံသ

http://www.dhammadownload.com



ဆရာသုခ၏ မင်္ဂလသုတ်ကား ဓာတ်နိပါတ် ရာဇဝင်
ပုံပြင်ဝတ္ထုထက် သဘောတရားရေး၊
အထူးသဖြင့် ကိုယ်ကျင့်တရားနှင့် လူမှုရေးကို
အလေးပေးထားသည်။ ယနေ့ လူ့အလွှာ အသီးသီး၏
နှလုံးသားကို ဗုဒ္ဓ၏မင်္ဂလာမှတ်ကျောက်၌ မှတ်တင်ပြထား၏။
ခေတ်နှင့် ဆီလျော် လှသည်။ ဝိုင်းဖွဲ့စကားပြောရင်း
တစ်ခန်းပြီး တစ်ခန်း ဖတ်ရှုနာယူဖွယ် ကောင်းလှပေသည်။

ဓမ္မာစရိယ ဦးဌေးလှိုင်

ဆရာဦးသုခ၏ "မင်္ဂလသုတ်အဖွင့်" သည်
မင်္ဂလသုတ် တရားတော်၏ သဘောနှင့်
မင်္ဂလသုတ်တရားတော်၏တန်ဖိုးကို အထူး ပေါ်လွင် အောင်
ဖော်ကျူးနိုင်သည်။ စာဖတ်သူတို့ စိတ်ပါဝင်စားမှု ရှိအောင်
လည်း စွမ်းဆောင်နိုင်သည်။ ထို့မျှမက နှီးနွှယ်ရာ ဗဟုသုတ
အစုံစုံ ကို ထည့်သွင်းတင်ပြထားရာ ဗဟုသုတစွယ်စုံကျမ်း
သဖွယ်လည်း ဖြစ်နေပေသည်။

မင်းယုဝေ

http://www.dhammadownload.com

သုခ

# မင်္ဂလသုတ်

ပါရမီ
စာပေ

http://www.dhammadownload.com

# မာတိကာ


မြွှာစရိယ ဦးဌေးလှိုင်၏ အမှာစာ ၅

မင်းယုဝေ၏ အမှာစာ ၁၀

စာရေးသူ၏ တောင်းပန်လွှာ ၁၄

၁ – မင်္ဂလာဆိုတာ ၂၁

၂ – ရွှေဖလားကို အနားသတ်

ပတ္တမြားတပ်၍ ပန်းကွက်ဖော် ၄၇

၃ – မိဘနှင့်ဗုဒ္ဓ ကျေးဇူးချင်းယှဉ်နိုင်ကြမလား ၆၉

၄ – ဘုန်းကြီးကျောင်းသင်ရိုးညွှန်းတမ်း ၉၀

၅ – မိဘကိုလုပ်ကျွေး၍ မွေးမြူ ၁၁၀

၆ – ဖကိုလက်ယာ မိမှာလက်ဝဲ

အမြဲဆောင်ရွက် ပခုံးထက် ၁၂၉

http://www.dhammadownload.com

၇ – လုပ်ကျွေးခြင်းနှင့် ထောက်ပံ့ခြင်း ၁၄၈

၈ – အိမ်ထောင်သာယာ မင်္ဂလာ ၁၇၃

၉ – သာမန်ရှောင်ခြင်းနှင့် လက်တွေ့ရှောင်ခြင်း ၁၉၀

၁၀ – ခြေသုတ်ပုဆိုး မြေခွယ်ကျိုး ၂၀၈

၁၁ – ကိုယ့်ကိုယ်ကို သည်းခံတတ်ကြပါ ၂၂၉

၁၂ – နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးဆောင်လိမ့် ၂၄၇

ဒဂုန်ဦးထွန်းမြင့်၏ မင်္ဂလာကဗျာ ၂၆၉

မင်္ဂလသုတ်ပါဠိတော် ၂၇၆

ဦးဆန်းထွန်း၏ အကောင်းဆုံးလူ ၂၇၈

http://www.dhammadownload.com

ဓမ္မာစရိယ
ဦးဒွေးလှိုင်

## အတွေးအခေါ် ဝင်ပွဲကြော်မှ အရေးအသား

ဆရာသုခ၏ မင်္ဂလသုတ်သည် ယခင် မေတ္တာသုတ်ထက်ပင် ပြောင်မြောက်လာသည်ဟု ဆိုချင်ပါသည်။ ပါဠိပိဋကတ် တတ်ကျွမ်းနားလည်ထားပြီးသူများကိုပင် လက်က မချချင်အောင် ဆွဲဆောင်နိုင်ပါပေသည်။

မင်္ဂလသုတ်ကို ဖတ်ရသောအခါ (ယခင် ဆရာသုခ ရေးခဲ့သော ဆောင်းပါး ၃၀၀ ခန့်၊ ဝတ္ထု ၅၀ ကျော်၊ ရုပ်ရှင်ကား ၃၀ ကျော်တို့က တိုင်းပြည်နှင့်သာသနာအတွက် မည်မျှ အကျိုးပြုနိုင်ခဲ့သည် ဆိုသည်ကိုမူ ကျွန်ုပ်တို့ ဉာဏ်မဝင်ဆံ့နိုင်ခဲ့ပါ)။ 'တိုင်းပြုပြည်ပြု သာသနာပြုဖက် ကလောင်တစ်ချောင်း အဖော်တိုးလာပြီ' ဟု လှိုက်လှဲစွာ ကြိုဆိုမိပါသည်။

အဘယ့်ကြောင့်ဆိုသော် ဘာသာရေး စာပေများကို ရေးသား ညွှန်ပြကြရာ၌ 'မီးပြသမား တွင်းကျွံမှား' ဆိုသကဲ့သို့ ပါဠိစာပေ ကျွမ်းကျင်သူတော်တော်များများပင် ဗုဒ္ဓဝါဒရေးရာတွင် ကြည်ကြည် လင်လင် စင်စင်ကြယ်ကြယ် အနည်ထိုင်အောင်နားလည်သူက ရှား လှပေသည်။ ပြောမကုန်၊ ရေးမကုန်အောင် ဗဟုသုတတွေ များ သလောက် သဘောတရား ရေးရာတွင် 'အံချော်' နေတတ်ကြ၏။ (ကြီးပွားချမ်းသာရေးကျမ်းကြီး လက်ထဲကိုင်ပြီး ဆင်းရဲနေကြရသည် မှာ မဆန်းပါချေ။)

ဆရာသုခကား ချီးကျူးထိုက်ပါပေ၏။ ဗုဒ္ဓဝါဒ စာပေရေးရာ လည်းနိုင်ပါပေသည်။ သဘောတရား ရေးရာလည်း ပိုင်ပါပေသည်။

http://www.dhammadownload.com



အသက် ၇၀ ကျော် ဖြတ်ကျော်ခဲ့ရသော လူမှုရေး ဗဟုသုတများကို ဗုဒ္ဓဝါဒအပေါ် ထင်ဟပ်ခြယ်မှုန်းထားရာ သူ့စာများမှာ မြိုင်ဆိုင် ကြိုင်လှိုင်၍ပင် နေပါတော့သည်။ စိတ်ချလက်ချ မှတ်သားနာယူ ကျင့်ကြံလောက်အောင်လည်း ခိုင်မာလှပေ၏။

မင်္ဂလသုတ်ကို ခေတ်အဆက်ဆက် ဖွင့်ဆိုခဲ့ကြရာ ငါးရာ ငါးဆယ်၊ မဟာဝင်နှင့် ရာဇဝင်ဝတ္ထုဖြစ်ရပ်များကိုသာ ပုံစံ ရေလဲ အမျိုးမျိုးထုတ်၍ သက်သေထူခဲ့ကြ၏။ ရုံခါ လိုအပ်သည် ထက်ပင် ပိုလွန်းနေသဖြင့် ဖတ်ရင်းငိုက်ချင်လာသည်။ အထူးသဖြင့် အတွင်းသား အနှစ်သာရ သဘောတရားရေး နိုက်ချွတ် ဖော်ဆောင်သော မင်္ဂလသုတ် ကား ရှားပါးလျက်ရှိခဲ့၏။

ဆရာသုခ၏ မင်္ဂလသုတ်ကား ထိုသို့မဟုတ်၊ ဇာတ်နိပါတ် ရာဇဝင် ပုံပြင်ဝတ္ထုထက် သဘောတရားရေး အထူးသဖြင့် ကိုယ်ကျင့် တရားနှင့် လူမှုရေးကို အလေးပေးထားသည်။ ယနေ့ လူ့အလွှာ အသီးသီး၏ နှလုံးသားကို ဗုဒ္ဓ၏မင်္ဂလာမှတ်ကျောက်၌ မှတ်တင်ပြ ထား၏။ ခေတ်နှင့် ဆီလျော်လှသည်။ လင်နှင့်မယား၊ သားသမီးနှင့်မြေး တစည်းတဝေး အေးအေးလူလူ ဝိုင်းဖွဲ့စကားပြောရင်း တစ်ခန်းပြီး တစ်ခန်း ဖတ်ရှုနာယူဖွယ် ကောင်းလှပေသည်။

တကယ်တော့ ဆရာသုခ ရေးပြလိုက်ခါမှ မင်္ဂလသုတ်သည် အိမ်တိုင်း လက်စွဲထားရမည့် မိသားစု ကြီးပွားချမ်းသာရေး လမ်းညွှန် ကျမ်း အဖြစ် ပို၍ ပေါ်လွင်လာပါသည်။ (သူကိုယ်တိုင် ပင်လျှင် အဘယ့်ကြောင့် တစ်ဦးတည်း အကယ်ဒမီ ၆ ဆု ပိုင်ရှင် ဖြစ်လာရ ကြောင်း တစေ့တစောင်း သတိပြုဖွယ် ရှိပေ၏။)

(၁) "မေ့စကြာ ဟောစဉ်က အရှင်အာနန္ဒာ အနီးအနားမှာ မရှိပါ ဘဲလျက် အဘယ့်ကြောင့် – ဧဝံမေသုတံ = အကျွန်ုပ် အာနန္ဒာ

http://www.dhammadownload.com



ဤသို့ ကြားနာခဲ့ရပါသည်" ဟု ဆိုထားပါသနည်း။

(၂) "မိဘနှင့်ဆရာတို့ကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထားသင့်၊ မထားသင့်" စသော သဘာဝ စူးစမ်းချက်များ။

(၃) "မကောင်းမြစ်တားလား၊ မကောင်းမြစ်ထာလား" စသော ဝေါဟာရ အဆစ်အဖု မြန်မာမှုလေ့လာချက်များ။

(၄) ဓာတ်နိပါတ် ပိဋကတ်တော်လာ ဝတ္ထုဇာတ်ကြောင်းများကို အဆီထုတ် အနှစ်ချုပ်ကာ 'အီ' မသွားစေဘဲစွဲငြိလောက်ရုံ ချုပ်၍ချုပ်၍ ပေးထားခြင်း။ ၄ ပါး၊ ၅ ပါး၊ ၆ ပါးစသော မှတ်သားဖွယ်များကိုလည်း လျော်ရုံဖက်စပ် ပေးထားခြင်း မှာ... ဗုဒ္ဓစာပေ ရေးရာ၌ သဘောတရားရော အထွေထွေ ဗဟုသုတပါ ကြွယ်ဝကုံလုံရုံမျှမက အရေးအသား နိုင်နင်းမှု ကိုပါ သိသာစေပါသည်။ (အရေးအသား အတင်အပြနှင့် စပ်၍ကား ကျွန်ုပ်တို့ တမင် ချီးကျူးနေဖို့ပင် မလိုပါ။)

ယနေ့ လူ့အဖွဲ့အစည်းအား ဆရာသုခ အရေးတကြီး ပြောချင်သော မင်္ဂလာစကားတစ်ခွန်းကို တွေ့ရ၏။ 'မာတာပိတု ဥပဋ္ဌာနနှင့် ပုတ္တဒါရဿသင်္ဂဟမင်္ဂလာ'ဖြစ်ပါသည်။ ယနေ့လူ့ဘောင်တွင် 'အမိ သော်လည်းသားတော်ခဲ၊ လင်ဆိုးမယားတဖားဖား၊ သားဆိုးအမေ တပေပေ' ဖြစ်နေသည်ကို ဆရာသုခ တော်တော် များများ မြင်နေရ၏။

ထို့ပြင် ဆရာသုခ၏ တစ်ဘဝ သံသရာတွင် 'အမေ' သည် အခိုက်ဆုံးသော ဝေါဟာရတစ်လုံး ဖြစ်ပုံရသည်။ ခွန်းတုံ့ပြန်၍လည်း မရတော့သော 'အမေ့အသံ'သည် အသက်ကြီးလေ ရင်နှင့်မဆံ့အောင် ကျယ်လောင်မြည်ဟည်းစွာ ရိုက်ခတ်မြဲပေတည်း။ ကျေးဇူးသိသော သားတို့၏ ဓမ္မတာပါပင်။

http://www.dhammadownload.com



စင်စစ် ဤစာ 'မေတ္တသုတ်၊ မင်္ဂလသုတ်' နှစ်အုပ်တို့သည် ပင် ဆရာသုခအဖို့ 'နို့ဖိုးဆပ် တရား'လည်း မည်ပါပေတော့သည်။

မင်္ဂလာဟူသည် လူသားအားလုံးနှင့် သက်ဆိုင်သော 'ကြီးပွား ချမ်းသာရေး နည်းပညာ' ကိုခေါ်ဆိုသော ပါဠိအမည် တစ်ခုဖြစ်၏။

လူသားတိုင်း ကြီးပွားချင်ကြ၏။ ချမ်းသာချင်ကြ၏။ ကြီးပွား အောင်လည်း လုပ်နေကြ၏။ ချမ်းသာအောင်လည်း လုပ်နေကြ၏။ ဆင်းရဲအောင်လုပ်သူ တစ်ဦးတလေမျှမရှိ။ ကြီးပွား ချမ်းသာချင်၍ လုပ်နေကြသော်လည်း ကြီးပွားချမ်းသာရသူကား မဆိုသလောက်၊ ဒုက္ခရောက်သူတွေသာ ကမ္ဘာနှင့်အဝန်း။

အကြောင်းကား ဘယ်ပုံကြံစည်ပြောဆိုပြုမူမှ ကြီးပွား ချမ်းသာ ရသနည်း' ဆိုသော ဘဝအညွှာ ပဓာန အချက်ကြီးကို မဆုပ်ကိုင်မိ သောကြောင့် ပေတည်း။

ကမ္ဘာမြေပေါ်တွင် လူဟူ၍ဖြစ်လာသည့် အချိန်မှအစ ကိုယ့် အတွေး ကိုယ့်အယူအစွဲနှင့်ကိုယ်၊ ငါ့လှေငါထိုး ပဂိုး(ပဲခူး) ရောက် ရောက် သဘောပေါက်သလို ကြီးပွား ချမ်းသာနည်းများကို တွေးခေါ်ခဲ့ ကြ၏။ ကျင့်သုံးခဲ့ကြ၏။ ထုတ်ဖော်ခဲ့ကြ၏။ လူတွေ သာလား၊ မဟုတ်ချေ။ နတ်ဗြဟ္မာတွေလည်း ထိုနည်းလည်းကောင်း၊ သူတစ်မျိုး ငါတစ်ဖုံ စုံတကာစေ့အောင် ကြီးပွားချမ်းသာရေးနည်းများကို ထုတ် ဖော်ကျင့်သုံးလာကြရာ အစစ်အမှန်များမဟုတ်ကြသဖြင့် တစ်ဦးက ထုတ်၊ တစ်ဦးက ပုတ်ကာ တုတ်ထမ်းမင်္ဂလာချည်း ဖြစ်ခဲ့ကြရသည်။

လူရော နတ်ဗြဟ္မာတွေပါ ကြီးပွားရေး အတွေးအခေါ် 'ဖီလော်ဆော်ဖီ' စစ်ပွဲကြီး ၁၂ နှစ် တိုင်တိုင် ကြာခဲ့၏။ (ယခု ကော ပြီးဆုံးပါပြီလား။)

ယင်း... ကြီးပွားချမ်းသာရေး 'မင်္ဂလာ' အတွေးအခေါ်နှင့်

http://www.dhammadownload.com



စပ်၍ ကမ္ဘာဦးလူသားတို့၏ မင်္ဂလာ အယူအစွဲကအစ ယနေ့သိပ္ပံပညာ ထွန်းကားသော အမေရိကန်ပြည်သူပြည်သားတို့၏ မင်္ဂလာ အယူအစွဲ များအထိ နောက်ခံရာဇဝင် မင်္ဂလာ ရေစီးကြောင်း ကို ဆက်စပ် ပေါင်းကူး ပေးထားပုံမှာ ဆရာသုခ၏ ကိုယ်ပိုင်အစွမ်းကို ရိပ်စားမိနိုင် ပါသည်။

အားလုံးကို ခြုံလိုက်သောအခါ ဗုဒ္ဓရှင်တော်မြတ် ဖြေရှင်း ညွှန်ပြတော် မူခဲ့သော မင်္ဂလသုတ္တန်သည် လူမျိုး၊ ဘာသာ၊ အရွယ် မရွေး လူသားတိုင်းမည်မျှ အလေးမူထိုက်ကြောင်း ဝါ တစ်ခေတ် တစ်ခေတ် အသစ်အသစ်ကို ရှာသော်လည်း ရှေသာများ၍ ငါးမတွေ့နိုင် တော့ကြောင်း ပေါ်လွင်လှပါပေသည်။

"ဒကာကြီး မေတ္တသုတ်ကို အင်္ဂလိပ်လိုရေးပြီး အမေရိကန် ပို့လိုက်စမ်းပါ" ဟု ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီး ဒုတိယအကြိမ် အမေရိကန်ကြွခါနီး ချီးမြှောက် အားပေးခြင်း ခံယူရသော ဆရာသုခအား ဤမင်္ဂလသုတ်ကို ဖတ်ပြီး သော ပရိသတ်များထံမှ သုတိမင်္ဂလာ ဩဘာသံများ မည်ကဲ့သို့ ရိုက်ခတ်လွှင့်ပျံ့လာမည်ကို မခန့်မှန်းနိုင်ကြောင်းပါခင်ဗျား။

ထိုထို အသံများတွင် ထက်ဝေဟင် တစ်နေရာမှ . . .

"ဒါနဲ့ပဲ အမေတော့ မွေးရကျိုးနပ်ပြီ သားရေ၊ သာဓု . . . သာဓု... သာဓု... ကျန်းကျန်းမာမာနဲ့ ငါ့သားကြီး အမျိုး ဘာသာ သာသနာပြုနိုင်ပါစေတော်" ဟူသောအကျယ်လောင်ဆုံး အချိုမြိန်ဆုံး သော အသံတစ်သံကိုလည်း ကြားယောင်လျက်ပါခင်ဗျား။

လူသားတိုင်းအတွက် မင်္ဂလာပါ . . .

မြှောစရိယ ဦးဆွေးလှိုင်

http://www.dhammadownload.com

## မင်းယုဝေ

## ဂုဏ်ချီး

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူနေမှုစနစ်တွင် မင်္ဂလသုတ်သည် အဓိကအခန်းမှ ပါဝင်သည်။ မြန်မာတို့သည် မွေးဖွားသည်မှစ၍ ကွယ်လွန်သည်အထိ မင်္ဂလသုတ် တရားတော်ကို ဦးထိပ်ပန်ကာ ပြုမူကျင့်ကြံဆက်ဆံနေထိုင်သွားကြပေသည်။ စင်စစ် မင်္ဂလသုတ်သည် ဗုဒ္ဓ၏ လူမှုရေး တရားတော်တို့တွင် အရေးပါ အရာရောက်ဆုံး ဖြစ်ပေသည်။ ယင်းသည် လူကြီး, လူရွယ်, လူငယ် အရွယ်သုံးပါးနှင့် သက်ဆိုင်သည်။ မည်သည့်ခေတ်, မည်သည့် နိုင်ငံ, မည်သည့်လူမျိုး, မည်သည့်ဘာသာဝင်, မည်သည့်လူတန်းစား ကိုမဆို အကျိုးကျေးဇူး ပြုနိုင်ပေသည်။

ထို့ကြောင့် မင်္ဂလသုတ်ကို မူလ ပါဠိဘာသာမှ ဟိန္ဒီ, သီဟိုဠ်, မြန်မာ, တရုတ်, ဂျပန်, ထိုင်း, အင်္ဂလိပ်, ဂျာမန်, ပြင်သစ် စသည့် ကမ္ဘာ့ဘာသာပေါင်းများစွာဖြင့် ပြန်ဆိုကြသည်။ သက်ဆိုင်ရာ ပညာရှင် အသီးသီးကလည်း အမျိုးမျိုး ဖွင့်ဆိုကြသည်။

မြန်မာစာပေလောကတွင် ပညာရှင်များသည် မင်္ဂလသုတ်ကို စကားပြေဖြင့် လည်းကောင်း၊ ကဗျာဖြင့် လည်းကောင်း ဖွင့်ဆိုခဲ့ကြသည်။ ယခု စာရေးဆရာကြီး ဦးသုခကလည်း သူ့နည်း, သူ့ဟန်, သူ့ပညာ ဉာဏ်စွမ်းဖြင့် မင်္ဂလသုတ်ကို ဖွင့်ဆိုလိုက်ပေပြီ။

ဆရာကြီး ဦးသုခသည် အသက် ၇၀ အရွယ် ရှိပြီဖြစ်ရာ နှစ်ပေါင်း ၇၀ အတွင်း သူလေ့လာဆည်းပူးခဲ့သော ပညာများကို ကိုးကား၍လည်းကောင်း၊အတွေ့အကြုံတို့ကိုအခြေပြု၍ လည်းကောင်း၊ ဝေဝေဆာဆာ ဖွင့်ဆိုထားသည်။ ဆရာသည် ဖွင့်ဆိုရာတွင် ဗုဒ္ဓဝင်, မဟာဝင်, ရာဇဝင်တို့ထဲမှ နှီးနွှယ်ရာတို့ကို လည်း ထုတ်နုတ်ကိုးကား

http://www.dhammadownload.com



တင်ပြသည်။ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်၊ သုတ္တန် ပိဋကတ် တည်းဟူသော ပိဋကတ်သုံးပုံထဲမှ နှီးနွှယ်ရာတို့ကိုလည်း ထုတ်နုတ်ကိုးကား တင်ပြသည်။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ် တည်းဟူသော နိကာယ်ငါးရပ် ထဲမှ နှီးနွှယ်ရာတို့ကိုလည်း ထုတ်နုတ် ကိုးကား တင်ပြသည်။ ဓမ္မသတ်ကျမ်း၊ လောကနီတိကျမ်း စသည့် ကျမ်းများထဲမှ နှီးနွှယ်ရာတို့ကိုလည်း ထုတ်နုတ်ကိုးကား တင်ပြသည်။ စွန်းလွန်းဆရာတော်၊ မဟာစည်ဆရာတော်၊ ဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ၊ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ စသော အရှင်သူမြတ်များ၏ အဆုံးအမများထဲမှ နှီးနွှယ်ရာတို့ကိုလည်း ထုတ်နုတ်ကိုးကား တင်ပြသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ မန်လည်ဆရာတော်တို့မှအစ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးဒဂုန် ဦးထွန်းမြင့်တို့အလယ်၊ ဆရာတင်မိုး၊ ဆရာသမိန်သောင်းတို့အဆုံး ရှေးခေတ်စာဆိုများနှင့် ခေတ်သစ်စာဆိုများ၏ စာများထဲမှ နှီးနွှယ်ရာတို့ကိုလည်း ထုတ်နုတ်ကိုးကား တင်ပြသည်။

ကမ္ဘာ့စကားပုံ၊ ကမ္ဘာ့ကာတွန်းတို့မှအစ ရှုရှစာရေးဆရာကြီး ဂေါ်ကီ၏အမေဝတ္ထုအထိ ကမ္ဘာ့စာပေ နှီးနွှယ်ရာတို့ကိုလည်း ထုတ်နုတ်ကိုးကား တင်ပြသည်။ မြန်မာမှု၊ မြန်မာ့အနုပညာ စသည်တို့ထဲမှ နှီးနွှယ်ရာတို့ကိုလည်း ထုတ်နုတ်ကိုးကားတင်ပြသည်။ ထို့ပြင် ဆရာဦးသုခသည် ပြည်တွင်းပြည်ပဌ်ကြုံတွေ့ရသော သူ့ကိုယ်တွေ့ ဖြစ်ရပ်များနှင့် သူ့မိတ်ဆွေများ၏ ကိုယ်တွေ့ဖြစ်ရပ်များ စသည်တို့ထဲမှ နှီးနွှယ်ရာများကိုလည်း ထုတ်နုတ်ကိုးကား တင်ပြသည်။ သူ့အမြင်၊ သူ့အတွေး၊ သူ့အယူအဆများထဲမှ နှီးနွှယ်ရာများကိုလည်း တင်ပြသည်။ အံ့ချီးဖွယ် ကျယ်ဝန်း ပြည့်စုံလှပေသည်။

http://www.dhammadownload.com



ဆရာသည် ယင်းသို့ မင်္ဂလသုတ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုတင်ပြရာတွင် ရင်းနှီးသောသူငယ်ချင်းနှစ်ဦး အချီအချ ပြောဆို ဆွေးနွေးခန်း ပုံစံမျိုးဖြင့် ရေးသားတင်ပြသည်။ ဤ ဆွေးနွေးပုံစံမျိုးဖြင့် တင်ပြသည်မှာ ရဟန်းတော် ဆရာတော်ကြီးများနှင့် လူကြီးသူမများထံ မလျှောက်ဝံ့ဖွယ် ပြဿနာ ပုစ္ဆာများကို စောဒကတက်ခြင်း၊ ငြင်းခုံ၍ အဖြေရှာခြင်း စသည်တို့ကို လွတ်လပ်စွာ တင်ပြလို၍လည်း ဖြစ်သည်။ ဖတ်ရှုသူတို့ စိတ်ဝင်စားမှု ရှိစေရန်လည်း ဖြစ်သည်။ ခေတ်စကား အသုံးအနှုန်းတို့ကို ကြားညှပ်သုံးကာ ထိထိမိမိ ဖော်ပြနိုင်အောင်လည်း ဖြစ်သည်။ ဆရာဦးသုခသည် အချီအချ ပြောစကားဖြင့် ရေးသား ရာတွင် ထင်ရှားသူဖြစ်သည်။ သူ၏ဝတ္ထုများနှင့် သူ၏ရုပ်ရှင်များတွင် အချီအချ ပြောစကားများဖြင့် အလွန် ပြောင်မြောက်လှပေသည်။ ယခု အချီအချ ပြောစကားများဖြင့် ပြောင်မြောက်စွာ ရေးသား ထားသည်ကို တွေ့ရပေသည်။

ဆရာဦးသုခ၏ "မင်္ဂလသုတ်အဖွင့်" သည် ထူးခြားသော 'စာအုပ်ထူး' ပင်ဖြစ်သည်။ မင်္ဂလသုတ် တရားတော်၏ သဘောနှင့် မင်္ဂလသုတ်တရားတော်၏ တန်ဖိုးကို အထူး ပေါ်လွင်အောင်လည်း ဖော်ကျူးနိုင်သည်။ စာဖတ်သူတို့ စိတ်ပါဝင်စားမှု ရှိအောင်လည်း စွမ်းဆောင်နိုင်သည်။ ထို့မျှမက နှိုးနွယ်ရာ ဗဟုသုတ အစုံစုံကို ထည့်သွင်းတင်ပြထားရာ ဗဟုသုတစွယ်စုံကျမ်း သဖွယ်လည်း ဖြစ်နေ ပေသည်။

ဤစာအုပ်သည် ခေတ်လူငယ်များအတွက် သာမက လူရွယ် လူကြီးများ အတွက်ပါ အလွန်တန်ဖိုးရှိသော 'စာအုပ်ထူး' ဖြစ်ပေ သည်။

ကျွန်တော်သည် အမျိုးသားကျောင်းတွင် စ,တင် ပညာ

http://www.dhammadownload.com



ဆည်းပူးခဲ့သူဖြစ်ရာ ငယ်စဉ်ကပင် မင်္ဂလသုတ်ကို သင်အံမှတ်သားခဲ့ရသည်။ ကြီးပြင်းလာသောအခါတွင်လည်း စကားပြေ ကဗျာနှစ်ထွေဖြင့် ဖွင့်ဆိုထားသော မင်္ဂလသုတ်အဖွင့်စာအုပ်များကို ဖတ်ရှုလေ့လာခဲ့ရသည်။ ယခု ဆရာဦးသုခ၏ 'မင်္ဂလသုတ်အဖွင့်' စာအုပ်ကို ဖတ်ရှုရသောအခါ မင်္ဂလသုတ်တရားတော်၏ သဘောကို ပိုမိုသဘောပေါက်လာခဲ့သည်။ မင်္ဂလသုတ် တရားတော်၏တန်ဖိုးကို ပိုမိုသိမြင်လာခဲ့သည်။ မင်္ဂလသုတ် တရားတော်၏အလှကို ပိုမိုခံစားလာမိသည်။ ထို့ပြင် နှီးနွယ်ရာ ပညာ ဗဟုသုတ အစုံစုံကိုလည်း ရရှိခဲ့သည်။ ထို့ကြောင့် ဆရာ ဦးသုခကို များစွာ ကျေးဇူးတင်မိသည်။ ယင်းသို့ကျေးဇူးတင်ရာမှ ဆရာ၏ စေတနာနှင့် ဆရာ၏ ကြိုးပမ်းမှုတို့ကို သာဓု ခေါ်မိပေသည်။

မင်းယုဝေ

http://www.dhammadownload.com

## စာရေးသူ၏ တောင်းပန်လွှာ

သတ္တဝါ ဝေနေယျအကျိုးကို လိုလားတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မင်္ဂလသုတ်ကို ဟောတော်မူကြောင်း ခုဒ္ဒကပါဠ ပါဠိတော်တွင် ပြဆိုခဲ့ပါသည်။

ငါးရာငါးဆယ် ဒသနိပါတ်မဟာမင်္ဂလဇာတ်တွင်လည်း ဖော်ပြပါရှိရာ ထို 'မဟာမင်္ဂလဇာတ်' ၌ အတိတ်ဝတ္ထုကို ဤသို့ တွေ့နိုင်ပါသည်။

မြတ်စွာဘုရားသည် မထင်ရှားသောနတ်သားအား သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားတော်ကို ဟောကြားပြီးသည့်နောက် လူနှင့်တကွ ရဟန်းတို့က ဝမ်းမြောက်ကြသည်ဖြစ်၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ပြောဆိုမဆုံးရှိကြသည့်အခါ မြတ်စွာဘုရားက "ချစ်သားတို့ မင်္ဂလာတရားကို ယခုသာမဟုတ်၊ ရှေးကလည်း ဟောခဲ့ဖူးလေပြီ" ဟု အောက်ပါ ဇာတ်ကို ဆက်၍ ဟောတော်မူသည်။

လွန်လေပြီးသောအခါ၊ ဟိမဝန္တာ၌ ရက္ခိတမည်သော ရသေ့ကြီးသည် အခြံအရံ ငါးရာနှင့် နေရာ၊ တစ်ခါသော် တပည့်ငါးရာတို့သည် ဗာရာဏသီပြည်သို့ ချဉ်ဆားမှီဝဲအံ့သောငှာ လာကြသည်တွင် လူတို့တွင် အထက်ပစ္စုပ္ပန် ဝတ္ထု၌ ဆိုခဲ့သည့်အတိုင်း ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ ဤမင်္ဂလာသုံးပါး ပြဿနာသည် ဖြစ်လျက်မင်းနှင့် တကွသော လူတို့သည် ထို ရသေ့တို့အား မင်္ဂလာပြဿနာကို မေးလျှောက်လေသည်။ ရသေ့တို့က 'ငါတို့ မသိကုန်၊ ငါတို့၏ ဆရာကို မေးလျှောက်ပြီးမှ သင်တို့အား ပြန်ကြားပေအံ့' ဟု ဆို၍ ဟိမဝန္တာသို့ ပြန်ရောက်မေးလျှောက်ရာ၊ ဆရာရက္ခိတ ရသေ့ကြီးက မင်္ဂလာ တရားတို့မှာ အောက်ပါအတိုင်း ဖြစ်ကြောင်း ဟောတော်မူသည်။

http://www.dhammadownload.com



၁။ သတ္တဝါ အပေါင်းတို့အား အစဉ်မပြတ် မေတ္တာထားခြင်း၊
၂။ မိမိကိုယ်ကို နှိမ့်ချ၍ သူတစ်ပါးက ဆဲရေးရေရွတ်သည်ကို အမျက်မထွက်ဘဲသည်းခံခြင်း၊
၃။ မိမိ၏ အဆွေခင်ပွန်းတို့အား မထိမဲ့မြင် မပြုခြင်း၊
၄။ အဆွေခင်ပွန်းကောင်းရှိ၍ အဆွေခင်ပွန်းတို့၏ အကျိုးကိုမဖျက်၊ မိမိဥစ္စာကို ခွဲဝေပေးလေ့ရှိခြင်း၊
၅။ အရွယ်တူသော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာနေလေ့ရှိသော၊ လင်ကိုရိုသေ၍လင်၏အလိုကိုလိုက်သော၊ ကုသိုလ် ကောင်းမှုကို နှစ်သက်တတ်သော၊ မိန်းမမြူမဟုတ်သော မယားကိုရခြင်း၊
၆။ အရှည်အချင်းကို သိတတ်သော မင်းထံ၌ ခ,စားရခြင်း၊
၇။ အစားအသောက် ပန်းနံ့သာ စသည်တို့ကို စေတနာဖြင့် ပေးလှူခြင်း၊
၈။ သီလ, သမာဓိ, ပညာဖြင့် အားထုတ်၍ မဂ်ဖိုလ်ကို ရခြင်း။

ဤသည်ကား–စင်စစ်ကောင်းမြတ်သော မင်္ဂလာတရားတော် ပေတည်းဟု ဟောတော်မူ၏။

တပည့်တို့လည်း ဗာရာဏသီသို့ပြန်ကြ၊ ဟောပြ၊ လူတို့ကျင့်ဆောင်ကြသဖြင့် ကောင်းရာသို့ လားကြလေသတည်း။

ဇာတ်ပေါင်းသော် တပည့်ရသေ့တို့သည် ဘုရား၏ပရိသတ်၊ မေးလျှောက်သော ရသေ့တပည့်ကြီးသည် ရှင်သာရိပုတ္တရာ၊ ရက္ခိတ ရသေ့ကြီးသည် ဘုရားဖြစ်လာ၏။

သို့တစေ ပစ္စုပ္ပန်ဝတ္ထုဖြစ်သော 'သုံးဆယ့်ရှစ်ဖြာ' မင်္ဂလာ

http://www.dhammadownload.com



တရားတို့သည်သာ ပေါ်လွင်ထင်ရှားနေခဲ့သည်။ အကြောင်းမှာ ထို သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရား အဆုံးအမတို့က လူတို့နှင့် အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ အခါကာလမရွေး သင့်တော် လျော်ကပ်ပတ်နေခြင်းကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် အကျိုးလိုလားတော်မူကြသော ဆရာတော်ကြီး များက ဗုဒ္ဓဘာသာ၏ အုတ်မြစ်ပန္နက်ကြီးတစ်ခု အဖြစ်ဖြင့် ကလေး သူငယ်တို့အားသင်ကြားရွတ်အံကြစေသည်ဖြစ်ရာဗုဒ္ဓဘာသာပရိယတ္တိ အစ 'မင်္ဂလသုတ်' က ဟု ဆိုနိုင်ကောင်းပါသည်။ မြန်မာ ဘာသာ 'ကကြီးခကွေး'အရေးအဖတ် သွက်လက် ချက်ချာပြီဆိုလျှင် ထို 'မင်္ဂလသုတ်'သည်သာ တစ်ဆင့်တက်ရသော 'မူလတန်း ပညာ' ဖြစ်ခဲ့ကြရသည်။ ထို့ကြောင့် ကကြီးခကွေး သင်ပုန်းကြီး စာအုပ်၌ နောက်ဆက်တွဲအဖြစ် 'မင်္ဂလသုတ်' ကို ထည့်သွင်းပုံနှိပ်ကြသဖြင့် 'မြန်မာသင်ပုန်းကြီး နှစ်စောင်တွဲ' ဟု ဝေါဟာရ တည်မြဲခဲ့ကြရသည်။

မြန်မာစာပေ၏ မြစ်ဖျားခံရာဘူမိနက်သန်မှာ ဘုန်းတော်ကြီး ကျောင်းများသာ ဖြစ်သည်။ ဘုန်းကြီးကျောင်းမှ အခြားမရှိ။ မိန်း ကလေး၊ ယောကျ်ားကလေးမရွေး၊ ဘုန်းကြီးကျောင်းမှာသာ နေကြရ သည်။ နေသမျှ ကလေးတိုင်းသည် ထို 'မင်္ဂလသုတ်'ကို မလွဲမသွေ မရမနေ အာဂုံဆိုကြရသည်။ ထိုကလေးများက လူလား မြောက်၍ သူတို့၏ သားစဉ်မြေးဆက်များသည်လည်း ထိုဘုန်းကြီးကျောင်းတွင် ပင် နေကြရသဖြင့် ထို'မင်္ဂလသုတ်'ကိုပင် ရွတ်ကြ, ဆိုကြ, အာဂုံ ရကြပြန်လေရာ မြန်မာတစ်ပြည်လုံး မင်္ဂလသုတ်သံ မြိမ့်မြိမ့်ညံခဲ့ရသည်။ ထို့ကြောင့် 'ဗုဒ္ဓဘာသာ မြန်မာလူမျိုး' ဟု ဆိုလိုက်လျှင် မိဘများမှအစ သားသမီးများအထိ 'မင်္ဂလသုတ်'ကို မကြားဖူးသူ မရှိ၊ မရွတ်ဖူးသူ မရှိ၊ မရဖူးသူ မရှိ။

http://www.dhammadownload.com



ထိုခေတ်မှသည် 'မြန်မာတွေစည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခေတ်' သို့ ရောက်ခဲ့သောအခါ အုပ်ချုပ်သူ လူတန်းစားတို့၏ အမူအကျင့်ကို အထင်ကြီးအတုယူတတ်ကြသော နိယာမ သဘောတရားအတိုင်း 'ဘုန်းကြီးကျောင်းသား သူတောင်းစား၊ အင်္ဂလိပ်ကျောင်းသား အကောင်းစား' ဟူသည့် 'ပြက်ရယ်စကား' နှင့်အတူ 'ယံမင်္ဂလံဒွါဒသဟိ' ဆိုသော အသံသည်လည်း 'Cat – စီအေတီ – ကက်' ဟူသော အသံများအောက်တွင် နစ်ပျောက်ဆိတ်သုဉ်းကုန်ခဲ့ကြရသည်။

အတိုချုံးရလျှင် " Cat – စီအေတီ – ကက် "မိဘများက 'Bat – ဘီအေတီ – ဘက် 'သားသမီးများသာ မွေးခဲ့ကြပြီးလျှင် ထို 'Bat – ဘီအေတီ – ဘက်' မိဘများကတစ်ဆင့် 'Dog – ဒီအိုဂျီ – ဒေါ့ ' တွေ ပေါက်ဖွားလာကြခြင်းကို ငြင်းဆိုဝံ့သူ ရှိအံ့မထင်ပါ။ ပိဋကတ်သုံးပုံ စာအုပ်များကို ရိုက်နှိပ်ရောင်းချ ဖြန့်ချိသော ဗုဒ္ဓဘာသာ ဘုရားဒကာ ကျောင်းဒကာပိုင် စာအုပ်တိုက်ကြီးများကသော်မှ မင်္ဂလသုတ်ပါ သင်ပုန်းကြီးစာအုပ် ပါးလှပ်လှပ်ကလေးများအစား ခန့်သော၊ ထူသော၊ ရွှေဝေါသားရေဖုံး ပိဋကတ် ကျမ်းစာအုပ်ကြီးများကိုသာ ဂုဏ်ယူ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလာခဲ့ကြသည်။ ထိုဘုရားဒကာ စာအုပ်တိုက်ရှင်ကြီးများ၏ လစ်ဟင်းကွက်ကို 'သာသနာ့ဒါယကာ' ကြူလယာစာအုပ်တိုက်များက တာဝန်ယူတော် မူကြသဖြင့်သာ မင်္ဂလသုတ်စာအုပ်တောရွာ ဇနပုဒ်များမှာ ရှာ၍ တွေ့နိုင်ကြခြင်း ဖြစ်သည်။

မည်သို့ဖြစ်စေ၊ လူသားတိုင်းလူသားတိုင်း၏ အကျိုး စီးပွားအတွက် ယဉ်ကျေးမှု၊ တိုးတက်ကြီးပွားမှု၊ အေးငြိမ်းချမ်းသာမှုသို့ ရေးရှုဦးတည်သော ' လုပ်ထုံးလုပ်နည်း 'မှာ ထို 'မင်္ဂလသုတ်' သာ ဖြစ် သည်။ ကမ္ဘာပေါ်တွင် မည်သည့် တိုင်းပြည် , မည်သည့်လူမျိုး ,

http://www.dhammadownload.com



မည်သည့်ပုဂ္ဂိုလ်မဆို ယဉ်ကျေးတိုးတက် ငြိမ်းချမ်းနေသည့်ဟု ဆိုငြား အံ့။ ထိုတိုင်းပြည်, ထိုလူမျိုး,ထိုပုဂ္ဂိုလ်သည်'အမှတ်မထင်' ထိုမင်္ဂလ သုတ်ပါ 'သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ' ကျင့်ထုံးလုပ်နည်း 'သိအိုရီ'နှင့် တိုက်ဆိုင် ညီညွတ် နေခြင်းကြောင့်ဟု 'တိဏ္ဏဝိစိကိစ္ဆာ' ပြောဝံ့စရာ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ယခုခေတ် ဗုဒ္ဓဘာသာလူငယ်လူရွယ် ကလေး များအတွက် (ဝါ) တိုင်းပြည်၏အညွန့်အညှောက်ကလေး များအတွက် (ဝါ) သာသနာ၏ အညွန့်အညှောက် ကလေးများအတွက် 'မင်္ဂလာ အရသာ'ကို သင်းကလေးများ စိတ်ပါဝင်စား နားလည် ဖတ်ရှုချင် စဖွယ် ရေးသားတင်ပြလိုပါသည်။

ယခုခေတ် ကလေးသူငယ်များကို ကျွန်တော် အထင်မသေးဝံ့ ပါ။ သူတို့၌ ရဲဝံ့ပြတ်သားသော စူးစမ်းစပ်စုတတ်ခြင်းဉာဉ် လေး များရှိကြပါသည်။ စင်စစ်မှာကား 'မီးခဲပြာဖုံး' လူရည်ချွန် ကလေးများ ဖြစ်ကြပါသည်။

ထိုကဲ့သို့ မှတ်ယူမိသည့်အတိုင်း ကျွန်တော်၏ဖွင့်ဆိုတင်ပြ ပုံမှာ သူတို့နှင့် 'လိုက်လျောညီထွေ'ဖြစ်လိမ့်စနိုး အားကိုး၍ ကျွန်တော် နှင့် 'ပြောမနာ ဆိုမနာ' သူငယ်ချင်း တစ်ယောက် ဆွေးနွေးသကဲ့သို့ ရေးထားပါသည်။ ထိုသို့ ရေးခြင်းဖြင့် နီးစပ်နိုးနွယ်ရာ ဗဟုသုတများကို ထည့်သွင်းလိုခြင်း၊ လူကြီးသူမ၊ ရဟန်းတော် ဆရာတော်ကြီးများထံ မမေးမလျှောက်ဝံ့ဖွယ် ပြဿနာ ပုစ္ဆာများကို စောဒကတက်ခြင်း၊ ငြင်းခုံ၍အဖြေရှာခြင်း စသည်တို့ကို လွတ်လပ်စွာ ဆွေးနွေး သကဲ့သို့ ရှိအောင် သမ္ဘာဆန္ဒ ထားရှိပါသည်။

နိဂုံးချုပ်အားဖြင့် အစီရင်ခံလိုပါသည်။

ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ရန်ငါးမျိုးမှ တစ်ဖန်

http://www.dhammadownload.com



ပြန်လည်လွတ်မြောက် ထွန်းတောက်လာပြီဖြစ်သော ဗုဒ္ဓ ကိုယ်တော်၏ အဆုံးအမ 'သာသနာတော်ကြီးကို' စုလစ်မွမ်းချွန် အထွတ်တင်နေတော်မူကြသည့် အကျော့်အကျော်အမော့်အမော် ဌာ့ပညာဝန်၊ ရဟန်းပညာဝန်တို့၏ ရတနာပြာသာဒ်ကြီး၌ ကျွန်တော့်အား 'သဲ တစ်ဆုပ် အုတ်တစ်ချပ်' သင့်လျော်စွာ ဖြည့်စွမ်း ဆောင်ရွက်ခွင့် ပေးတော်မူကြပါလျှင် ဗုဒ္ဓဘာသာစာရေးဆရာတစ်ဦး ဖြစ်ရကျိုးနပ်ပါပြီ။

'အလိမ္မာစာမှာရှိ' စာမှာရှိသော အလိမ္မာကို တိုင်းပြည်၏ အညွန့်အညှောက်ကလေးများ၏ အသည်းနှလုံးသို့ အရောက် ပို့ပေးကြပါစို့။

ကျွန်တော်အား အသိအလိမ္မာ ဉာဏ်ပညာ ပေးတော်မူကြသော အနန္တ ငါးပါးနှင့် စာပြုသူများအား မာန်လျှော့၍ ကန်တော့ ရှိခိုးလိုက်ပါသည်။

သုခိ အတ္တာနံ ပရိဟရန္တု၊

**သုခ**

http://www.dhammadownload.com

## ပါဠိမီစာပေဖြင့်ရနိုင်သော ဦးသုခ၏စာအုပ်များ

* မေတ္တာသုတ် * မင်္ဂလသုတ် * ရတနသုတ် * သုခမှတ်စု * ချယ်ရီအလှ စာအလှ * ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ * အကျော် ဒေးယျ ဗုဒ္ဓသမီးတော်များ * လောကနီတိ * ရာမာခရစ်ရှနာ၏ပုံပြင်များ * သုခဝတ္ထုတိုများ။

## ဆက်လက်ထုတ်ဝေမည့် ဦးသုခ၏စာအုပ်များ

* စိတ်ဆိုသောစိတ်နှင့်ဝဋ္ဋနာဒီပနီ * ဓမ္မကထာ စာပဒေသာ။

http://www.dhammadownload.com

# မင်္ဂလာသုတ် (၁)

## မင်္ဂလာဆိုတာ

"ဟော့ကောင်၊ ငါ့ကို အကြွေး ဆပ်ဖို့လည်း သတိထားဦးလေကွာ"

"ဟာ၊ မနက်ကြီးစောစောမင်္ဂလာမရှိလိုက်တာ၊ဘာအကြွေးလဲ၊ မင်းဆီက တစ်ပြားတစ်ချပ်မှ မချေးဖူး မလှည့်ဖူး ပါကလား၊ စပ်စပ်ယှက်ယှက်"

"စဉ်းစားပါဦးလေ၊ မင်း လူကြီးစကား ပြီးပြီး ပျောက်ပျောက် တယ်လုပ်သကိုး။ အကြွေးဆိုတာ (၁) ဥစ္စာကြွေး၊ (၂) ရန်ကြွေး၊ (၃) ချစ်ကြွေး၊ (၄) နှုတ်ကြွေး၊ (၅) ဝဋ်ကြွေးရယ်လို့ အကြွေးငါးပါး ရှိတယ် မဟုတ်လား။ မင့်ဆီက ရစရာရှိနေတာက နှုတ်ကြွေးကွ၊ မေတ္တာသုတ်ကို စ,ပြီး ဆွေးနွေးတဲ့ နေ့က နောက်တစ်ခါ မင်္ဂလာသုတ်ကို ဆွေးနွေးကြမယ်ဆိုတာလေ"

"အောင်မယ်လေး မင့်နှယ် အထိတ်တလန့်၊ အဲဒါ ပြောတာလား"

"ဒါလည်း နှုတ်ကြွေးပေါ့ကွ၊ 'လူ့ရွာမှတ်ရေး၊ ဥစ္စာကြွေး ထက်၊ ချစ်ကြွေးတင်ချက်၊ ဆင်းရဲနက်၏' လို့ ဆိုတယ်မဟုတ်လား"

"အောင်မာ၊ မဃဒေဝလင်္ကာတွေ ဘာတွေများ ရွတ်လို့ပါလား၊ အတော် တိုးတက်နေမှုပဲ၊ ငါ့အကြွေးက ချစ်ကြွေးမှ မဟုတ်သေးတာ"

"ချစ်ကြွေးမဟုတ်ပေမယ့် နှုတ်ကြွေးဆိုလည်း အရေးကြီးတာပဲ၊ မင်းမှာသစ္စာ၊ လူမှာကတိတဲ့၊ နှုတ်ကြွေးဟာလည်း ကတိပေါ့၊ ၅၅၀

http://www.dhammadownload.com



ခါတ်မှာ မဟာသုတသောမ မင်းကြီးဟာ သူ့ကို ယဇ် ပူဇော်မယ့် ပေါရိသာဒထံ ပြန်လာဖြစ်အောင် ပြန်လာတာဟာ နှုတ်ကြွေးကိုဆပ်တာ၊ ဇယဒိသမင်းကြီး ဘီလူးစားပြန်ခံတာလည်း နှုတ်ကြွေးဆပ်တာပဲ"

"မင်း ဒီနေ့ ကြီးကြီးကျယ်ကျယ်တွေ ပြောနေပါကလား၊ ငါက ဒီလောက် ကတိတည်ရအောင် ဘုရားလောင်း မဟုတ်သေးဘူးကွ။ မင်းနားလည်ဖို့က"

"မင်းဟာ တော်တော် ဈေးကိုင်တတ်တဲ့ အကောင်ပဲ"

"သူငယ်ချင်းက ငါ့ကို အထင်ကြီးလွန်းနေလို့ပါ၊ အကြွေး ပြန်ဆပ်ဖို့ဆိုတာ ဆပ်နိုင်အောင် စုရဆောင်းရသေးတာ ခင်ဗျာ့။ ဒီလိုပဲ၊ မင်းနဲ့ ဆွေးနွေးဖို့ဆိုရင်လည်း ငါ့မှာ ဖတ်ဖူးသမျှ အချက် အလက်တွေကို ပြန်ရှာရသေးတယ်၊ မဖတ်ဖူးသေးတာတွေလည်း ဟိုစစ ဒီစစ ရှာဖွေ ကြည့်ရှုရသေးတာ၊ တစ်ထိုင်တည်းနဲ့ ဝေါခနဲ သွန်ပေးနိုင်တဲ့ ပညာရှိကြီးမဟုတ်ဘူး။ ကျောင်းမှာ စာသင်ပြပေးရတဲ့ ဆရာလို နက်ဖြန် သင်ရမယ့်စာကို တင်တင် ကြိုကြို စုဆောင်း သိမ်းရသေးတာ"

"အင်း... ဟုတ်တော့ ဟုတ်ပါတယ်"

"ဥပမာ... မင်္ဂလသုတ်မှာ ၃၈ ဖြာ မင်္ဂလာဆိုတဲ့ အတိုင်း 'အသေဝနာစ ဗာလာနံ'ကစပြီးဘာသာပြန်ပြရုံနဲ့ တို့ခေတ် လူငယ်တွေအဖို့ မလုံလောက်သေးဘူး။ သူတို့အခေါ် 'သိပ္ပံနည်းကျကျ' ယုတ္တိဗေဒနဲ့ စ,လာမှ ဖြစ်မှာ"

"ဪ၊ မင်္ဂလာတရားဆိုတာ ဘာတွေလဲလို့ တစ်ဆယ်နှစ်နှစ် လုံးလုံး စူးစမ်းကြတဲ့အကြောင်းက စ,ရမှာပေါ့နော်"

"ဒါက မင်္ဂလသုတ်ထဲမှာ ပါပြီးသားပဲ။ ဒီထက် ဒီထက်

http://www.dhammadownload.com



ပဝေဏီက အခြေအနေ၊ လူရောနတ်ပါ လက်ခံ လာခဲ့ကြတဲ့ မူဝါဒ၊ ဒါတွေက စ,ပြောရမှာ။ အရင်းစစ်လျှင် ကမ္ဘာရဲ့အမျိုးကြီး လေးပါးက စ,ခဲ့ကြတဲ့ စနစ်ကြောင့် 'မင်္ဂလာ' ဆိုတဲ့ အယူအစွဲ ပေါ်လာခဲ့ကြတာ"

"အမယ် စိတ်ဝင်စားစရာပါပဲလား။ ကြားဖြတ်ပြီး မေးတယ်လို့လည်း မထင်ပါနဲ့၊ မင်္ဂလာ ၁၂ ပါးဆိုတာကလည်း ရှိသေးတယ်နော်"

"အေး . . . ရှိသေးတယ်"

"စုံစုံစေ့စေ့ ပြောစမ်းပါလား"

"စိန်ပါတီရဲ့ 'မင်္ဂလာ ၁၂ ပါးသီချင်း' ကို ဆိုကြည့်ပေါ့"

"မင်းကလည်း တိုရေရှားရေနိုင်လိုက်တာ၊ အစအဆုံး မရလို့ပေါ့၊ ကဲပါ"

"ငါက တိုရေ ရှားရေ နိုင်တာမဟုတ်ဘူး။ မင်းက နှိုသက်ခံစို့ချင်တာ —

(၁) ဂဗ္ဘာဓာရဏ မင်္ဂလာ = ပဋိသန္ဓေ စွဲသည့် နေ့ကစ၍ ရံဖန်ရံခါ မင်္ဂလာပြုခြင်း၊

(၂) ဝိဇာတ မင်္ဂလာ = ဖွားမြင်တော့ ပြုရတဲ့ မင်္ဂလာ၊

(၃) အာဟာရ ပရိဘောဂ မင်္ဂလာ = ထမင်းခွံ့သော မင်္ဂလာ၊

(၄) တမ္ဗူလဘတ္တ မင်္ဂလာ = ကွမ်းခွံ့သော မင်္ဂလာ၊

(၅) ဒေါဠာကရဏ မင်္ဂလာ = ဖောင်လွှဲသော မင်္ဂလာ (ပုခက်တင် မင်္ဂလာ)၊

(၆) ကေသစ္ဆေဒန မင်္ဂလာ = ဆံပယ်သော မင်္ဂလာ၊

(၇) ဂေဟာကရဏ မင်္ဂလာ = အိမ်သစ်တက်သော မင်္ဂလာ၊

(၈) သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာ = ရှင်ပြုမင်္ဂလာ၊

http://www.dhammadownload.com



(၉) ကဏ္ဏဝိဇ္ဈန မင်္ဂလာ=နားသမင်္ဂလာ၊

(၁၀) ဒုဿဂဟန မင်္ဂလာ=ပုဆိုး၊ ထဘီဝတ်သော မင်္ဂလာ၊"

"ဟော့... နေပါဦး၊ ပုဆိုး၊ ထဘီက ရှင်ပြု နားထွင်းပြီးမှ ဝတ်ပေးရတော့သလားကွ"

"ဟာ... နောက်တီးနောက်တောက် စကားတံရှည်ပြီ၊ လူပျို အပျိုအဖြစ် အဖိုးထိုက် အဖိုးတန် အဝတ်အထည်ကို ပွဲလမ်းသဘင်နဲ့ ဆင်ယင်ပေးတဲ့ မင်္ဂလာပေါ့ကွာ။ မွေးစကတည်းက ကိုယ်တုံးလုံး ဘယ်နေကြမလဲ"

"သည်းခံပါ သူငယ်ချင်းရယ်၊ မရှင်းတာများလည်း မေးပါရစေ"

"(၁၁) စူဠဂဟန မင်္ဂလာ= ဆံထုံး ဦးသျှောင် ထုံးသော မင်္ဂလာ။

(၁၂) အာဝါဟ ဝိဝါဟ မင်္ဂလာ=လက်ထပ် မင်္ဂလာ၊ အဲသည့် ၁၂ ပါး"

"အင်း... လူပျို အပျိုဖြစ်ကြောင်း ကြေညာတဲ့ သဘောနဲ့ ပုဆိုး ထဘီကို အခမ်းအနားနဲ့ဝတ်ပေးပြီး ဆံထုံးဦးသျှောင် ထုံးပေးပြီးမှ လက်ထပ်မင်္ဂလာလုပ်တာ သဘာဝ အကျသားပဲ။ ဒါထက် အာဝါဟ၊ ဝိဝါဟလို့–တို့တစ်တွေက ရေးသားသုံးနှုန်းသာနေကြတယ်၊ အဓိပ္ပာယ်တော့ သိပ်မရှင်းဘူးကွ။ အာဝါဟနဲ့ ဝိဝါဟဆိုတာ ဘာလဲ"

"မင်းတော်တော်စပ်စုပါလား။ အာဝါဟ မင်္ဂလာဆိုတာက ယောကျ်ားကလေးများမှာ သတို့သမီးကို ခေါ်လာပြီး လက်ထပ်တာ ဝိဝါဟ မင်္ဂလာဆိုတာက မိန်းကလေးအိမ်မှာ သတို့သားကို ခေါ်လာပြီး လက်ထပ်တာ"

"ဒါဖြင့် အာဝါဟ ဝိဝါဟလို့ တွဲသုံးတာကကော"

http://www.dhammadownload.com



"ယောက်ျားကလေး အိမ်မှာလည်းမဟုတ်၊ မိန်းကလေး အိမ်မှာလည်း မဟုတ်ဘဲ အင်းလျားလိပ်တို့ ကရဝိက်တို့မှာ လုပ်တဲ့ မင်္ဂလာဆောင်ကွာ. . . ကဲ"

"ဟား. . . ဟား. . . ဟား မှန်တာ မမှန်တာ အပထား၊ ယုတ္တိတော့ အရှိသား၊ ဟား ဟား"

မင်းက ကတ်သီးကတ်သတ် မေးတာကိုး။ အခုပြောတဲ့ မင်္ဂလာ ၁၂ ပါးအပြင် နောက် ၁၂ ပါးတစ်မျိုး ရှိသေးတယ်၊ စိန်ပါတီ သီချင်းထဲမှာ ပါတာ"

(၁) ဝိဇာတမင်္ဂလာ=ဖွားမြောက် အောင်မြင်ခြင်း မင်္ဂလာ၊

(၂) မုခ ဒဿန မင်္ဂလာ=သုံးရက်မြောက်မှာ ဘိုးဘွား တို့အား ကလေးကိုပြသော မင်္ဂလာ၊

(၃) ကေသစ္ဆေဒန မင်္ဂလာ=ခုနစ်ရက်မြောက် နေ့မှာ ဆံဦးရိတ်တဲ့ မင်္ဂလာ၊

(၄) ဒေါဠာကရဏ မင်္ဂလာ=ပုခက်တင် မင်္ဂလာ၊

(၅) တမ္ဗုလဘတ္တ မင်္ဂလာ=ကွမ်းဦးခွံ့တဲ့ မင်္ဂလာ၊

(၆) ရဝိန္ဒုဒဿန မင်္ဂလာ=ကလေးကို နေတို့လတို့ ပြတဲ့ မင်္ဂလာ၊

(၇) နာမ ကရဏ မင်္ဂလာ=အမည်မှည့်တဲ့ မင်္ဂလာ၊

(၈) ပထမဘတ္တ မင်္ဂလာ=ထမင်းဦးခွံ့တဲ့ မင်္ဂလာ၊

(၉) ကေသဗန္ဓနမင်္ဂလာ=ဆံထုံးဥသျှောင် ဖွဲ့ထုံးတဲ့ မင်္ဂလာ၊

(၁၀) ကဏ္ဏဝိဇ္ဈန မင်္ဂလာ=နားထွင်း မင်္ဂလာ၊

(၁၁) ပဗ္ဗဇ္ဇမင်္ဂလာ=ရှင်ပြုမင်္ဂလာ၊

(၁၂) အာဝါဟ ဝိဝါဟ မင်္ဂလာ=လက်ထပ် မင်္ဂလာ၊ အဲဒါတွေကို လောကီ မင်္ဂလာလို့ ခေါ်တယ်"

http://www.dhammadownload.com



"မင်္ဂလာသုတ်ပါ ၃၈ ဖြာ မင်္ဂလာနဲ့ မတူဘူးနော် "

"မတူဘူး၊ လုံးဝ မတူဘူး၊ ဗုဒ္ဓ ဟောတော်မူတဲ့ မင်္ဂလာသုတ်ပါ မင်္ဂလာများက လောကီ လောကုတ္တရာအကျိုးကို ပေးတယ်၊ လောကီ မင်္ဂလာဆိုတာတွေက လောကရဲ့ပညတ်အာရုံ ဂုဏ်ပကာသနတွေပဲ ဖြစ်စရာရှိတယ်၊ အစကပြောခဲ့တဲ့ အမျိုးကြီးလေးပါးမူဝါဒရဲ့ အဆုံး အဖြတ် ဓလေ့ထုံးစံတွေသာဖြစ်တယ်၊ အာတမာဝါဒ၊ အခုလို အယူ အစွဲမျိုးတွေနဲ့ ယှဉ်ပြတော်မူလိုတဲ့ အတွက် တကယ့် မင်္ဂလာတရားတော် ကို ဟောတော်မူတာဖြစ်တယ်။ ဗုဒ္ဓကိုယ်တော်ဟာ လောကမှ လွတ် မြောက်ကြောင်းလောကုတ္တရာ တရားကိုသာ သတ္တဝါအနန္တ ကို ဟော တော်မူလိုရင်းဖြစ်ပေမယ့် လောကမှ လွတ် မြောက်နိုင်စွမ်း မရှိသေးသူ ကို လူ့ဘုံ နတ်ဘုံမှာသာ ကျင်လည်နိုင်ဖို့ ပြုမူနေထိုင် ကျင့်ကြံရအောင် နည်းလမ်းများ ပေးတော်မူတယ်။ ဒီတရားစုကို 'သဂ္ဂကထာ'လို့ ခေါ်တယ်။ မဂ်ဖိုလ်ကို ထုတ်ချောက် ပေါက်နိုင်စေသော တရားစုကို 'မဂ္ဂကထာ'လို့ခေါ်တယ်၊ ဒါ့ကြောင့်ဒေသနာတော်များစွာဟာ သဗ္ဗ လောကဟိတတ္ထာယ=လောကီလောကုတ္တရာ အကျိုးနှစ်ပါး စလုံးကို ပြီးစေနိုင်တယ်။ ဆိုလိုတာက မဂ်ဖိုလ်သို့ရောက်လျှင်ရောက်၊ မရောက် သေးသော်မှ သုဂတိဘုံများတွင်သာ အပြစ်မဲ့စွာ ချမ်းသာစွာ ကျင်လည် နေရမှာ ဖြစ်တယ်။ အရှုံးမရှိရဘူး။ အခုနပြောတဲ့ လောကီ မင်္ဂလာ ၁၂ ပါး ဆိုတာများကိုကြည့်၊ ပဗ္ဗဇ္ဇမင်္ဂလာဆိုတဲ့ တစ်ပါးတည်း က လွဲလျှင် အကုသိုလ် ကုသိုလ် ကွဲကွဲပြားပြား သိနိုင်စရာမပါဘူး၊ ဒါ တောင် ဗုဒ္ဓသာသနာ မဟုတ်တဲ့ တိတ္ထိဂိုဏ်းက ပဗ္ဗဇ္ဇခံယူတာမျိုး ဖြစ်စရာရှိသေးတယ်။ ဗုဒ္ဓရဲ့ မင်္ဂလာကို 'မင်္ဂ ပါပံ လုနာတိ ဆိန္ဒ တီတိ မင်္ဂလာ'လို့ ဝိဂြိုဟ်ပြုတော်မူကြတယ်၊ မကောင်းမှု ဟူသမျှကို ပယ်ဖြတ်နိုင်သောသတ္တိရှိခြင်းကြောင့်မင်္ဂလာဟူ၍သမုတ်အပ်ပါတယ်တဲ့"

http://www.dhammadownload.com



"အေး... ဒီလို ကျယ်ကျယ် ပြန့်ပြန့်ကလေး ပြောမှ ငါက သဘောပေါက်တာကွ၊ ပြောပါဦး"

"နောက်ထပ် ဘာပြောစရာ လိုသေးလဲ၊ လောကီ မင်္ဂလာ ၁၂ ပါးနဲ့ မွေးစက စ,ပြီး လက်ထပ်ပေးလိုက်တဲ့အထိ မင်္ဂလာ ၁၂ ပါးစလုံး သိဒ္ဓိတင်ပေးလိုက်ပါပြီတဲ့၊ အဲသည့် ပုဂ္ဂိုလ်က အကုသိုလ် ဒုစရိုက်တွေချည်း လုပ်နေမတဲ့၊ လောကီ မင်္ဂလာ လောကုတ္တရာ မင်္ဂလာ ရှိပါ့မလား"

"ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်မှာ မင်္ဂလာ လုပ်နေကြရုံပဲရှိမယ်၊ နေပါဦး၊ မြတ်စွာဗုဒ္ဓက လောကီအကျိုး သတ်သတ် ရယ်လို့ ဟောတဲ့တရားများ ရှိသေးလို့လား"

"အများကြီးရှိတာပေါ့၊ ထူးထူးခြားခြား တရားနာ ပုဂ္ဂိုလ်က 'လောကီအကျိုးသာ ဟောတော်မူပါဘုရား' လို့တောင်းပန်တာတောင် ရှိပါသေးတယ်"

"အမယ်... ရဲရဲဝံ့ဝံ့ပါကလား၊ ပြောစမ်းပါဦး"

"ဗာရာဏသီပြည်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်က နက္ခတ်ပွဲသဘင် လုပ်တဲ့အခါနဲ့ ကြုံနေသတဲ့"

"ဘုရားလက်ထက်မှာ ဒီပွဲမျိုးက ရှိတာပဲလား"

"ရိုးရာ ပျော်ပွဲရွှင်ပွဲတွေပေါ့၊ ဘုရင်များက ဦးဆောင်ဦးရွက် လုပ်ကြတာမို့ အလွန်ထင်ရှား ကျော်ကြားပြီး တိုင်းသူပြည်သားတွေ စိတ်ဝင်စားကြတယ်၊ သူဌေး, သူကြွယ်, ကုန်သည်, ဆင်းရဲသား လူတန်းစားအသီးသီး အကောင်းဆုံးအစားအစာ၊ အကောင်းဆုံး အဝတ်အထည်များ ဝတ်စားပြီး ဂုဏ်တုဂုဏ်ပြိုင် ပျော်မြူးလေ့ ရှိကြတယ်၊ အချိန်အခါကလည်း တန်ဆောင်မုန်းလပြည့်ဆိုတော့ရာသီ ဥတုကလည်း သာသာယာယာ၊ လဝန်းနဲ့ ကြယ်တာရာများ ကလည်း

http://www.dhammadownload.com



ကြည့်ကြည့်လင်လင် ထင်ထင်ရှားရှား၊ ပွဲသဘင်တွေကလည်း အမျိုးစုံ တခြိမ့်ခြိမ့်ပေါ့"

"အပျော်အပါး ကြိုက်တဲ့လူတွေက စိတ်တက်ကြွကြမှာပဲ"

"ဘယ်လောက်စိတ်တက်ကြွသလဲလို့ စကားစပ်မိတာနဲ့ ပြောဦးမယ်၊ တစ်ခါက အလွန်ဆင်းရဲတဲ့ လင်မယားနှစ်ယောက် ရှိတယ်၊ မယားက အဲသည့် နက္ခတ်ပွဲသဘင်ကို သွားချင်တယ်၊ အဝတ်အစားကလည်း ကောင်းကောင်းမွန်မွန် သစ်သစ်လွင်လွင် ရှိရှာတာမဟုတ်ဘူး၊ ဒါကို မယားက အသစ်မဝယ်နိုင်လို့ ရှိတဲ့ အဝတ်ဖြူကို ဆေးဆိုးရအောင် ဘုရင့်ဥယျာဉ်ထဲက ဒန်းပင်လိုအရောင်ဆိုးရည်ထွက်တဲ့ သစ်ပင်တစ်ပင်ကို ခိုးပေးဖို့ လင်ကို ပူဆာတယ်"

"လင်က ခိုးပေးရောလား"

"တဂိုဂို တရီရီ နေ့တိုင်း ပူဆာနေတော့ သွားခိုးရတာပေါ့၊ ခိုးလည်းခိုးရော မိတာပဲ၊ မိတော့ ကားစင်တင်ပြီး သတ်မယ်လုပ်တယ်"

"မယားအလို လိုက်လွန်းတဲ့အကောင် သေတာ ကောင်းတယ်"

"အမယ်... သေခါနီး သူက ညည်းသွားရှာသေးတယ်"

"ငါသေရမှာထက် ငါ့မယားကလေး ဒန်းဆိုးအဝတ် ပန်းရောင်လှလှကလေးနဲ့ နက္ခတ်ပွဲသဘင် မသွားရရှာတာ အသည်းနာ လိုက်ပါဘိ–လို့ ညည်းရှာသတဲ့လေ"

"ဟား... ဟား၊ လင်ယောကျ်ားများ မယားကို အလိုလိုက်တာနဲ့ ထောင်ကျ တန်းကျ၊ ရာထူးပြုတ်၊ အသက်ဆုံးရတာ ဘုရားလက်ထက်ကတည်းက ပါပဲလား"

"ငါပြောချင်တာက နက္ခတ်ပွဲသဘင်ရဲ့ ဆွဲဆောင်မှုကို ပြောချင်တာပါ၊ လောကီအကျိုးသာဟောတော်မူပါလို့ ဘုရားကို လျှောက်ထား တောင်းပန်တဲ့ ဝတ္ထုက အဲသည့် ပွဲသဘင်မျိုးက စ,ရမှာ"

http://www.dhammadownload.com



"ဆိုစမ်းပါဦး"

"အဲသည့်ပွဲကို ဗာရာဏသီပြည်က သူကြွယ်ကြီး လေးဦး သားမယား အခြွေအရံ ကိုယ်စီနဲ့ သွားရောက်လည်ပတ် ပျော်မြူးပြီးလို့ အပြန်ခရီးမှာ ဗုဒ္ဓသီတင်းသုံးရာ ကျောင်းတော်ကို ဝင်ဖူးကြသတဲ့၊ ဖူးပြီးတော့ ဗုဒ္ဓကိုယ်တော်ကို သူတို့က စကားဦးသန်းပြီး လျှောက်ပုံက မြတ်စွာဘုရား တပည့်တော်တို့မှာ ကာမဘောဂီ လောကီလူနတ်တို့၏ စည်းစိမ်ချမ်းသာကို မစွန့်ခွာလိုကြသေးပါဘူးတဲ့၊ ရှင်းရှင်းပြောရရင် မဂ်ဖိုလ် နိဗ္ဗာန်ကို မလိုချင်ကြသေးပါဘူးပေါ့။ အဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးကိုလည်း မရောက်လို ပါဘူးတဲ့၊ ဖြစ်လိုတာကတော့ လူ့ပြည်မှာ တစ်လှည့်၊ နတ်ပြည်မှာ တစ်လှည့်၊ သည်လင်သည်မယား မကွဲမကွာ သည်အခြွေအရံ သည် စည်းစိမ် ချမ်းသာမျိုးနဲ့ ခံစားနေချင်ပါတယ်တဲ့"

"ဟာ. . . လွန်တာပေါ့၊ ဗုဒ္ဓကိုယ်တော်ကိုမှ အားမနာ"

"သူတို့က ရိုးရိုးသားသား ပြောကြတာ၊ ဗုဒ္ဓက ရိုးသား ပွင့် လင်းတာကိုနှစ်သက်တော်မူတယ်၊ မေတ္တသုတ်မှာ စ,စချင်း 'ဥဇူစ' လို့ မိန့်တော်မူတယ် မဟုတ်လား။

အသဌော = မစဉ်းလဲသည်၊ အ မာယာဝီ = လှည့်ပတ်ခြင်း မရှိသည်၊ ဟောတိ = ဖြစ်၏။ သတ္ထရိဝါ = ငါဘုရား၌ သော် လည်းကောင်း၊ ဝိညူသု = မိမိထက် တရားကျမ်းဂန် အမြင်သန် ကုန်သော၊ သဗြဟ္မစာရီသုဝါ = အတူနေ သီတင်း သုံးဖော်တို့၌ သော်လည်းကောင်း၊ အတ္တာနံ = မိမိကိုယ်ကို။ ယထာဘူတံ = ဟုတ်မှန်သောအတိုင်း၊ အာဝိကတ္တာ – ထင်စွာ ပြုတတ်သည်၊ (အရှိကို အရှိအတိုင်း ပြောတတ်သည်)၊ ဟောတိ = ဖြစ်၏။ ဆိုလိုတာက မိမိ၏ စိတ်သန္တာန်၌ ရှိသော မကောင်းသော

http://www.dhammadownload.com



အမူအရာ အကြံအစည် ဝါသနာစရိုက်၊ ကောင်းသော အမူအရာ အကြံအစည် ဝါသနာစရိုက်တို့ကို မထိမ်မချန် ဖြောင့်မှန်စွာ တင်ပြရမယ်။ မသိဘဲနှင့် အသိလုပ်ချင်မှု၊ မမြင်ဘဲနှင့် အမြင်လုပ်ချင်မှု၊ ဒီလို ကောက်ကျစ်မှုမျိုး မရှိစေရဘူး"

"ဟုတ်ပါပြီ၊ ဗုဒ္ဓက သူကြွယ်ကြီးများကို ဘယ်လို တရားဟောတော်မူသလဲ"

"အကျဉ်းချုပ်အားဖြင့် လင်နှင့်မယား စိတ်ရောကိုယ်ပါ အတွဲညီကြပါစေတဲ့။ ဥပမာအားဖြင့် နတ်သားဟာ နတ်သမီးနဲ့မှ အတွဲညီပါတယ်တဲ့၊ ထိုအတူ နတ်သမီးဟာလည်း နတ်သားနဲ့မှ အတွဲညီပါလိမ့်မယ်တဲ့၊ ဒီလိုမဟုတ်ဘဲ နတ်သမီးနှင့်သော်လည်းကောင်း၊ နတ်သားနှင့်သော်လည်းကောင်း၊ မသာအလောင်းကောင်နှင့် တွဲဖက်ပေါင်းသင်းနေလျှင် အတွဲညီကြမယ် မဟုတ်ပေဘူးတဲ့"

"အဲသည့် ဥပမာကို ရှင်းစမ်းပါဦးကွာ"

"ကုသိုလ်ကမ္မပထ သုစရိုက်တရား ဆယ်ပါးကို မပြုမကျင့်တဲ့သူဟာ မသာအလောင်းကောင်နဲ့ တူတယ်၊ သုစရိုက် တရားဆယ်ပါးကို ပြုကျင့်တဲ့သူက နတ်သမီး ၊ နတ်သားနဲ့ တူတယ်လေ"

"အင်း... လင်မယားဆိုတာ ရှေ့သွားနောက်လိုက် လက်ညီတက်ညီ ကုသိုလ်ကောင်းမှုတို့ကို တစ်စိတ်တစ်ဝမ်းတည်း ပြုကြရမယ့်သဘောပေါ့၊ သုစရိုက်တရားဆိုတာ အိမ်မကွာ ကြမ်းမကွာ အိမ်ထောင်ရက်သားနှင့် နေလည်း နေ့စဉ် ပြုနိုင်တာပဲကိုး၊ ဒါနအတူ သီလအတူ နှစ်ကိုယ့်တစ်စိတ် ဖြစ်ကြရင် ဒီလင်ဒီမယား ဘဝတိုင်း ဘဝတိုင်း မကွဲမကွာ ရှိကြရမှာပေါ့၊ ငှက်ဖြစ်တောင် တစ်ကိုင်းတည်း နားပါရစေလို့ ဆုတောင်းဖို့ မလိုဘူးနော်၊ တိရစ္ဆာန်မှ ဖြစ်တော့မှာ မဟုတ်ဘဲကိုး၊ အဲ – တချို့ လင်စုံမယားဖက်များတော့ လင်က သဒ္ဓါဒေယျ ကောင်း

http://www.dhammadownload.com



သလောက် မယားကတွန့်တွန့်တိုတို က,ပျက်ယ,ပျက်လုပ်၊ မယားက သဒ္ဓါဒေယျရှိသလောက် လင်က စိတ်ပုပ်စိတ်ယုတ်မာတွေ ရှိနေလို့ လှည်းထမ်းပိုးမှာ ကျွဲတစ်ဖက်နွားတစ်ဖက်ရုန်းသလို လောကခရီးရော သံသရာခရီးပါ ဖြောင့်ဖြောင့် တန်းတန်း သွားနိုင်ကြမှာ မဟုတ်တော့ဘူးပေါ့"

"လောကီအကျိုးကို ဟောတာ လောကုတ္တရာ အကျိုးပါ ပြီးမြောက်သွားတဲ့ ဗုဒ္ဓတရားဒေသနာ တစ်ခုရှိသေးတယ်၊ သူကတော့ သိင်္ဂါလအမျိုးသားလေ၊ ဖအေက ဗုဒ္ဓဝါဒီ ဖြစ်သော်လည်း သားက ဗုဒ္ဓဝါဒီမဟုတ်၊ ဒါပေမဲ့ ဖခင်ရဲ့စကားကို မြေဝယ်မကျ လိုက်နာလို့ နောက်ဆုံး ဗုဒ္ဓ၏ သာဝက ဖြစ်သွားရတာ မင်းမှတ်မိမှာပါ၊ တို့ ငယ်ငယ်က ကျောင်းမှာ နေ့တိုင်း ရွတ်ခဲ့ကြရတာကော၊ သားသမီးဝတ် ငါးပါး၊ မိဘဝတ် ငါးပါး၊ တပည့်ဝတ် ငါးပါး၊ ဆရာ့ဝတ် ငါးပါး ဆိုတာတွေလေ"

"အေး... မှတ်မိပြီ၊ သူ့အဖေက သေခါနီးမှာ အရှေ့အနောက် တောင်မြောက် အထက်နဲ့အောက် အရပ် ခြောက်မျက်နှာကို နေ့စဉ် ရှိခိုးရမယ်ဆိုလို့ အဲကြောင်းအကျိုး မသိဘဲရှိခိုးခဲ့ရာက ဗုဒ္ဓနှင့်တွေ့မှ လူ့ဝတ္တရားတွေ ဟောပြတာပဲ၊ လောင်းကစားခြင်းအပြစ်တို့၊ အရက်သောက်ခြင်းအပြစ်တို့၊ အခါမဲ့ လည်ပတ်ခြင်းအပြစ်၊ ပျင်းရိခြင်းအပြစ်တို့ပါ ပါတယ်လေ"

"အေး... အဲသည်တရားတွေဟာ မင်္ဂပေါက်ဖိုလ်ဝင် တရားများလို့ မဆိုနိုင်သော်လည်း လောကအတွက် တိုးပွားရာ တိုးပွားကြောင်း ဖြစ်တာကို ဒိဋ္ဌမျက်မှာက်တွေကြုံခံစားရတယ်၊ ဒါကြောင့် သိင်္ဂါလ အမျိုးသားဟာ ဗုဒ္ဓကိုယ်တော်ကို ကြည်ညိုကိုးကွယ်ပြီး လောကုတ္တရာ အကျိုးကို ကျင့်ဆောင်တဲ့ ဗုဒ္ဓသာဝက ဖြစ်သွားတယ်"

http://www.dhammadownload.com



“ ကဲ... မင်းနဲ့ငါ စကား စပ်မိတိုင်း ပြောလာလိုက်ကြတာ မင်္ဂလာသုတ် အကြောင်းတောင် ပျောက်သွားပြီ ”

“ မပျောက်ပေါင်ဗျာ... မင်္ဂလာသုတ်ပါ တရားများဟာ လူထဲမှာ လူလိုနေရင်းကျင့်ကြံလိုက်နာသွားရင်လောကီအကျိုး၊ လောကုတ္တရာအကျိုး နှစ်မျိုးစလုံး ပြီးမြောက်နိုင်လို့ ‘ သဗ္ဗလောက ဟိတတ္ထာယ ’ ပစ္စုပ္ပန်၊ တမလွန်၊ နိဗ္ဗာန်အထိ အကျိုးပေးနိုင်ကြောင်း ပြောလာကြတာပါ ”

“ ဒါဖြင့် ‘ မင်္ဂလာ ’ ဆိုတဲ့စကားနဲ့ အမျိုးကြီးလေးပါးဆိုတာ ဆက်ကွာ ”

“ အမျိုးကြီး လေးပါးဆိုတာ (၁) ဗြာဟ္မဏ၊ (၂) ခတ္တိယ၊ (၃) ဝေဿ၊ (၄) သုဒ္ဒတို့ပဲ၊ ဘယ်အခါကခွဲခြားလို့ကွဲပြားလာကြသလဲလို့ မေးရင် ကမ္ဘာအစကတည်းကလို့ ဆိုရလိမ့်မယ် ”

“ ဒါဖြင့်... ဗုဒ္ဓပွင့်တော် မမူခင်ကတည်းက ပေါ်ခဲ့တာပေါ့၊ ဟုတ်လား ”

“ ဂေါတမဗုဒ္ဓ ပွင့်တော်မမူခင် ဗုဒ္ဓအဆူဆူ လက်ထက်တော်တွေကတည်းကလို့ ဆိုလျှင် အတိုဆုံး ဖြစ်လိမ့်မယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓတစ်ဆူနှင့်တစ်ဆူမတူကြတဲ့ အခြင်းအရာ ရှစ်မျိုးရှိတယ်။ (၁) အသက်တော်၊ (၂) အရပ်တော်၊ (၃) အမျိုးတော်၊ (၄)ဒုက္ကရစရိယကာလ၊ (၅)ပကတိရောင်ခြည်တော်၊ (၆) တောထွက်တော်မူရာ စီးတော်မူသောယာဉ်၊ (၇) ပွင့်တော်မူရာဗောဓိပင်၊ (၈) ပွင့်တော်မူရာ ပလ္လင်တော်၊ အဲသည်မှာ အမျိုးတော်ဟူရာ၌ ဗြာဟ္မဏမျိုးသော်လည်းကောင်း၊ ခတ္တိယမင်းမျိုးသော်လည်းကောင်း ကွဲပြားတယ်လို့ ဗုဒ္ဓဝင်မှာ ရှိတယ်။ ဒါကြောင့် ကမ္ဘာကမ္ဘာမှာ စ,ခဲ့တယ်လို့သာ မှတ်လိုက်တော့။ ကဲ – လိုရင်း ရောက်အောင် ပြောကြစို့ရဲ့။ ဗြာဟ္မဏ

http://www.dhammadownload.com



အမျိုးက ဝေဒလေးကျမ်းကိုဆောင်ပြီး လူတို့ရဲ့အကိုးကွယ်၊ မင်းတို့ရဲ့ အပူဇော်ခံပြီး ပညာရှိ ပုရောဟိတ် လုပ်ကြတယ်။ ခတ္တိယ အမျိုးက ဘုရင်သော်လည်းကောင်း၊ စစ်သူကြီးသော်လည်းကောင်း လုပ်ကြတယ်။ မြေရှင်ကြေးရှင်များလည်း ရှိတယ်၊ ဝေဿအမျိုးက ကုန်သွယ် လယ်ယာလုပ် အမှုမျိုးကို ပြုတယ်။ သုဒ္ဒအမျိုးက လက်လုပ်လက်စား အခစား ကျေးကျွန် ဆတ္တာသည် အမှိုက်ကျုံး သူကောင်မြှုပ်အထိ အနိမ့်ဆုံး အတန်းအစား ဖြစ်တယ်"

"နေပါဦး ဒါတွေကို ဘယ်သူက ခွဲခြားသလဲ"

"မိရိုးဖလာ ကွဲပြားသွားတာပဲ၊ ဗြာဟ္မဏမျိုးတွေဆောင်တဲ့ 'ပုရိသသုတ်' ဆိုတာ ရှိတယ်။

ဗြာဟ္မဏောဿ မုခ မာသီ၊ ဗာဟူ ရာဇညော ကတော။
ဦရူ တဒဿ ယံ ဝေဿော၊ ပါဒေဟိ သုဒ္ဒော အဇာယိ။

အဲဒါ မဟာစည်ဆရာတော်ဘုရား၏ ဝိသုဒ္ဓိမဂ် မြန်မာပြန် နိဒါန်းမှာဖော်ပြထားတယ်။ အဓိပ္ပာယ်က ဗြာဟ္မဏမျိုးတို့က မဟာ ဗြဟ္မာကြီး၏ခံတွင်းမှ ပေါက်ဖွားလာကြတာ။ ခတ္တိယတို့က ဗြဟ္မာကြီး ၏ လက်ရုံးလက်မောင်းမှ ပေါက်ဖွားလာကြတာ၊ ဝေဿတို့က ဗြဟ္မာကြီး၏ရင်ဘတ်မှ ပေါက်ဖွားလာကြတာ။ သုဒ္ဒတို့က ဗြဟ္မာကြီး ၏ ခြေထောက်ခြေဖဝါးမှ ပေါက်ဖွားလာကြတာ"

"ဗုဒ္ဓကိုယ်တော်က ဒီအယူအဆတွေကို ရှုတ်ချတော်မူတယ် မဟုတ်လား"

"အဂ္ဂညသုတ်မှာ ဝါသေဋ္ဌ ပုဏ္ဏားနဲ့ ဘာရဒွါဇ ပုဏ္ဏားတို့ကို မိန့်တော်မူတယ်—

အို ဝါသေဋ္ဌ၊ ပုဏ္ဏားတို့၏ ပုဏ္ဏေးမတို့သည် ဥတု ပန်းပွင့်ကြသည်ကိုလည်းတွေ့မြင်ကြရ၏။ ကိုယ်ဝန်ဆောင်

http://www.dhammadownload.com



ကြသည်ကိုလည်း တွေ့မြင်ကြရ၏။ သားဖွားကြ သည်ကို လည်း တွေ့မြင်ကြရ၏။ သူငယ်တို့အားနို့တိုက်ကြသည် ကိုလည်း တွေ့မြင်ကြရ၏။ ဤသို့ လူမိန်းမ၏ ယောနိမှ ပေါက်ဖွားသူတို့သာလျှင် ဖြစ်ကုန်ပါလျက် (ပေါက်ဖွားသူ ချင်း တူပါလျက်) ပုဏ္ဏား 'ဗြာဟ္မဏ' မျိုး သည်သာလျှင် မြတ်၏။ တစ်ပါးသော အမျိုးတို့သည် မည်းညစ်ကုန်၏။ ပုဏ္ဏားတို့သည်သာလျှင် စင်ကြယ်ကုန်၏။ ပုဏ္ဏား မဟုတ် သူတို့သည်မစင်ကြယ်ကုန်။ ပုဏ္ဏားတို့သည်သာလျှင် ဗြဟ္မာ ၏ခံတွင်းမှ ပေါက်ဖွားသော သြရသသား ဖြစ်ကုန်၏။ ဗြဟ္မာမင်းမှ ဖန်ဆင်းထားသော ဗြဟ္မာမင်း၏ အမွေခံဖြစ် ကုန်၏ဟု ဆိုကြသည်မှာ ဗြဟ္မာကိုလည်း စွပ်စွဲရာ ရောက် ကုန်၏။ မဟုတ်မမှန်ကိုလည်း ပြောဆိုကြကုန်၏။ များစွာ သော မကောင်းမှုတို့ကိုလည်း ပွားစေကုန်၏။ အဲသလို ချေချွတ်တော် မူခဲ့ရတယ်"

"အေး... ဒါမျိုးတွေကို ကမ္ဘာလူမျိုး အသီးသီးက ယူဆ လက်ခံခဲ့ကြတာပဲ၊ နေမင်းက ဖွားတယ်၊ နတ်သမီး နတ်သားက မွေးတယ်ဆိုတာမျိုးတွေလေ၊ ဗြာဟ္မဏတွေကလည်း သူတို့ရဲ့ ဝေဒ လေးပုံကျမ်းစွဲနဲ့ ခွဲခြားခဲ့တာပေါ့။ နေပါဦး၊ ဝေဒလေးပုံဆိုတာက ဘာတွေလဲ"

"အမယ်လေး... အဲသည့် ဝေဒလေးပုံကိုရောက်မှ 'မင်္ဂလာ' ဆိုတဲ့ စကား စ,ဖြစ်တော့မှာပါပဲ၊ (၁) နေလတို့ သွားရာလမ်းကို ၁၂ ရာသီခွင်ပြုပြီး မည်သည့်ရာသီ၌ မည်သည့်ဂြိုဟ် ရပ်တန့်နေလျှင် ကောင်းမကောင်းဟောတဲ့ သာမဝေဒ၊ ဗေဒင်ပေါ့ကွာ၊ (၂) ယခုလို ဂြိုဟ်စီးဂြိုဟ်နင်းဖြစ်လို့ မကောင်းအန္တရာယ် ရှိလျှင် လွတ်မြောက်ရာ

http://www.dhammadownload.com



လွှတ်မြောက်ကြောင်း ပူဇော်ပသ ယဇ္ဇ်ာပြု သော ယဇုဝေဒ၊ (၃) နေလကြတ်ခြင်း၊ နက္ခတ်တာရာတို့ကို ကြည့်တဲ့ ဣရုဝေဒ၊ (၄) လောင်မီးကျအောင်၊ မိုးကြိုးပစ်အောင်၊ နတ်ဆိုးတို့ ဖမ်းစားအောင် စီရင်နိုင်တဲ့ အာထဗ္ဗဏဝေဒ၊ အဲဒီလေးမျိုးအနက် ပထမ, ဒုတိယ, တတိယ ဝေဒသုံးမျိုးနဲ့ ဗြာဟ္မဏပုဏ္ဏားတို့က ဘုရင်ကို အဘိသိက် သွန်းပေး၊ မင်္ဂလာ အခါတော်ပေး၊ လက္ခဏာဖတ်၊ ယဇ်အပူဇော်ခိုင်း၊ နိမိတ်တိတ္ထုံ၊ အတိတ်တဘောင်၊ ပျားစွဲ၊ တောင်ပို့ပေါက်၊ ငှက်မြည်၊ ကြွက်ကိုက်၊ ခွေးအူ၊ အိမ်မြှောင်စုတ်ထိုးမှအစ ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တူ၊ လူ့နက္ခတ်၊နတ်နက္ခတ်နာမည်ပေး၊ ကင်ပွန်းတပ်၊ လက်ထပ်သည် အထိ 'ဇေယျတု သဗ္ဗမင်္ဂလံ' နဲ့ လာကြတာ ဒီနေ့အထိ ပဲမဟုတ်လား"

"အေး... ဟုတ်တယ်၊ ဒီလို အယူအစွဲတွေကို ဗုဒ္ဓက ရှုတ်ချ တော်မူပေမယ့် အခုခေတ်အထိ ရှင်သန်နေတုန်းပဲနော်"

"ပုထုဇဉ်မှန်သမျှ အဝိဇ္ဇာနဲ့တဏှာအကင်းမသေနိုင်ကြ သလို ဒီလိုအယူအဆအစွဲတွေကို မတော်လှန်နိုင်ကြသေးဘူး။ ဗြာဟ္မဏလူမျိုး တို့ကို ပူဇော်သက္ကာရလုပ်နေတဲ့ လူတွေမှာ သာဆိုးတာပေါ့၊ တို့ဗုဒ္ဓ ဘာသာ စေတီပုထိုးတွေမှာ ဂြိုဟ်တိုင်တွေ နေ့နံဗုဒ္ဓရုပ်တုတွေမှာ ပန်း ဆီမီး ရေချမ်း အများဆုံး ပူဇော်ကြတာပေါ့။ ဘုရားကိုးဆူ ကပ်လျှင်လံည်း ဂြိုဟ်ကြီးကိုးလုံး၊ နတ်ကြီးငါးပါးမပါလို့ မဖြစ်ဘူး၊ ဗေဒင်မေးတာတို့, ဓာတ်ဆင်, ဓာတ်ရိုက်,အဆောင်လက်ဖွဲ့, ဈေး ခေါ်ဆိုတာတွေလည်း အများကြီး"

"ဒါမျိုးတွေကို ခေတ်နောက်ကျနေတဲ့ အယူအဆ အစွဲအလမ်း တွေပါလို့ နိုင်ငံခြားသားတွေက ကဲ့ရဲ့ကြမှာပဲနော်"

"မထင်နဲ့ကိုရင်၊ လ,ပေါ်ကို လူရောက်နေတဲ့ အမေရိကန်မှာ

http://www.dhammadownload.com



ဒီလို အတွေးအခေါ် အယူအဆတွေ ယုံကြည်လက်ခံအားကိုးနေကြတဲ့ လူဦးရေ သန်း ၂၀ ရှိတယ်လို့ ခန့်မှန်းရသတဲ့၊ ခေတ်အမီဆုံး မိုးပျံ ဟိုတယ်ကြီးတွေ တော်တော်များများမှာ အထပ်ပေါင်း နှစ်ဆယ်၊ သုံးဆယ်ရှိပေမယ့် အထပ်နံပါတ် ၁၃ ရယ်လို့ မရှိဘူး၊ လေယာဉ် ခရီးစဉ်တွေမှာလဲ ခရီးစဉ် အမှတ် ၁၃ ဆိုတာ မရှိဘူး၊ ထိုင်ခုံ အမှတ် ၁၃ မရှိဘူး၊ ၁၃ ဆိုတဲ့ အမှတ်အသားအစား ၁၂-အေ လို့ ဝိနည်းရှောင်ထားကြတယ်၊ ဒါတွေဟာ ခရီးသွား ဧည့်သည်တွေ စိတ် မသိုးမသန့် ဖြစ်မှာစိုးလို့ နေမှာပဲ၊ နောက်ပြီးတော့ စစ် သင်္ဘောဖြစ်စေ၊ ကုမ္ပဏီသင်္ဘောဖြစ်စေ သင်္ဘောအသစ်ကို ၁၃ ရက် နေ့မှာ ဖြစ်စေ၊ သောကြာနေ့မှာ ဖြစ်စေ ရေချပွဲမလုပ်ဘူးတဲ့၊ အမေ ရိကန် စာပဒေသာ၊ မတ်လ၊ ၁၉၇၁-စာအုပ်မှာ ကြည့်"

"သူတို့လည်း အယူသည်းတာပါပဲလား၊ 'သောကြာ ရေ ကြောင်း မသွားကောင်း' ပေါ့၊ ဟဲဟဲ"

"ဒါတင်မကသေးဘူး၊ လမ်းသွားတုန်းကြောင်နက် တစ်ကောင် ရှေ့ကဖြတ်သွားရင် လက်ညှိုးနဲ့လက်ခလယ် ထပ်မိအောင် ထပ်လိုက် ကြတာ ထုံးစံလို ဖြစ်နေပြီ"

"ဘာသဘောလဲ"

"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေဆိုပြီး 'စတီ'လုပ်တဲ့ သဘော"

"ဩော်... သူတို့လည်း ခပ်ကြောင်ကြောင်တွေပါပဲလား၊ တို့လိုပဲနော်၊ တို့လည်း လမ်းသွားတုန်း ခလုတ်တိုက်မိရင် 'ဖွဟ' လို့ ဆိုကြတယ်၊ ညအခါ အိမ်ခေါင်ပေါ်က ခင်ပုပ်ငှက် အော်ပြီး ပျံသွားရင် 'ဖွဟ' ပဲ၊ ကစားသမားများ သာဆိုးသေး"

"သူတို့လည်း ကမ္ဘာ့ဘောလုံးပွဲ၊ ဘတ်စကက်ဘောပွဲ၊ ဘေ့စ် ဘောပွဲတို့မှာ ကိုယ့်ဂိုးရှေ့ကို အကာအကွယ်သဘောနဲ့ တံတွေး

http://www.dhammadownload.com



ထွေးတာတို့၊ မြေကြီးကို ခြေထောက်နဲ့ အမှတ်အသားတစ်ခုခု ရေးတာမျိုးရှိတာပဲ၊ ကုန်ကုန်ပြောရရင် သဘင်သည်ကြီးများတောင် ပွဲထွက်ခါနီး ' စတိ 'တစ်ခုခုလုပ်ရမှ ' စိတ်ယန 'ကင်းကြသတဲ့၊ အမေရိကန်မှာ ဗေဒင်မေး၊ လက္ခဏာဖတ်၊ အဆောင်လက်ဖွဲ့နဲ့ ယတြာချေကြတဲ့ သုံးငွေဟာ တစ်နှစ်မှာ ဒေါ်လာသန်း ၅၀ လောက် ရှိလိမ့်မည်လို့ ခန့်မှန်းရသတဲ့လေ "

" သိပ္ပံပညာ တိုးတက်တဲ့ ခုခေတ်မှာတောင် ဒီလိုအယူအဆအစွဲအလမ်းတွေ နိုင်ငံတကာလူမျိုးတကာမှာ ရှိနေသေးတော့ လွန်ခဲ့တဲ့ ရှေးပဝေဏီကလက်ခံကြတာ မလွန်ပါဘူး၊ အမျိုးကြီး လေးပါးနဲ့ သူတို့အယူအဆတွေက ခိုင်ခိုင်မာမာ အမြစ်တွယ်ခဲ့ကြတာကိုး "

" တခြားသူမပြောနဲ့၊ ဗုဒ္ဓ၏ခမည်းတော် သုဒ္ဓေါဒန မင်းကြီးတောင် ဒီအစွဲမျိုးရှိလို့ ဗုဒ္ဓသခင် ဇာတိစံရာ ကပိလဝတ်ပြည်ကို ကြွလာတော်မူတဲ့အခါ ' ငါ့သားတော်မှာ သကျပုတ္တသာကီမျိုး ဖြစ်ပါလျက် ဇာတ်နိမ့်သူအမျိုးမျိုးနဲ့ ထွေးရောယှက်တင်ပေါင်းဖော်နေတယ်' လို့ စိတ်မချမ်းမသာ ဖြစ်တော်မူသေးသတဲ့၊ မင်းဖတ်ဖူးမှာပေါ့ "

" အေး ဟုတ်တယ်၊ ဗုဒ္ဓကိုတောင် အသက်ကြီးတဲ့ ဆွေတော်မျိုးတော်တွေက ရှိမခိုးဘူး၊ ဒါကြောင့် ဗုဒ္ဓက တန်ခိုးပြာဋိဟာ ပြတော်မူရတယ်၊ ကောင်းကင်က မြေမှုန့်တွေချတော့ ပေါက္ခရဝဿမိုး ရွာတယ်၊ အဲသည့်နောက် ဝေဿန္တရာ ဇာတ်တော်ကို ဟောတော်မူရတယ် "

" မြတ်စွာဘုရားဟာ လောကီ မင်္ဂလာတို့၊ နက္ခတ်ဗေဒင်တို့ အမျိုးခွဲခြားတာတို့ကိုပယ်ဖျက်ဖို့ နက္ခတ္တဇာတ်၊ မင်္ဂလဇာတ်၊ မာတင်္ဂဇာတ် အစရှိသည်တို့ကို ဟောခဲ့တယ် "

" အဲသည့်ဇာတ်တွေကို အကျဉ်းဖြစ်ဖြစ် ပြောပါဦး "

http://www.dhammadownload.com



"ငါးရာ့ငါးဆယ်ထဲမှာ ကြည့်ပေါ့ကွ၊ တယ် သက်သာခိုတယ်၊ ဒါကြောင့် 'နို့သက်ခံ' စို့တယ်လို့ မင့်ကိုပြောတာ"

"တရားဆွေးနွေးတာ မတွန့်တိုကောင်းဘူးလေ၊ အကျဉ်းချုပ်ပဲပြောပါ"

"ကေနိပါတ် နက္ခတ္တဇာတ်က နေ့ရက်နက္ခတ် ရွေးနေလို့ မင်္ဂလာဆောင် ပျက်ရတဲ့အကြောင်းပါ၊ ဗာရာဏသီက လုလင်ပျို တစ်ယောက်ဟာ တစ်မြို့တစ်ရွာက မိန်းကလေးတစ်ယောက်ကို ဘယ်နေ့ဘယ်ရက်မှာလာ၍ တောင်းရမ်းပါမယ်၊ အစီအစဉ် မင်္ဂလာ လုပ်ထားနှင့်ပါလို့ ကြိုကြိုတင်တင် သတ်မှတ်ခိုင်းထားတယ်၊ အဲသည်လို အစီအစဉ်တွေ လုပ်စေပြီးမှ အများက ရက်ကောင်း ရက်မြတ်များ ရွေးဖို့ ဗေဒင်ဆရာကိုမေးချေပါဦးဆိုကြတာနဲ့ ဗေဒင်ဆရာထံ သွားမေးတယ်၊ ဗေဒင်ဆရာက သူ့ကိုတော့ဦးစားပြုပြီး လာမမေးကောင်းလားလို့ အငြိုးထားပြီး၊ မူလရွေးထားတဲ့ ရက်မှာသာ မင်္ဂလာဆောင်ရင် နှစ်ဦးနှစ်ဘက် ကြီးစွာသော ပျက်စီးခြင်းဖြစ်လိမ့်မယ်၊ နောက်သုံးရက်လွန်မှ မင်္ဂလာရှိလိမ့်မယ်လို့ ပြောလွှတ်လိုက်သတဲ့၊ ဒီတော့ အဲသည်နေ့မှာ မသွားဖြစ်တော့ဘူး"

"မိန်းကလေးဘက်ကိုလည်း အကြောင်းမကြားဘူးလား"

"အကြောင်းမကြားဘူး၊ ခရီးက ငါးရက်လောက် သွားရမယ့် ခရီးဖြစ်လို့ နေမှာပေါ့"

"ဒီတော့"

"ဒီတော့ မိန်းကလေးဘက်ကလည်း သူတို့လိုပဲအယူသည်းတဲ့လူတွေနဲ့ တူပါတယ်၊ မင်္ဂလာအခါကောင်းတုန်း လက်မထပ်ဖြစ်လျှင် အကျိုးနည်းရချည့်ဆိုပြီး မိန်းကလေးကြိုက်ရင်းစွဲရှိတဲ့လူနှင့် ပေးစားလိုက်ပါရော၊ နောက်သုံးရက်ကြာမှ လာတဲ့အကောင် 'ကော' သွား

http://www.dhammadownload.com



တာပေါ့၊ ဒါကို ဘုရားလောင်းပညာရှိက 'နက္ခတ်သည် အဘယ်အကျိုး ရှိသနည်း၊ သတို့သမီးကိုရခြင်းသည်သာ နက္ခတ် ကောင်းမဟုတ်လော၊ ထိုသူမိုက်သည် နေ့ကောင်းရက်သာ ရွေးနေသည်နှင့် အမျိုးသမီးကို လက်လွတ်ရသည်' လို့ ဥဒါန်းကျူးတော်မူသတဲ့"

"အေး . . . တော်တော် ခေတ်မီတာပဲ၊ ခုကာလမှာလည်း မိန်းကလေးဘက်နှင့် ယောကျ်ားကလေးဘက် နက္ခတ်ချင်း မတည့်လို့ နေ့ရက်ရွေးတာ သဘောမတူကြလို့၊ အင်းလျားလိတ်နဲ့ ကရဝိက် ငြင်းခုံနေကြလို့ မင်္ဂလာဆောင်တွေ ပျက်တာ ကြားကြားနေရ သေး တယ်၊ နောက်ဇာတ်တစ်ခုကကော"

"နောက်ဇာတ်တစ်ခုကမင်္ဂလဇာတ်၊ပုဏ္ဏားသူဌေး တစ်ယောက် သူ့ပုဆိုးကို ကြွက်ကိုက်သွားသတဲ့၊ ဒါကို ဝတ်ဖို့မပြောနှင့် အိမ်မှာတောင် ထားလျှင်တောင် မင်္ဂလာမရှိဘူး၊ အကြီးအကျယ်ပျက်စီးတတ်တယ် ဆိုပြီး သူ့သားကိုယ်တိုင် လက်နဲ့မထိမကိုင်စေရဘဲ တုတ်နဲ့ ကော်ယူ ပြီး သင်္ချိုင်းမှာအပစ်ခိုင်းသတဲ့၊ အစေခံတွေကိုတောင် မခိုင်း ဘူးလေ၊ ကဲ့ဂုက်ထားကြမှာ စိုးလို့၊ အဲသည်လောက် အယူသည်းတာ၊ မြတ်စွာ ဘုရားက ဒီပုဏ္ဏား အကျွတ်တရားရတော့မှာ မြင်တော်မူလို့ သုသာန်က စောင့်နေသတဲ့၊ ပုဏ္ဏားသားကပုဆိုးကိုလာပစ်တော့ ဗုဒ္ဓကပ်သုကူ ကောက်ပြီး ယူတော်မူတယ်၊ ဒါကိုမြင်တော့ ပုဏ္ဏားသားက သူ့အဖေ ကိုပြန်ပြောတာပေါ့၊ ပုဏ္ဏားကြီးက 'ဟာ–ဒုက္ခပဲ၊ ဒီပုဆိုးကို သင်္ကန်းလုပ် ဝတ်လျှင် ဂေါတမဗုဒ္ဓပျက်စီးလိမ့်မယ်၊ ငါ့ကိုလည်းအရပ်ကဝိုင်းပြော လိမ့်မယ်၊ မဖြစ်ချေဘူး၊ ပုဆိုးအသစ်နဲ့ လဲလှယ်ပေးလျှပြီး ဒီပုဆိုးကို ဖျက်ဆီးပစ်မှ' လို့ဆိုပြီးသားနှင့်တကွကျောင်းတော်သို့ လိုက်ခဲ့တယ်တဲ့"

"ကိုယ့်ကြောင့် ပျက်စီးမှာလည်း စိုးတာပဲနော်"

"ဒါဟာ ပုဏ္ဏားတွေ သိက္ခာပုဒ်အရ ပါရာဇိက်လောက်

http://www.dhammadownload.com



အပြစ်ကြီးသတဲ့လေ၊ အမျိုးမြတ်သူများကို ဇာတ်ပျက်အောင် စော်ကားတာနဲ့ အတူတူပဲ၊ အဲသည်မှာ မြတ်စွာဘုရားနဲ့ တွေ့တော့ 'ပုဏ္ဏားကြီး၊ ရဟန်းတို့မည်သည် အကြား၊ အမြင်၊ အတွေ့ ဆိုတဲ့ မင်္ဂလာတို့ကိုလည်းကောင်း၊ နေကြတ်၊ လကြတ်၊ နက္ခတ်ကြတ် တို့ကိုလည်းကောင်း၊ ကြွက်ကိုက်၊ ငှက်မြည်၊ အိပ်မက် စသည်တို့ကိုလည်းကောင်း ဖြတ်အပ် လွန်အပ်ကုန်ပြီ၊ ရဟန္တာတို့သည် လောကကို လွန်မြောက်ကြလေပြီ' လို့ ဟောတော်မူတယ်"

"ဒီတော့ ပုဏ္ဏားကြီးသားအဖ အမှန်တရား ရသွားကုန်ကြရောလား"

"လောကုတ္တရာတရား မြတ်ကိုးပါးကို ကျင့်လျှင် လောကီတရားမှန်သမျှမှ လွတ်မြောက်တယ်ဆိုတာသိတော့ အကျွတ်တရားရသွားကြတာပေါ့၊ နောက်တစ်ဇာတ်က မာတင်္ဂ၊ ဒါတော့ မင်းသိပြီးသားပါ၊ အမျိုးမြတ်တဲ့ ဒိဋ္ဌမင်္ဂလိက သူဌေးသမီး အပေါင်းအဖော် အခြွေအရံတွေနဲ့ မင်္ဂလာခေါင်းလျှော်ပွဲလုပ်ရအောင် မြစ်ကမ်းကို ပျော်ပျော်ပါးပါးဆင်းလာခဲ့ကြတာ၊ လမ်းမှာ ဘုရားလောင်း မာတင်္ဂ ဒွန်းစဏ္ဍားနှင့် တွေ့တယ်၊ အဲဒါမင်္ဂလာမရှိဘူးဆိုပြီး အိမ်ကို လှည့်ပြန်ခဲ့တယ်၊ အခြွေအရံ အပေါင်းအဖော်တွေက သင်းကြောင့် မင်္ဂလာပွဲပျက်ရတယ်ဆိုပြီး တံတွေးနဲ့ထွေးကြ၊ နှိပ်စက်ကြလုပ်တာနဲ့ ဒီအစွဲကြီးချွတ်ရအောင် သူဌေးအိမ်ရှေ့လှဲအိပ်ပြီး ဒိဋ္ဌမင်္ဂလိကကို မရ၊ ရ၊ အောင် ဆန္ဒပြတာပဲမဟုတ်လား"

"အလောင်းတော်ဘဝ မိန်းမကို ဖွဲ့ချွတ်တဲ့ နေရာမှာတော့ ကုသမင်းနှင့် မာတင်္ဂတို့ဟာ စံပါပဲ၊ ဒိဋ္ဌမင်္ဂလိကရဲ့ အဖေကလည်း သမီးသာပေးမယ်၊ ဇာတ်အပျက်တော့ မခံနိုင်ဘူးဆိုပြီး ထည့်လိုက်ရတာပဲနော်၊ ဒီလောက် တစ်ယူသန်တာ အံ့စရာပဲ"

http://www.dhammadownload.com



"ဒါတွေဟာ ရှေးရှေးတုန်းက အမျိုးဇာတ်နဲ့ မင်္ဂလာဆိုတာတွေ ညြဇာကြီးမားပုံပြတာပဲ၊ တချို့က နံနက်လင်းလျှင် နှစ်လိုဖွယ်သော အဆင်းရူပါရုံကိုမြင်ရတာမင်္ဂလာ၊ ယုတ်ညံ့သော နှစ်လိုဖွယ် မဟုတ်သော ရူပါရုံကို မြင်ရတာ အ မင်္ဂလာလို့ ဆိုကြတယ်၊ အချို့က သာယာသောအသံ၊ နိမိတ်ကောင်းသောအသံကို ကြားရတာမှ မင်္ဂလာ၊ ဆိုးသောအသံ၊ ငိုကြွေးသောအသံ၊ ဆဲရေးသောအသံ၊ ကယ်ပါ ယူပါ ဆိုသော အသံများဟာ အ မင်္ဂလာလို့ဆိုတယ်၊ တချို့ကတော့ မြင်တာကြားတာတွေနဲ့ မဆိုင်ဘူး၊ တွေ့တာထိတာနဲ့ သာဆိုင်တယ်၊ ပိုး, ဖဲ, ကတ္တီပါ, လဲဝါဂွမ်း, သစ်နက်ရေ, ရွှေဖလား၊ ဒါမျိုးတွေကို ထိတာ ကိုင်တာ၊ ခရုသင်းကို ပွတ်ရသတ်ရတာ မင်္ဂလာလို့ဆိုကြတယ်။ ပါဠိလိုတော့ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာပေါ့၊ တစ်ယောက် တစ်မျိုးစီ ဝါဒကွဲလာကြတယ်"

"လောကီရေးရာ မှန်သမျှ ကိုယ့်ဝါဒသာ မှန်တယ်ထင်ကြတာ ပေါ့လေ"

"ဒါပေါ့၊ ကိုယ့်ဆရာ သူ့ဆရာကို ချဉ်းကပ်ပြီး မေးပြန်တော့လည်း ဆရာအသီးသီးက တစ်ယောက်တစ်မျိုး ဖြေကြရော၊ ဒါကို ဆရာစွဲနဲ့ လှေနံဓားထစ်မှတ်ကြပြန်ရော၊ ကြာတော့ လူစုစုံရင် အငြင်းအခုံဖြစ်ကြ၊ အချေအတင် ပြောကြ၊ အံမိကရုဏ်း ဖြစ်ကုန်ကြရော၊ တစ်မြို့ကတစ်မြို့၊ တစ်နယ်ကတစ်နယ်၊ တစ်တိုင်းပြည်က တစ်တိုင်းပြည်၊ မင်္ဂလာဝါဒ ကူးစက်သွားလိုက်ကြတာ လူသာမက နတ်တွေပါ ငြင်းခုံကွဲပြား ကုန်ပါလေရော"

"တော်တော် ကြီးကျယ်သွားပါကလား၊ ပြဿနာက..."

"ထိုအချိန်က အမျိုးလေးပါးကို တိုင်းပြည်တိုင်း၊ ပြည်သူပြည်သားတိုင်း ယုံကြည်လက်ခံ လာကြတာ ဖြစ်လေတော့ ဗြာဟ္မဏ

http://www.dhammadownload.com



တို့ရဲ့ စကားက တရားမွေ့လို ဖြစ်နေကြတယ်၊ မဟာဗြဟ္မာကြီးကို လူတွေသာမကဘူး၊ နတ်တွေ၊ အချို့ဗြဟ္မာအငယ်တွေကပါ ကိုးကွယ်နေကြတယ်...၊ အဲသည် မဟာဗြဟ္မာဆိုတာက ကမ္ဘာရှစ်ဆယ်လောက် အသက်ရှည်နေတာ၊ ဒါကြောင့် သူ့နောက်မှပေါ်ပေါက်လာတဲ့ လူတွေ, နတ်တွေ, ဗြဟ္မာတွေဟာ မဟာဗြဟ္မာကြီးကဖန်ဆင်းပေးလို့ ဖြစ်ခဲ့ရတာလို့ ထင်ပြီး ရှိသေကိုးကွယ်နေကြတာ၊ ဗြဟ္မာကြီး ကိုယ်တိုင်ကလည်း သူ့ကိုယ်သူ ပြောင်းလဲဖောက်ပြန်ခြင်း မရှိသော နိစ္စထာဝရလို့ ယုံကြည်နေတယ်"

"မြတ်စွာဘုရားနဲ့ဝါဒပြိုင်လာတဲ့ ဗကဗြဟ္မာကြီးလိုပေါ့လေ"

"ဟုတ်ပါလိမ့်မယ်၊ ဒီတော့ ဗြာဟ္မဏမျိုးဟာ အလွန်ခိုင်ခဲ့နေတယ်၊ ဗြာဟ္မဏတို့ စကားလည်း အလွန်ခိုင်လုံတယ်လို့ ပုံသေကားချ မှတ်ထားကြတယ်"

"မင်္ဂလာဝါဒဟာ ဒါကြောင့်မို့ ဒီလောက်အထိ ကြီးကျယ်ကုန်တာကိုး"

"ဘယ်လောက် ကြီးကျယ်သွားသလဲဆိုရင် သိကြားမင်းထံအထိ ရောက်လာတယ်၊ သူလည်းမဆုံးဖြတ်နိုင်ဘူး၊ ဒီတော့ နတ်သားတွေကိုမေးတယ်၊ 'အသင်တို့ဗုဒ္ဓထံ ဤပြဿနာကို မေးလျှောက်ကြည့်ဖူးကြရဲ့လား'ပေါ့၊ နတ်သားတွေက ဗုဒ္ဓထံတော်မှောက်မှာ မေးလျှောက်ခြင်းတော့ မရှိကြသေးကြောင်း ပြောတဲ့အခါ 'လောကမှာ တရားအပေါင်းကို ကိုယ်တော်တိုင် အကြွင်းအကျန်မရှိ သိတော်မူသော သမ္မာသမ္ဗုဒ္ဓထံ မေးလျှောက်လေတော့' လို့ နတ်သားတစ်ပါးကို တာဝန်ပေးလိုက်တယ်"

"ဪ ဒါကြောင့် ဘော... ဒေဝပုတ္တ–အို... နတ်သားလို့ ဆိုတာကိုး၊ နေပါဦး၊ 'ယံမင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံ သု သဒေဝကာ'

http://www.dhammadownload.com



ဆိုတာက ၁၂ နှစ် ကာလပတ်လုံး ကြံကြတယ်လို့ မြန်မာပြန်တာက ၁၂ နှစ် ကြာအောင် ငြင်းခုံနေကြတာကို ပြောတာ ဖြစ်မှာပေါ့နော်"

"ဟုတ်ပါတယ်၊ တစ်ယောက်တစ်မျိုးစီ ကြံကြတယ်၊ ယူဆကြတယ်၊ ငြင်းခုံကြတယ်"

"အဲသည့် ၁၂ နှစ်ဆိုတာက လူ့ပြည်က သက္ကရာဇ်လား၊ နတ်ပြည်က သက္ကရာဇ်လား"

"ဟာ... တော်တော် အပေါက်အစများတဲ့အကောင်ပါလား၊ လူ့ပြည်က ၁၂ နှစ်ပေါ့၊ နတ်ပြည်က ၁၂ နှစ်သာဆိုရင် ဗုဒ္ဓ သခင်ကိုတောင် သိမီလိုက်မှာ မဟုတ်တော့ဘူး၊ အနိမ့်ဆုံး နတ်ပြည်က ၁ ရက်ဟာ လူ့ပြည်မှာ နှစ်ပေါင်း ၅၀ နှင့် ညီမျှတယ်ဆိုတာ မကြားဖူးဘူးလား၊ တော်တော် လျှာရှည်တယ်"

"လျှာရှည်တာ မဟုတ်ပါဘူး၊ မင်္ဂလာတရား ဟောမယ်ဆိုတာ ၁၂ နှစ်က ကြွေးကြော်ခဲ့တယ်ဆိုလို့ပါ၊ 'သဒေဝကာ=နတ် နှင့်တကွသော လူတို့သည်' လို့ဆိုတာကိုးကွ၊ ရှင်းရှင်းသိရတာ ကောင်းတာပေါ့၊ ဒါပြီးတော့ ၁၂ နှစ်က ကြွေးကြော်တယ်ဆိုတာကကော"

"ကြွေးကြော်တယ်ဆိုတာ ကောလာဟလပေါ့၊ ကောလာဟလဆိုတာ တို့ခေတ်မှာ သိနေကြတာက သတင်းတစ်ခုခုကို ဘယ်သူက စ,ပြောလိုက်မှန်းမသိဘူး၊ ဘယ်တော့ ဘာဖြစ်လိမ့်မယ်လို့ အုတ်အုတ်ကျက်ကျက် လူစုမိတိုင်း တစ်ယောက်စကားတစ်ယောက်နား ပြောကြဆိုကြတဲ့ သတင်းမျိုး၊ နောက်တော့မှန်တာကနည်းနည်း အဖျားရှူးပြီး မှေ့မှေ့ပျောက်ပျောက် ဖြစ်သွားကြတဲ့ သတင်းမျိုး၊ အဲဒါကို ကောလာဟလလို့ ခေါ်နေကြတယ်၊ ကောလာဟလ ဆိုတဲ့ ပါဠိက တကယ်ဖြစ်ပေါ်မည့် အခြင်းအရာကို သူတော်ကောင်း နတ်ကောင်းများက အုတ်အုတ် ကျက်ကျက် ကြွေးကြော် သတိပေးကြတာ ဖြစ်တယ်၊

http://www.dhammadownload.com



ကောန်ဖြစ်မယ့် ကောလာဟလ ၅ ပါးရှိတယ်။

(၁) ကပ္ပကောလာဟလ= 'နောင်အနှစ်တစ်သိန်းမှာ ကမ္ဘာကြီးပျက်တော့မယ်၊ သူတော်ကောင်းများ တရားစောင့်ကြ' လို့ နတ်များက ဝမ်းနည်း ငိုညည်း ကြွေးကြော်တာ။

(၂) စက္ကဝတ္တိကောလာဟလ= 'နောင်အနှစ်တစ်ရာ ကြာလျှင် လူ့ပြည်မှာ စကြဝတေးမင်း ပေါ်လိမ့်မယ်' လို့ ဝမ်းမြောက်စွာ ကြွေးကြော်တာ။

(၃) ဗုဒ္ဓကောလာဟလ= 'နောင် အနှစ်တစ်ထောင် ကြာလျှင် ဗုဒ္ဓပွင့်တော်မူလိမ့်မယ်' လို့ ဝမ်းသာအားရ ကြွေးကြော်တာ။

(၄) မင်္ဂလာ ကောလာဟလ= 'နောင် ၁၂ နှစ် ကြာတဲ့အခါ ဗုဒ္ဓက မင်္ဂလာတရား ဟောတော်မူ လိမ့်မယ်' လို့ ဝမ်းသာအားရ ကြွေးကြော်တာ။

(၅) မောနေယျ ကောလာဟလ= 'နောင် ၇ နှစ် ကြာလျှင် မောနေယျရဟန်း ပေါ်လိမ့်မယ်' လို့ ဝမ်းသာအားရ ကြွေးကြော်တာ။"

"မောနေယျရဟန်းဆိုတာ ဘယ်လိုရဟန်းဖြစ်လို့ ကောလာဟလ ပေါ်ရတာလဲ"

"ဗုဒ္ဓသာသနာမှာ တစ်ပါးတည်းနေ၍ အလွန်ခြိုးခြံစွာ အကျင့်ရှိသော ရဟန်းအချို့မှာ ၇ လသာ သက်တော် ထင်ရှား တရားကျင့်ပြီး ပရိနိဗ္ဗာန် ပြုတော်မူတယ်၊ အချို့ ၇ ရက်၊ ဘုရားလက်ထက်တော်မှာ အရှင်နာဠကမထေရ်ဟာ မောနေယျ ပုဂ္ဂိုလ်ပေါ့"

"အင်း၊ တို့ငယ်ငယ်က 'ဇဝ်မေသုတ်၊ ကော် သမယ်ဘာဂဝါ

http://www.dhammadownload.com



သာဝတ္ထိယံ' လို့ တစ်ရပ်လုံးကြားအောင် အော်ဟစ် ရွတ်ရတာများ တယ်အရသာရှိသကိုး၊ လူကြီးတွေကလည်း ချီးမွမ်းကြတယ်၊ တို့ ဘိုးအေကြီးကများဆို တပြုံးပြုံးနဲ့ သူ့မြေးသူ ဂုဏ်ယူလိုက်ရတာ"

"ဂုဏ်ယူစရာကိုးကွ၊ မင်္ဂလသုတ် အတန်းကို တက်ရတယ် ဆိုတာ ခုခေတ် တက္ကသိုလ်ဝင် စာမေးပွဲအောင်သလောက် အထင် ကြီးကြတာ"

"မင်း သတိထားမိသလား၊ ပရိတ်ကြီး ၁၁ သုတ်ထဲမှာ 'ဧဝံမေသုတံ' ပါတာ မင်္ဂလသုတ်နဲ့ ဓဇဂ္ဂသုတ်ပဲရှိတယ်"

"ဟုတ်ပါလိမ့်မယ်၊ ပရိတ်ကြီးမဟုတ်တဲ့ သည့်ပြင် သုတ်တော် တွေမှာတော့ ပါပါတယ်၊ ဥပမာ ဓမ္မစကြာတို့ အနတ္တလက္ခဏ သုတ်တို့ပေါ့"

"အဲသည့် 'ဧဝံမေသုတံ' အကြောင်းကို မေးချင်လို့ကွ"

"ဟဲဟဲ . . . ဘာများ မေးချင်တာလဲ"

"မင်းက ဘာဖြစ်လို့ ပြုံးရတာလဲ"

"မပြုံးပါဘူးဗျာ၊ မေးမှာသာ မေးပါ"

"မင်္ဂလသုတ်မှာ 'ဘန္တေ ကဿပ= အရှင်မဟာကဿပ၊ ဣဒံသုတ္တံ= ဤမင်္ဂလသုတ်တော်ကို၊ မေမယာ= တပည့်တော် အာနန္ဒာသည်၊ ဘဂဝတော=ဘုရားသခင်၏၊ သမ္မုခါ =မျက် မှောက် တော်မှ၊ ဧဝံ =ဤသို့၊ သုတံ =ကြားလိုက်ရ၏ 'အဲသလိုပါနေတယ်"

"အင်း... ပါတာပေါ့၊ ပထမသင်္ဂါယနာ တင်တော်မူကြစဉ်က အရှင်မဟာကဿပကြီးကို အရှင်အာနန္ဒာက လျှောက်ထားဖြေဆို ရတာလေ၊ ဆဋ္ဌသင်္ဂါယနာတင်တုန်းက ကြည့်ပါလား၊ မဟာစည် ဆရာတော်ကြီးက မေးလို့ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်က ဖြေရတယ်လေ၊ ဒါမျိုးပေါ့"

http://www.dhammadownload.com



"ဟုတ်ပါပြီ၊ သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးရဲ့ ဇေတဝန်ကျောင်းတော်မှာ မင်္ဂလသုတ်ကို ဗုဒ္ဓဟောတော်မူစဉ်က အရှင်အာနန္ဒာ ရှိနေလို့ ကိုယ်တိုင်ကြားလိုက်ရပါတယ်ဆိုရင် ထားပါတော့၊ ဘုရားဖြစ်တော်မူစ မိဂဒါဝုန်တောမှာ ပဥ္စဝဂ္ဂီငါးပါးကို ဟောခဲ့တဲ့ ဓမ္မစကြာသုတ်မှာလဲ 'ဧဝံမေသုတံ' ဆိုပြီး အာနန္ဒာအရှင်ကကိုယ်တိုင် ကြားနာခဲ့ရသလို ပါနေတာက ဘယ့်နှယ်တုံး"

"ဟဲဟဲ... မင့်စကား ဒီကိုရောက်လာလိမ့်မယ်ဆိုတာ ရိပ်မိလို့ ပြုံးတာပေါ့ ဆရာကြီးရဲ့"

"မင်းနှယ် မေးမယ်လို့သိလည်း စောစောကပဲဖြေလိုက်ပါတော့တဲ့၊ လုပ်ကွာ"

"မင်းမေးတာကို ပြေလည်အောင် ဖြေဖို့ဆိုရင် ဇာတ်ကြောင်းနဲ့ကို ချီပြောမှ"

"ဇာတ်ကြောင်းနဲ့ပဲပြောပေါ့ကွ"

"ရှည်လျားထွေပြား မနေမနား ပြောရမှာမို့ နောက်အပတ်ကျမှ အရှင်အာနန္ဒာကိုယ်တိုင် ဓမ္မစကြာတရားကို နာခဲ့ရတဲ့ အကြောင်း ဆက်ပါရစေခင်ဗျား"

"မင့်အကျင့် ဒီအတိုင်းပဲ၊ စိတ်ဝင်စားပါတယ်ဆိုရင် ဖြတ်ပြီ"

"ဟဲ-ဟဲ-ဟဲ... မင်္ဂလာပါသူငယ်ချင်း"

http://www.dhammadownload.com

## မင်္ဂလသုတ် (၂)

## ရွှေဖလားကို အနားသတ် ပတ္တမြားတစ်ပွင့်၍ ပန်းကုံးစီပေး

"ကြွပါ . . . ကြွပါ"

"မင်္ဂလာပါ သူငယ်ချင်း၊ ငါ့ကို စိတ်ကောက်သွားတာမို့ အပင့်လာမယ်လို့ပါ ခင်ဗျား"

"မကောက်ဘဲနေပါ့မလား၊ ငါ့ကိုနှင်လွှတ်လိုက်တာ"

"နှင်လွှတ်တယ် မပြောပါနဲ့ကွာ၊ စကားဖြတ်လိုက်တယ် ပြောပါ။ ဒါက ဒီလိုရှိပါတယ် သူငယ်ချင်းရယ်၊ တိုတိုပြောလို့ အဆုံးမသတ်နိုင်မယ့် အတူတူ စိတ်ဝင်စားမယ့်နေရာမှာ 'ကလနား' သတ်လိုက်ရတဲ့ သဘောပါ၊ တို့နှစ်ယောက် ဆွေးနွေးနေကြတဲ့ စကားမျိုးက စိတ်မပါဘူးဆိုရင် ပျင်းခြောက်ခြောက်နဲ့ ငြီးငွေ့စရာ ကောင်းပါတယ်၊ ကာလပေါ်ဝတ္ထုမှ မဟုတ်တာ၊ ဒီတော့ အလှည့် အပတ်ကလေးနဲ့ တန်ဆာဆင်တန် ဆင်ပေးရပါတယ်၊ သိုင်းဝိုင်း ပေးတန်လျှင် လျှောမွေးကို ဗာရာဏသီချဲ့သလို ချဲ့ထွင် ပေးရပါတယ်၊

http://www.dhammadownload.com



မင်းကိုယ်တိုင် ပြန်စဉ်းစားကြည့်၊ ရိုးရိုးသားသားသာ ဆက်တိုက် ပြောပေးလိုက်ရင် ၃၈ ဖြာ မင်္ဂလာတရားဟာ တစ်ထိုင်တည်းနဲ့ ကုန်သွားမှာပေါ့၊ မဟုတ်ဘူးလား"

"မင်းပြောချင်တာ ဒါပဲလား၊ ဆင်ခြေက"

"ဒါတင် မဟုတ်သေးပါဘူး၊ တို့ငယ်ငယ် ကလေး အရွယ် လောက်က မင်္ဂလသုတ်ကို လူကြီးလူငယ် လေးစားကြတာ မှန်သော်လည်း တို့လူပျိုပေါက်လောက် အချိန်မှာ အင်္ဂလိပ်ခေတ် အင်္ဂလိပ်စာ ကိုသာ အထက်တန်းက လူ့ရာသွင်းကြလေတော့ 'မစ္ဆတာ' ဆိုတဲ့ အသုံးအနှုန်းတွေကို ကိုယ့်နာမည်ရှေ့ တပ်လာကြတာလေ၊ သခင် ကိုယ်တော်မှိုင်းကြီးက 'မစ္စတာမောင်မှိုင်း'လို့ သရော်တဲ့ ကလောင် အမည်တောင် တပ်ခဲ့ရတာပါ"

"ဒါနဲ့ မင်္ဂလသုတ်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်လှချေရဲ့ခင်ဗျာ၊ ဗုဒ္ဓဘာသာ ကျွန်တော်တို့ အမျိုးက 'စီအေတီ–ကက်=ကြောင်၊ ဘီအေတီ–ဘက်=လင်းနို့' လို့ ဂုဏ်ယူ အော်ဟစ်နေကြတော့ ဗုဒ္ဓရဲ့ မင်္ဂလာတရားကို ဘာသာခြား ကုလား တွေရဲ့ နှစ်ပြားတန် 'နှစ်စောင်တွဲ' ကကြီးခကွေးရဲ့ နောက်ဆက်တွဲ စက္ကူပြားလှပ်လှပ်စာအုပ်မှာ မဟာမင်္ဂလသုတ် 'လက်နှီးစုတ်' ဖြစ်ပါ ရလေသတည်းပေါ့"

"အေး... ဒါတော့ ဟုတ်တယ်၊ ကျူလယာစာအုပ်တိုက် တွေ က သောင်းလိုက် သိန်းလိုက်ချိုရိုက်ပြီး ပိုက်ဆံနှစ်ပြားနဲ့ တောတွေ မှာရောင်း၊ စီးပွားကောင်းကောင်း ရှာကြတာပေါ့၊ အဲဒါ အတွက် မောင်မင်းကြီးသားများကိုပဲ ကျေးဇူးတင်ကြရဦးမှာလေ"

"ဘယ်လို ဘာကြောင့် ဘယ်နည်းနဲ့ ကျေးဇူးကြီးတင်ရမှာလဲ၊ ပြောပါဦး၊ ပတ္တမြားမှန်သော်လည်း ဂွမ်းခံ၍ပြမှ ပသာဒလှတယ်

http://www.dhammadownload.com



မဟုတ်လား၊ စက္ကူကြာ စွန်စက္ကူ မင်ကျမင်နကာ ထူလပျစ်၊ သတ်ပုံသတ်ညွှန်းက အမှားမှား အယွင်းယွင်း၊ တစ်အုပ်လျှင် နှစ်ပြား၊ ဆယ်အုပ်ကို တစ်မတ်၊ တစ်ရာကို တစ်ကျပ်ခွဲ၊ ဈေးနည်း နည်းနဲ့ ရောင်းသာအောင် ထုတ်လို့ 'နှစ်ပြားတန် မင်္ဂလသုတ်' ဖြစ်သွားပါရောလားဗျာ၊ အဲသည့်အခါ မြန်မာတွေကပါ ဘာထင်လာသလဲ။ ယောင်ယောင်မှားမှား၊ အကောင်များက၊ ထောင်လွှား မြင့်မောက်၊ မချင့်ထောက်ဘဲ၊ အောက်စာကလေး၊ သေးနုပ်စိပ္ပာယ်၊ သူငယ်တို့စာ၊ ဆိုတတ်စွာ၏။ လို့ မြင်းခြံဆရာတော်ကြီး အရှင် ဝေပုလ္လာဘိဓကေ ကရုဏာဒေါသော ပြောသလို အပေါစား ထင်လာခဲ့ကြပါလေရော၊ ဒါကြောင့် ဒီတော့— သို့ဖြစ်ရကား 'ရွှေဖလားကို အနားသတ်' ပတ္တမြားတပ်၍ ပန်းကွက်ဖော်ရသလို ပန်းထိမ်တော် ကျွန်တော်မျိုးက နလက်ရာ အားကိုးပြီး အရှင့်အကျိုး ဆောင်ရခြင်း ဖြစ်ပါသည်ဘုရား"

"လွတ်စေ... ဆက်၍ သံတော်ဦးတင် မောင်မင်း၊ ဟား— ဟား–ဟား"

"ခွေးမသား... ခုမှ ပြုံးဖော် ရယ်ဖော်ရတော့တယ်"

"ကဲပါ... အရှင်အာနန္ဒာက မေ့စကြာသုတ်ကို ဘယ်လို ကြားနာခဲ့ရသလဲ"

"စောစောက အမျိုးကြီး လေးပါးနှင့် ပတ်သက်ပြီး ဗုဒ္ဓ၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ဗုဒ္ဓဟာ သကျသာကီဝင် ဖြစ်ပါလျက် မိမိအောက် ခတ်နိမ့်သောအတန်းအစားများနှင့် ထွေးရောယှက်တင်နေတာ စိတ်မချမ်းသာဘူးလို့ ပြောခဲ့ပြီနော်"

"အေး... အဲဒါနဲ့ 'ဓဝံမေသုတံ'နဲ့ ဘာဆိုင်သလဲ"

"နေပါဦးလေ၊ ဆိုင်လာပါလိမ့်မယ်၊ သုဒ္ဓေါဒန မင်းကြီးက မရှုဆိတ်လေတော့သာကီဝင်မင်းသားတွေကိုအစည်းအဝေး ခေါ်တယ်"

http://www.dhammadownload.com



"ညီလာခံခေါ်တယ် လုပ်စမ်းပါ"

"နန်းတော်တွင်းမှာ ညီလာခံခေါ်လို့ မဖြစ်ဘူး၊ မင်းသား မင်းမျိုးတွေက အရေအတွက်အားဖြင့် ခြောက်သောင်းတောင် ရှိတာ၊ နားလည်း မလည်ဘဲနဲ့"

"ထားပါတော့ခင်ဗျာ၊ မဝေဖန်ဝံ့ပါဘူး"

"အစည်းအဝေးခေါ်ပြီးဘာပြောသလဲဆိုတော့'ငါ၏ ဆွေတော်မျိုးတော် တူတော်များတို့၊ သားတော် သိဒ္ဓတ္ထကုမာရကို မွေးဖွားကာစက စကြဝတေးမင်းသော်လည်းကောင်း၊ ဗုဒ္ဓစင်စစ် သော်လည်းကောင်း ဖြစ်လိမ့်မည်ဟု လက္ခဏာဖတ်ပုရောဟိတ်များက ဟောခဲ့တယ်။ အဲသည်လို နှစ်ခွန်းထွက်တဲ့ ဟောချက်အရ စကြ ဝတေးမင်းသာဖြစ်လို့ ဓမ္မဒြီပါနှင့်တကွ လေးကျွန်းလုံးသာ ခုနေခါ အစိုးရနေမယ်ဆိုလျှင် အမောင် မင်းသားများမှာ နောင်တော် စကြာမင်း၏ ရွှေဘုန်းရိပ်ကို ခိုလှုံပြီး ပဒေသရာဇ် ကေရာဇ် စသည်အားဖြင့် ခ,စားဝန်းရံ ပျော်စံကြည်နူး အထူးရိုကျိုးနေကြမှာ ဧကန်ဖြစ်တယ်။ ယခုသော်ကား ငါ၏သားမှာ ဘုရားဗုဒ္ဓ ဖြစ်ရှာရ၍ (ဒီနေ့ရာမှာ သူ့အနေနဲ့ နစ်နာတယ် မှတ်လို့နဲ့ တူပါရဲ့) အဲ ဗုဒ္ဓဖြစ်သည့်အားလျော်စွာ ဆင်းရဲငြိုငြင်စွာ သပိတ်တစ်လုံးဖြင့် သူဖုန်းစားလို(သူတောင်းစားကဲ့သို့) အိမ်တကာ ရပ်ပြီး ဆွမ်းခံစား နေရှာမြမကာ၊ သွေးမစပ် မျိုးမတော် ဓာတ်နိမ့်သော အပေါင်းအဖော်တို့က ကိုယ်ထိလက်ရောက် ပြုစုလုပ်ကျွေးလို့ ဂုဏ်သရေ သိမ်မွေးမယ်ကိစ္စကို စိတ်ချလို့ လျစ်လျူ ဥပေက္ခာပြုထားကြတာ တော်ရောသလား။ ခိုကိုးလို့အကျိုးမရှိ၊ ကိုယ့်ကျိုးမမြင်ကြလို့ မသိသယောင် ဆောင်နေကြတာလား။ ဆိုးတူကောင်းဖက် အနာခံလို့ အခြွေအရံအဖြစ်မှ လိုက်မည့်သူမပေါ်ထွက်နိုင်ကြဘူးလားလို့ စကားနာ ထိုးပြီး တပ်လှန့်၍ နှိုးတော်မူလိုက်တယ်"

http://www.dhammadownload.com



"အေးဟေ့၊ ဇာတ်ကြောင်းက အရှည်သားပါကလား။ လိပ်ပတ်လည်အောင် ပြောမှလည်း အကြောင်းနဲ့အကျိုး ဆက်မိမှာပဲ။ ကဲ... လုပ်ပါဦး"

"ဟင်း... အရင်အပတ်ကတော့ ငါ့ကို စိတ်ဆိုး ဒေါကန်သွားလိုက်တာ"

"တမင်တကာ အကဲပါတယ်မှတ်လို့ပါကွ။ 'ဓံမေသုတ်' အကြောင်းဟာ ဒီလောက်ရှည်လိမ့်မယ် မထင်မိဘူး။ သုဒ္ဓေါဒနမင်းကြီးမှာ ခမည်းတော်အနေနဲ့ သားထူးသားမြတ် တစ်ပါးတည်းမို့ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် စံစားနိုင်အောင် ဘုံနန်းပြာသာဒ်သုံးဆောင်ပေါ်မှာ သာကီဝင်တွေသာ ခ,စား ဖြေဖျော်ခံနေရာက ဗုဒ္ဓဖြစ်တော်မူတော့မှ အမျိုးနိမ့်သူတွေနှင့် ဆက်ဆံပေါင်းသင်းနေတာဟာ သူ့အဖို့တော့ ရင်နာရှာပေမှာပဲ"

"အမျိုးကြီးလေးပါး ခွဲခြားတဲ့ အခြေအမြစ်က ဘယ်လောက်အစွဲသန်သလဲ"

"ဒါကြောင့် ကမ္ဘာကမ္ဘာနဲ့ချီပြီး အကင်းမသေနိုင်တာပေါ့လေ၊ ဆက်ပါဦး"

"အဲသလို သုဒ္ဓေါဒနမင်းကြီးက အပြစ်တင်တော့မှ မင်းဆွေမင်းမျိုး ခြောက်သောင်းအနက်က မင်းသားခြောက်ယောက် ပေါ်ထွက်လာကြတယ်"

"ဘော်လံဒီယာ လုပ်တယ်ဆိုပါတော့ကွာ၊ ခြောက်သောင်းထဲက ခြောက်ယောက်သာ ထွက်သလား၊ အေးလေ၊ တကယ်တော့လည်း သားမယား အခြွေအရံနဲ့ မင်းသားတို့၏ စည်းစိမ်ချမ်းသာကိုစွန့်ပြီး ရဟန်းခံ၊ ဘုရားထံလိုက်ကြရမယ်ဆိုတာ နည်းတဲ့စွန့်စားခြင်းကြီး မဟုတ်ဘူး"

http://www.dhammadownload.com



"ကိုယ်ချင်းစာကြည့်မှ သိနိုင်မယ်လေ၊ တကယ်တော့ အဲသည့်အခါက ဗုဒ္ဓ၏တရားကို သက်ဝင်ယုံကြည်ပြီး တောထွက် ချင်တဲ့စေတနာပါချင်မှ ပါကြပေလိမ့်မယ်၊ နောင်တော်ဟူသော သံယောဇဉ်နှင့်အမျိုးကြီးစောင့်ရှောက်ဖို့က အဓိက ဖြစ်ကောင်းစရာရှိပါရဲ့၊ အဲသည့်ခြောက်ယောက်က ဘယ်သူတွေလဲဆိုတော့ (၁) အနုရုဒ္ဓါ၊ (၂) အာနန္ဒာ၊ (၃) ဘဒ္ဒိယ၊ (၄) ကိမိလ၊ (၅) ဘဂု၊ (၆) ဒေဝဒတ်–တို့ဖြစ်တယ်"

"အမယ် ဒေဝဒတ်ကလည်း သံယောဇဉ်အရှိရှာသားပဲကိုး"

"ဒေဝဒတ်အကြောင်း ထားပါဦး၊ ပဓာနဖြစ်တဲ့ အာနန္ဒာအကြောင်းပြောကြရအောင်၊ အာနန္ဒာက ဘုရားဖွားဖက်တော် ခုနစ်ဦးအနက် တစ်ဦးအပါအဝင်ဖြစ်တယ်"

"ဘုရားဖွားဖက် ခုနစ်ဦးက ဘယ်သူတွေလဲကွာ"

"(၁) ညီတော်အာနန္ဒာ၊ (၂) မဟာဗောဓိပင်၊ (၃) ကာဠုဒါယီအမတ်၊ (၄) ယသောဓရာမင်းသမီး၊ (၅) ဆန္နအမတ်၊ (၆) ရွှေအိုးကြီးလေးလုံး၊ (၇) ကဏ္ဍကစီးတော်မြင်း၊ အဲသလို အာနန္ဒာဟာဖွားဖက်တော် ဖြစ်ရုံမကသေးဘူး၊ ဗုဒ္ဓ၏ အလုပ် အကျွေးဖြစ်ဖို့ရာဆုတောင်းပြီး တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ပြီး ဖြစ်တယ်၊ ပြောလိုရင်း မြန်မြန်ရောက်အောင် တိုတိုနဲ့ ချုပ်ကြစို့ရဲ့ကွာ၊ တစ်နေ့သောအခါမှာ ဗုဒ္ဓက အာနန္ဒာကို အနီးအနား ထံတော်ရင်းမှာထားပြီး အလုပ်အကျွေး ရာထူးကို ပေးတော်မူတယ်"

"ဗုဒ္ဓ၏ အတွင်းရေးမှူး ဆိုပါတော့"

"မင်း ဘာသာပြန်ချင်သလို ပြန်ပါတော့၊ အာနန္ဒာ ကိုယ်တိုင်ကလည်း ဗုဒ္ဓကို အစ်ကိုအရင်းလို ရှိသေတယ်၊ ဖခင်လို မြတ်နိုးတယ်၊ ဆရာလိုမှီခိုတယ်၊ ဗုဒ္ဓအနေနဲ့ ကြည်ညိုတာတော့ မပြောနဲ့တော့၊

http://www.dhammadownload.com



ဒါပေမဲ့ အလုပ်အကျွေးရာထူးကို ခန့်အပ်မယ်လုပ်တော့ ဗုဒ္ဓထံမှ အချက်လေးချက်ကို တောင်းဆိုတယ်၊ အချက်လေးချက်ကို တောင်းပန်တယ်"

"ဘယ်လိုအချက်တွေ တောင်းဆိုပြီး၊ ဘယ်လိုအချက်တွေ တောင်းပန်သလဲ"

"တောင်းဆိုတဲ့အချက် လေးချက်က–

(၁) သဒ္ဓါသူတို့၏ နိမန္တနကို ဝန်ခံမိသောအရပ်သို့ ကြွတော်မူရန်။အဓိပ္ပာယ်က အာနန္ဒာထံမှာ ဒါယကာများက ဗုဒ္ဓအား ဆွမ်းကျွေးခွင့်တောင်းလို့ အာနန္ဒာက ဝန်ခံပြီး ဗုဒ္ဓကို လျှောက်တောင်းပန်လျှင် ဗုဒ္ဓ ကြွတော်မူပါ။

(၂) ဗုဒ္ဓအား ဖူးမြော်လို၍ လာကြသော ပရိသတ်တို့ကို အာနန္ဒာထံ ချဉ်းကပ် လျှောက်ထားသဖြင့် အာနန္ဒာက ဗုဒ္ဓအားလျှောက်ထားလျှင် အဖူးအမြော် ခံတော်မူပါ။

(၃) တရားတော်၌သော်လည်းကောင်း၊ ပြဿနာ၌သော်လည်းကောင်း၊ ယုံမှားသံသယရှိသည့်အခါ ဗုဒ္ဓအား အချိန်မရွေး ချဉ်းကပ်လျှောက်ထား မေးမြန်းနိုင်ခွင့် ပြုတော်မူပါ"

(၄) ဗုဒ္ဓဖြစ်တော်မူသည်မှစ၍ အာနန္ဒာ၏ မျက်ကွယ်၌ လူနတ်တို့အား ဟောတော်မူခဲ့သမျှ တရား အပေါင်းကို အာနန္ဒာအား ပြန်လည်ဟောကြား ပေးတော်မူပါ၊ အဲဒါက 'ပန်ဆုလေးသွယ်' လို့ ခေါ်တယ်၊ ယခုကဲ့သို့ ဘာကြောင့် တောင်းပန်ရသလဲဆိုလျှင်..."

http://www.dhammadownload.com



"အေး . . . သိချင်လိုက်တာ ပြောပါဦး"

"ဗုဒ္ဓအား မည်သည့်နေ့ရက်မှာ ဆွမ်းကပ်ကျွေးလိုပါသဖြင့် အရှင်အာနန္ဒာမှတစ်ဆင့် ပင့်လျှောက်ပေးပါဟု မိမိအား တောင်းပန်သဖြင့် မိမိက ဝန်ခံခဲ့ပါလျက် ဗုဒ္ဓကိုယ်တော်က ကြွရောက် ချီးမြှင့်ခြင်း မပြုခဲ့သည်ရှိသော် တပည့်တော်မှာ 'ဗုဒ္ဓဝလ္လဘာ' ဗုဒ္ဓနှင့် အကျွမ်းတဝင် မရှိသကဲ့သို့ အရေးမပါသကဲ့သို့ ဖြစ်အံ့နိုး၍ တောင်းပန်ရခြင်း ဖြစ်ပါသည်တဲ့။ ဒုတိယအချက်ဆိုရင်လည်း တစ်ခါ တစ်ရံ ဗုဒ္ဓကို ဖူးမြော်ကြရအောင် အလွန်ဝေးလံသော အရပ်များမှ ဘိက္ခု၊ ဘိက္ခုနီမှ အစ ဒါယကာ, ဒါယိကာမများ ညဥ့်အိပ်ညဥ့်နေ ခရီးဖြင့် ဗုဒ္ဓသီတင်းသုံးရာ ရောက်တတ်ကြပါသည်။ ထိုအခါ ဗုဒ္ဓကိုနီးကပ်စွာ ဖူးမြော်ရခြင်း၊ တရားမေးလျှောက် ကြားနာရခြင်း အခွင့်များ မကြုံကြရသဖြင့် စိတ်ညှိုးငယ်စွာ မိမိတို့ရပ်ဌာန် ပြန်သွားကြရသည်လည်း ရှိဖူးမည်ဖြစ်ရာ ထိုရဟန်း, ထိုဒါယကာများက မိမိမှတစ်ဆင့် ဗုဒ္ဓကိုယ်တော်ကို ဖူးပါရစေဟု ခွင့်တောင်း၍မှ သူတို့မဖူးရလျှင် မိမိကို ကဲ့ရဲ့ကြပါလိမ့်မယ်၊ ဒါကြောင့် အဖူးအမြော် ခံတော်မူပါ. . . လို့ တောင်းဆိုခြင်း ဖြစ်ပါတယ်"

"အင်း ငါ့အခုန ပြောသလို အတွင်းရေးမှူးမှာလည်း သိက္ခာ ရှိလိုတဲ့ သဘောပါပဲ၊ တတိယအချက်ကို ပြောပါဦး"

"တတိယအချက် – သူတစ်ပါး၌ ယုံမှားသံသယရှိသည်ဖြစ်စေ၊ မိမိကိုယ်တိုင်ယုံမှားသံသယရှိသည်ဖြစ်စေ ဗုဒ္ဓကိုယ်တော်အား မေးလျှောက်ခွင့်ပြု၍ သံသယကို မငြိမ်းစေပါမူ ဗုဒ္ဓနှင့် နေ့နေ့ ညည အတူနေပါလျက် ပေါ့တန်လွန်းသည်ဟု အများက ဆိုဖွယ် ဖြစ်မည်စိုး၍ တောင်းဆိုရခြင်း ဖြစ်ပါသည်။ စတုတ္ထအချက်မှာလည်း ထို့အတူ ဗုဒ္ဓကိုယ်တော်နှင့် နေ့နေ့ညည ဖဝါးခြေထပ် အမြဲကပ်၍ လိုက်ပါခဲ့သူ

http://www.dhammadownload.com



မျက်နှာလိုက်တယ်ဟု အပြောခံရမှာစိုးလို့ ဖြစ်တယ်၊ ဒါတော့ မင်းသဘောပေါက်ပါလိမ့်မယ် ထင်တယ်"

"အင်း… ပုထုဇဉ်များ သူ့အတွက်နဲ့ အထင်မှား အမြင်မှား အကုသိုလ်ပွားမှာ စိုးတော်မူရတာပဲနော်"

"သူတော်ကောင်းများဟာ ကိုယ်တိုင်က အကုသိုလ်မပြုတဲ့ အပြင် ကိုယ့်ကြောင့်တောင် သူတစ်ပါးမှာ အကုသိုလ် မဖြစ်စေရအောင် သတိထားတော်မူကြတယ်"

"ဗုဒ္ဓနှင့် အနီးကပ်ဆုံး နေရတဲ့အတွက် တရားအပေါင်းကို ကြားနာရပြီး ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်နေမှာပဲ"

"ဗဟုသုတအရာမှာ 'ဧတဒဂ်' ရတာပဲ"

"ဧတဒဂ်ဆိုတာ ဗမ္ဗူမှာ တစ်ဆူလို့ ခေါ်ရမယ့် ဘွဲ့မျိုးနေမှာပဲ"

"ဟုတ်တာပေါ့၊ ဂေါတမဗုဒ္ဓလက်ထက်တော်မှာကျွတ်တမ်းဝင်သွားတဲ့ လူနတ်ဗြဟ္မာအရေအတွက်ဟာ ဘိက္ခု–ဘိက္ခုနီ အပါအဝင် ၂၄ သင်္ချေ၊ ကုဋေ ၆၀၊ မိုလ်ခြေတစ်သိန်းလို့ စာဆိုရှိတယ်။ အဲသည့်အနက် ဧတဒဂ်ရတဲ့ ဘိက္ခု ဘိက္ခုနီ၊ ဥပါသကာ ဥပါသိကာမ အရေအတွက်ဟာ ၇၅ ပါးပဲရှိတယ်၊ တွက်သာ ကြည့်ပေတော့"

"လူ ဥပါသကာ, ဥပါသိကာမတို့ကမှ ဧတဒဂ်ရသေးတယ်၊ နတ်ဗြဟ္မာတို့က တစ်ပါးမှ မရဘူးနော်"

"ဒါကြောင့်လည်းမနုဿတ္တဘာဝေါ ဒုလ္လဘောလို့ ဟောတာဖြစ်မှာပေါ့၊ အရှင်အာနန္ဒာမှာ ဧတဒဂ်တစ်ခု တစ်မျိုးသာမကဘူး ဧတဒဂ်ငါးပါးတောင် ရပါတယ်။

ဘယ်လိုအရာတွေလဲဆိုရင်...

(၁) အဓိမတ္တသတိ= အမှတ်လျင်မြန်ခြင်း။ တစ်ခါကြားရုံနဲ့ မှတ်မိပြီ။

http://www.dhammadownload.com



ဖြစ်ပါလျက် ဗုဒ္ဓကိုယ်တော်သည် ဘယ်အခါ ဘယ်ဒေသ၌ ဘယ်သူ့ကို အကြောင်းပြု၍ အဘယ်တရားကို ဟောတော်မူခဲ့သည် ဟူ၍မျှ မိမိ မသိမကြားရမှု တာဝန်ပျက်ကွက် အရည်အချင်းမဲ့ရာ ရောက်မည်စိုး သဖြင့် တောင်းဆိုရပါသည်ဘုရား–လို့ အာနန္ဒာကအရှည်ကို မျှော်ပြီး ဘုရားကို လျှောက်ထား တောင်းပန်တာပါပဲ"

"အင်း... အခုမှ ပြဿနာ ပြေပေတော့တယ်၊ ဒါ့ကြောင့် အာနန္ဒာမထေရ် သာသနာတော်ထဲမရောက်မီ ပဋ္ဌဝဂ္ဂီတို့ကို ဟောတော်မူ တဲ့ ဓမ္မစကြာတရားကို 'ဘုရားရှင် မျက်မှောက်မှာ ဤသို့ တပည့်တော် ကြားနာလိုက်ရပါသည်' လို့ အရှင် မဟာကဿပ မဟာထေရ်ကို တစ်ဆင့်ပြန်လည် ဟောပြောတော် မူနိုင်တာကိုး၊ ဟုတ်ပြီ – ဟုတ်ပြီ၊ ကဲ 'ပယ်ဆုလေးပါး' တောင်းပန်တာကို ပြောပါဦး"

"ဝံမေသုတံ ဆိုတာကို ရှင်းရင် တော်လောက်ရောပေါ့၊ နောက်အကြောင်းကို ဆက်ရင် ရှည်ကုန်တော့မယ်"

"ရှည်ချင်လည်းရှည်ပါစေကွာ၊ တစ်ဆက်တည်း မှတ်ရသားရ တာပေါ့၊ လုပ်ပါ"

"ပယ်ပါရစေလို့ တောင်းပန်တဲ့အကြောင်း အချက်ကလည်း လေးပါးပဲ။

(၁) ဗုဒ္ဓက သင်္ကန်းတော်ကို မိမိအား မစွန့်ပါနှင့်တဲ့။
(၂) ဆွမ်းကိုလည်း မပေးမစွန့်ပါနှင့်တဲ့။
(၃) ဂန္ဓကုဋိတိုက်၌ အတူမနေပါရစေနှင့်တဲ့။
(၄) ဒါယကာတို့က အာနန္ဒာမထေရ် အပါအဝင်ဟူ၍ သီးခြား မွက်ဖော် ပင့်လျှောက်ခြင်း မရှိသောဆွမ်း စား ဖိတ်လျှောက်ရာကို မလိုက်ပါရစေနှင့်တဲ့။

ဒီအကြောင်း လေးချက်စလုံးဟာ ဗုဒ္ဓက သူ့ညီတော်မို့

http://www.dhammadownload.com



(၂) အဓိမတ္တဂတိမာ=အစွတ်လျင်မြန်ခြင်း။ စာစွတ် ဖတ် သရဇ္ဈာယ်ရာမှာ သွက်တယ်။

(၃) အဓိမတ္တဓိတိမာ= လုံ့လကြီးခြင်း။ အမြဲတမ်း လုံ့လ ဝီရိယ ရှိနေတယ်။

(၄) ဗဟုသုတ=အမြော်အမြင်များခြင်း။ဒါကို ပြောခဲ့ပြီ။

(၅) ဥပဋ္ဌာက= ဗုဒ္ဓ အလုပ်အကျွေး သိမ်မွေ့ခြင်း။ ဗုဒ္ဓကို ပြုစုတဲ့နေရာမှာ အလိုက်သိတယ်၊ အခါ သိတယ်၊ ဖျတ်ဖျတ်လတ်လတ်ရှိတယ်၊ အဆင်သင့် ရှိတယ်၊ နူးညံ့တယ်။

"ဒါကြောင့် အရှင်အာနန္ဒာကို 'တေဒဂ်ငါးတန်၊ ဗျာဒိတ်ခံ၍၊ ပန်ဆုလေးသွယ်၊ ပယ်ဆုလေးပါး၊ မြတ်ဘုရား၏၊ ဖွားဖက်တော်မှန်၊ ရှင်အာနန်–' လို့ ချီးကျူး ဂုဏ်ပြုတော်မူခဲ့ကြတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ အရှင်အာနန္ဒာ ကိုယ်တော်တိုင် ထေရဂါထာ ပါဠိတော်မှာ

ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေ သဟဿာနိ ဘိက္ခုတော။
စတုရာသီတိသဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော...

လို့ ဥဒါန်းကျူးရင့်တော်မူခဲ့တယ်ကွ။"

"အနက်မြန်မာပြန်လေးလည်း လုပ်ပါဦးကွာ"

"အင်း... ဒါဆို ဒီလို ကျဉ်းကျဉ်းပဲမှတ်ထားပေါ့ကွာ။

အဟံ၊ ငါသည်။ ဗုဒ္ဓတော၊ မြတ်စွာဘုရား အထံတော်မှ။ ဒွါသီတိသဟဿာနိ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းနှစ်ထောင်တို့ကို။ ဂဏှိံ၊ သင်ယူခဲ့ပြီ။ ဘိက္ခုတော၊ အရှင်သာရိပုတ္တရာ အထံတော်မှ။ ဒွေသဟဿာနိ၊ ဓမ္မက္ခန္ဓာပေါင်း နှစ်ထောင်တို့ကို။ ဂဏှိံ၊ သင်ယူခဲ့ပြီ။ ဣတိတသ္မာ၊ ထို့ကြောင့်။ မေ၊ ငါ့အား။ စတုရာသီတိသဟဿာနိ၊ ရှစ်သောင်းလေးထောင်ကုန်သော။ ယေတေဓမ္မာ၊ ထိုဓမ္မခန္ဓာတို့ကို။

http://www.dhammadownload.com



ပဝတ္တိနော။ ဖြစ်စေအပ်ကုန်ပြီ... တဲ့။ ကဲ... သုတ္တန် ပါဠိတော် မှန်သမျှမှာ 'ဧဝံမေသုတံ' ပါခဲ့ရတာ ရှင်းပြီထင်ပါတယ်"

"ရှင်းပါပြီဖျာ၊ ကျေးဇူးပါပဲမောင်းမင်းကြီးသား။ ဒါမျိုးတွေကို လူငယ်များသိဖို့ လိုပါလိမ့်မယ်။ ကဲ... နောက်တစ်ခု သိချင်တာလေး မေးပါရစေ။ သိကြားမင်းက လွှတ်လိုက်တဲ့ နတ်သားက ဘုရားထံ ညကြီးမင်းကြီးပဲဆင်းလာခဲ့ရသလား"

"မင်းက 'အဘိက္ကန္တာယ ရတ္တိယာ=ညဉ့်ဦးယံ လွန်မြောက် သန်းခေါင်အချိန်လောက် ဆိုတဲ့ ပါဠိကို သိချင်တာလား ဒါကလည်း ဗုဒ္ဓက အချိန်ငါးပါး ပိုင်းခြားထားတာကို ပြောရမှာ ဖြစ်တယ်၊ ဗုဒ္ဓ ကိစ္စငါးပါးလို့ ခေါ်တာပေါ့-

(၁) ပုရေဘတ္တကိစ္စ= နံနက်ပိုင်းမှာ ဆွမ်းခံကြွတော်မူတယ်။ အလှူရှင်တို့ကို အခွင့်အားလျော်စွာ ဆွမ်းအနုမောဒနာတရား ဟောတယ်။

(၂) ပစ္ဆာဘတ္တကိစ္စ= ဆွမ်းစားပြီးနောက် မွန်းလွဲမှစ၍ ညဉ့်ဦးယံ လောက်အထိ လူဒါယကာဒါယိကာမတို့၏ အပူဇော်ခံပြီး အခွင့်အားလျော်စွာ ဓမ္မဒေသနာတို့ကို ဟောတော်မူတယ်။

(၃) ပုရိမယာမကိစ္စ= ညဉ့်ဦးယံမှ သန်းခေါင်လောက်အထိ ရဟန်း ပရိသတ်တို့ကို တရားဟောတယ်၊ ကမ္မဋ္ဌာန်းပေးတယ်။

(၄) မဇ္ဈိမယာမကိစ္စ= သန်းခေါင်ယံမှာ နတ်တို့ ဗြဟ္မာတို့ကို တရားဟောတယ်။

(၅) ပစ္ဆိမယာမကိစ္စ= မိုးသောက်ယံအချိန်ကလေးကို သုံးပုံ တစ်ပုံ ခွဲပြီး ပထမအချိန်လေးမှာ စင်္ကြံ ကြွတော်မူတယ်၊ ဒုတိယ အချိန်ကလေးမှာ လျောင်းတော်မူပြီး မွေးစက်တယ်။ မင်း မွေးစက်တယ်ဆိုတဲ့စကား သိရဲ့လား"

http://www.dhammadownload.com



"ဒီလောက်တော့ သိပါတယ်ကွာ၊ စိတ်ချလက်ချ နှစ်နှစ်ခြိုက်ခြိုက် အိပ်တာမဟုတ်ဘဲ မွေးရုံမွေးလိုက်တာ မဟုတ်လား။

"အေး... ဗုဒ္ဓကိုယ်တော်ဟာ ဘယ်အခါမှ တစ်ရုံတစ်ဆစ်ကလေးတောင် သတိကင်းပြီး အမှတ်တမဲ့ မနေတဲ့အကြောင်း သိစေချင်လို့ မေးတာပါ၊ အဲ... တတိယ အချိန်ပိုင်းကလေးမှာ မဟာကရုဏာတော်နဲ့ သတ္တဝါများကို လောကသုံးပါးမှာ သမန္တ စက္ခုဖြင့် ကြည့်တော်မူတယ်၊ အဲဒါနဲ့ အရုဏ်လည်း တက်ရော"

"အင်း... ဗုဒ္ဓသခင်က ကိုယ်တော်တိုင် သတိ ရှိတာမို့ လူတိုင်းကို သတိ မမေ့ကြနဲ့လို့ အမြဲသတိပေးတော်မူတယ်နော်"

"အပ္ပမာဒေန သမ္ပာဒေထ–ဆိုတာ ဗုဒ္ဓ၏ နေ့စဉ် 'ဩဝါဒ' ကြီးပေါ့။ တို့ကဖြင့် 'နေမြဲ' ပဲ။ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ရှိတယ်ဆိုပေမယ် 'သတိ'တစ်ခုတည်းသာ ကပ်ထား၊ နိဗ္ဗာန်ကို မဝေးတော့ဘူး။ ကဲ သန်းခေါင်အချိန်မှာနတ်သားလာတာ ပြေပြီနော်"

"ပြေပါပြီဗျာ၊ တစ်ဆင့်တောင် ဆက်တွေးနိုင်ပါသေး။ လူ ပရိသတ် ရဟန်းပရိသတ် ရှင်းကုန်မှ နတ် သိကြား ဗြဟ္မာတို့ လာရတာ၊ နှစ်ဦးနှစ်ဘက်စလုံး အနှောင့်အယှက် ကင်းကြသပေါ့၊ ဒါနဲ့ ဆက်ပြီး တစ်ခုသတိရလာပြန်ပြီ။ 'ကေမန္တံအဋ္ဌာသိ' သင့်တင့်သော အရပ်၌ ရပ်၍ နတ်သားက ဗုဒ္ဓကို ဖူးတယ်ဆိုတာ ဘယ်လိုထူးသလဲ။ ကျောင်းတော်ကြီးအတွင်း ပရိသတ်တွေ ရှင်းနေမှပဲဟာ။ သင့်တင့်သော အရပ်နေရာ ရွေးစရာ လိုသေးသလား။ စစ်စစ်ပေါက်ပေါက်နိုင်တာ မဟုတ်ပါဘူး"

"စစ်စစ်ပေါက်ပေါက်ရှာတော့လည်း စစ်စစ်ပေါက်ပေါက် သိရတာပေါ့။ ကောင်းပါတယ်၊ ဒီလိုကွ... တို့များ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများဟာ ကာယကံ, ဝစီကံ, မနောကံ သုံးပါးလုံးမှာရှိတယ်။

http://www.dhammadownload.com



နေတာ ထိုင်တာက အစပေါ့။ ဗုဒ္ဓကိုသော်လည်းကောင်း၊ ရဟန်း သံဃာတော်ကိုသော်လည်းကောင်း၊ မင်းဧကရာဇ်ကိုသော်လည်း ကောင်း၊ မိဘဆရာသမားကိုသော်လည်းကောင်း ကိုယ်က သွားရောက် ဖူးမြော်၊ ကြည်ညို ခ,စားတဲ့ အခါမှာ အပြစ်ခြောက်ပါးကင်းတဲ့ နေရာ ထိုင်ခင်းကို သတိပြုရတယ်။ ဘယ်နေရာမျိုးလဲဆိုရင်

(၁) ဝေးလွန်းတဲ့နေရာ။ (ကိုယ့်ကို အမှတ်မဲ့ဖြစ်တတ် တယ်။ သူပြောတဲ့စကားကို မိမိက ကွဲကွဲပြားပြား မကြားရလို့ သူကပြောတာကိုလည်း မိမိက ပြန်မဖြေ နိုင်၊ မိမိက မေးလျှောက်လျှင်လည်း ကွဲကွဲပြားပြား မကြားနိုင်တဲ့နေရာမျိုး)

(၂) နီးလွန်းတဲ့နေရာ။ (မိမိ၏ အနေအထိုင် ဣန္ဒြေ မျက်နှာထား ချွတ်ယွင်းမှုများရှိလျှင် ပေါ်ပေါ်ထင်ထင် ဖြစ်နေတတ်တယ်၊ အဲသည့် နေရာမျိုး)

(၃) ရှေ့တည့်တည့်နေရာ။ (မိမိကကြည့်လျှင်လည်း မျက်နှာ ချင်းဆိုင် စေ့စေ့စပ်စပ် ကြည့်ရတဲ့အတွက် ရိုင်းပျရာ ကျတယ်။ သူကကြည့်လျှင်လည်း မိမိမှာ မနေတတ် မထိုင်တတ် ရှိုးတိုးရှန့်တန့် ဖြစ်ရမယ့် နေရာမျိုး)

(၄) နောက်တည့်တည့်နေရာ။ (မိမိရှိနေတယ်လို့မှ သတိ ထားနိုင်စရာမဟုတ်၊ သူ့ကိုမိမိက မေးလို့ ပြောလို့ လည်း မကောင်း၊ သူက မေးချင်ပြောချင် ရင်လည်း အဆင်မပြေတဲ့ နေရာမျိုး)

(၅) သူ့ထက်မြင့်တဲ့နေရာ၊ မြတ်တဲ့နေရာ။ (ဒါကတော့ မရိုသေရာ ရောက်တာ သိသာပြီ။)

(၆) လေညာမှနေရာ။ (ကိုယ့်အနံ့အသက် သူ့ထံသို့

http://www.dhammadownload.com



ရောက်နိုင်တဲ့နေရာမျိုး )အဲသည့်အပြစ် ၆ ပါး ကင်းတဲ့ နေရာကို နတ်သားက သတိထားတဲ့ အကြောင်း ဖော်ပြတာပဲ"

"အင်း . . . ဗုဒ္ဓယဉ်ကျေးမှုဟာ နေတာထိုင်တာကအစ စည်းနဲ့ကမ်းနဲ့ပါလား"

"ရှေးတုန်းကတော့အသက် ၇ နှစ် ၈ နှစ်လောက်မှာ မင်္ဂလသုတ်ကို စ,သင်ပေး၊ ၁၀ နှစ် ၁၂ နှစ်လောက်မှာ ကိုရင် ဝတ်ပေးကြတယ်။ သာမဏေဘဝမှာ စားသောက်နည်း, နေထိုင်နည်း, ပြောဆိုနည်းမှန်သမျှ 'ရှင်ကျင့်ဝတ်'မှာ အကုန်သင်ရပြီ။ ဒါကြောင့် ရဟန်းမတက်လို့ရှင်လူထွက်ဖြစ်စေကာမူလောကစည်းကမ်းဆိုတာသိသွားပြီ"

"အင်း... ဒါကြောင့် ယောကျ်ားကလေးတိုင်း ရှင်ပြုကြရမှာ ပဓာနထုံးစံ လုပ်ခဲ့ကြတာကိုး။ လောကဝတ်လို့ ဆိုရမှာပေါ့နော်"

"အေး . . . 'လောကဝတ်' ဆိုတဲ့စကားကို 'လောကွတ်' လို့ ပြောင်းလဲပြီး၊ စေတနာ မပါဘဲပြောဆိုဆက်ဆံတာ၊ ဖော်ရွေပြုစုတဲ့ အမူအကျင့် လုပ်ရာမှာ သုံးနှုန်းနေကြတယ်၊ နောက်ပြီး 'လူပါးဝတယ်' ဆိုတဲ့ စကားလုံးကျတော့ ဆဲဆို လိုက်သလို နာနေကြပြန်ရော"

"ဟုတ်တယ်၊ ဒီအပြောမျိုးဆို မလွယ် ဘူး၊ လူ့ကျင့်ဝတ်မှာ ပါးရည်နပ်ရည် ကြွယ်ဝတယ်လို့ ဆိုလိုဟန် ရှိပါလိမ့်မယ်နော်"

"ဟုတ်တာပေါ့၊ ဒါကြောင့် တို့မြန်မာနိုင်ငံ အစဉ်အဆက်ကို ကြည့်၊ ပညာရှိ မှူးကြီးမတ်ကြီး မှန်သမျှ မင်္ဂလသုတ်နဲ့ ရှင်ကျင့်ဝတ်ကို ကျေပွန်ပြီးသား၊ ဘုန်းကြီးကျောင်းထွက်ချည်းပဲ၊ ကဲ – ရှေ့ဆက်"

"ရှေ့ဆက်ရမယ်ဆိုရင် နတ်သားက မင်္ဂလာတရား ဟောတော်မူပါလို့ တောင်းပန်တာ၊ ဗုဒ္ဓက ၃၈ ပါးမင်္ဂလာတရားကို ဟောတော်မူတယ်"

http://www.dhammadownload.com



"အဲသည့် ၃၈ ပါးကို ၁ ကစပြီး ၃၈ ပါးအထိ တောက်လျှောက် ဆက်တိုက်မဟုတ်ဘဲ ၃ ပါးစီ၊ ၄ ပါးစီ 'တော် မင်္ဂလမုတ္တမံ'ဟူ၍ ကဏ္ဍတစ်ခုစီဟောတော်မူပုံကို စဉ်းစားကြည့်ဖူး သလား"

"အရေအတွက်များလို့ ခွဲဟောတာ မဟုတ်ဘူးလား"

"မင်္ဂလသုတ်ဟာ ဓမ္မသုတ်လောက် ဂါထာအားဖြင့်လည်း မရှည်ပါဘူး၊ ၁၀၈ ပါးသော လက္ခဏာတော်လောက်လည်း အရေအတွက် မများပါဘူး"

"ဒါဖြင့် မင်းက ဘယ်လိုပြောချင်လို့လဲ"

"မင်္ဂလာဝါဒကို ပြောဆိုငြင်းခုံကြတာက လူတွေက စ,တင်ကြတာ ဆိုတော့ လူ့ကျင့်ဝတ်များကို အဓိကထားပြီး ဟောတော်မူတာ သိနိုင်ပါတယ်"

"လူ့ကျင့်ဝတ်များကိုသာ အဓိက ထားကြောင်းကို 'မိဘများအား လုပ်ကျွေးရမယ်၊ သားမယားတို့အား ပြုစုရမယ်၊ ဆွေမျိုးကို ထောက်ပံ့ရမယ်' လို့ ပါနေတဲ့အတွက် သိသာပါတယ်"

"အေး ... အဲဒါကို သဘောပေါက်ပြီးမှ လူငယ်အတွက် ကဏ္ဍတစ်ပိုင်း၊ လူလတ်အတွက် ကဏ္ဍတစ်ပိုင်း၊ လူကြီးအတွက် ကဏ္ဍတစ်ပိုင်း ခွဲခြားဟောကြားတော်မူသကဲ့သို့သော အစီအစဉ်ကို နားလည်ကြည်ညိုစရာ ကောင်းလာတယ်"

"ဘယ်လို ခွဲခြားရမှာလဲ၊ ဘယ်လို နားလည်ရမှာလဲ၊ ပြောပါဦး"

"လူတစ်ယောက်၏ ဘဝအနေနဲ့ ပြောရရင် ကလေးသူငယ်အရွယ်မှ စ,၍ လိုက်နာရမယ့်တရား၊ လူရွယ်လူလတ် အိမ်ထောင်ရှင်ဘဝမှာ လိုက်နာရမယ့်တရား၊ လူကြီးပိုင်း ဇရာအရွယ်မှာ လိုက်နာရမယ့် တရားပေါ့"

http://www.dhammadownload.com



"မင်းက မင်္ဂလာသုတ်ကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်း ခွဲနေပြန်ပြီ"

"ကဲ… မယုံရင် မင်္ဂလာသုတ် ပထမအပိုဒ်ကို ဆိုကြည့်ကွာ"

"အ သေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံမင်္ဂလ မုတ္တမံ။"

"အနက်ပါ ပြန်ပေးကွာ၊ အနက်က တို့အတွက် ပိုအရေးကြီးပါတယ်"

"ဒေဝပုတ္တ၊ နတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ အ သေဝနာ စ၊ မမှီဝဲမဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိတို့ကို။ သေဝနာစ၊ မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ပူဇာစ၊ ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ ၃ ပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။"

"ကဲ .. မင်းနဲ့တွေ့မှ ငါလည်း ဘုန်းတော်ကြီး ကျောင်းသားသူငယ်ကလေး ဖြစ်ရတယ်"

"အေး… ဘုန်းကြီးကျောင်းများမှာ ကလေးသူငယ်အရွယ်က ဒီအပိုဒ်ကိုစ,ခွဲရတယ်၊ ဘာဖြစ်လို့လဲ–ကလေးသူငယ်အရွယ်မှာ သိသင့်သိထိုက်တဲ့ တရား ၃ ပါး ဖြစ်လို့ပါပဲ၊ လူမိုက်ကို မပေါင်းရဘူး၊ ပညာရှိတဲ့ လူလိမ္မာနဲ့မှ ပေါင်းရမယ်၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်ဆိုတဲ့ လောကကြီးအတွက် အခြေခံ ၃ ပါးကို အရင်ဦးဆုံး ကလေးဦးနှောက်ထဲ ရိုက်သွင်းပေးလိုက်တာဖြစ်မယ်၊ သဘောပေါက် ရဲ့လား"

"ကလေးက သူ့အရွယ် သူ့အသိကလေးနဲ့ လူမိုက်၊ လူလိမ္မာ ခွဲခြားသိနိုင်ပါ့မလား"

http://www.dhammadownload.com



"ဟာ... မင်းတော်တော် အတွေး 'တိမ်' သေးတဲ့အကောင်ပဲ၊ 'ရှေးဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ' ဆိုတယ် မဟုတ်လား။ မသိသေးတဲ့ကလေးအရွယ်ကို မိဘက ခွဲခြားညွှန်ပြ ဆိုဆုံးမပေးဖို့ ပြောတာ၊ 'မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ' လေ။ အဲသည့်အရွယ်ဟာ အတုမြင်အတတ်သင် အားကျတတ်တယ်။ လူ့စရိုက်၊ လူ့အကျင့်စာရိတ္တ ကောင်းလာလျှင် လည်း ဒီအရွယ်ဘဲ၊ ပျက်စီးဖို့ စ,တာလည်း ဒီအရွယ်ပဲ။ 'ပြုစုပျိုးထောင်'ဆိုတဲ့ မြန်မာစကားဟာ အလွန်မှတ်သားဖို့ ကောင်းတယ်။ ပျိုးပင်တို့မည်သည် မရင့်မီမကြီးမီသာ နေရာကောင်းမှာ ပြောင်းရွှေ့စိုက်လို့ ရနိုင်တယ် မဟုတ်လား။ နောက်တစ်နည်းပြောရရင် ပြုစုပေးမှ ပျိုးပင်ကလေးဟာ ရှင်သန်ပြီး ထိုးထိုးထောင်ထောင် ဖြစ်လာမယ်မဟုတ်လား"

"အင်း... ယုတ္တိတော့အရှိသားပဲ။ အပေါင်းအသင်းမကောင်းလို့ ပျက်စီးရရှာတယ်ဆိုတဲ့ စကားကို တို့ မကြာမကြာ ကြားနေကြရတာပဲနော် 'ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်၍၊ သရက်ပင်မင်း၊ သီးချိုကင်း၏'ဆိုတဲ့စကားလည်းရှိတာပဲ၊ အဇာတသတ် မင်းသားဟာ ဒေဝဒတ်နှင့် ပေါင်းမိလို့ ဖခင်ကို သတ်မိတာပဲ"

"ဇာတ်နိပါတ် ဝတ္ထုသာကေတွေက အများကြီး ရှိပါတယ်။ ဒါတွေကို တစ်ဆင့်တက်ပြီး ဖတ်ကြမှတ်ကြရမှာပေါ့။ အခုတို့က မျက်မှောက်ကာလကိုပဲ လက်တွေ့ ကိုယ်တွေ့ဆွေးနွေးကြတာ ကောင်းမယ်ထင်ပါတယ်"

"အေး.. ဟုတ်ပါတယ်။ လူငယ်တွေကို ပြောရတာ မျက်မြင်ကိုယ်တွေ့ ပြောပြမှ ပိုပြီး စိတ်ဝင်စားစရာ ရှိပါတယ်"

"တို့ပတ်ဝန်းကျင် အသိုက် အဝန်းတွေမှာ လမ်းသရဲဖြစ်နေကြတာတို့၊ ဆေးခြောက်ရှူ ဘိန်းဖြူစွဲနေတဲ့ ကလေးများဟာ တစ်ကိုယ်

http://www.dhammadownload.com



တည်းသမား တစ်ယောက်မှ မရှိဘူး။ အားလုံးဟာ အပေါင်းအသင်းက အစ ဖြစ်ခဲ့တာချည်းပဲ။ စားမေးပွဲ ၃ နှစ် ဆက်တိုက်ကျတဲ့ ကလေး ကိုကြည့်ပါ။ ရာခိုင်နှုန်း ၇၅ ဟာ အပေါင်းအသင်းများတဲ့ကလေး သာဖြစ်တယ်။ ကိုယ့်သားသမီးရဲ့ အပေါင်းအသင်းကို မိဘများ က သတိထားကြည့်ရင် စောစောကတည်းက သိနိုင်ကြပါတယ်"

"မိဘတော်တော်များများကဖြင့် ခုခေတ်မှာ စီးပွားရေး လုံးပန်း ကြ၊ တာဝန်တွေထဲနစ်နေတတ်ကြလို့ ကိုယ့်သားသမီးသတိထားနိုင် ဖို့ အချိန်မရှိကြပါဘူးကွာ"

"ကိုယ့်သားသမီးကိုမှ သတိမထားနိုင်ကြတော့ဘူးဆိုတဲ့ မိဘ မျိုးကျတော့လည်း 'ပုဗ္ဗာစရိယ' ရှေးဦးဆရာထဲက 'ပ' လိုက်ရုံရှိတာမို့ ပြောစရာမလိုတော့ဘူးပေါ့ကွာ။ စီးပွားရှာကြတယ်ဆိုတာ သားသမီး ဖို့လို့ ဆိုကြတယ်။ သားဖို့သမီးဖို့ ပေးရမှာက ဥစ္စာငွေကြေးတို့ထက် အသိပညာက ပိုပြီးအရေးကြီးတယ်လို့ နားလည်ကြမယ်ဆိုရင် 'ရှေး သရောအခါ၊ ပြည်ဗာရာဏသီ၊ ကုဋေကြွယ်ကြွား၊ သူဌေးသားသည်' အစချီတဲ့ လင်္ကာသြဝါဒတောင် ပေါ်မှာမဟုတ်ဘူး"

" အင်း... မင်းပြောလိုတဲ့ အာဘော်အရ ဗာလာနံဆိုတာ မပေါင်းသင့်တဲ့၊ ပျက်စီးစရိုတဲ့၊ မိဘ၏အဆုံးအမ မရှိတဲ့ လူငယ် ကလေးလို့ဆိုရင် 'ပဏ္ဍိတာနဉ္စ' ဆိုတာကို ဘယ်လိုယူမလဲ"

"ငါယူချင်တာတော့ အတန်းပိုင်ဆရာ၊ ကျူရှင်ဆရာ၊ ပညာ တော်တဲ့အတန်းတူ ကျောင်းသား၊ 'ဒီ' များများရတဲ့ လူရည်ချွန် ပေါ့ကွာ။ အဲသည့်ပုဂ္ဂိုလ်တွေနှင့် ရင်းနှီးကျွမ်းဝင်အောင် ပို့ဆောင်ပေး။ မိမိသားသမီးက အားကျအောင် ထိုသူတို့ကို ချီးမွမ်းဂုဏ်တင်၍ အရေးတယူပြု၊ အခါအားလျော်စွာ အိမ်သို့ဖိတ်ကြားပြီး စားသောက်ပွဲ ကလေး၊ စကားဝိုင်းကလေးလုပ်ပေး။ သွေးဆောင်သိမ်းသွင်းမှုဆိုတာ

.http://www.dhammadownload.com



မကောင်းတဲ့အမှုမှာလည်း ရတယ်။ ကောင်းတဲ့အမှုမှာလည်း ရပါတယ်"

"ဟုတ်တယ်... ဟုတ်တယ်၊ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး။ကဲ...အ သေ၀နာစနဲ့ ပဏ္ဍိတာနဉ္စ ပြီးတော့ ပူဇာစ ကို ဆက်ပါဦး"

"ပူဇော်ရမယ့် ပုဂ္ဂိုလ်များပေါ့။ ဘုရား, တရား, သံဃာ, မိဘ, ဆရာသမားကို ဦးစားပြုပြီး ပြောရမှာဘဲ"

"ပူဇော်တယ်ဆိုတာကကော"

"ပူဇော်တယ်ဆိုတာ ၃ မျိုး ရှိတယ်။ 'ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ' ဆိုတဲ့အတိုင်း ကျင့်ဝတ်ပဋိပတ်ဖြင့် ပူဇော်တာရှိတယ်၊ ပစ္စည်းပစ္စယဆွမ်းစသည်ဖြင့် ပူဇော်တာရှိတယ်၊ ဝေယျာဝစ္စတာဝန်ဖြင့် ပူဇော်တာရှိတယ်။ ကလေးသူငယ်တွေ အဖို့တော့ ရတနာသုံးပါးကို အရိုအသေအလေးအမြတ်ပြုဖို့၊ ဆရာ့ဝတ်ကြီး ဝတ်ငယ်ပြုစုဖို့၊ မိဘသြဇာတည်ဖို့ ပံ့ပြင်ပေးရမှာ ဖြစ်တယ်။ ပံ့ပြင်ပေးတယ်ဆိုတဲ့ နေရာမှာ မိမိကိုယ်တိုင်က အနန္တော အနန္တ ငါးပါးကို ရိုသေဦးခိုက်ပြ၊ သားသမီးများနှင့် ဗုဒ္ဓဝင်အကျဉ်းကို ပုံဝတ္ထုပြောသလို စိတ်ဝင်စားမှုရှိအောင် ပြောဆိုဆွေးနွေး၊ ထင်ရှားတဲ့ ဆရာတော်ကြီးများ၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ကြည်ညိုနိုင်အောင် ဖောက်သည်ချပေး"

"အင်း... ခုခေတ်မိဘတွေကို ဒါတွေကစ,ပြီး သင်တန်း ပေးရမလို ဖြစ်နေပြီ"

"ရှိသလောက်လည်း ရှိကြတယ်၊ လူတိုင်းကို အထင်သေးလို့ တော့မဖြစ်ဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်၊ တစ်ခုတော့ ငါသတိထားမိတာ

http://www.dhammadownload.com



ရှိတယ်ကွ၊ ကိုယ့်မိဘကို ကိုယ်တိုင်ကမရိုသေတဲ့သူ သူတို့ သားသမီးများကို ပြန်ပြီးဆုံးမလို့မရတာ၊ မထိမဲ့မြင် လုပ်တတ်ကြတာ တို့မျက်စိအောက်၊ နားအောက်မှာ အများကြီးမြင်တွေ့နေရတယ်၊ မင်းလည်းတွေ့မှာဘဲ။ နောက်ပြီး တစ်ခုရှိသေးတယ်။ အချို့မိဘများမိမိတို့က သူတစ်ပါးအပေါ် ခေါင်းပုံဖြတ်ခဲ့နိုင်တာ၊ အဆင်းတွန်းခဲ့တာ၊ လက်စားချေခဲ့တာ၊ စော်ကားမော်ကား ပြုခဲ့တာမျိုး မြိန်ရေရှက်ရေဂုဏ်ယူသလို သားသမီးရှေ့မှာ ပြောတတ်ကြတယ်။ မိခင်လုပ်သူများကလည်း အိမ်သူအိမ်သား အိမ်ဖော်များအပေါ်မှာ ရင့်ရင့်သီးသီး ကြိမ်းမောင်း အလဇ္ဇီစကား ထွက်တတ်ကြတယ်၊ အဲဒါမျိုးကိုကိုယ့်သားသမီးများက အတုယူတတ်ကြတာ သတိထား ကြရမယ်။ 'အပြုမှာ ဖခင်၏သဘော၊ အပြောမှာ မိခင်၏စရိုက်၊ ငှက်ပျောပင်စိုက်၊ မိလိုက်ဖပါ' ဆိုတဲ့ ရှေးလူကြီးများစကားရှိတယ်"

"အမယ်... ငါ့တပည့်ကြီး ဘယ်ဆိုးလို့တုံး၊ ဟဲ–ဟဲ၊ ဒါကြောင့် ရှေးကလူကြီးသူမများ သားသမီးရှေ့မှာ လင်နဲ့မယားရန်ဖြစ်ဖို့ထားလို့ ကတောက်ကဆတ် စကားတောင် ရှောင်ကြတယ်။ ဒီအချက်များကို စဉ်းစားမယ်ဆိုရင် ကိုယ့်သားသမီးနုနုငယ်ငယ်ကလေးတွေအဖို့ မိမိကိုယ်တိုင် 'ဗာလာနံ'မဖြစ်စေရအောင် သတိ ထားကြပေရှော့"

"မင်းပြောတဲ့အတိုင်းဆိုရင် အ သေဝနာစ ဗာလာနံ အစပြုတဲ့ တရားသုံးပါးစုဟာ ကလေးသူငယ်များအတွက် သက်သက်ပဲဖြစ်နေပြီလား။ လူကြီးတွေအဖို့ ကျင့်စရာမဟုတ်တော့ဘူးပေါ့"

"ဟော့... မောင်မင်းကြီးသား၊ အရပ်နဲ့တော့ လှည့်တိုက်တော်မမူပါနဲ့၊ ကောင်းသောစကားကိုသာ ဆိုတော်မူလေ့ရှိသောမြတ်စွာဘုရား၏ တရားဟူသမျှ ပုဂ္ဂိုလ်မရွေး၊ အရွယ်မရွေး ကျင့်ကြံ

http://www.dhammadownload.com



လိုက်နာထိုက်တာကို ငြင်းစရာမလိုပါဘူး၊ အသက်အရွယ် ပိုင်းခြား 'ကြည့်' ရတာက နုနယ်သောအရွယ်၊ နုနယ်သောစိတ်ရှိတဲ့အချိန်မှာ ဘာနှင့်တူသတုန်းဆိုတော့ အလွန်ဖြူစင်သန့်ရှင်းတဲ့ ပိတ်စနှင့်တူတယ်၊ အဲသည့်အခါမှာ ပထမဦးဆုံး တွေ့ထိတဲ့အရောင်ကြောင့် အစွန်းအကွက် စွဲသွားနိုင်တယ်၊ အရောင်စွဲထားပြီးလျှင် ဖွပ်လို့လျှော်လို့ မပျက်ချင်တော့ဘူး။ လွယ်လွယ်နဲ့ အခါခါချွတ်မရတိုင်း ရိုက်နှက်ဖွပ်လျှော်ရင်း အထည်အသား စုတ်ပြတ် ပျက်စီးသွားမယ်၊ ဒါကြောင့် ဘာအရောင်မှ မစွန်းမထင်းမိခင် လူကြီးမိဘတွေက သတိထား ပဲ့ပြင်ပေးရမှာဖြစ်လို့ ကလေးအရွယ်ကို အထူးပြု ပြောတာ၊ မင်းပြောတဲ့ လူကြီးအရွယ် ဆိုတာမျိုးက 'ဗာလာနံ' ကို သိနိုင်လောက်ကြပြီ။ တချို့ကများဆိုရင် 'ဒွေ အတ္တေလုနန္တိတိ ဗာလာ' လို့သာ ဝိဂြိုဟ်ရွတ်ပြလိုက်လိမ့်ဦးမယ်"

"အဲသည့် ဝိဂြိုဟ်ကို အဓိပ္ပာယ်မသိသေးဘူး"

"ပစ္စုပ္ပန် လောကရော တမလွန်လောကပါ အကျိုးနှစ်ပါးကို ဖြတ်တောက် ဖျက်ဆီး တတ်သောကြောင့်လူမိုက်လို့ခေါ် ရတာတဲ့၊ မကောင်းတာပြော မကောင်းတာလုပ်မကောင်းတာကြံလေ့ရှိတဲ့ လူမျိုး ပေါ့ အဲသည့်လို လူမျိုးတွေဟာ ပညာတွေ ဘယ်လောက် တတ်တတ် ငွေကြေးဘယ်မျှချမ်းသာချမ်းသာ ဘယ်အထိရာထူးရှိစေကာမူ လူမိုက်ပဲ"

"ပညာတတ်ဆိုမှဖြင့် လူမိုက်ဖြစ်နိုင်ဦးမလား"

"ပညာရှိနဲ့ ပညာတတ်ကို ခွဲကြည့်ပါကွာ၊ အဲ... အဲသည့် လူမျိုးတွေကို လူကြီးတစ်ရာမှာ ရှစ်ဆယ်ကိုးဆယ်က ဗာလာနံကို သိကြပါတယ်။ အေး... ဆရာတော်အရှင်ဇနကာဘိဝံသကတော့ ပြတ်ပြတ်တောင် အမိန့်ရှိထားသေး-မညှိသူကိုမျှ၊ မညာကြနှင့်၊ မိဘဆရာ၊ ဖြစ်စေကာလည်း၊ သူဟာဗာလ၊ ပဏ္ဍိတဟု၊ ကျနခွဲလှစ်၊ တွေ့တိုင်းစစ်၊ စနစ်ကျစေကွယ့်...တဲ့ဗျား"

http://www.dhammadownload.com

## မင်္ဂလသုတ် (၃)

## မိဘနှင့်ဆရာ ဝေဖန်ရှုချခွင့်ရှိကြပါမလား

"ပြီးခဲ့တဲ့အပတ်က မင်းပြောတာ တစ်ခုတော့ ငါဘဝင် မကျချင်လှဘူး။ ဒါပေမဲ့ ဆရာတော်အရှင်ဇနကာဘိဝံသရဲ့ အဆို အမိန့်လို့ ဆိုထားပြန်တော့ စောဒကတက်ဖို့လည်း ဝန်လေးနေမိတယ်၊ အဲဒါ နည်းနည်းများ ရှင်းပေးနိုင်မလား."

"ဩော်... 'မည်သူ့ကိုမျှ၊ မညှာကြနဲ့၊ မိဘဆရာ၊ ဖြစ်စေ ကာလည်း၊ သူဟာဗာလ၊ ပဏ္ဍိတဟု၊ ကျနခွဲလှစ်၊ တွေ့တိုင်းစစ်၊ စနစ်ကျစေကွယ့်' ဆိုတဲ့ ဆောင်ပုဒ်ကိုပြောတာလား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆို... မိဘနဲ့ဆရာဟာ ဘုရားနှင့် တစ်ဂိုဏ်း တည်းပြုတဲ့ အနန္တော အနန္တ ကျေးဇူးရှင်လို့ ဆိုကြတယ် မဟုတ်လား။ ပဥ္စဂုဏ် အဟံဝန္ဒာမိ လို့ ရှိခိုးကြရတယ်လေ"

"အဲဒီတော့... "

"အဲဒီတော့... ကိုယ့်မိဘကိုယ့်ဆရာကို ကိုယ်က ပြန်လှန် ဝေဖန်ရမယ်ဆိုတဲ့စကားဟာ ဂိုဏ်းသင့်များ နေမလားလို့"

"အေး... မင်းမေးထိုက်ပါတယ်၊ ဒီစကားနဲ့ ဒီသဘော အယူအဆဟာ သေသေချာချာ မစိစစ်ရင် ရောထွေးနေတတ်ပါတယ်၊

http://www.dhammadownload.com



တကယ့်တကယ် 'မွေ့စစ်' နဲ့ ပြောရမယ်ဆိုရင် မိဘနှင့်ဆရာတို့ဟာ ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်များနှင့် တစ်ဂိုဏ်းတည်း၊ တစ်တန်းတစ်စားတည်း 'သာတူညီမျှ' ပြည့်စုံကြွယ်ဝသည်လို့ ဘယ်စာမှာမှ မတွေ့ခဲ့ပါဘူး"

"ဟုတ်ကဲ့လားကွာ"

"ဟုတ်ပါတယ်"

"ဒါဖြင့် မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်ဆိုတဲ့ စကားဟာ မှားနေပြီလား"

"ဒါတော့ မမှားပါဘူး"

"ဟင် . . . မင့်စကားကလည်း"

"ဒီလို – ဒီလို သူငယ်ချင်း၊ လောကသုံးပါးမှာရှိကြတဲ့ လူ နတ်ဗြဟ္မာတွေကို သံသရာမှ လွတ်မြောက်အောင် ကယ်တင်တော်မူခဲ့တာ ဘယ်သူလဲ"

"ဗုဒ္ဓပေါ့"

"ကယ်တင်နိုင်လောက်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ခဲ့ရတာ ဘယ်သူလဲ"

"ဗုဒ္ဓပေါ့"

"အဲသည့် ဗုဒ္ဓမှ တစ်ပါး အခြားပုဂ္ဂိုလ်များရှိသေးသလား"

"ဘယ်ရှိမှာလဲ၊ အစိန္တေယျ အပ္ပမေယျ လို့ သိထားကြတာဘဲ"

"မင့်မိဘ မင့်ဆရာ၊ ငါ့မိဘ ငါ့ဆရာများက ဝေနေယျ သတ္တဝါတွေကို ကယ်ချွတ်တော်မူခဲ့ကြသလား၊ ကယ်ချွတ်နိုင်အောင် ဂုဏ်အနန္တ ရှိကြပါ့မလား"

"အစိန္တေယျ အပ္ပမေယျ ပါလို့ ဆိုထားပြီကွာ"

"ဒါဖြင့်ရှင်းနေပြီပဲ၊ မိဘနှင့်ဗုဒ္ဓ ဂုဏ်ကျေးဇူးချင်း ယှဉ်နိုင်

http://www.dhammadownload.com



မယှဉ်နိုင်၊ အေး... ဒါပေမဲ့ မင့်မိဘနှစ်ပါးဟာ သူတို့ရဲ့ မေတ္တာစေတနာအရ မင့်အတွက် အနန္တကျေးဇူးရှင်များ ဖြစ်ကြသလို၊ ငါ့မိဘနှစ်ပါးဟာလည်း ငါ့အဖို့ အနန္တကျေးဇူးရှင်များ ဖြစ်ကြပါတယ်၊ အဲ – သို့သော် မင့်မိဘဟာ ငါ့အဖို့တော့ ကျေးဇူးရှင် မဟုတ်နိုင်သလို ငါ့မိဘများဟာလည်း မင်းအဖို့ ကျေးဇူးရှင်များ မဟုတ်နိုင်ပေဘူး၊ အေး – ဗုဒ္ဓမြတ်စွာကဖြင့် မင်းနဲ့ငါ့အဖို့သာမဟုတ်၊ မင့်မိဘ ငါ့မိဘ အပါအဝင် သုံးဆယ့်တစ်ဘုံကျင်လည်ကုန်သောလူနတ်ဗြဟ္မာသတ္တဝါဝေနေယျတို့၏ အနန္တကျေးဇူးရှင်ကြီး ဖြစ်ပါတယ်"

"အား.. ငါနားလည်ပြီ၊ မင်းဆိုလိုတဲ့ သဘောက မိဘတိုင်းဟာ ကိုယ့်သားသမီးကိုယ် ကလလရေကြည် သန္ဓေတည်စ ကတည်းက စောင့်ရှောက်ခဲ့ကြတယ်၊ မွေးဖွားတဲ့အချိန်မှာလည်း မျက်ရည်ပေါက်ပေါက် ချွေးတောက်တောက်ကျအောင် ဝေဒနာခံစား ရရှာတယ်၊ မွေးကင်းစအရွယ်မှစပြီး လူလားမြောက်တဲ့အရွယ်အထိ မင်းပြောခဲ့သလို မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်"

"ဟော့ ငါပြောခဲ့တာ 'မကောင်းမြစ်တား' မဟုတ်ဘူးကွ၊ 'မကောင်းမြစ်ထာ' ပါ"

"'မကောင်းမြစ်တား' ဆိုတာ မကောင်းတဲ့အမှုကို မလုပ်အောင် 'တားမြစ်' တာ မဟုတ်လား"

"အဓိပ္ပာယ်ကတော့ ဟုတ်ပါတယ်၊ စကားပြောနဲ့ ပြောရင် ပြောနိုင်ပါတယ်၊ လင်္ကာအနေနဲ့ ရွတ်မယ်၊ ပြောမယ်ဆိုရင်တော့၊ ရှေးဆရာတော်ကြီးများ ရေးသားတော်မူခဲ့တဲ့ ကာရန်အတိုင်း ရွတ်ဆိုခြင်းဟာ ရှိသေရာကျပါတယ်"

"'မြစ်တား' ဆိုတဲ့ စကားလုံးက လူတိုင်းနားလည်တယ်ကွာ၊ 'မြစ်ထာ' ဆိုတာတော့ မင်းပြောမှ ကြားဖူးတယ်"

http://www.dhammadownload.com



"ငါပြောတဲ့ 'မြစ်ထား' မဟုတ်ပါဘူး၊ သင်္ဂဇာ ဆရာတော်ကြီး ရေးတော်မူခဲ့တဲ့ 'ပေါရာဏ' စကားပါ၊ 'မကောင်း မြစ်ထား'၊ ကောင်းရာညွှန်လတ်' ဒီလိုမှ 'ထား' နဲ့ 'ရာ' ကာရန်ညီမယ်၊ အထောက်အထားတွေ အများကြီးရှိတာပေါ့၊ ပြောရရင်...

(အကြောင်းယုတ်မာ၊ ကျင့်သည့်တာသာ၊ 'မြစ်ထား' ဖွယ်တည့်။) ကိုးခန်းပျို့။

(ဘေးမှကွယ်ကာ၊ သက်ချင်းတာ၍၊ 'မြစ်ထား' ဆုံးမ။) ရွှေဟင်္သာပျို့။

(မကောင်း 'မြစ်ထား'၊ ကောင်းရာသွန်သင်။)အရှင်ဥက္ကံသ မာလာ မေတ္တာစာ။

(များစွာအမျက်၊ မထွက်ဖို့ရာ၊ ချုပ် 'မြစ်ထား' လော့။) လောကသာရပျို့။"

"ကဲ... တော်ပါတော့ မောင်မင်းကြီးသား၊ ခင်ဗျားပြောသလို 'မြစ်ထား' ပဲထားပါ"

"ငါက အကျအနကောက်ပြီး အတွန့်တက်ချင်တာ သက်သက် မဟုတ်ပါဘူး၊ စကားလက်ဆုံကျတဲ့အခိုက်မှာ သိသင့်သိထိုက်တာ ကလေးတွေကို ဗဟုသုတဖြစ်စေချင်တဲ့ စေတနာပါကွာ၊ ကြားဖူး ဖတ်ဖူးသမျှ 'ဖောက်သည်ချ' ရုံပါ"

"ကျေးဇူးတင်ပါတယ်၊ ကဲ... မင်းပြောတဲ့အတိုင်းပဲရွတ်ပါ့မယ်၊ 'မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ' ဆိုတဲ့ ကျေးဇူးဂုဏ်တွေဟာ တို့အတွက် အတိုင်းအဆမရှိ ကြီးမားတာ မှန် သော်လည်း သားသမီး တော်လာရတဲ့ အခုဘဝတစ်သက်တာအတွက် သာ မေတ္တာရေးရှုနိုင်ပေလိမ့်မယ်၊ ဗုဒ္ဓကိုယ်တော်မြတ်ရဲ့ မေတ္တာ

http://www.dhammadownload.com



ကရုဏာများက ဆင်းရဲလှသော ဘဝသံသရာမှ လွတ်ကျွတ် ကူးမြောက်အောင်ထားရှိတော်မူတဲ့ စေတနာတော်ကြီး၊ ဒီလို မဟုတ်လား”

“ ဟုတ်လိုက်လေဗျာ၊ ဒီလိုအကင်းပါးတဲ့လူနဲ့ ဆွေးနွေးရတာ တယ်အရသာရှိတယ် ”

“မင်းနဲ့ငါနဲ့ ကတော့ တစ်ယောက်တစ်ပြန်စီ ‘ပင့်’ နေကြတာပဲ၊ ဆရာတွေအပေါ်မှာကော ဘယ်လိုသဘောထားရမှာလဲ”

“ ဆရာဆိုတာကိုတော့ နှစ်ပိုင်းခွဲခြားရပေလိမ့်မယ်။ လောကီဆရာနဲ့ လောကုတ္တရာဆရာပေါ့။ လောကီဆရာဆိုတာက လောကအတွက် ကြီးပွားရာကြီးပွားကြောင်း ပညာပေးတဲ့ဆရာ၊ လောကုတ္တရာဆရာဆိုတာက ဗုဒ္ဓမြတ်စွာ၏ အကျင့်စရဏ တရားများကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ပြီး မိမိ၏နည်းများကို ချဉ်းကပ်လာသူ ဝေနေယျများအား ညွှန်ကြားပြသတော်မူကြတဲ့ ဆရာပေါ့။ အဲသည့် ဆရာနှစ်ဆူမှာ လောကီဆရာများအနေနဲ့ကဖြင့် မိဘ၏ဂုဏ်ကျေးဇူးနှင့်မှ မယှဉ်သာသည့်အတွက် မြတ်စွာဘုရားနှင့် တစ်ဂိုဏ်းတည်း ထားထိုက်– မထားထိုက် မင်းကိုယ်တိုင် ချင့်ချိန်နိုင်ပါလိမ့်မယ်။ သမ္မာသမ္ဗုဒ္ဓဆိုတာ... လောကုတ္တရာတရားအပေါင်းကို ဆရာ မကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် သိတော်မူသူဖြစ်တယ်။ ဒီစကားကို တို့က ကြားဖူးနားဝ ဖြစ်နေလို့ ပေါ့ပေါ့ဆဆ သဘောထား နေကြတာ။ ဘယ်ရွေ့ဘယ်မျှ အခက်အခဲကြီးလည်းဆိုရင် မြန်မာ စကားပုံရှိတယ် မဟုတ်လား၊ ‘ဆရာမပြ ငါးပိဖုတ်တာတောင် နည်းမကျ’ တဲ့”

“အေး... ဒါလောက်သေးသိမ်တဲ့ မီးဖိုချောင် ပညာကလေးတောင် နိဿယဆရာကို မှီးရသေးတာ သမ္မာသမ္ဗောဓိဖြစ်ဖို့၊ နိဗ္ဗာန်ထုတ်ချောက်ရောက်ဖို့၊ ပညာအလင်းရောင်ကြီးပွင့်ဖို့ အရာမှာ မဟာဒုလ္လဘကြီးပါပဲဗျာ... ရိပ်စားနိုင်လောက်ပါပြီ”

http://www.dhammadownload.com



"ဒါကြောင့် ဗုဒ္ဓကိုယ်တော်တိုင်ကို မယုံမရဲ သံသယ စွဲနေကြသော ပဉ္စဝဂ္ဂီတို့ကို ပထမဦးစွာ 'စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ' လို့ ပြောယူရတာ စဉ်းစားသာကြည့်ပေတော့၊ မြန်မာလို 'ရှင်းရှင်း' သာဆိုရရင်၊ ငါမြင်ပါပြီ၊ ငါသိပါပြီလို့ ဝန်ခံတော်မူရခြင်းဖြစ်တယ်"

"အေး . . . ငါသဘောပေါက်ပါပြီ။ မယုံနိုင်စရာကြီးမို့ ပြောတော်မူရတာပဲ"

"နောက်ပြီး 'သတ္ထာ' ဆိုတဲ့ဂုဏ်တော်ကြီးကိုလည်း အထောက်အထားပြုကြည့်ပေါ့။ သတ္ထာဆိုတာ ဆုံးမသွန်သင်တတ်သော ဆရာ၊ သတ္ထာဒေဝမနုဿာနံ=လူနတ်တို့၏ဆရာ၊ လောကသုံးပါးမှာ တစ်ပါးတည်းတစ်ဆူတည်းသာ ဖြစ်တော်မူသော ဆရာ။ ဒါကြောင့် မိဘနှင့် ဆရာများကို ဗုဒ္ဓမြတ်စွာနှင့် တန်းတူပြုသင့်– မပြုသင့် ကိုယ့်ဉာဏ်နှင့် ချင့်ချိန်နိုင်ပါတယ်။ သို့သော် ကျေးဇူးရှင်များ မဟုတ်ပေဘူးလား။ ဟုတ်မှန်လှပါတယ်။ ခင်ပွန်းကြီးဆယ်ပါးမှာ –

(၁) ဗုဒ္ဓ = မြတ်စွာဘုရား၊
(၂) ပစ္စေကဗုဒ္ဓ = ပစ္စေကဗုဒ္ဓါ၊
(၃) အရဟန္တ = ရဟန္တာ၊
(၄) အဂ္ဂသာဝက = မြတ်စွာဘုရား၏ အဂ္ဂသာဝကများ၊
(၅) မာတာ = မွေးမိခင်၊
(၆) ပိတာ = မွေးဖခင်၊
(၇) ဝုဒ္ဓါ = အသက်, ဂုဏ်, ဝါ, သီလ, အာစာရ ကြီးမြတ်သူများ၊
(၈) အာစရိယ = ပညာသင်ပေးတတ်သောဆရာ၊
(၉) ဟိတကာရ = ကျေးဇူးပြုဖူးသူမှန်သမျှ၊
(၁၀) ဓမ္မကထိက = တရားဟောပြသူ၊

http://www.dhammadownload.com



ဟု ဖော်ပြထားတဲ့အတွက် အမြဲရှိသေလေးစားကြရမှာဖြစ်တယ်။ ဆရာတော်အရှင်ဇနကာဘိဝံသ ဟောတဲ့ဆောင်ပုဒ်မှာ 'မိဘဆရာ၊ ဖြစ်စေကာလည်း၊ သူဟာဗာလ၊ ပဏ္ဍိတဟု၊ ကျနခွဲလှစ်၊ တွေ့တိုင်းစစ်၊ စနစ်ကျစေကွယ့်' လို့ ပြောတဲ့သဘောတရားက အရိုအသေကင်းဖို့ မဟုတ်ဘူး။ မိမိဉာဏ်နဲ့ မိမိပိုင်းခြားကြည့်ဖို့သာ ဆိုလိုရင်းဖြစ်တယ်"

"ဘယ်လိုပိုင်းခြားကြည့်ရမှာလဲကွာ"

"ငါ့သူငယ်ချင်း ဒီတစ်ခါတော့ အရိပ်ပြလို့မှ အကောင်မထင်ဘဲကို"

"ပြောင်ပြောင်ဖွင့်ပြောမှ ရိပ်မိနိုင်လောက်တဲ့ ဉာဏ်ကြီးရှင်ဖြစ်ပါတယ် ခင်ဗျား"

"မင်းတို့ ငါတို့ မိဘများဟာ ပုထုဇဉ်လား၊ အရိယာလား"

"ပုထုဇဉ်ပေါ့။ အရိယာလို့ ဘယ်ပြောနိုင်ပါ့မလဲ"

"လောဘ, ဒေါသ, မောဟ ကင်းနိုင်ကြပါ့မလား"

"ဟာ . . . ဘယ်ကင်းနိုင်ကြဦးမှာလဲ"

"ဒါဖြင့် ငါတို့စားဖို့မှအစ အိမ်ထောင်ရေး ထိန်းသိမ်းဝမ်းကျောင်းရေးအတွက် စီးပွားရှာရာမှာဖြစ်စေ၊ ကိုယ်ကျင့်တရားမှာဖြစ်စေ၊ ပေါင်းသင်းဆက်ဆံရာမှာဖြစ်စေ၊ တရားသဘာဝ အယူအဆနှလုံးသွင်းရာမှာဖြစ်စေ၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာနဲ့ အမြဲပြည့်စုံမှုရှိနိုင် – မရှိနိုင်ကွာ"

"အင်း... ချွတ်ချော်တိမ်းစောင်းတာ ရှိချင်ရှိပေမှာပဲ။ သားကျွေးမှု မယားကျွေးမှုဆိုတာ လောဘ, ဒေါသ, မောဟ တွေကိုအခြေခံရတာကြောင့် သမ္မာအာဇီဝ ဖြစ်ချင်မှဖြစ်မယ်။ လောကပတ်ဝန်းကျင် အသိုင်းအဝိုင်း ဂုဏ်တုဂုဏ်ပြိုင်ကြားထဲမှာ ဣဿာ,

http://www.dhammadownload.com



မစ္ဆေရ, မာန တို့ပါ ဖက်လာကြပြန်ရော၊ နောက်တစ်ခုက သူတို့သာမက ကိုယ့်သားသမီးတွေကိုပါ သူတို့ခြေရာနင်းကြစေချင်တာလည်း ရှိတတ်ကြသေးတယ်လေ"

"အေး... ဆရာတော်က ဆိုလိုတာ အဲဒါ။ မိရိုးဖလာ မိဘခြေရာကို နင်းတယ်ဆိုပေမဲ့ ချင့်ချိန်နှိုင်းဆသင့်တဲ့နေရာမှာ သတိရှိဖို့ပဲ၊ တော်လှန်အာခံဖို့ မဟုတ်ဖူးနော်...၊ မေတ္တသုတ် တရားတော်ထဲက 'မုဒု' နည်းနဲ့ ယူဆဖို့ပဲရှိတယ်။ ဆရာအပေါ်မှာလည်း ထိုနည်းလည်းကောင်းပဲ။ အချို့ဆရာများက သာသနာပြုဆိုတဲ့ စကားများများသုံးပြီး သာသနာ့ ဗာဟိရ အမှုမှိုးတောင် အမွှန်အမြတ် ထင်စေချင်ကြသေးတယ်"

"ရှင်းပါပြီဗျာ၊ ဆရာတော့် အာဘော်ကို သဘောပေါက်ပါပြီ၊ ဒီအကြောင်းကို စ,မိတာနဲ့ မင်္ဂလသုတ်တောင် အဆက်ဝေးသွားပြီ"

"မင်းက 'ချည်စ' ကို ဆွဲထုတ်လိုက်တော့လည်း ချည်မပြတ်အောင် အလိုက်သင့် ဖော်နေရသကိုး၊ အဲ – အ သေဝနာစဗာလာနံ အပိုဒ်ပြီးတော့ ပတိရူပဒေသဝါသောစ – အပိုဒ်ကို ဆိုကွာ"

"ပတိရူပ ဒေသဝါသော စ= သင့်လျော်သောအရပ်၌ နေခြင်းသည် လည်းကောင်း၊ ပုဗ္ဗေ ကတပုညတာ စ=ရှေးဘဝက ကောင်းမှုပြုခဲ့ဖူးသူအဖြစ်သည် လည်းကောင်း။ အတ္တသမ္မာပဏိဓိစ = မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်းသည် လည်းကောင်း၊ ဧတံ = ဤသုံးပါး သည်သာ၊ ဥတ္တမံ = မြတ်သော၊ မင်္ဂလံ = မင်္ဂလာမည်၏"

"ကဲ... မင့်အယူအဆကိုပြော"

"ငါ့အယူအဆကို နောက်ထားပြီး ဆရာတော်ကြီးများ ဖွင့်ဆိုထားတော်မူပုံကို ပထမ ပြောပြမယ်"

"ကဲ... ပြော"

http://www.dhammadownload.com



"ပတိရူပအရပ်ဆိုတာ သုတ္တန်နည်းအရဆိုလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရာ ဘုံ၊ လူရိုင်းများနေရာဒေသ၊ မိစ္ဆာဒိဋ္ဌိတို့လွှမ်းမိုးသောအရပ်၊ ပညာမဲ့သူများ အများဆုံးရှိတဲ့အရပ်၊ ဗုဒ္ဓ မပွင့်ရာအရပ်၊ အဲသည် ရပ်ပြစ် ရှစ်ပါးနှင့် လွတ်ကင်းသော အရပ်ကို ပတိရူပ အရပ်လို့ ခေါ်တယ်"

"ဪ... တို့ ဘုရားရှိခိုးထဲမှာ ပါတဲ့ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါးဆိုတာပေါ့ – ဟုတ်လား"

"ဟုတ်ပါတယ်၊ နိတိကျမ်းအလိုက မိမိ၏ စီးပွားရေးအတွက် အရောင်းအဝယ် ဖွံ့ဖြိုးသောအရပ်၊ ပညာ သင်ကြားနိုင်သောအရပ်၊ ဆေးဝါးဓာတ်စာ ဆေးဆရာရှိသောအရပ်၊ ရာသီဥတု ညီမျှ၍ စပါး ဆန်ရေ ပေါများသော အရပ်ကို ပတိရူပလို့ ဖွင့်ကြတယ်။ 'ပုဗ္ဗေစ ကတပုညတာ'ကျတော့ ရှေးဘဝက မိမိကောင်းမှု ကုသိုလ် ပြုခဲ့ခြင်းလို့ ဆိုတယ်။ အတ္တသမ္မာပဏိဓိ – ဆိုတာမှာ မိမိ ကိုယ်ကိုမိမိ ဆောက်တည်နိုင်ခြင်း။ အဋ္ဌကထာ အလိုအားဖြင့် သဒ္ဓါမရှိလျှင် သဒ္ဓါရှိအောင်, သီလမရှိလျှင် သီလရှိအောင်, မကောင်းမှုဟူသမျှ မပြုရအောင်, မိမိစိတ်ကို မိမိ ထိန်းကွပ်ချုပ်ကိုင်ခြင်းလို့ ဆိုတယ်၊ အဲသည် အကြောင်း သုံးပါးဟာ မင်္ဂလာပဲ"

"ကဲ... သူ့ဟာနဲ့သူရှင်းနေပြီပဲ၊ မင်းက ဘယ်လို 'အတွန့်တက်' ချင်သေးလဲ။ ပြော"

"ငါပြောချင်တာက အင်မတန်အဖိုးတန်၊ အင်မတန် အကျိုးပြုတဲ့ မင်္ဂလသုတ်ပါ အကျင့်တရားများကို လူငယ်တွေ စိတ်ဝင်စားစေချင်တယ်၊ စိတ်ဝင်စားလျှင် လက်ခံ ကျင့်သုံးရ ကောင်းတာတွေ သဘောပေါက်လာကြမယ်၊ သူတို့သဘောပေါက်ဖို့က သူတို့ နားလည်အောင် သူတို့အဆင့်အတန်းနှင့် တန်ရာတန်ရာ 'အလွယ်မှသည်

http://www.dhammadownload.com



အခက်သို့' ဆိုတဲ့ ကျောင်းသင်ခန်းစာလို အဓိပ္ပာယ် ဖွင့်ပေးချင်တယ်၊ ဒါကမှသဘောပေါက်ပြီး အရွယ်ရောက်လာတော့ ကျေးဇူးရှင် ညောင်ကန် ဆရာတော် ဘုရားကြီး ပြုစုခဲ့တဲ့ 'မင်္ဂလတ္ထဒီပနီ' ကျမ်းကြီးကို ဖတ်တဲ့အခါ ဘုရားဟောအကိုးအကားဝတ္ထုပုံပြင် ဓာတ် နိပါတ်တွေ ဝေဝေဆာဆာနဲ့ စာမျက်နှာ ၇၄၆ မျက်နှာတောင်ရှိတာ၊ လက်ထဲကတောင် ချနိုင်ကြမှာ မဟုတ်တော့ဘူး"

"ဒါဖြင့် အဲသည့်ကျမ်းကြီးကိုပဲ တိုက်ရိုက်ဖောက်သည်ချ ပေးလိုက်ပါတော့တဲ့"

"ဟ... ကာတွန်း စာအုပ်လောက်သာ စွဲနေကြတဲ့ မြီးကောင်ပေါက်တွေကို ကျမ်းကြီး ကျမ်းခန့်တွေ ပေးဖတ်လို့ သူတို့ စိတ်ဝင်စားကြမှာလား၊ စာအုပ် ထူထူကြီး မြင်တာနဲ့ လန့်သွားမယ်၊ ဒါကြောင့် လူငယ်များအဖို့ ငါက စိတ်ကူးယဉ် ကြည့်တာပါလို့ဆို။ ပညာတတ်လူကြီးများကဆိုလျှင် မင်္ဂလသုတ်ဟာ ခုဒ္ဒကပါဌပါဠိတော်မှာ ဗုဒ္ဓဟောတော်မူခဲ့တဲ့ အရင်းအမြစ်နှင့်တကွ သိပြီးဖြစ်ကြမှာမို့ ငါက ရေးပြနေဖို့တောင် မလိုတော့ဘူး"

"ဩော်... မင်းက ဒီအကိုးအကားနဲ့ ကလေးတွေကို မင်္ဂလသုတ် သင်ပေးစေချင်တယ် ဆိုပါ၊ ကဲ... ကဲ မင်းစိတ်ကူး ယဉ်တာကို ပြောပါတော့"

"ကဲ... ငါပြောမယ်၊ မင်္ဂလသုတ်မှာ စ,စ,ချင်း အ သေဝနာ စ ဗာလာနံ–နော်"

"ဟုတ်ပါတယ်"

"ကလေးအရွယ်က ခုနစ်နှစ်မှ ဆယ်နှစ်လောက် အရွယ်လို့ ပြောခဲ့ပြီနော်"

"အေးပါ... ငါမှတ်မိပါတယ်"

http://www.dhammadownload.com



"ဟော... အခု ပတိရူပဒေသဝါသောစ – အပိုဒ် ကျတော့ ဆယ့်နှစ်နှစ်အရွယ်လောက်ဖြစ်လာလို့ ရှင်သာမဏေအဖြစ်ကို ရောက်သွားပြီ"

"ဟာ့ ... ဟာ့၊ ဘယ်လိုလဲမင့်ဟာက၊ မင်္ဂလသုတ်ထဲမှာ ရှင်ပြုပေးရမယ်လို့ ပါသလား"

"ဒါတော့ အစကတည်းက ငါ စိတ်ကူးယဉ် တာပါလို့ ဝန်ခံခဲ့သားပဲ၊ မင်္ဂလသုတ်ထဲမှာ တိတိကျကျ မဖော်ပြပေမယ့် အရွယ်နဲ့ အသက်အပိုင်းအခြား အလိုက် ဆင်ခြင်ယူရမယ်လေကွာ၊ ကဲ... နောက်လာမယ့် အပိုင်းကျတော့ –'မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တ ဒါရဿ သင်္ဂဟော' လို့ဆိုတာ မင်းဘာသာပြန်ကြည့်စမ်း"

"မိဘတို့ကို လုပ်ကျွေးလို့ သားမယားတို့ကို ထောက်ပံ့ခြင်းပေါ့"

"အဲသည်မှာ သားမယားရအောင် မင်္ဂလာဆောင်ပေးတဲ့ စကားပါသလား"

"ဒါက မင်းလိုရာ ဆွဲပြောတာပဲ"

"ဟုတ်ပါတယ်၊ ငါလိုရာငါဆွဲပြောတာပါ၊ မင်္ဂလသုတ်ကို အရွယ်သုံးမျိုး ပိုင်းကြည့်ပါတယ် ဆိုကတည်းက တရားတော်ကို သဒ္ဓါမြတ်နိုးလွန်းလို့ စူးစမ်းကြည့်တာပေါ့။ သဘောတရားကို မိမိဉာဏ်နှင့်ကျက်စားခွင့်ပေးတာ 'ကာလာမသုတ်'မှာထင်ရှားပါတယ်၊ မင်းပြောသလို ကိုယ်လိုရာ ကိုယ်ဆွဲပြောတယ် ဆိုပေမယ့် မမှန်ကို အမှန်လို့ ငါဆွဲတာမဟုတ်ပါဘူး၊ ကုသိုလ်ကို အကုသိုလ်လို့ အယူမမှားမိပါဘူး၊ လူကြီးများအတွက် အကျိုးရှိနိုင်သလို လူငယ်တွေ အတွက်လည်း အကျိုးရှိနိုင်တယ်၊ ဒီလိုသဘောပါ၊ တစ်ခါတစ်ခါ မင်းနဲ့ ပြောရတာ တယ် လက်ဝင်တယ်"

http://www.dhammadownload.com



"ဒါတော့ ဘဝင်မကျရင် လက်မခံချင်ဘူးဟော့၊ စာဒက တက်တာတော့ တက်မှာပဲ၊ ပြေလည်အောင် ပြောရမှာက မင့်တာဝန်"

"ဟုတ်ပါပြီဆရာကြီးရယ်၊ ငါက ဆန္ဒစောပြီး ပြောမိတာပါ၊ စိတ်မရှိပါနဲ့"

"စိတ်ဆိုးလို့ ပြောတာ မဟုတ်ပါဘူး၊ လေးနက်တဲ့ တရားတော် များကို သေးနုပ်သိမ်ဖျင်း သွားလေမလားလို့ စိုးရိမ်လို့ ပြောတာပါ"

"အေး... မင်း ပြောတဲ့အတိုင်း သိမ်ဖျင်းတာကိုတော့ ထား လိုက်တော့၊ သေးနုပ်တယ်ဆိုတာနဲ့ပတ်သက်ပြီး ပြောချင်ပါတယ်၊ ညောင်ပင်ကြီးဟာ ညောင်စေ့က စ,ခဲ့ရတာပါ၊ ဧရာဝတီမြစ်ကြီးဟာ မေခ ,မေလိခချောင်းကလေးများက စ,ခဲ့ရတာပါ၊ လူကြီးဟာ ပုဆိုး မမြဲခဲ့တဲ့ကလေးက စ,ခဲ့ရတာပါ။ ကုန်ကုန်ပြောရရင် ဗုဒ္ဓ ကိုယ်တော် ပါရမီ ဖြည့်ခဲ့တာတောင် 'အနုမှာငါးရာ= အရင့်မှာ တစ်ကျိပ်'လို့ ဆိုရိုးရှိခဲ့ပါတယ်၊ ကောင်းပါပြီ၊ လောကီနဲ့ လောကုတ္တရာ ဘယ်ဟာက သေးနုပ်မလဲ၊ မင်း ဖြေစမ်း"

"လောကီက သေးနုပ်တာပေါ့"

"ဟုတ်ပြီ၊ ပဥ္စဝဂ္ဂီငါးဦးကို တရားဦး ဟောတော်မူတဲ့ ဓမ္မ စကြာတရားဟာ လောကီကို ရည်ညွှန်းတော်မူသလား၊ လောကုတ္တရာ တရားကို ရည်ညွှန်းတော်မူသလား"

"ဟာကွာ... သစ္စာလေးပါးကို တိုက်ရိုက် ဟောတော်မူတာ လောကုတ္တရာတရားကြီးကို ရည်ညွှန်းတော်မူတာပေါ့၊ ပဥ္စဝဂ္ဂီ ကိုယ်တော်တွေကလည်း လောကီကို စွန့်လွှတ်လာတော် မူခဲ့ကြတာ"

"သာဓုဗျာ – သာဓု၊ သစ္စာလေးပါးဆိုတာ (၁) ဒုက္ခဆိုတာ အမှန်ရှိတဲ့တရား၊ (၂) ဒုက္ခဟာ သမုဒယက ဖြစ်စေတယ်ဆိုတာ အမှန်တရား၊ (၃) ဒုက္ခက လွတ်မြောက်နိုင်တာ အမှန်ရှိတဲ့တရား၊

http://www.dhammadownload.com



(၄) ဒုက္ခမှ လွတ်မြောက်နိုင်အောင် ကျင့်စဉ် အမှန်တရား ၈ ပါး၊ ဒီလိုမဟုတ်လား"

"ဟုတ်တာပေါ့၊ မင်းဘာပြောချင်တာလဲ"

"နေပါဦးလေ၊ အဲသည့်ကျင့်စဉ် အမှန်တရားကို မဂ္ဂင် ရှစ်ပါးလို့ခေါ်တာ၊ အဲဒါ မင်းသိသလို ပြောစမ်းပါ"

"(၁) မှန်သောအယူရှိခြင်း၊ (၂) မှန်သောအတွေးရှိခြင်း၊ (၃) မှန်သောစကားကိုပြောခြင်း၊ (၄) မှန်သောအမှုကိုပြုခြင်း၊ (၅) မှန်သောအသက်မွေးမှုရှိခြင်း၊ (၆) မှန်သော လုံ့လဝါယမရှိခြင်း၊ (၇) မှန်သောသတိရှိခြင်း၊ (၈) မှန်သော သမာဓိရှိခြင်းပေါ့၊ အဲဒါ ကို မင်းက ဘယ်လို ပြောချင်လို့လဲ"

"ငါပြောချင်တာဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ကို မုချဆတ်ဆတ် ဆိုက်ရောက်ဖို့ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောတော်မူခဲ့တဲ့ မဂ္ဂင်ရှစ်ပါး တရားကျင့်စဉ်များကို လောကီ လူသား ပုထုဇဉ်များက လောကီ အတွက် ကျင့်သုံးလျှင်ကော အကျိုးရှိ–မရှိ၊ မင်းပြောစမ်းပါလား"

"ဟာ ... သိပ်ပြီး အကျိုးရှိတာပေါ့"

"အဲ..အဲဒီလို အကျိုးရှိမှန်းသိလို့ လောကီအတွက် အကျိုးရှိ အောင် ကျင့်သုံးကြတာနဲ့ သစ္စာလေးပါးတရားတော်ကြီးဟာ သေးနုပ် သွားတယ်လို့ မင်းပြောတော့မလားကွာ"

"ဟား–ဟား–လူလွန်မသား၊ ဒီစကားနဲ့ 'ချေ' ချင်လို့ ရှည် ရှည်ဝေးဝေး ငါ့ကို သိမ်းသွင်းနေတာကိုး၊ ထားပါတော့၊ ထားပါတော့"

"မင်းက ပုစွန်ဆီ ငါးကျပ်သားကို ကတ္တားနဲ့ ချိန်ချင်တဲ့ လူဆိုတော့ ပြောရတာပဲဟေ့"

"ငါ့ကို နှိမ်လိုက်တာကွာ၊ ကဲ... မင်းပြောချင်တာပြော၊ ငါသဘောကျရင် လက်ခံမယ်"

http://www.dhammadownload.com



"ဟုတ်ပါပြီ... သဘောကျရင် လက်ခံ၊ သဘောမကျရင် ပယ်လိုက်ရုံပါ၊ အဖြူကိုအမည်း၊ အမည်းကို အဖြူဖြစ်အောင် လုပ်ပြောနေတာ မဟုတ်မှန်းသိရင်တော်ပြီ၊ ကဲ– ဆက်ပြောတော့မယ်၊ ကလေးကို ရှင်ပြုပေးလိုက်တာနဲ့ တစ်ပြိုင်တည်း ပတိရူပ ဒေသ ဝါသောစ၊ ပုဗ္ဗေစကတပုညာ၊ အတ္တသမ္မာပဏိဓိ– ဆိုတဲ့အကြောင်း သုံးပါးစလုံး ပြည့်စုံသွားပြီလို့ မှတ်လိုက်တော့"

"မှတ်လိုက်တော့လို့ မလုပ်နဲ့လေ၊ တစ်ခုစီ ရှင်းပြဦးမှပေါ့"

"ကလေးအတွက် ပတိရူပဒေသဆိုတဲ့ အသင့်တော်ဆုံးနေရာ ဟာ ဘုန်းကြီးကျောင်း"

"ဘာ"

"သင့်တင့်လျောက်ပတ်သော အရပ်ဆိုတာ သာမဏေဘဝနဲ့ နေထိုင်ရမယ့် ဘုန်းကြီးကျောင်းပါလို့ ငါပြောတာ"

"ဟာ"

"မဟာနဲ့၊ လောကုတ္တရာ အမွေကို ရေးရှုပြီး လောကီမှုကို ပြုစု ပျိုးထောင်ပေးနိုင်တဲ့ ဒေသဟာ ဘုန်းကြီးကျောင်း စာသင် တိုက်များထက် သာလွန်ကောင်းမြတ်တယ်ဆိုတဲ့ နေရာမျိုးကို ကမ္ဘာနဲ့ ချီပြီး ရှာကြည့်၊ ပြောနိုင်၊ ပြနိုင်ရင် ငါ့အယူအဆကို ဝန်ချပြီး တောင်းပန်မယ်၊ ငါပြောတာကို စဉ်းစားနိုင်အောင် ပြန်ပြောလိုက် ဦးမယ်၊ လောကုတ္တရာ အမွေကို ရေးရှုပြီး လောကီမှုကို ပြုစုပျိုးထောင် သင်ပြပေးနိုင်တဲ့ အကောင်းဆုံးနေရာဟာ ဘုန်းကြီးကျောင်း၊ အဲသလို ငါပြောတယ်"

" ......... "

"မင်းစဉ်းစားနေတာ အဖြေရလား"

"မရဘူး ငါ ပန်းပေးပြီ"

http://www.dhammadownload.com



"ဟာ . . . နှောက်တီးနှောက်တောက်နဲ့"

"ငါ အဖြေမသိဘူးလေကွာ၊ အရှုံးပေးပြီ၊ ဖော်ပြောတော့ပေါ့"

"ဒီလိုဆိုရင်လည်း လုပ်စမ်းပါ၊ ဘုန်းကြီးကျောင်းဟာ ကောင်းသော အင်္ဂါမြတ် ၁၀ ဖြာနှင့် ပြည့်စုံတဲ့ ဒေသဖြစ်တယ် ဟူ၍ ငါဆိုမယ်၊ ဘာတွေလဲဆိုတော့ . . .

(၁) ကျောင်းတိုက်တစ်ခုလုံးမှာ နေကြသမျှ အားလုံး၏ အရိုအသေ အလေးအစားခံရသော နာယက ပုဂ္ဂိုလ်ကြီး ရှိခြင်း။

(၂) ရှိလေသမျှ တပည့်များအပေါ်ဝယ် မျက်နှာကြီးငယ် မလိုက် ထိန်းသိမ်း စောင့်ရှောက်ခြင်း။

(၃) အတူနေ အချင်းချင်း ကိုယ်စိတ် ချမ်းသာအောင် ရိုင်းပင်းလေ့ရှိခြင်း။

(၄) အတုမြင် အတတ်သင် လောက်သော 'လူလိမ္မာ ရှင်လိမ္မာ' ကလေးများနှင့် ဆက်ဆံ ပေါင်းသင်း နေရခြင်း၊

(၅) အားကျဖွယ် ဂုဏ်ထူးဝိသေသရှိသည့် ပုဂ္ဂိုလ် ကျော်များကို အမြဲတွေ့ရခြင်း၊

(၆) ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ်သော အစာရေစာ ခေါင်းပါး ငတ်မွတ်ခြင်းမှ အမြဲကင်းလွတ်ခြင်း၊ (ဘုန်းကြီး ကျောင်းဆိုတာ ရွာသူရွာသားများက အလှူရှားပါး သည့်အခါ ဖြစ်စေဦး= ဆွမ်းကွမ်း မပြတ်အောင် ဂရုစိုက်ကြတယ်)

(၇) ရောဂန္တရကပ်ဟု ဆိုအပ်သော 'ရွာတွင်း မြို့တွင်း၌' ကူးစက်ပြန့်ပွားသော၊ ရောဂါဆိုးတို့မှ ကင်းလွတ်ခြင်း၊

http://www.dhammadownload.com



(ဘုန်းကြီးကျောင်းဆိုတာ ရွာထဲရပ်ထဲနှင့် မလှမ်းမကမ်းမှာရှိပြီး ဝင်းနှင့် ပရိဝုဏ်နှင့် သီးခြားရှိကြစမြဲဖြစ်တယ်)

(၈) သတ္တန္တ ရကပ်ဟုဆိုအပ်သော စစ်မက်ရေးရာ၊ သူပုန်သူကန် ဓားပြတို့၏ အရေးအခင်းအကြောင်း အမျိုးမျိုးတို့ကြောင့်ဖြစ်သော လက်နက်စွဲကိုင် အနိုင်အထက် အဓိကရုဏ်းဘေးမှ လွတ်ကင်းခြင်း၊

(၉) အစဉ်အဆက်အားခြင်း တစ်ရပ်လုံး တစ်ရွာလုံး၏ အရှိအသေ အပူဇော်ခံ ဘူမိနက်သန်မြေ ဖြစ်ခြင်း။

(၁၀) လောကုတ္တရာတရား မျိုးစေ့ ရနိုင်ခြင်း။

ကဲ... အဲသည့်အကြောင်းတရား ဆယ်ပါးစလုံးနှင့် ပြည့်စုံစိတ်ချရတဲ့နေရာဟာ ဘုန်းကြီးကျောင်းကလွဲလို့ လက်ညှိုး ထိုးပြစမ်း"

"အေး၊ ဘယ်လောက် တိုးတက်ခေတ်မီတဲ့တက္ကသိုလ် ကျောင်းကြီးတွေဖြစ်ပစေ... မင်းပြောတဲ့အချက် ၁၀ ချက်နဲ့ ပြည့်စုံတာတော့ ဘုန်းကြီးကျောင်းက လွဲရင် ရှားလိမ့်မယ်၊ အမှန်ဆုံးပဲ၊ ကဲ နောက်ဆက်လာတာက – ပုဗ္ဗေစ ကတပုညတာနှင့် ညီတာလည်း ပြောပါဦး"

"ပုဗ္ဗေစ ကတပုညတာ အဓိပ္ပာယ်က – ရှေးဘဝက ကုသိုလ်ကောင်းမှု မျိုးစေ့ချခဲ့ဖူးသူ အဖြစ်သည် လည်းကောင်း... ဆိုတဲ့ မြန်မာပြန်မှာ 'ရှေးဘဝ' ဆိုတာ ဖြုတ်ကြည့်လိုက်တာနဲ့ အလွန်သိပ္ပံနည်းကျကျ အဓိပ္ပာယ် ထွက်လာနိုင်မှာပဲလို့ စိတ်ကူးကြည့်မိတယ်"

"ဘယ်လိုလဲ"

"ရှေးဘဝက ကောင်းမှုကုသိုလ် ပြုခဲ့ဖူးသူဆိုတာကို အသိအမှတ် ဆုံးဖြတ်ဖို့ထက်၊ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိမိဘဘိုးဘွားလက်ထက်ကတည်းက အစဉ်အဆက် ကောင်းမှု ကုသိုလ်

http://www.dhammadownload.com



ပြုခဲ့သူ 'ပြုစုခဲ့ဖူးရာအရပ်' လို့ ကောက်ယူရလျှင်တော့ လက်တွေ့ကျမယ် ထင်တာပဲ"

"အေး... ရေးတေးတေးတော့ အရိပ်သား၊ လွန်လေပြီးသော ရှေးဘဝ ပုဗ္ဗေထက် ယခုဘဝ ပုဗ္ဗေက လက်ညှိုးထိုးပြလို့ ရနိုင်တယ်ထင်တယ်၊ တို့ဘိုး တို့ဘွားများက ဘုန်းကြီးကျောင်းနဲ့ ဝါဝင်–ဝါထွက် ကင်းကြတာမှ မဟုတ်ဘဲ၊ ယုတ္တိရှိတယ်ကွ"

"မင်းက အဲသလို လက်ခုပ်တီးပေးရင် ငါ ပြောအားရှိ တာပေါ့၊ သို့ပေမယ့် သေသေချာချာ နားထောင်ဆုံးဖြတ်ပြီးလို့ သဘောကျမှ လက်ခုပ်တီးနော်၊ ပြောပြီးတိုင်း လက်ခုပ်တီးတာ အချက်မကျလို့ အရှက်ရတာမျိုးလည်း ရှိတတ်သေးတယ်"

"ဘယ်လို အချက်မကျလို့ အရှက်ရပုံမျိုးလည်း ပြောပါဦး"

"အစည်းအဝေးတစ်ခုမှာကွာ အာဇာနည်နေ့အကြောင်း ပြောပြီး ဝမ်းနည်းကြောင်း မှတ်တမ်း တင်အပ်ပါတယ်... လို့ နိဂုံးချုပ်လိုက်တဲ့အချိန်မှာ လက်ခုပ်တီးလိုက်မိကြတဲ့ လူကြီးများ အကြောင်း ကြားဖူးလို့ပါ"

"ဒါက နားကျပါးကျစိတ်ဝင်စားပြီး နားမထောင်လို့ ဖြစ်မှာပါ၊ ကဲ... အတ္တသမ္မာပဏိဓိ – ကျတော့ကော၊ ဆက်ပါဦး"

"အဲဒါကျတော့လည်း မိမိကိုယ်ကို, မိမိစိတ်ကို အကုသိုလ်မှ ကင်းအောင် ဆောက်တည်နိုင်ရမယ်လို့ မြန်မာပြန်တာဟာ ယထာဘူတ ကျပါတယ်၊ ဒါကို ငါစိတ်ကူးယဉ်တဲ့ သာမဏေအရွယ်နှင့် ဆိုတော့ မြင့်လွန်းနေတယ် ထင်မိတယ်"

"ဒါဖြင့် မင်းက ဘယ်လိုပြောချင်လဲ"

"အချိန်အရွယ် အခါကာလ ဒေသနေရာနဲ့ ယှဉ်ပြီး လောကဆန်ဆန် သိပ္ပံနည်းကျကျ စဉ်းစားရမယ်"

http://www.dhammadownload.com



"အေးပါ၊ စိတ်ကူးယဉ်နိုင်ပါတယ်၊ ပြောမှာသာပြော၊ ငါ သဘောမကျရင် မယူပါဘူး"

"အတ္တသမ္မာပဏိဓိနော်"

"ဟုတ်ပါပြီ"

"အခိပ္ပာယ်က... မိမိကိုယ်ကို မိမိ ဆောက်တည်ခြင်းလို့ အနက်ပြန်ရမှာ မဟုတ်လား"

"ဟုတ်ပါတယ်... ရှည်တော်မူလိုက်တာ"

"မရှည်ပါဘူး၊ အဓိပ္ပာယ်ပေါက်စေချင်လို့ ထပ်ပြောနေရတာပါ၊ ကဲ... ငါပြောမယ်၊ မွေးစကတည်းက မိဘနှင့် ရင်အုပ်မကွာ နေခဲ့ရသောကလေး၊ အစစအရာရာ မိဘ၏ အကြောင့်ကြခံပြီး ကျွေးမွေးသုတ်သင် ဝတ်ဆင် နွဲ့ဆိုးဆိုးလာခဲ့တဲ့ ကလေး၊ မိမိကိုယ်တိုင် ဘာတစ်ခုမှ အပင်ပန်းခံပြီး မလုပ်ရဘဲအဆင်ပြေပြေ နေခဲ့ရတဲ့ကလေး၊ အရေးတယူ ချစ်ကြည်ဖြူသော အသိုင်းအဝိုင်းမှာသာ နေခဲ့ရတဲ့ကလေး"

"ရှည်ပါတယ်ဆိုမှ ကလေးဒိုကာ ဖွင့်ပြနေပြန်ပြီ"

"အဲသည်ကလေးဟာ မိဘရဲ့မျက်စိအောက် နားအောက်က တစ်ယောက်တည်းထွက်လာပြီး ဘုန်းကြီးကျောင်း သူစိမ်းတွေ အလယ်မှာ နေခဲ့ရပြီ၊ ဟုတ်တယ်မို့လား"

"ဘုန်းကြီးကျောင်း လာနေတာ 'စပယ်ယာ' ခေါ်လာလို့ ရမတဲ့လား၊ တစ်ဦးတည်းပေါ့"

"အေး ... အဲသည့်အခါမှာ ဘယ်နေရာမဆို ကိုယ့်အား ကိုယ်ကိုး လုပ်ရတော့မှာမဟုတ်လား၊ ကိုယ့်ဝမ်းစားအတွက် ကိုယ်တိုင် ထွက်လို့ ဆွမ်းခံရမယ်။ ရေမိုးသုတ်သင်ဖို့အခါကို ကိုယ့်ဟာကိုယ် သိရတော့မယ်၊ ကိုယ့်အဝတ် ကိုယ်လျှော်ဖွပ်ရမယ်၊ ကိုယ့်အိပ်ရာ

http://www.dhammadownload.com



ကိုယ်ပြင်ရမယ်၊ အိပ်ချိန်တန်လျှင် ကိုယ့်ဟာကိုယ် အိပ်ပျော်အောင် အိပ်ရတော့မယ်၊ ပွတ်သပ်ချော့မော့ ပုံပြောပေးမယ့် မိဘဘိုးဘွားတွေ မရှိဘူးလေ"

"ဪ... မင်းက ဒီလို ယူသလား"

"နေဦး မဆုံးသေးဘူး။ ကိုယ့်အိမ်မှာ 'ဗိုလ်ကျ' ခဲ့စေကာမူ အတူနေများအပေါ်မှာ သင့်တင့်အောင် ပေါင်းသင်းဆက်ဆံ ရပေလိမ့်မယ်။ အပြစ်လုပ်မိလျှင် ဆရာပေးတဲ့ 'ဒဏ်' အလုပ်ကို မိမိကိုယ်တိုင် အကူအညီမရှိဘဲ ထမ်းဆောင်ရလိမ့်မယ်။ အဲသည်လို သဘောတရားတွေက မိမိကိုယ်သာ မိမိအားကိုးရာပါကလားလို့ အလိုအလျောက် သိလာရတယ်။ အတိုချုပ် ပြောရရင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပြီး အပြစ်ကင်းအောင် နေတတ် ထိုင်တတ် ပေါင်းသင်း တတ်တာဟာ 'အတ္တသမ္မာပဏိဓိ' ပဲ၊ မင်းကြိုက်ရင်ယူ၊ မကြိုက်ရင် ပယ်"

"အင်း... ကလေးအရွယ်ပါလို့ မင်းက 'ပိပိသသ ချည်တုပ်ထားတော့' ဟုတ်တုတ်တုတ် ရေးတေးတေးတော့ အရှိသား"

"ငါဆိုလိုတာက လောကထဲကို ဝင်ဆံ့ရမယ် ကလေးကို 'ဖောင်ကြီးသင်တန်းပေးလိုက်တာ' ဘယ့်နှယ်လဲ"

"ဟား – ဟား – ဟား၊ အဲသည့် ဥပမာတော့ ကြိုက်သွားပြီ။ လူတောထဲ 'လူ' ဝင်လုပ်ဖို့ ကိုယ်ကျင့်တရား, စိတ်ကျင့်တရားတွေ အလေ့အကျင့် ယူရတဲ့နေရာ၊ ဟုတ်ပါတယ် – ဟုတ်ပါတယ်"

"မိမိတို့သားသမီးများကို အရပ်တစ်ပါးသို့ ပညာသင်ကြားဖို့ စေလွှတ်တဲ့အကြောင်း မင်းကို တစ်ခါပြောဖူးတယ်ထင်တယ်။ ဝတ္ထုစာပေများမှာလည်း ဖတ်မှုးလိမ့်မယ်။ ဇာတ်တွေမှာလည်း ကြည့်ဖူးလိမ့်မယ်၊ရှေးရှေးက မင်းဧကရာဇ်များဟာ သားတော်ကို တက္ကသိုလ်

http://www.dhammadownload.com



တိုင်းပြည်သို့ သုံးနှစ်သုံးမိုး ပညာတော်သင် လွှတ်ရိုး ထုံးစံရှိတယ်လေ။ တက္ကသိုလ် တိုင်းပြည်ဆိုတာ အိန္ဒိယပြည် အနောက်မြောက်ပိုင်းမှာရှိတဲ့ 'တက္ကသီလာ'လို့ ခေါ်တဲ့ ဂန္ဓာရ တိုင်းပြည်ပေါ့။ အဝေးကြီး"

"ရှင်ဘုရင်တွေကလည်း ကိုယ့်တိုင်းပြည်မှာ ကျူရှင်ဆရာတွေ မရှိလို့လား"

"အများကြီးရှိတာပေါ့။ ဘုရင့် ပုရောဟိတ်ဆိုတာ ပညာရှိတွေပဲ။ တခြားလူကိုမပြောနဲ့ အင်္ဂုလိမာလလို့နာမည်ကျော်မယ့် အဟိံသကကိုကြည့်။ သူ့အဖေဟာ ပသေနဒီကောသလမင်းကြီးရဲ့ ပညာရှိ ပုရောဟိတ်ဆရာကြီး အဂ္ဂိဒတ္တ။ ဒါပေမဲ့ သူ့သားကို သူ ကိုယ်တိုင် ပညာသင်မပေးဘူး။ တက္ကသီလာကို လွှတ်ပြီး ပညာသင် ခိုင်းတယ်"

"ဘာအကြောင်းကြောင့်လဲ"

"သားတို့အား ရပ်ဝေးသို့ ပညာသင် လွှတ်ရတာ အကြောင်း လေးပါးရှိတယ်။

(၁) ဇာတိမာန် ကျစေတယ်။ (ကိုယ့်မြို့ ကိုယ့်ရွာမှာ ကိုယ့်မိဘ အရှိန်အဝါနဲ့ မာနတက်တတ်တယ်)
(၂) ပညာကို စူးစူးစိုက်စိုက် သင်ယူတယ်။ (ပညာတတ်မှ စာမေးပွဲအောင်မှ မြန်မြန်ပြန်ရမယ်)
(၃) အပေါင်းအသင်း ဝင်ဆံ့တယ်။ (နှစ်ရှည်လများ နေရတာ အပေါင်းအသင်းမရှိလို့ မဖြစ်ဘူး)
(၄) အရပ်ဒေသ ကျွမ်းကျင်တယ်။ (နိုင်ငံတကာ ဗဟုသုတရတယ်)

အဲဒါတွေကြောင့် ကိုယ့်သားကို သူစိမ်းတွေအလယ်မှာ ကျိုးနွံ့ အောင် လိုက်လျောညီထွေကျင့်တတ် ပေါင်းတတ်အောင်လွှတ်ကြတာ"

"အေး... လူကျောင်းထက် ဘုန်းကြီးကျောင်းက နှိမ့်ချ

http://www.dhammadownload.com



ရှိသေး၊ ဝေယျာဝစ္စ လုပ်ရတာတွေ ပိုများမှာပေါ့။ လူကြီးကို လူကြီး အလိုက်၊ လူငယ်ချင်းလူငယ်ချင်းအလိုက် သင့်တင့်အောင် ပေါင်းတတ် လာကြလိမ့်မယ်၊ စာပေပရိယတ္တိကြိုးစားဖို့လည်း အားကျ လာလိမ့် မယ်။ ဒါကြောင့် ရှေးလူကြီးများ ကိုယ့်သားကို ရှင်ပြုပြီး ဘုန်းကြီး ကျောင်းကို ထားပေးကြတာ ထုံးစံကြီးတစ်ခု လုပ်ခဲ့ကြတာကိုး"

"ဒါပေမဲ့ အခုခေတ်တော့ ကိုယ့်သားကို ရှင်ပြုပေးတယ်ဆိုတာ ထုံးစံလောက် သဘောထားပြီး လေးငါးဆယ်ရက်နဲ့ လူထွက်ခိုင်း တော့တာပဲ၊ ဘုန်းကြီးကျောင်းရဲ့အရသာနဲ့ ထိတွေ့လိုက်ရတယ်လို့ မရှိပါဘူး၊ မင်းတောင် ရှင်ပြုပြီး ဘယ်နှစ်ရက် နေခဲ့ဖူးသလဲ"

"အေး.. ငါ့တုန်းကလည်း ခုနစ်ရက် ပဲနေခဲ့ရတယ်။ အင်္ဂလိပ် ကျောင်းကိုပြန်တက်ရဦးမှာလေ။ မိဘတွေကိုယ်တိုင်ကလည်း အခုန မင်းပြောသလို ဘုန်းကြီးကျောင်းအရသာထက် အင်္ဂလိပ်ကျောင်း အရသာကို ပိုအထင်ကြီးဟန် ရှိပါလိမ့်မယ်"

"အင်္ဂလိပ်ကျောင်းမှာလည်း အင်္ဂလိပ်စာနဲ့ပတ်သက်လို့ ပညာ ရနိုင်တာတော့ မှန်ပါလိမ့်မယ်။ ဒါပေမဲ့ မင်္ဂလသုတ်မှာ ဆက်လျက်ပါ လာတဲ့ 'ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော' ဆိုတဲ့ တရားနဲ့တော့ အဆက်ပြတ်သွားတယ်လို့ ဆိုရမှာပဲ"

"ဘယ်လို အဆက်ပြတ်သွားတာလဲ၊ လုပ်ပါဦး"

"ဗုဒ္ဓဘာသာ ကလေးသူငယ်များအဖို့ ဘယ်လောကစာတ် ကျောင်း၊ ဘယ်တက္ကသိုလ်မှာမှ မရနိုင်တဲ့ ဗဟုသုတတွေ၊ လူ့ ကျင့် ဝတ်, ရဟန်းကျင့်ဝတ်တွေကို မသိနိုင်တော့လို့ပေါ့"

"အဲဒါတွေက ဘာတွေလဲ"

"အများကြီး... အများကြီး၊ နောက်တစ်ပတ်မှ ဆက်ကြစို့"

"မင်းကတော့ ထုံးစံအတိုင်းပဲ"

http://www.dhammadownload.com

# မင်္ဂလသုတ် (၄)

## ဘုန်းကြီးကျောင်းသင်ရိုးညွှန်းတမ်း

"အလျှင်အပတ်က 'ပတိရူပ ဒေသဝါသော စ' အပိုဒ်ကို ပြောခဲ့ပြီ၊ ဒီနေ့ 'ဗာဟုသစ္စဉ္စ' အပိုဒ်ကို ဆက်ကြရအောင်"

"ဗုဒ္ဓဘာသာကလေးများအဖို့ ဘယ်လောကဓာတ်ကျောင်းမှာမှ ဘုန်းကြီးကျောင်းလောက် ဗဟုသုတမရနိုင်ဘူးဆိုတာ ပြောဦး လေကွာ"

"အေးပါ၊ ဗာဟုသစ္စဉ္စ... ဆိုတဲ့ အပိုဒ်ကို ရည်ညွှန်းတာပါ၊ ပထမဦးစွာ ဘုန်းကြီးကျောင်းများမှာသာ သင်လေ့ရှိတဲ့ 'သင်ရိုးညွှန်းတမ်းစာအုပ်' က စ,ပြောမယ်၊ အဲသည့် စာအုပ်က 'ဆယ်စောင်တွဲ' ပဲ"

"ဆယ်စောင်တွဲ ဆိုတာ ဘယ်လိုစာအုပ်လဲ"

"နှုတ်ငုံအရကျက်ဖို့ စာစုံဆယ်မျိုး ပေါင်းတွဲထားတဲ့စာအုပ်ကို 'ဆယ်စောင်တွဲ' လို့ ခေါ်တယ်၊ ဘာတွေ – ဘာတွေပါသလဲဆိုရင်

http://www.dhammadownload.com



(၁) မင်္ဂလသုတ်၊ (၂) အပြင်အောင်ခြင်း၊ (၃) အတွင်းအောင်ခြင်း၊ (၄) ရတနာရွှေချိုင့်၊ (၅) နမက္ကာရ၊ (၆) လောကနီတိ၊ (၇) ပရိတ်ကြီး၊ (၈) ရှင်မဟာရဋ္ဌသာရ ဆုံးမစာ၊ (၉) ရှင်မဟာသီလဝံသ ဆုံးမစာ၊ (၁၀) လောကသာရဆုံးမစာ၊ အဲသည့်ဆယ်မျိုးကို တွဲထားတာ ဖြစ်တယ်၊ ကျောင်းသားသူငယ်တို့အတွက် ကောင်းနိုး ရာရာ တွဲထားတဲ့ အခြားဆုံးမစာများလည်း ရှိပါသေးတယ်"

"နေပါဦး၊ မင်္ဂလသုတ်ကို ထပ်ပြီးသင်ရတဲ့ သဘောလား"

"ဟုတ်ပါတယ်၊ မိဘဘိုးဘွားများက အကြမ်းအားဖြင့် သင်ပြ ဆုံးမခဲ့တာထက် ဓာတ်နိပါတ်အဋ္ဌကထာများနှင့် ကျယ်ကျယ် ပြန့်ပြန့် သင်ရပါတယ်"

"အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ ဆိုတာတွေကို အခုလူငယ်တွေ ကြားဖူးကြမှာ မဟုတ်တော့ လို့ ဘာအဓိပ္ပာယ်မှန်းတောင် သိရှာကြမယ် မထင်ဘူး"

"သင်မပေးလို့ 'စိမ်း' နေကြမှာပေါ့၊ အပြင်အောင်ခြင်းဆိုတာ မာရ်နတ်၊ အာဠဝက၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စမာန၊ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါး၊ ဗကဗြဟ္မာ အဲသည့်ရှစ်ပါးကို အောင်တော်မူတဲ့ ဘုရားရှိခိုးဖြစ်တယ်။ အတွင်းအောင်ခြင်းက ကိုယ်တွင်း ကိလေသာမှန်သမျှ အကုန်အစင် အောင်မြင်တော်မူခြင်းကို ဆိုထားတဲ့ ဘုရားရှိခိုး ဖြစ်တယ်။ ရတနာရွှေချိုင့်ဆိုတာက ဗုဒ္ဓအရှင် တို့ကို ဦးထိပ်ထက်တင်ပြီးတော့ ရဟန္တာအရှင်မြတ်များကို ခန္ဓာကိုယ် အရပ်ရပ်မှာ မပြဘ်သိတင်းသုံးတော်မူကြပါလို့ပင့်လျှောက်တဲ့ ဘုရား ရှိခိုးဖြစ်တယ်"

"သောအဋ္ဌ ရာယ်များကို ကာကွယ် စောင့်ရှောက် တားဆီးတော် မူနိုင်ကြတဲ့သဘောနဲ့ 'ရတနာရွှေချိုင့်' လို့ ခေါ်ကြတာ ဖြစ်မှာပေါ့နော်"

http://www.dhammadownload.com



"ဟုတ်တာပေါ့၊ မိမိကိုယ်ကို ရတနာသုံးပါးတည်းဟူသော ရတနာမျှချိုင့်ဖြင့် ဖုံးအုပ်ကာကွယ်ထားသလို အာရုံပြုနိုင်ပါတယ်၊ တို့အဖေပြောဖူးတာကဖြင့် သေနတ်တောင် 'ပြီး' တယ်တဲ့လေ၊ ဒါကတော့ လောကီအလိုပေါ့ကွာ၊ အဲ... နောက်တစ်ခုက နမက္ကာရ၊ အဲသည်ဘုရားရှိခိုးက အလွန်ထင်ရှားတယ်၊ ပရိယတ္တိသာသနာတော်မှာ အဋ္ဌကထာကျမ်းပြု ကျေးဇူးရှင်ကြီး ဖြစ်တော်မူတဲ့ အရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်တိုင် ဖွဲ့စီရေးသား ရှိခိုးပူဇော်ခဲ့တဲ့ ဘုရားရှိခိုးကြီးဖြစ်တယ်၊ ပါဠိဘာသာ ဂါထာစီကုံးထားပုံဟာ အတု မရှိ သလောက် ကောင်းမွန်လှပ နှစ်သက်စဖွယ်ဖြစ်ကြောင်း ဆရာတော်ကြီးများ အစဉ်အဆက် အမွှန်အမြတ် ပြုတော်မူကြတယ်၊ ပါဠိဖွဲ့ထားပုံကို အာရုံပြုကြည့်စမ်းပါ –

သုဂတံ သုဂတံ သေဋ္ဌံ၊
ကုသလံ ကုသလံ ဇဟံ။
အမတံ အမတံ သန္တံ၊
အသမံ အသမံ ဒဒံ။
သရဏံ သရဏံ လောကံ၊
အရဏံ အရဏံ ကရံ။
အဘယံ အဘယံ ဌာနံ၊
နာယကံ နာယကံ နမေ။"

"ကဲ . . . အဲဒါက စ,တာပဲ၊ တို့က ချီးမွမ်းရင်တောင် ဂုဏ်ပျက်သွားမလားပဲ၊ မတန်မရာမို့လေ"

"မင်းပြောတာနဲ့ ငါတောင် မချီးမွမ်းဝံ့တော့ပါဘူးဗျာ၊ အနက်ကို နာစမ်းပါရစေ"

"သုဂတံ= ကောင်းသောစကားကိုလည်း ဆိုတော်မူ

http://www.dhammadownload.com



တတ်ထသော၊ သုဂတံ= ကောင်းသော နိဗ္ဗာန်သို့လည်း ကြွသွားတော်မူတတ်ထသော၊ ကုသလံ ကုသလံ – ကုသိုလ် အကုသိုလ်ကို၊ ဖဟံ= စွန့်တော်မူပြီးထသော၊ အမတံ= သေခြင်းလည်းကင်းတော်မူထသော၊ အမတံ= အမြိုက် အရသာနှင့်လည်း ပြည့်စုံတော်မူပြီးထသော၊ သန္တံ = ငြိမ်သက် စွာထသော၊ အသမံ = အတု လည်းမရှိ ထသော၊ အသမံ = အတုမရှိသော မင်္ဂဖိုလ်နိဗ္ဗာန်ကို၊ ဒဒံ = ပေးတော်မူတတ်ထ သော၊ သရဏံ= ကိုးကွယ်ရာလည်း ဖြစ်တော်မူထသော၊ လောကံ = လောကကို၊ သရဏံ = သိတော်မူတတ်ထသော၊ အရဏံ– ကိလေသာတည်း ဟူသော မြူလည်းကင်းစင် တော်မူပြီးထသော၊ အရဏံ = ကိလေသာမြူ၏ကင်းခြင်းကို၊ ကရံ = ပြုတော်မူ တတ်ထ သော၊ အဘယံ = ဘေးလည်း မရှိထသော၊ အဘယံ= ဘေးမရှိသော၊ ဌာနံ = နိဗ္ဗာန် အရပ်သို့၊ နာယကံ = ပို့ဆောင်တော် မူတတ်ထသော၊ နာ ယကံ = လူသုံးဦးတို့၏အမှူးဖြစ်တော်မူသောမြတ်စွာဘုရား ကို၊ 'အဟံ= အကျွန်ုပ်သည်' နမေ – နမာမိ = ရှိခိုးပါ၏ "

" သာဓု – သာဓု – သာဓု၊ ကောင်းလိုက်တာ၊ ကောင်းလိုက်တာ အဲသည့် နမက္ကာရ ဘုရားရှိခိုးက ဘယ်နှစ်ပုဒ်ရှိသလဲ "

" ၃၃ ပုဒ် ရှိပါတယ်၊ အားလုံးဟာ ဂုဏ်တော်များကို အလင်္ကာ ရသအပြည့်စုံဆုံး၊ အနက်နဲဆုံး၊ အလှပဆုံး၊ အသိမ်မွေ့ဆုံး၊ အဆန်း တကြယ်အဖြစ်ဆုံး၊ သုတိသာယာ နာပျော်ဖွယ် အကောင်းဆုံးလို့ ဆရာတော်ကြီးများ ဂုဏ်ပြုတော်မူကြတယ် "

" ဒီဘုရားရှိခိုးကြီးကို ငယ်ငယ်ကတည်းက နှုတ်တက် အာဂုံ အရဆောင်ခိုင်းခဲ့တဲ့ မိဘနှင့် ဆရာသမားများကိုတောင် ကျေးဇူးတင်

http://www.dhammadownload.com



စရာ ကောင်းလှပြီ၊ ကြီးလာလို့ ဗဟုသုတ များလာလေ ဒီဘုရားရှိခိုးရဲ့ အရသာကိုခံစားရကောင်းမှန်းသိလာလေဖြစ်ကြမှာပဲ၊အခု ကျောင်းသား တွေကို ကျက်စေရရင် ကောင်းမှာပဲ"

"တက္ကသိုလ် ကျောင်းသားကြီးတွေအထိ ကျက်စေရရင် ပို ကောင်းမှာပေါ့၊ ပါဠိဘာသာကို အထူးပြု ယူကြတဲ့ ကျောင်းသား တိုင်းတော့ ရကြမယ် ထင်ပါရဲ့"

"ဟိုတုန်းကဖြင့် ဘုန်းကြီး ကျောင်းသားတိုင်း အလွတ် ရ ကြမယ် ထင်တယ်"

"မသင်မနေရ ဘာသာရပ်တွေပေါ့ဗျာ"

"ကျေးဇူးပြုပြီး ဆက်၍ ဖော်ပြပေးပါလား"

"မင်္ဂလသုတ်ကို အဓိကထားပြီး ဆွေးနွေးတာ အင်မတန် ကျယ်ပြန့်သွားလိမ့်မယ်၊ တစ်ဆင့်တက်ပြီး ဆက်လက်လေ့လာဖြစ် အောင် 'ချို' ခဲ့ပါရစေတော့။ လေ့လာကျက်မှတ်စမ်းပါ၊ကဲ့.. ဆက် ပြောကြစို့ရဲ့၊ အဲသည့် မင်္ဂလသုတ်မှ အစ နမက္ကာရအထိ စာသားများ ဟာ ပါဠိဘာသာ ဂါထာဗန္ဓတို့ကို ကျင်လည်အောင် ဖတ်နည်း, ဆိုနည်း, အကျင့် ဖြစ်စေပါတယ်။ သီကုံးဖွဲ့စပ်နည်းတို့ကို လေ့လာနိုင် ပါတယ်။ ပရိတ်ကြီးဆယ့်တစ်သုတ်ကတော့ အသက်ရှည်ရာ အနာမဲ့ ကြောင်း အန္တရာယ်ကင်း အရံအတားများ ဖြစ်ကြပါတယ်၊ အသက်ရှည် ၍ ကျန်းကျန်းမာမာ အန္တရာယ်ကင်းကြမှ လူ့ဘဝ ရဟန်းဘဝတို့မှာ တိုးတက်ရာ တိုးတက်ကြောင်း ကြိုးစားအားထုတ်နိုင်ကြမှာ ဖြစ်ပါ တယ်"

"ဒါ့ကြောင့် 'အာရောဂျ ပရမံ လာဘံ' လို့ ဆိုတာပေါ့"

"အေး၊ မင်းသိထားတဲ့ အနက်အဓိပ္ပာယ်အတိုင်း မြန်မာပြန် ကတော့ ဟုတ်ပါတယ်၊ ပါဠိလိုကတော့ 'အာရောဂျာ ပရမာလာဘာ'

http://www.dhammadownload.com



လို့ ရေးမှ ပြောမှ သဒ္ဒါမှန်တယ်လို့ သပြေပင် ဆရာတော် ဘုရား ဆုံးမဖူးတယ်၊ငါက ဗဟုသုတဖြစ်အောင် ပြောတာပါ၊ အမှားကြာလျှင်၊ အမှန်ထင်၊ ပြန်ပြင်ဖို့က ခက်ခဲစွ- တဲ့"

"နှုတ်ကျိုးနေတတ်ကြတာကိုး၊ ကဲ... ဆက်ပါဦး"

"အဲဒီနောက်လောကနီတိကိုပါင်္ဂအနက်ကျက်ကြရတယ်"

"လောကနီတိ-ဆိုတာ လောကီ အကျိုးပြု လမ်းညွှန်လို့ ပြောရမယ် ထင်တယ်"

"ခေါ်နိုင်ပါတယ်၊ သို့ပေမင့် လောကီမှာ အပြစ်ကင်းစွာ စားသောက် နေထိုင်သွားနိုင်လျှင်လည်း တမလွန်ဘဝ နိဗ္ဗာန်အထိ အကျိုးပြုတယ်လို့ ဆုံးမထားတယ်၊ နားထောင်ကြည့်စမ်း...

အ- လသဿ ကုတော သိပ္ပံ၊
အ- သိပ္ပဿ ကုတော ဓနံ။
အ- ဓနဿ ကုတော မိတ္တံ၊
အ- မိတ္တဿ ကုတော သုခံ။
အ- သုခဿ ကုတော ပုညံ၊
အ- ပုညဿ ကုတော ဝရံ။

ပျင်းရိသောသူမှာ 'အသက်မွေးမှု' အတတ်ပညာ အဘယ်သို့ ရပါမည်နည်း။

အတတ်ပညာ မရှိသူမှာ ဉစ္စာဓန အဘယ်သို့ ရပါမည်နည်း။

ဓနမရှိသူမှာ 'ကလျာဏမိတ္တ' အဆွေခင်ပွန်းကောင်း အဘယ်သို့ ရပါမည်နည်း။

မိတ်ဆွေခင်ပွန်းကောင်း မရှိသူမှာ ချမ်းသာမှု အဘယ်သို့ ရပါမည်နည်း။

http://www.dhammadownload.com



ချမ်းသာမှု မရှိသူမှာ ကောင်းမှုကုသိုလ် အဘယ်သို့ ရပါမည်နည်း။

ကောင်းမှုကုသိုလ် မရှိသူမှာ မြတ်စွာသော နိဗ္ဗာန်ကို အဘယ်သို့ ရပါမည်နည်း– တဲ့ . . . ”

“ ရှင်းပါပေတယ်၊ အသက်မွေးဝမ်းကျောင်း မကောင်းခဲ့လျှင် အကုသိုလ်သမားနှင့်သာ အပေါင်းအသင်း ဖြစ်ကြရမယ်လေ။ ဒီကတည်းက လောကမှာလည်း မကောင်းကျိုးခံရမှာ သေချာတာပေါ့၊ ဒါဟာ လူငယ်များ မပျင်းမရိဘဲအတတ်ပညာကို ကြိုးစားသင်ကြအောင် ဆုံးမတဲ့ သင်ခန်းစာပဲနော် ”

“ ဟုတ်တယ်။ စတုရဂ်ဗလ ပညာရှိအမတ်ကြီးကလည်း လူငယ်ပိုင်းကစပြီး သိမ်းသွင်းဆုံးမခဲ့တာပဲ၊ အတတ်ပညာကို လိုလားအောင် ‘ ပဏ္ဍိတကဏ္ဍ ’ လို့အပိုင်းခွဲခြားခဲ့တယ်။ အဲသည့် နောက် သူတော်ကောင်းနှင့် ပေါင်းသင်းနိုင်အောင် သူတော်ကောင်း ဆိုင်ရာ အပိုင်းကို ‘ သုဇနကဏ္ဍ ’ လို့ ပြခဲ့တယ်။ သူယုတ်မာတို့ကို ရှောင်ကြဉ်နိုင်အောင် ‘ ဒုဇ္ဇနကဏ္ဍ ’ လို့ပြတယ်၊ အဲသည့်က အသက်အရွယ် လူလားမြောက်လာတဲ့အခါ မိတ်ကောင်းဆွေကောင်း ပေါင်းသင်းနိုင်အောင် မိတ္တကဏ္ဍ။ အိမ်ထောင်ပြုဖို့ကို ရည်ညွှန်း ချင့်ချိန်နိုင်တဲ့ ဣတ္ထိကဏ္ဍ။ မင်းမှုထမ်းဖြစ်စေ၊ ကိုယ်တိုင် အုပ်ချုပ်ရသော မင်းစိုးရာဇာဖြစ်စေကျင့်သုံးရမယ့် ရာဇကဏ္ဍ ။ လောကီ၊ လောကုတ္တရာ အထွေထွေ အကျင့်တရားတို့ကို ပြတဲ့ ပကိဏ္ဏကကဏ္ဍ ။ အဲသလို တစ်ပိုင်းစီခွဲပြီး ဆုံးမတော်မူခဲ့တယ် ”

“ လောကမှာ လူလုပ်ဖို့တရားတွေ ပြည့်စုံသွားတာပဲ၊ မင်္ဂလသုတ် ကို အာဂုံဆောင်သလို လောကနီတိကိုလည်း အာဂုံ ဆောင်ထားဖို့ ကောင်းလိုက်တာ။ အဲသည့်နောက် ဆုံးမစာများကို ဆက်ပါဦး ”

http://www.dhammadownload.com



"ဆုံးမစာက များပါတယ်၊ အရှင်မဟာရဋ္ဌသာရနှင့် အရှင်မဟာ သီလဝံသ အရှင်မြတ်များက ရတနာသုံးပါးမှအစ မိဘဆရာများအပေါ်မှာ ကျင့်ရမည့် ဝတ္တရားများ၊ အပေါင်းအသင်းအပေါ် ကျင့်ရမည့် ဝတ္တရားများ၊ စိတ်နေသဘောထားများကို ညွှန်ပြ ဆုံးမတော်မူကြပါတယ်။ အရှင် မဟာရဋ္ဌသာရ ညွှန်ကြားတော် မူခဲ့တာက – 'သု, စိ, ပု, ဘာ, ဝိ, လိ, သိ, ဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးဂုိ၊ သိကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လုံ့လပြင်းစွာ၊ သူ့ထက်ငါဟု၊ နှုတ်မှာရွရွ၊ ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊ အထူးသိမြင်၊ ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်စောဘဲ၊ တီမှာလွဲအံ့။' လို့ အစချီပြီး ဆုံးမတော် မူခဲ့တယ်"

"အတိုကောက် အက္ခရာများကို ရှင်းပြရင် သိပ်ကောင်းမယ်"

"၁ – (သု) = သုဏေယျ = ကြားနာရမယ်။ 'စာဖတ်ရမယ်' တွေ့သမျှစာကို ဖတ်ရမယ်တဲ့။ 'စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့'။

၂ – (စိ) = စိန္တေယျ = ကြံစည်ရမယ်။ စာပါ အကြောင်းအရာကို ကိုယ့်ဉာဏ်နဲ့လည်း ကိုယ်တွေးယူရမယ်။ တစ်ထွာပြလျှင် တစ်လံမြင်ရမယ့် သဘော။

၃ – (ပု) = ပုစ္ဆေယျ = မေးမြန်းရမယ်။ မရှင်းလင်းသော အချက်များနှင့် အကျယ်ဝိတ္ထာရ သိစရာများကို ပညာရှိများအား ချဉ်းကပ် မေးမြန်းရမယ်။

၄ – (ဘာ) = ဘာသေယျ = ပြောဆိုရမယ်။ ထိုစာကို ဖတ်ဖူးသူများနှင့် ဆွေးနွေးပြီး ဉာဏ်ခြင်း ဖလှယ်ရမယ်။

http://www.dhammadownload.com



၅- (ဝိ)= ဝိစာရေယျ=စူးစမ်းရမယ်။ အခြားသော အဆိုအမိန့် အရေးအသားများနှင့် ညှိနှိုင်း ကြည့်ရမယ်။

၆- (လိ)= လိခေယျ=ရေးသားမှတ်သားထားရမယ်။ မှတ်စု သဘောမျိုး ထုတ်နုတ် ရေးသားထား ရမယ်။

၇- (သိ)= သိက္ခေယျ=လေ့ကျင့်ရမယ်။ အပြန်ပြန် ဖတ်ရမယ်၊ ရေးရမယ်။

၈- (ဓာ)= ဓာရေယျ=နှုတ်ငုံဆောင်ရမယ်။ အရေးတကြီး အသုံးဝင်မည့် စာပိုဒ်တို့ကို အလွတ်အာဂုံ ကျက်မှတ်ထားရမယ်။"

"အင်မတန်ကောင်းတဲ့ ညွှန်းတမ်းကြီးပဲ၊ သည့်ပြင် ဆုံးမစာတွေလည်း ရှိသေးသလား"

"တို့ မြန်မာစာပေမှာ အများကြီးပေါ့။ လောကသာရ ဆုံးမစာ၊ ပုဏ္ဏောဝါဒဆုံးမစာ၊ ကျည်းကန်ရှင်ကြီးရဲ့ စကားပုံ မေတ္တာစာ၊ ဓမ္မနီတိ၊ သားရွှေဥဆုံးမစာ၊ ဂိဟိဝိနယ ဆုံးမစာ၊ ဂမ္ဘီရ သာရပျို့၊ အို- အများကြီး ရှိသေးတယ်"

"ဒါတွေကို တစ်စုတည်း ပေါင်းထားတဲ့ စာအုပ်ရှိလျှင် ကောင်းမယ်နော်"

"ယဉ်ကျေးမှုအရာရှိ ဦးအောင်သိန်း(စာရေးဆရာ နန်းညွန့်ဆွေ) စုဆောင်းတည်းဖြတ်ထားတဲ့ 'ဟံသာဝတီ ဆုံးမစာ ပေါင်းချုပ်' မှာတော့ ဆုံးမစာ ၃၂ စောင်ပါတယ်။ လူ-ရှင် ပညာရှိကြီး ၂၅ ဦးတို့ရဲ့ အဆိုအမိန့်များပေါ့"

"ဒီ ဆုံးမစာတွေဟာ တိမ်မြုပ်နေဖို့ မကောင်းဘူးနော်"

http://www.dhammadownload.com



"ဘုန်းတော်ကြီးကျောင်းများမှာတော့ လူငယ်တွေကို သင်ကြားပေးတုန်းပါပဲ၊ ဒါကြောင့် အရပ် ကျောင်းများမှာ မသင်ကြားရတဲ့ ဗဟုသုတတွေ ဘုန်းကြီးကျောင်းများမှာသာ ရှိတယ်လို့ ပြောနိုင်တာပဲ။ ကဲ... ဗာဟုသစ္စဥ္စ အဖွင့် လုံလောက်သလောက် ရှိပါပြီ။ ရှေ့ကို ဆက်ကြရအောင်"

"သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။
သုဘာသိတာစ ယာဝါစာ၊ ဧတံမင်္ဂလ မုတ္တမံ။

"သိပ္ပ ဆိုတာ အသက်မွေးမှု အတတ်ပညာ၊ အချို့နေရာများမှာ အခါအားလျော်စွာ စာပေ တတ်မြောက်ရုံမျှနှင့် အသက်မွေးမှု မလုံလောက်နိုင်ကြပါဘူး၊ ဒါကြောင့်နှုတ်မှုပညာ၊ လက်မှုပညာများကို တစ်ခုခု ထူးချွန်အောင် သင်ကြရပါသေးတယ်။ ဒါကို အခုန ပြောခဲ့တဲ့ လောကနီတိမှာ ပြခဲ့ပြီ။ လောကနီတိက ယောကျာ်းတို့ အတတ် ၁၈ ရပ်လို့ ယခုလို ပြပါတယ်–

၁–သုတိ= အကြား အမြင် အတတ်။
၂–သမ္မုတိ=ဓမ္မသတ် အတတ်။
၃–သင်္ချာ=ဂဏန်းအတတ်။
၄–ယောဂါ=တံစည်း စူးဆောက် အတတ်။
၅–နီတိ=နီတိကျမ်း အတတ်။
၆–ဝိသေသက=ဗျာကရိုဏ်းအတတ်။
၇–ဂန္ဓဗ္ဗ=စောင်းငြင်းအတတ်။
၈–ဂဏိကာ=လက်ဆစ်ချိုးအတတ်။
၉–ဓနုဗေဒ=လေးမြားအတတ်။
၁၀–ပုရာဏ=စကားဟောင်းအတတ်။
၁၁–တိကိစ္ဆာ=ဆေးအတတ်။

http://www.dhammadownload.com



၁၂ – ဣတိဟာသ = ဟာသအတတ်။

၁၃ – ဇောတိ = ဗေဒင်အတတ်။

၁၄ – မာယာ = လှည့်ပတ်တတ်သောအတတ်။

၁၅ – ဆန္ဒတိ = ဆန်းကျမ်းအတတ်။

၁၆ – ကေတု = သံတမန်အတတ်။

၁၇ – မန္တာ = မန္တန်အတတ်။

၁၈ – သဒ္ဒါ = သဒ္ဒါကျမ်းအတတ်။

အဲသည့် ၁၈ ပါးသော အတတ်ပညာကို လောကနီတိမှာ ပြတယ်။ "မိလိန္ဒပဉှာ" မှာတော့–

၁ – သုတိ = သဒ္ဒါကျမ်းအတတ်။

၂ – သမ္မုတိ = ဓမ္မသတ်ကျမ်းအတတ်။

၃ – သင်္ချာ = ရေတွက်ခြင်း ဂဏန်း အတတ်။

၄ – ယောဂါ = ဗိသုကာအတတ်။

၅ – နီတိ = နီတိကျမ်းအတတ်။

၆ – ဝိသေသကာ = ဗျာကရိုဏ်းအတတ်။ (လက္ခဏာယုတ်မြတ်ကို ဟောခြင်း)

၇ – ဂဏိကာ = လက်ချိုးအရေအတွက်အတတ် (လက်ဝါးပြင်ကိုသာ ကြည့်၍ ဟောခြင်း)

၈ – ဂန္ဓဗ္ဗာ = စောင်းငြင်းအတတ်။

၉ – တိကိစ္ဆာ = ဆေးအတတ်။

၁၀ – စတုဗေဒါ = ဗေဒင်လေးပုံအတတ်။

၁၁ – ပုရာဏာ = စကားဟောင်းအတတ်။

၁၂ – ဣတိဟာသ = ရယ်ရွှင်မှုအတတ် (ရှေးဟောင်းပုံပြင်အတတ် – မာဂဓအောဘိဓာန်)

http://www.dhammadownload.com



၁၃ – ဓောတိသာ = ဟူးရားအတတ် (ကြယ်နက္ခတ် ကြည့်သော အတတ်)

၁၄ – မာယာ = လှည့်ပတ်မှုအတတ် (ငှက်နား , ပျားစွဲ စသည်တို့ကို နိမိတ်ဖတ်သောအတတ်)

၁၅ – ဟေတု = နိမိတ်အတတ်။

၁၆ – မန္တနာ = မန္တရားအတတ်။

၁၇ – ယုဒ္ဓါ = စစ်ထိုးခြင်းအတတ်။

၁၈ – ဆန္ဒာ = ဆန်းကျမ်းအတတ်။

၁၉ – ဗုဒ္ဓဝစနေန = ပိဋကတ်အတတ်။

အဲသည်မှာ – ဇျေူနဝိသတိ = တစ်ခုယုတ် နှစ်ဆယ်သော အတတ်လို့ – တစ်မျိုးတွေ့ရတယ်။

စစ်ပြန်မဂ္ဂဇင်းမှာ ဆရာမြကေတုက ရှေးခေတ် တက္ကသိုလ်နှင့် ပညာရပ်များ ဆောင်းပါးရေးလိုက်ခြင်းကြောင့် အဲသလို ၁၈ ပါးကို တစ်မျိုး မှတ်သားနိုင်ပြန်တယ်၊ ဗဟုသုတ ဖြစ်တာပေါ့"

"ပြောစမ်းပါဦး၊ တို့လည်း ဗဟုသုတ ယူရတာပေါ့"

"ဆောင်းပါး အပြည့်အစုံကိုတော့ ၁၉၈၀ ပြည့်နှစ် မေလ အမှတ် ၂၀၊ စစ်ပြန်မဂ္ဂဇင်းကို ရှာဖတ်ဖို့လိုတယ်၊ ယခုအတတ် ၁၈ ပါး အယူအဆကိုသာ အကျဉ်းချုံးပြီး ပြောမယ် –

၁ – သုတိ = ဗေဒင်အတတ်။

၂ – သမုတိ = ဓမ္မသတ်ကျမ်း၊ ဥပဒေထုံးတမ်း ပြဋ္ဌာန်းမှု၊ တရားစီရင်မှု။

၃ – သင်္ချာ = သတ္တဝါတို့၏ နိစ္စ၊ အတ္တ၊ ထာဝရ၊ ပကတိဟု ခေါ်အပ်သော သဘောတရားကိုပြသော သတ္တဗေဒ ပညာနှင့်တူသည်။ (ဂဏန်းသင်္ချာ မဟုတ်သေး)

http://www.dhammadownload.com



၄ – ယောဂ = ယောဂီတို့ ကျင့်ကြသော အသက် ရှည်အောင် ပြုသော သမထနှင့်ဆင်တူသော အတတ်။

၅ – နီတိ = လောကဝတ်တို့ကို ညွှန်ပြသော လူတို့ နေထိုင်မှု၊ ယဉ်ကျေးသိမ်မွေ့မှု။

၆ – ဝိသေသိကာ = သတ္တဝါ လောကတို့၏ နိစ္စ ထာဝရ ရှိနေပုံ၊ မမြင်နိုင်အောင် သေးငယ်သော အဏုမြူ ဓာတ်မှုန်တို့ ပေါင်းဆုံမိခြင်းကြောင့် သတ္တဝါလောက ဖြစ်လာပုံ၊ ရူပဗေဒပညာ။

၇ – ဂန္ဓဗ္ဗ = ဝါ – ဂီ – နစ် ပန်တျာပညာ။

၈ – ဂဏိကာ = ဂဏန်းသချာ၊ အင်္ဂရာသချာ၊ ဂျော်မေတြီ စသည်တို့နှင့် ဆင်တူသည်။

၉ – ဓနု = လေးမြားအတတ်။

၁၀ – ပုရာဏ = ရှေးဟောင်းပုံပြင်၊ စကားထာ၊ စကားပုံ၊ စကားပြောကောင်းပညာ။

၁၁ – ဓောတိသတ္တ = ဂြိုဟ်နက္ခတ်တို့ကို ကြည့်၍ မိုးလေဝသ ဟောပြသောအတတ်။

၁၂ – ဣတိဟာသ = စကားစစ်ထိုးမှုပညာ။ (ဓမ္မာစရိယ ဆရာကြီး ဦးဌေးလှိုင်ကတော့ရာဇဝင်သမိုင်းအတတ် လို့ ပြောပါတယ်။)

၁၃ – တိကိစ္ဆာ = ဆေးပညာ။

၁၄ – မာယာ = တခ်ဏပ္ပတ္တိဉာဏ်ပညာ။

၁၅ – ဆန္ဒသိ = ဆန်းကျမ်း၊ ဘာသာဗေဒ၊ အင်္ဂရာဗေဒ။

၁၆ – ကေဠုဘ = သံတမန်အတတ်ဟု တချို့ဆရာများက ဆိုကြသည်။ တချို့ကလည်း အလင်္ကာအတတ်ဟု

http://www.dhammadownload.com



ဆိုကြသည်။ ယခုအခါ နိုင်ငံရေး သင်တန်းများနှင့် ဆင်တူမည်ထင်သည်။

၁၇ – သဒ္ဒါ = သဒ္ဒါကျမ်း။

၁၈ – မန္တနာ = ဂါထာမန္တန်အတတ်။

အဲသည်လိုပြတယ်၊ အချို့နေရာမှာ သဘောချင်းတူပြီး အချို့နေရာမှာ အယူအဆ ကွဲပြားတာကို တွေ့ရတယ်၊ ဒါလည်း ဗဟုသုတ တစ်မျိုးလို့ မှတ်ယူရမယ်၊ အကျယ် ရှာဖတ်စမ်းပါ၊ ကိုးခန်းပျို့ ဋီကာကြီးမှာလည်း ရှိတယ်"

"ဖတ်ရမှာပေါ့၊ သိပ္ပဋ္ဌပြီးတော့ ဝိနယောစကို ဆက်ကြစို့"

"ဝိနယောစကို အကျဉ်းဘာသာပြန်ကတော့ 'ကိုယ်နှုတ်နှလုံး၊ သုံးပါးကျုံးလျက်၊ ဆုံးမနိုင်ဿရည်း၊ အနာဂါရိယ၊ အာဂါရိယဝိနည်းကို ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ ရှိသေလေးမြတ်၊ သင်ကြားအပ်သည်လည်း တစ်ပါး'လို့ မြင်းခြံကိုးဆောင်ဆရာတော်က ပြတော်မူတယ်၊ အကျယ်အားဖြင့် အရှင်ဝါသေဌာဘိဝံသက ပရိတ်ကြီးနိဿယသစ်မှာ ဒီလို ပြတယ်၊ 'ဝိနေတီတိ ဝိနယော' ဆုံးမတတ်ခြင်းကြောင့် ဝိနည်းလို့ ခေါ်တယ်၊ အပြောအဆို အနေအထိုင် အစားအသောက် စိတ်နှလုံးမှစ၍ အချိုးကျအောင် ပွဲပြင်ပေးတတ်တဲ့ စည်းကမ်းများဟူ၍ ဖွင့်ဆိုထားတယ်၊ အဲသည်မှာ ရဟန်းဝိနည်း၊ လူ့ဝိနည်းရယ်လို့ ရှိတယ်၊ လူ့ဝိနည်းအဖြစ်နဲ့ စောစောကပြခဲ့တဲ့ ဆုံးမစာတွေမှာ ကျောင်းသားသူငယ် စာသင်ရွယ်မှအစပြုပြီး လူလားမြောက်တဲ့ အရွယ်အထိ ပါဝင်ခဲ့ပြီ၊ ယခု ရဟန်းတော်များရဲ့ ဝိနည်းတော်များကို ရှင်ကျင့်ဝတ်ကစပြီး သင်ရတယ်၊ ထိုအဆုံးအမများကို မသိမကျင့် မလေ့လာဘဲရှင်ပြုပေးတဲ့ ကိုရင်ကလေး လူထွက်လာရင် ပတ္တမြားတွင်းကို ရောက်လျက် ဘာကျောက်မှ မယူခဲ့သလို ဗုဒ္ဓသာသနာမှာ ဗန်းရှုံးတာပဲ"

http://www.dhammadownload.com



"တချို့က ရဟန်းတော်များရဲ့ဝိနည်းတော်ကို လူများ မသင်ထိုက်လို့ ပြောကြတယ်"

"အကြောင်းကို ပြောပါဦး"

"လူများက ဝိနည်းတော်ကိုလေ့လာထားလျှင် ရဟန်းတော်များအပေါ်ဝေဖန်မိတတ်ခြင်းကြောင့် အကျိုးထက်အပြစ်ဖြစ်ဖို့များတတ်တယ် တဲ့"

"ဗုဒ္ဓကိုယ်တော်က ဝိနည်းတော်ကို ပညတ်တော် မူခဲ့တဲ့အကြောင်းတရား နှစ်ပါးမှာ မကြည်ညိုသေးသော သူများ ကြည်ညိုလာကြစေရန်၊ ကြည်ညိုပြီးသူများ ကြည်ညိုသည်ထက် ကြည်ညိုကြစေရန် ကိစ္စဖြစ်တယ်၊ လူ့ဝိနည်းမှာ ဒုစရိုက်တရားကို ရှောင်ခြင်း၊ သုစရိုက်တရားကိုဆောင်ခြင်း၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ အရှင်နှင့်ကျွန်၊ ဒါယကာနှင့်ဘုန်းကြီးရဟန်း၊ မိတ်ဆွေအချင်းချင်း၊ အကြမ်းအားဖြင့် ထိုမျှနှင့်လုံလောက်နိုင်ပေမယ့် ရဟန်းသံဃာတော်များ၏ ဝိနည်းတော်များက အကြမ်းအားဖြင့် ၂၂၇ သွယ်သော သိက္ခာပုဒ်တော်များ၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော် ရှိတယ်လို့ ကြားနာဖူးကြတယ် မဟုတ်လား"

"ကြားဖူးတာပေါ့၊ အပ်ဖျားပေါ် မုန်ညင်းစေ့ တင်ထားသလောက် ရပ်တည်နေရခြင်းမျိုး ဖြစ်တယ်လို့ ဥပမာဆိုကြတယ်လေ၊ ဒါကြောင့်လည်း 'ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော' လို့ ဗုဒ္ဓဟောတော်မူတာဖြစ်မှာပေါ့နော်"

"အချုပ်အားဖြင့် စဉ်းစားကြည့်ကွာ၊ တို့တစ်တွေဟာ ဗုဒ္ဓဘာသာရယ်လို့ ဆောက်တည်နေကြပြီး ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃာဂုဏ်တော်နှင့် တကွ ထို ရတနာသုံးပါးတို့၏ အကြောင်းချင်းရာကို ပြည်စုံနိုင်သလောက် ပြည့်စုံအောင် ဗဟုသုတ ရှိသင့်

http://www.dhammadownload.com



တယ်မဟုတ်လား၊ သိသောသူ၏ သဒ္ဓါတရားနှင့် မသိသောသူ၏ သဒ္ဓါတရား ယှဉ်နိုင်ကြပါ့မလား။မှန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးမှုသဒ္ဓါတဲ့၊ ဘုရားပညတ်တော်မူတဲ့ သိက္ခာပုဒ်တော်ဟူသမျှ ချီးကျူးစရာ၊ အံ့ဩစရာ၊ ကြည်ညိုစရာ၊ မြတ်နိုးစရာ အပြည့်အဝ ဖြစ်တယ်၊ ဒါကြောင့် တို့တစ်တွေမှာ လူ့ဝိနည်းကို သိသလို ကိုးကွယ် အားထားရာဖြစ်တဲ့သံဃာ့ဝိနည်းတော်ကိုလည်း သိသင့် သင့်တယ်၊ သီလဝန်၊ ပညာဝန်၊ ဝိနည်းဓိုရ် ဆရာတော်ကြီးများကို လျှောက်ကြည့်"

"ကျေနပ်ပါတယ်ဗျာ... ကျေနပ်ပါတယ်၊ ကဲ... သုဘာ ဘိတာစ ယာဝါစာ ဆက်ကြရအောင် –

(၁) သုဘာသိတ = ကောင်းသောစကား၊ (၂) ဓမ္မ = တရားသော စကား၊ (၃) ပိယ = ချစ်ဖွယ်သောစကား၊ (၄) သစ္စ = မှန်သော စကားဟူ၍ လေးမျိုးရှိတယ်၊ စကားအရာ အင်္ဂါ လေးတန်လို့ ခေါ်တယ်၊ နောက်တစ်နည်းက 'စကားခြောက်ခွန်း လူ့ဩထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတယ်' လို့ ဆိုထားတာလည်း ရှိတယ်၊ စကားခြောက်ခွန်းဆိုတာက... (၁) ဟုတ်လည်းမဟုတ်၊ သူလည်း မနာလို၊ အကျိုးလည်းမရှိ။ (၂) ဟုတ်ကားဟုတ်၏၊ သူကားမနာလို၊ အကျိုးလည်းမရှိ။ (၃) ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ၊ သူကား နာလို၏။ (၄) ဟုတ်လည်း ဟုတ်၏၊ သူလည်း နာလို၏၊ အကျိုးကားမရှိ။ (၅) ဟုတ်လည်းဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူကားမနာလို။ (၆) ဟုတ်လည်းဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူလည်းနာလို၏။ အဲသည့် ၆ ပါးအနက် ငါးနှင့်ခြောက်ကိုသာ ပြောထိုက်တယ်။ အခြားလေးပါးကို ပယ်ရမယ်လို့ ဆုံးမ စကား ရှိတယ်"

http://www.dhammadownload.com



"ပရိတ်ကြီး နိဿယသစ် ဆရာတော် အရှင်ဝါသေဋ္ဌက 'လောကရေးရာ၌ အများအကျိုးရှိအောင် နည်းညွှန်နိုင်သော အပြောကောင်း အဆိုကောင်း ပုဂ္ဂိုလ်တို့၏ ဟောပြောချက်များကိုလည်း သုဘာသိတပင် ဆိုရတော့သည်။ စကားပြောကောင်းခြင်းမှာ ခေါင်းဆောင် အကြီးအမှူး ဖြစ်နိုင်ခြင်း၊ သူတစ်ပါးကို လမ်းမှားလမ်းမှန် ဝေဖန်ပြနိုင်၍ အများအကျိုးဆောင်သူဖြစ်ရခြင်း၊ အများ၏ ချစ်ခင်ကြည်ညိုရိုသေ လေးစားခံရခြင်း စသည်ဖြင့် အကျိုးများလှ၏' လို့ ဆိုထားတယ်။ နောက်ပြီး မွေးလာသော ယောကျ်ား ၏ပါးစပ်ထဲ၌ ဓားမကြီးရှိနေ၏။ ယင်းဓားမကြီးဖြင့် လူမိုက်သည် မကောင်းပြောလျက် မိမိကိုယ်ကို ဖြတ်ပိုင်းခံရ၏။ ဓားမကြီးဆိုသည်မှာ အခြားမဟုတ်။ လျှာကိုတင်စား၍ ပြောခြင်းဖြစ်၏။ လျှာကို အသုံးမချတတ်၍ ငရဲရောက်သူ၊ ပြိတ္တာဖြစ်သူများလှ၏။ သံသရာ သာမက ယခုဘဝ၌ပင် လျှာသရမ်း၍ ဘေးသင့်ခြင်း၊ ကြီးပွားမှု လက်လွတ်ရခြင်း စသည်ဖြင့် လျှာအပိုင်းခံရသူတွေလည်းမနည်းလှ။လူမိုက်တို့၏လျှာသာ ဓားမ ဖြစ်သော်လည်း လူလိမ္မာတို့၏လျှာကား သံကိုဆွဲဆောင်နိုင်သော သံလိုက်သဖွယ်ဖြစ်၏"

"ဟုတ်လိုက်လေဗျာ၊ တို့တစ်တွေကအမြဲသတိထားပြီး ပြောဖို့ ဆိုဖို့ကောင်းတာ၊ တစ်ခါတစ်ခါတော့လည်း စိတ်လိုက်မာန်ပါ မှန်တာထင်တာကို စွတ်ရွတ်ပြောတာနဲ့ အမုန်းခံရတယ်"

"မှန်တော့မှန်ပါရဲ့၊ သူလည်းမနာလို၊ ကိုယ်လည်း အကျိုးမရှိဆိုတာကတော့ စကားခြောက်ခွန်းနဲ့ ငြိမှာပေါ့၊ အေး . . . မှန်လည်းမှန်တယ်၊ အများအကျိုးလည်း ရှိတယ်ဆိုရင်တော့ မုန်းတဲ့လူက မုန်းလည်း ပြောသင့်တာပေါ့၊ ဒါပေမဲ့ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ နေရာတကာမှာ လျှာကြမ်းအာကြမ်း ဖြစ်တာမျိုးတော့

http://www.dhammadownload.com



ကိုယ်ရောသူပါ ဘယ်သူမှ မနှစ်သက်ပေဘူး၊ တက္ကပဏ္ဍိတ ဇာတ်မှာ နှုတ်ကြမ်း လျှာကြမ်း ရိုင်းရိုင်းစိုင်းစိုင်း ဆဲရေးတတ်လွန်းတဲ့ သူဌေး သမီးကို အစေခံတွေက ခေါင်းလျှော်ရအောင်သွေးဆောင်ပြီး ဂင်္ဂါမြစ်ထဲ တွန်းချလိုက်ကြတာပေါ့။ အဲသည်မှာမှ ရေထဲမျောလာတဲ့ သူဌေး သမီးကို ဘုရားလောင်း တက္ကပဏ္ဍိတက ဆယ်ရတာ"

"အဲသည့် သူဌေးသမီးကတော့နှုတ်ကြမ်းရုံသာ မဟုတ်ဘူး၊ ခိုးသူကြီးကို ကြိုက်လို့ ဘုရားလောင်းကို သတ်ရအောင် 'သူခိုးကို ဓားရိုးကမ်း' ပါသေးလား"

"ဟုတ်တယ်လေ၊ အပြောဆိုးသလောက် သဘောလည်းဆိုး တယ် လို့ ဆိုရမှာပေါ့၊ စကားအရာနှင့် ပတ်သက်လို့ အင်္ဂုတ္တိုရ် ပါဠိ တော် ဝါစာသုတ်မှာ ဗုဒ္ဓမြတ်စွာ ဟောထားတာလည်း ရှိတယ်၊ ဒါ ကတော့ စကားအရာ အင်္ဂါငါးတန်ပေါ့။ ၁–အခါကာလအားလျော်စွာ ပြောဆိုရမယ်၊ ၂–မှန်ကန်သော စကားကို ပြောဆိုရမယ်၊ ၃–သိမ် မွေ့သော စကားကို ပြောဆိုရမယ်၊ ၄–အကျိုးစီးပွားနှင့် စပ်သော စကားကို ပြောဆိုရမယ်၊ ၅–မေတ္တာစိတ်ဖြင့် ပြောဆိုရမယ်။ ထို စကားများ သည်သာ သုဘာသိတ ဖြစ်တယ်လို့ ဟောတော်မူတယ်"

"တို့မြန်မာစကားပုံလည်းနှုတ်ချိုလျှင်သျှိုတစ်ပါး" 'ချစ်စေလို ခံတွင်းလက်နှစ်သစ်'၊ 'နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ' လို့ ဆုံးမ စကားရှိနေတာပဲ"

"နောက်ပြီးတော့ အဆင်းလှပါလျက်၊ အသံကြမ်းကြုတ်တဲ့ တီတီတွတ်ငှက်နှင့် အဆင်းမလှသော်လည်း အသံသာယာတဲ့ ဥဩ ငှက်ကိုနှိုင်းယှဉ်ပြတဲ့ သုဇာတဇာတ်လည်း ရှိသေးတယ်၊ ဆောင်ပင်သာ ဦးပုညဆုံးမစာကတော့ 'တံတားအိုး မှောင်ခို မလျှောက်နှင့်၊ စကား ဆို ဟောင်လိုမဟောက်နှင့်' 'တံတားအို မှောင်ခိုလျှောက်တော့ ကျိုး

http://www.dhammadownload.com



ကိုယ်ရောသူပါ ဘယ်သူမှ မနှစ်သက်ပေဘူး၊ တက္ကပဏ္ဍိတ ဇာတ်မှာ နှုတ်ကြမ်း လျှာကြမ်း ရိုင်းရိုင်းစိုင်းစိုင်း ဆဲရေးတတ်လွန်းတဲ့ သူဌေးသမီးကို အစေခံတွေက ခေါင်းလျှော်ရအောင်သွေးဆောင်ပြီး ဂင်္ဂါမြစ်ထဲ တွန်းချလိုက်ကြတာပေါ့။ အဲသည်မှာမှ ရေထဲမျောလာတဲ့ သူဌေးသမီးကို ဘုရားလောင်း တက္ကပဏ္ဍိတက ဆယ်ရတာ"

"အဲသည့် သူဌေးသမီးကတော့နှုတ်ကြမ်းရုံသာ မဟုတ်ဘူး၊ ခိုးသူကြီးကို ကြိုက်လို့ ဘုရားလောင်းကို သတ်ရအောင် 'သူခိုးကို ဓားရိုးကမ်း' ပါသေးလား"

"ဟုတ်တယ်လေ၊ အပြောဆိုးသလောက် သဘောလည်းဆိုးတယ် လို့ ဆိုရမှာပေါ့၊ စကားအရာနှင့် ပတ်သက်လို့ အင်္ဂုတ္တိုရ် ပါဠိတော် ဝါစာသုတ်မှာ ဗုဒ္ဓမြတ်စွာ ဟောထားတာလည်း ရှိတယ်၊ ဒါကတော့ စကားအရာ အင်္ဂါငါးတန်ပေါ့။ ၁–အခါကာလအားလျော်စွာ ပြောဆိုရမယ်၊ ၂–မှန်ကန်သော စကားကို ပြောဆိုရမယ်၊ ၃–သိမ်မွေ့သော စကားကို ပြောဆိုရမယ်၊ ၄–အကျိုးစီးပွားနှင့် စပ်သော စကားကို ပြောဆိုရမယ်၊ ၅–မေတ္တာစိတ်ဖြင့် ပြောဆိုရမယ်။ ထိုစကားများ သည်သာ သုဘာသိတ ဖြစ်တယ်လို့ ဟောတော်မူတယ်"

"တို့မြန်မာစကားပုံလည်းနှုတ်ချိုလျှင်သျှိုတစ်ပါး" 'ချစ်စေလို ခံတွင်းလက်နှစ်သစ်'၊ 'နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ' လို့ ဆုံးမ စကားရှိနေတာပဲ"

"နောက်ပြီးတော့ အဆင်းလှပါလျက်၊ အသံကြမ်းကြုတ်တဲ့ တီတီတွတ်ငှက်နှင့် အဆင်းမလှသော်လည်း အသံသာယာတဲ့ ဥဩငှက်ကိုနှိုင်းယှဉ်ပြတဲ့ သုဇာတဇာတ်လည်း ရှိသေးတယ်၊ ညောင်ပင်သာဦးပုညဆုံးမစာကတော့ 'တံတားအို မှောင်ခို မလျှောက်နှင့်၊ စကားဆို ဟောင်လိုမဟောက်နှင့်' 'တံတားအို မှောင်ခိုလျှောက်တော့ ကျိုး

http://www.dhammadownload.com



တတ်သည်။ စကားဆို တောင်လို မောက်တော့ ငြိုးတတ် သည်တဲ့"

"နောက်ပြီး 'ရေကူးညာတင်၊ ကောက်ပင်ရိတ်လှီး' ဆိုတဲ့ စကားကြီး ၁၀ ခွန်းဆိုတာလည်း ရှိသေးတယ် မဟုတ်လား"

"အဲသည့် စကားကြီး ၁၀ ခွန်းက စကားနိုင်လုရာ၊ စကား စစ်ထိုးရာမှာ ပြောရမယ့် စကားသာဖြစ်တယ်။ 'ငါ့စကားနွားရ' အချေအတင်နိုင်ဖို့သာ အဓိကမို့ တရားတာရော၊ မတရားတာရော ဟုတ်မှန်တာရော၊ မဟုတ်မှန်တာပါ ပြောချင်ပြောရမှာ ဖြစ်တယ်။ စကားအရာ အင်္ဂါ ၁၀ ပါး ဆိုတာမျိုးမှ သုဘာသိတ ဖြစ်မယ်"

"၁–ကာလဝါဒီ=ပြောချိန်သင့်မှ ပြောရခြင်း၊
၂–ဘူတဝါဒီ=အခြေအမြစ်ဖြင့် ပြောရခြင်း၊
၃–ဓမ္မဝါဒီ=မှန်ကန်သောတရားဖြင့် ဖြစ်ရခြင်း၊
၄–အတ္ထဝါဒီ=အကျိုးစီးပွားနှင့် စပ်ဆိုင်ရခြင်း၊
၅–ပိယဝါဒီ=ချစ်ဖွယ်သောစကား ဖြစ်ရခြင်း၊
၆–မိဟိတပုဗ္ဗဝါဒီ=ပြုံးရွှင်မှုရှေ့ထား၍ ပြောရခြင်း၊
၇–မိတဘာဏီ=မတိုမရှည် ချင့်ချိန်၍ ပြောရခြင်း၊
၈–အ တုရိတဝါဒီ=အလောတကြီး မပြောရခြင်း၊
၉–ပေါရီ=မြို့ကြီးသူ မြို့ကြီးသားတို့ အသုံးအနှုန်း ဓလေ့ထုံး ကိုယူ၍ ယဉ်ကျေးစွာ ပြောရခြင်း။
၁၀–ဝိသဒဝါဒီ=ပြတ်သားစွာ ပြောရခြင်း၊
အဲသလို တွေ့ဖူးပါတယ်"

"ဒါကဖြင့် အတော်ပြည့်စုံတာပဲ၊ အနောက်နိုင်ငံကြီးတွေမှာ စကားပြောနည်း သင်တန်း၊ စကားပြောနည်း စာအုပ်တွေ အရေးတကြီး ထုတ်နေကြတာ အခုန အရှင်ဝါသေဋ္ဌ အမိန့်ရှိသလို လောကရေးရာမှာ အရေးတကြီးလိုအပ်လို့ နေမှာပဲ၊ သံတမန်ရေးရာမှာ စကား တစ်ခွန်း

http://www.dhammadownload.com



နှင့် စစ်ပြေငြိမ်းနိုင်သလို စကားတစ်ခွန်းကြောင့် စစ်ကြီး ဖြစ်နိုင်တာပဲ"

"ဟုတ်တာပေါ့။ တို့တစ်တွေက ဒါတွေကို ကြားဖူးနားဝ ရှိထားပေမင့် အသုံးချဖို့ သတိမရနိုင်ကြဘူး၊ ဒါဟာ တို့ရဲ့ ချွတ်ယွင်းချက်ပဲ"

"တို့က နေရာတကာမှာ စိတ်လိုက်မာန်ပါ ဖြစ်တတ်ကြတာကိုး"

"အဲဒါကို ပြောတာပေါ့၊ ဗုဒ္ဓမြတ်စွာကဖြင့် စကားတစ်ခွန်းကို ပြောမည်ကြံတိုင်း ဉာဏပုဗ္ဗင်္ဂမံ=ဉာဏ်တော်ကို ရှေ့သွား ပြုတော်မူတယ်လေ။ ဒါကြောင့်လည်း စကားအရာမှာ အသာလွန် ဆုံး 'သုဂတ' ဂုဏ်တော်ကြီး ရပေတာပေါ့။ သုတ်, ဝိနည်း, အဘိဓမ္မာဆိုတဲ့ ပိဋကတ်သုံးပုံဟာ ဗုဒ္ဓ၏ ရွှေနှုတ်တော်ထွက် စကားမုခပါဌ်များပဲ မဟုတ်လား။ သက်တော်ရှစ်ဆယ် ဝါတော်လေးဆယ့်ငါးဝါ ကာလ ပတ်လုံး လူနတ်ပြဟ္မာ သတ္တဝါအသချေ်ကို ရွှေမုဋ္ဌ်ဖွင့်စွမ်း၊ အာဏာလွှမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်ဖျ၊ ဟောတော်မူခဲ့တာဖြစ်လို့ ဝါစာ အစိန္တေယျ ဖြစ်တော်မူတယ်"

"ကြည်ညိုစရာကြီးပါပဲ မောင်ရာ"

"ဒါကြောင့် မင်္ဂလသုတ်တော်ပါ 'သုဘာသိတာစ ယာဝါစာ' ကို ငယ်စဉ်ကတည်းက သင်ပေးထားမှ တို့တစ်တွေလို 'အသိခေါက်ခက် အဝင်နက်' မဖြစ်ကြရမှာ၊ ဟုတ်တယ်မဟုတ်လား"

http://www.dhammadownload.com

## မင်္ဂလာသုတ် (၅)

# မိဘကို လုပ်ကျွေး၍ မွေးမြူ

"ကဲ... မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော"

"အေး... 'မာတာပိတု ဥပဋ္ဌာနံ' မှာ အများကြီး ပြောစရာရှိတယ်၊ အမိအဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းဆိုတဲ့ စကားမှာကို 'လုပ်ကျွေး' နှင့် 'မွေးမြူ' နှစ်ပိုင်းရှိလာပြီ ထင်တယ်"

"ဘယ်လို နှစ်ပိုင်းလဲ"

"လုပ်ကျွေးဆိုတာက အသက်အရွယ်မကြီးရင့်သေးတဲ့အချိန်အခါ မအိုသေးတဲ့မိဘကို မိမိလုပ်ကိုင်ရှာဖွေ၍ ရအပ်သော ဝမ်းစာကို အပ်နှံ၍ လုပ်ကျွေးခြင်းလို့ ဆိုချင်တယ်"

"ကိုယ်က အိမ်ထောင်မပြုခင်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အိမ်ထောင်မပြုခင် အပျို လူပျို အရွယ်ကို ရည်ညွှန်းရတာပေါ့၊ အိမ်ထောင်ပြုလို့ ဇနီးခင်ပွန်း ရတဲ့အချိန်ကျတော့ 'မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ' မယားကို အပ်ရတော့မှာလေ။ ဒါကြောင့် ရှေးကသားသမီးအလိမ္မာတို့ဟာ မိဘက အိမ်ထောင်ရက်သား မပေးစားမချင်း မိဘနှစ်ပါးကို နှစ်ရှည်လများ ရှာဖွေကျွေးမွေး ကြတယ်"

http://www.dhammadownload.com



"ခုခေတ်မှာတော့ မိဘက အကုန်အကျခံပြီး ပညာသင်ပေးလို့ ဘွဲ့ကလေးလည်းရရော မင်္ဂလာဆောင်ပေးလျှင်ပေး၊ မပေးလျှင်ခိုးပြေး၊ နှစ်ဦးသဘောတူ တရားရုံးသွား လက်မှတ်ထိုးလိုက်ကြ ပေါင်းကြလေသတည်းပါပဲ။ ကျောင်းနေကတည်းက မျက်စိကျတာတွေကိုယ်စီနဲ့၊ သူတို့လုပ်စာတစ်ပြားမှ ပြန်မစားရသေးဘူး၊ မင်္ဂလာဆောင် ပေးလိုက်ရတာက အပိုဆု ဖြည့်ပေးလိုက်ရသေး၊ ဟေး – ဟေး၊ 'ပညာလည်းလုံ ကြင်ယာလည်းစုံ – ရွှေဘုံပြန်လှပြီ' ဆိုတဲ့ ပွဲထဲက စကားအတိုင်းပဲ"

"အခု ငါစိတ်ကူးယဉ်နေတဲ့ သားက မင်္ဂလသုတ်အတိုင်း ကျင့်တဲ့ မင်္ဂလာသတို့သားကွာ"

"ကဲ . . . မွေးမြူဆိုတာကို ဆက်ပါဦး"

"မွေးမြူဆိုတာက မိမိလည်း အိမ်ထောင်ကျပြီးပြီ၊ မိဘနှစ်ပါးကလည်း အသက်အရွယ်ကြီးလို့ အိုမင်းမစွမ်းဖြစ်နေပြီ။ အဲသည့်အခါမှာ မိဘနှစ်ပါး စိတ်ချမ်းသာကိုယ်ချမ်းသာ အသက်ရှည်စွာ အနာမဲ့ကြောင်း ကောင်းကောင်းကြီး ဂရုစိုက်မွေးမြူရတာ၊ အဲသည်မှာ ပိုပြီး အရေးကြီးတယ်။ ပိုပြီးသိတတ်ဖို့လိုတယ်။ ဒါတွေကို နောက်ထား၊ ပထမ 'လုပ်ကျွေး'က စ,ကြသေးတာပေါ့"

"ကောင်းတယ်၊ တစ်ပိုင်းစီ ဆွေးနွေးကြတာ ပိုကောင်းတယ်"

"ဘုရားလောင်း သူတော်ကောင်းကြီးများ မိဘကို လုပ်ကျွေးကြတဲ့အကြောင်း ဇာတ် နိပါတ်ဝတ္ထုတွေ အများကြီး ရှိပါတယ်။ ဇာတ်ကြီးဆယ်ဘွဲ့ထဲက သုဝဏ္ဏသာမကဖြင့်အထင်ရှားဆုံးပဲ။ ငါးရာငါးဆယ်မှာလည်း အများအပြားရှိပါသေးတယ်။ စူဠနန္ဒိယဇာတ်၊ ဂိဇ္ဈဇာတ်၊ ကေဒါရဇာတ်"

"ကေဒါရဇာတ် ဆိုတာ ကေဒါရကျေးမင်းအကြောင်း မဟုတ်လား၊ လယ်ထဲက စပါးနှံတွေကို လာချိုးလို့ လယ်သမားက ဖမ်းမိ

http://www.dhammadownload.com



တော့ ကြွေးဟောင်းလည်း ဆပ်ရပါတယ်၊ ကြွေးသစ်လည်း ချရပါတယ်ဆိုတဲ့ ဥပမာနဲ့ မိဘနှစ်ပါးကိုလည်း ကျွေးတုံ့ ကျွေးလှည့်ရှာကျွေးရပါတယ်၊ သားသမီးများကိုလည်း ရှာဖွေကျွေးရပါတယ်လို့ တရားဟောတာ မဟုတ်လား"

"ဟုတ်တာပေါ့၊ ဒီဇာတ်တော်က 'မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော' ဆိုတဲ့ နှစ်ပိုဒ်စလုံး ငုံမိတဲ့ ဇာတ်ပါပဲ"

"စူဠနန္ဒိယဇာတ်နဲ့ ဂိဇ္ဈဇာတ်အကြောင်း နည်းနည်းလောက် ပြောပါဦး"

"ဘုရားလောင်း မျောက်မင်း ဖြစ်တော်မူစဉ်က မျက်မမြင် မိခင်မျောက်မကြီးကို အာနန္ဒာအလောင်း စူဠနန္ဒိယ အမည်ရှိတဲ့ မျောက်နဲ့ ညီအစ်ကိုနှစ်ယောက် လုပ်ကျွေးနေကြတယ်၊ တစ်နေ့တော့ ဒေဝဒတ်လောင်း မုဆိုးက မျောက်များကို လေးနဲ့လာပစ်တဲ့အခါမှာ တခြားမျောက်တွေက အလန့်တကြား ပြေးလွှား ပုန်းကွယ်နိုင်ပေမယ့် မိခင်မျောက်အိုမကြီးမှာ မျက်စိမှမမြင်ရှာလေတော့ မပြေးနိုင် မပုန်းနိုင် ဖြစ်နိုင်ရှာတယ်။ ဒီတော့ ဘုရားလောင်း မဟာနန္ဒိယ မျောက်မင်းက မုဆိုးကို တောင်းပန်တယ်၊ မိခင်မျောက်မကြီးအစား သူ့ကိုပစ်ပါ၊ သူ့ကိုရပြီးလျှင် အခြားမျောက်တွေကို အသက် ချမ်းသာပေးပါလို့ တောင်းပန်တယ်၊ မုဆိုးက ဘုရားလောင်းကိုပစ်ပြီးတဲ့နောက် မပြေးနိုင်တဲ့ မျောက်မကြီးကို လေးနဲ့ချိန်ပြန်တယ်။ အဲသည့်အခါ အာနန္ဒာလောင်းက မိခင်ကြီးအသက်ကို ချမ်းသာပေးပြီး သူ့ကိုသာပစ်ပါ။ အစ်ကိုရော၊ ညီရော ရပြီးလျှင်တော့ အခြား မျောက်တွေနှင့်တကွ မိခင်ကြီးကိုပါ ချမ်းသာပေးပါလို့ တောင်းပန်ပြီး အပစ်ခံလိုက်ပြန်တယ်။ ဒေဝဒတ်လောင်းကတော့ မိခင်ကြီးကိုပါ ချမ်းသာမပေးပါဘူး၊ နောက်ဆုံးပစ်သတ်တာပါပဲ။ ဒေဝဒတ်လောင်း လည်း မြေမျိုခံရတာပဲ။

http://www.dhammadownload.com



ဒီဇာတ်တော်က မိခင်အိုကြီးကို ရှာဖွေ ကျွေးမွေးရုံမက အသက်စွန့်ပြီး အန္တရာယ်ကို ကာကွယ်တဲ့ ဘုရား လောင်းများရဲ့ စိတ်စေတနာကို ပြတာပါ။"

"ဂိဇ္ဈဇာတ်ကကော"

"ဟာ... ဗုဒ္ဓဒေသနာတော်များမှာ မိဘကိုလုပ်ကျွေး ကျေးဇူး ဆပ်တဲ့ ဝတ္ထုသာဓကတွေ ပြန်ပြောရရင် ကုန်မှာမဟုတ်ဘူး၊ အများကြီး မှ အများကြီး။ ဒါတွေကို နောက်မှ ဖတ်ရှုနိုင်ပါတယ်။ အခု တို့က ပညာရှိသူတော်ကောင်းများဟာ မိဘကို ဘာအကြောင်းကြောင့်ကျေးဇူး ဆပ်နေကြသလဲဆိုတဲ့ အသိစိတ်ကို ဆွေးနွေးကြရင် လူငယ်များအဖို့ အကျိုးရှိမယ် ထင်တယ်"

"အေး... ဟုတ်တယ်။ 'မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးအရှင် မွေးမိခင်' ဆိုတဲ့ စကားလုံးကို လူငယ်တိုင်း ကြားဖူး နားဝ ရှိနေကြပါတယ်။ သို့ပေမယ့် စာထဲက စကားဟာ စာထဲမှာ ထားပြီး မေ့လျော့ပေါ့တန်နေကြတာ များတယ်။အလီမ္မာ စာမှာရှိတယ်၊ စာထဲက အလီမ္မာဟာ အသည်းနှလုံးသားထဲရောက်ဖို့လိုတယ်။သို့သော် စာတိုင်းမှာတော့ အလီမ္မာ မရှိဘူးလို့ ငါပြောချင်တယ်"

"ဟုတ်ပါ့မလား"

"ဟုတ်လိုက်တာမှ တစ်ဖက်စွန်းတောင် ရောက်ကုန်ကြပြီ၊ တချို့လူတွေက မိဘရယ်လို့ အထူးအထွေ ကျေးဇူးတင်ဖို့ မလိုပါဘူးတဲ့၊ ရုပ်ဝါဒ သဘောတရားအတိုင်း မိန်းမနဲ့ ယောကျ်ား သွေးသား ဖြေဖျောက်မှုကြောင့် ပဋိသန္ဓေတည်ခဲ့ကြရတာတဲ့၊ သူတို့ပြုတဲ့အမှု ကြောင့် ရလာတဲ့ ပစ္စည်းကို ထိန်းသိမ်း စောင့်ရှောက်ပေးကြရမှာ သူတို့ 'တာဝန်' သာ ဖြစ်တယ်တဲ့"

"ဘုရား... ဘုရား၊ ဒါကို ငါက ပြန်မေးချင်လိုက်တာ၊ တော

http://www.dhammadownload.com



ထဲက တိရစ္ဆာန်အရိုင်းအစိုင်းသတ္တဝါများက သူတို့သားသမီးကလေးများကို နို့တိုက် ကျွေးမွေး အန္တရာယ်ကို ကာကွယ် ပေးနေကြတာဟာ ဘယ်သူက ချမှတ်ထားတဲ့ တာဝန် ဝတ္တရား ဥပဒေကြီးကို စောင့်ရှောက်လိုက်နာ နေကြရလို့လဲလို့"

"ဒီတော့ သူတို့က ပြောလိမ့်ဦးမယ်ဗျား"

"ဘယ်လို ပြောဦးမှာလဲ"

"သိပ္ပံသဘောက စိတ်စေတနာမရှိတဲ့ သစ်ပင် ပန်းမန် တို့ဟာလည်း မျိုးဆက်ပြန့်ပွားမှုကို အလိုလိုလုပ်နေကြတာပါတဲ့၊ ဒါဟာ ဖြစ်ရိုး ဖြစ်စဉ် သဘာဝလောက ဓမ္မတာပေါ့လေ၊ အင်္ဂလိပ် လိုတော့ 'အီဗော်လူးရှင်းအော့(ဖ်)လိုက်ဖ်' လို့ ခေါ်သလား မသိပါဘူး"

"အေး။ ငါကအင်္ဂလိပ်စာကောင်းကောင်းမတတ်တော့ သူတို့ပြောတာကို အင်္ဂလိပ်လိုပြန်မချေတတ်ဘူးပေါ့ကွာ၊ ဗုဒ္ဓ ဒေသနာမှာတွေ့ဖူးတာကလေးများလောက်နဲ့ဖြင့် ပြန်ပြောနိုင်လိမ့်မယ် ထင်တယ်"

"မင်း ပြောချင်သလို ပြောပေါ့"

"နည်းနည်းတော့ ရှည်လိမ့်မယ်"

"ရှည်ပါစေကွာ"

"ဗုဒ္ဓမြတ်စွာက ဟောတော်မူခဲ့သမျှ တရားတော်များဟာ တချို့လူများ ကိုးကွယ်နေကြတဲ့ 'သိပ္ပံ' နည်းကျအောင် ဟောတော်မူတာမဟုတ်လား။ မှန်သောစကား၊ ကောင်းသောစကား၊ အခြေအမြစ်နှင့်လာသော စကားများသာ ဖြစ်တဲ့အတွက် နေရာတကာမှာ သိပ္ပံနည်းကျလျက်သာ တွေ့ရလိမ့်မယ်၊ ဒီစကားကို ငါ့လောက် အသေးအမွှားကလေးက ပြောဖို့တောင် မထိုက်သေးပါဘူး၊ အေး... 'ကံ' ရယ်၊ 'ကံအကျိုး'ရယ် ဒါလောက်ကို တို့ အတိုင်းအတာနဲ့ တို့စဉ်းစားကြရအောင်"

http://www.dhammadownload.com



"ဒီနှစ်ပါးကို ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်ပြီးသားပါ"

"နေဦးကွ၊ ဗုဒ္ဓဘာသာဝင်မို့ ယုံတယ်ဆိုရင် ကျဉ်းမြောင်းနေလိမ့်မယ်၊ ဗုဒ္ဓဘာသာ မဟုတ်တဲ့ လူတစ်ယောက် အနေနဲ့ကော ယုံသင့် – မယုံသင့်"

"အေး . . . ပြောပါဦး"

"'ကံ' ဆိုတာ ပြုလုပ်တာ၊ ပြောတာ၊ ဆိုတာ၊ လုပ်တာ ကိုင်တာ၊ သိတာ၊ မှတ်တာ။ လူတွေသာမကဘူး သတ္တဝါ မှန်သမျှ နိစ္စဓူဝ လုပ်နေကြတာ၊ ဟုတ်တယ်နော်"

"ကိုယ့်အသက်ရှင်ဖို့ ကိုယ်လုပ်နေကြရတာ၊ ဒါတွေနဲ့ ဘယ်ကင်းကြမှာလဲ"

"ဒီတော့ တွေးခေါ်ဆင်ခြင်ဉာဏ်ပိုတဲ့ လူသားတွေက ကောင်းတာလုပ်လျှင် ကောင်းတဲ့အကျိုးရှိတယ်၊ မကောင်းတာလုပ်လျှင် မကောင်းသောအကျိုး ရှိတယ်ဆိုတဲ့ သဘောတရားကိုတော့ မယုံနိုင်ကြဘူးလား၊ ကုသိုလ်, အကုသိုလ်ဆိုတာပါ အပထားလိုက်ပါဦး"

"အေး . . . ဒါကတော့ လူမျိုးမရွေး ဘာသာမရွေး လက်ခံကြရတာပဲ၊ ပညာရှိများက ဟောပြောပို့ချ ရေးသားနေကြတာ ကမ္ဘာနဲ့အဝန်းပေါ့၊ ဗုဒ္ဓဝါဒီများသာ မဟုတ်တော့ပါဘူး"

"ကဲ... ဒါဆိုရင် နီးစပ်လာပြီ၊ အဲသလို ကောင်းတာဖြစ်စေ၊ မကောင်းတာဖြစ်စေ လုပ်ချင်လာအောင်, လုပ်ဖြစ်သွားအောင် တိုက်တွန်းနှိုးဆွတဲ့ 'စိတ်'ကို ဘာခေါ်မလဲ"

"'စေတနာ' လို့ ပြောရမယ်ထင်တယ်"

"အဲဒီ 'စိတ်'ကကော ဘုရားဟောဖြစ်လို့ တို့က ယုံနေကြတာလား၊ ဗုဒ္ဓဘာသာမို့ လက်ခံနေကြရတာလား"

"ဒါလည်း လူသားတိုင်း လက်ခံနေကြတာပဲ"

http://www.dhammadownload.com



"အေး... အဲဒါ မေတ္တာတရားရဲ့ အချုပ်ပဲ မဟုတ်လား၊ ကောင်းတာလုပ်လျှင် ကောင်းတာကို ကိုယ်တိုင် ခံစားကြရတဲ့အပြင် သူတစ်ဦးတစ်ယောက်အပေါ်ကို ကောင်းတဲ့စိတ်ကလေးနဲ့ ကောင်းတာကို လုပ်ပေးလိုက်လျှင် ထိုသူ တစ်ဖက်သားမှာ ကောင်းကျိုးချမ်းသာဝမ်းသာကြည်နူးမှုရှိ–မရှိကွာ"

"ဟာ... ဒါတော့ ခွေးကို အစာကျွေးရင်တောင် အမြီးနန့်ပြီး ကျေးဇူးတင်ကြောင်း ပြသေးတာ၊ နေ့စဉ် ရက်ဆက်သာ ကျွေးရင် သစ္စာအရှိဆုံး သတ္တဝါတစ်ကောင်တောင် ဖြစ်လာသေးရဲ့"

"ဒီလိုဆို သွေးသားသောင်းကျန်းလို့ သူတို့ကို မွေးလာရတာပါဆိုတဲ့လူတွေကျတော့ ခွေးထက်များမိုက်ပြီး ခွေးလောက်မှ မလိမ္မာသလို ဖြစ်ကုန်မှာ စိုးရပြီပေါ့၊ အခုနပြောတဲ့ သစ်ပင်ပန်းမန်တို့ရဲ့ မျိုးဆက် ပြန့်ပွားမှုက ဗီဇနိယာမ လောကသဘာဝအတိုင်း ဖြစ်တာမှန်တယ်၊ သို့ပေမယ့် ဥတုနိယာမကို အားကိုးပြီး ဖြစ်ချင်ဖြစ် သေချင်သေ 'စေတနာ' မပါ၊ သူတို့ကိစ္စ သူတို့ ဖန်တီးတာသာ ဖြစ်တယ်။ လူတွေ တိရစ္ဆာန်တွေကျတော့ သစ်ပင်တို့နဲ့ မတူဘူး။ သွေးသားအာလယမှ စ,ခဲ့ကြတာ မှန်သော်လည်း ရင်သွေးတည်ရှိပြီဆိုကတည်းက မပျက်အောင် ကြီးပွားအောင် စောင့်ရှောက်ခဲ့ကြတယ်။ အကယ်၍ သူတို့ပြောသလို သွေးသားကိစ္စ တစ်ခုတည်းသာ အာရုံမကီမောရှိးမှန်ရင် ကိုယ်ဝန်ကို ဖျက်ပစ်နိုင်တယ်။ မွေးပြီးလျှင်လည်း စွန့်ပစ်လိုက်နိုင်တယ်။ မစွန့်လျှင်တောင် နေ့နေ့ညည ကောင်းကောင်းဂရုမစိုက်လျှင် အခုန သူတို့ပြောသလို ကိုယ့်တာဝန် ကိုယ်ယူကြရတာပါလို့ ပြောနိုင်ဖို့အရွယ်မရောက်ခင်ပဲသက်ဆိုးရှည်ခဲ့ကြမှာမဟုတ်ဘူး"

"အင်း... ဝါက မင်းပြောတာ များထောက်နေရင်း မဆီမဆိုင် သွားတွေးမိတယ်"

http://www.dhammadownload.com



"ဘာများလဲ"

"ဒီလို ကမောက်ကမ အယူအဆတွေဟာ တို့ခေတ်ရောက် လာမှ ပေါ်လာကြတာကွ"

"အင်း . . . တို့မိဘ ဘိုးဘွားများခေတ်က ပြောသံ ဆိုသံ မကြားဖူးပါဘူး"

"တို့ဘိုးဘွားများခေတ်က မိမိရင်သွေးကို မိမိရင်၌ ဖြစ်သော တကယ့် သွေး တကယ့်နို့ချိုကို တိုက်ကျွေးလာကြတယ် မဟုတ်လား၊ နောက်ခေတ်ကျတော့ ကရိကထနည်းအောင်လား၊ ကလေးထိန်းနဲ့ လွှဲထားနိုင်အောင်လို့လား၊ ကိုယ်ကာယ ပုံအလှ ပျက်မှာစိုးလို့လား မသိဘူး၊ နွားနို့အမှုန့်အရည်တွေ ကလေးကို တိုက်လာတာကြောင့် 'နွားစိတ်'တွေ ပေါက်လာကြတာလားလို့ စဉ်းစားမိတယ်ကွ၊ ဘယ့် နှယ့်လဲ"

"ကတ်သီးကတ်သတ်တော့ တော်တော်တွေးတတ်တဲ့ကောင်"

"ငါဖတ်ဖူးတဲ့ ဟာသပုံပြင်တစ်ခုလည်း ပြောရဦးမယ်၊ မီးရထား ပေါ်ကို ခရီးသည်တစ်ဦး တက်လာသတဲ့၊ သူ့နောက်က မိန်းမကြီး တစ်ယောက်က အထုပ်အပိုး တိုလီမိုလီတွေ သယ်လာသတဲ့။ မနိုင် မနင်းဖြစ်လို့ တစ်ခုနှစ်ခု လက်ထဲက လွတ်ကျသွားတော့ ခရီးသည်က 'ဒီလောက်ကလေးမှ မနိုင်ဘူးလား၊ သိပ်ခက်တာပဲ' လို့ အပြစ်တင် တဲ့အခါ မီးရထားပေါ်ကို ရောက်နေနှင့်တဲ့ အရာရှိ ပုဂ္ဂိုလ်ကြီး တစ်ယောက်က 'ဟော့ ရဲဘော် အသက်အရွယ်ကြီးတဲ့ အလုပ်သမကြီးကို ကြိမ်းမောင်းတာဟာ မူဝါဒဆန့်ကျင်ရာရောက်တယ်' လို့ ဝေဖန်သတဲ့။ ဒီတော့ ခရီးသည်က 'အလုပ်သမကြီး မဟုတ်ပါဘူး၊ ကျွန်တော့် အမေပါ'လို့ ပြန်ပြောတော့ ပုဂ္ဂိုလ်ကြီးက 'ဪ – ဒါဖြင့် ရှိပါစေ တော့' လို့ ပြောသတဲ့။ အဲဒါ ပုံပြင်ကလေးပဲ၊ ဒါကဖြင့် မိခင်

http://www.dhammadownload.com



တစ်ဦးကို ရိုသေ လေးစားမှု ကင်းကြတဲ့ အယူအဆကို သရော်လိုက်တာ ဖြစ်ဟန်ရှိတယ်"

"မိခင်ကို အလေးအမြတ်မပြုလိုတဲ့ လူတန်းစားမျိုးက ကမ္ဘာမှာ ကွက်ကွက်လေး ရှိပါလိမ့်မယ်။ ဆိုဗီယက် စာရေးဆရာ အဓိပတိ ဂေါ်ကီဆိုရင် 'အမေ'ဆိုတဲ့ ဝတ္ထုကြီးနဲ့ ကမ္ဘာကျော်အောင် ဂုဏ်ပြုခဲ့တာ ဂန္ထဝင်စာပေအနေနဲ့ အထင်အရှားရှိတယ်။ တို့မြန်မာ လူငယ်များက မြန်မာစာပေ ပရိယတ်ကိုလည်း မလိုက်စား၊ ကမ္ဘာ့ စာပေကိုလည်း နှံ့နှံ့စပ်စပ် မလေ့လာ 'ရေပေါ်ငါးစင်ရိုင်း'စာပေမျိုး၊ ဂီတမျိုး၊ အနုပညာမျိုးလောက်မှာသာ ကျင်လည်ကျက်စား အတုခိုးမှား နေကြရာလို့ပါ။ ဗုဒ္ဓစာပေကို ထားလိုက်ဦး၊ နိုင်ငံ တကာစာပေ အဆိုအမိန့်တွေကို သိစေချင်တယ်"

"မင်းမှတ်ထားတာကလေးများရှိရင် ဖောက်သည်ချစမ်းပါဦး"

"စာရေးဆရာ ချစ်စံဝင်း ရဲ့ 'အမေနှင့် အမေ့အကြောင်း' ဆိုတဲ့ စာအုပ်ထဲမှာ တွေ့ရပါတယ်။ နိုင်ငံတကာမိခင်များ၏ အတ္ထုပ္ပတ္တိ၊ ပုံပြင်၊ ကိုယ်တွေ့ အကြောင်းအရာ ကလေးများအပြင် နိုင်ငံတကာ ပညာရှိကြီးများ အယူအဆ အဆို အမိန့်များပေါ့"

> "မေတ္တာတရား ခေါင်းပါး၍ အကြင်နာတရား ကင်းမဲ့သော ဤကမ္ဘာကြီးတွင် စွမ်းအားအကြီးမားဆုံး၊ အနက်ရှိုင်းဆုံးနှင့် ထာဝစဉ် ရှင်သန်နေသော မေတ္တာထုကို မိခင်များ၏နှလုံးသားတွင်သာ အစဉ်အမြဲတွေ့မြင်နိုင်ပေ၏" (အင်္ဂလိပ်ကဗျာ ဆရာမကြီး မစ္စက်ဖလက်ရှား)

> "ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်တိုင်းသည် ထို

http://www.dhammadownload.com



ကြီးကျယ် မြင့်မြတ်သောအမွေကို သူတို့၏ မိခင်များထံမှ ရရှိခဲ့ကြသည်။"

(ပြင်သစ် သမိုင်းပညာရှင် ဂျူးလ်မစ်ရှေးလ်)

"အမိ ပြင်သစ်နိုင်ငံတော်တွင် မိခင်ကောင်းများကြောင့် သားကောင်းများ ထွက်ပေါ်လာသည်။"

(ပြင်သစ်စစ်ဧကရာဇ် နပိုလီယံ)

"မိခင်၏ အလှအပ၊ သတ္တိနှင့် ခွန်အားကြီးမားမှုကို မည်သည့် ဘာသာစကားဖြင့်မဆို ပြည့်စုံအောင် ဖော်ကျူးနိုင်မည်မဟုတ်။"

(အမေရိကန် ဘုန်းတော်ကြီး အက်ဒဝပ်)

"သဘာဝတရားက ချစ်ခင်မှု ပြယုဂ်အဖြစ် မိခင်များကို စေလွှတ်ထားသည်။"

(အင်္ဂလိပ်စာရေးဆရာမကြီး ဒက်ဒဝစ်)

"မိမိသားငယ်၏ ကောင်းမွန်သော ကံကြမ္မာကို ပီတိဖြစ်နေသော မိခင်လောက် ပျော်ရွှင်သူသည် လောကဥ္စ မရှိ။" (ဂျာမန်ပညာရှင် ဂျင်းပေါလ် ဂျစ်ချကာ)

"ထာဝရဘုရားသခင်သည် သူကိုယ်တိုင် နေရာအနှံ့ အပြား ရှိနေနိုင်သည် မဟုတ်ရကား သူ၏ကိုယ်စား မိခင်များကို ဖန်တီးထားလေသည်။" (ဂျူးစကားပုံ)

http://www.dhammadownload.com



"မိခင်ကောင်းတစ်ယောက်၏စွမ်းရည်သည် ဆရာပေါင်း မြောက်မြားစွာ၏ စွမ်းရည်နှင့် ညီမျှ၏။"

(စပိန်စကားပုံ)

"အမေဆိုတာ အင်အား၊ အမေဆိုတာ ဉာဏ်ပညာ၊ အမေဆိုတာ မေတ္တာပင်လယ်။" (အင်တေလာ)

"မိခင် စိတ်မချမ်းသာမှုကို မပြုသော သားများ နှင့်သာ ကျွန်ုပ်မိတ်ဆွေဖြစ်လိုသည်။"

(ပြင်သစ်သမိုင်းပညာရှင် ဂျင်းချားလ်)

"အမေမရှိသည့် နန်းတော်ထက် ပိုမိုကြီးကျယ်သည့် အဆောက်အအုံသည် အိမ်မဟုတ်၊ အမေရှိသော တစ်ဖက်ယပ်တဲသည်သာ နေအိမ်ဖြစ်သည်။"

(အဲလစ်ဟောင်သွန်နေး)

"လူ့လောက၏ အနာဂတ်သည် မိခင်တို့၏ လက်တွင်း၌သာ တည်ရှိသည်။"

(ပြင်သစ်သမိုင်းပညာရှင် လူစီဒီဖြူဖို့)

"ကမ္ဘာလောကကြီးကို တစ်ဖက်၊ အမေ့ကိုတစ်ဖက်၊ ချိန်ခွင်တွင်ထည့်၍ ချိန်ပါက အမေ့ဘက်က ဖောက်ထိုးကြီးသာနေမည်။"

(အင်္ဂလိပ်တရားသူကြီး လော့ဒ် လင်ဒေးလ်)

http://www.dhammadownload.com



"သူငယ်ချင်းရေ နောက်ဆုံး အင်္ဂလိပ်တရားသူကြီး လော့ဒ် လင်ဒေးလ်ပြောတဲ့ အဆိုအမိန့်က တို့ဘုရား ဟောတော်မူတဲ့ မာတု ပေါသကသုတ်ပါ စကားအတိုင်းပါပဲ။ ယူနေ့ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် မိဘမေတ္တာနှင့်နှိုင်းယှဉ်လိုက်ပါ က ဝါးရွက်ငယ်တမျှ သာရှိလေ၏ – တဲ့။ တို့ပရိယတ္တိ စာပေများမှာ အသိအလိမ္မာပေးနိုင်တဲ့၊ ရနိုင်တဲ့ဗဟုသုတတွေ အများ ကြီး ရှိပါတယ်။ လူငယ်များက လက်လှမ်းမမီချင်ကြဘူး၊ အထင်မကြီး လိုကြဘူး၊ လက်မခံလိုကြဘူး။ ဒီတော့သူတို့လက်လှမ်းမိရာကို 'ဆင်း၍' ပြော ဟောရေးသားနေကြရတဲ့ ဓမ္မကထိကဆရာတော်များ၊စာပြု ဆရာတော် များ၊ လူပုဂ္ဂိုလ်ပညာရှိကြီးများ ထွက်ပေါ်နေကြရတယ်"

"ဒီလိုပဲကြိုးစားကြရမယ် ထင်ပါရဲ့ကွာ။ သတ္တဝါများ အကျိုး အတွက် မြတ်စွာဘုရားသော်မှ 'ဌာနာဌာန ကောသလ္လ' ဉာဏ်တော်ဖြင့် တရားဟောတော်မူရတယ်လို့ ဆိုထားတာပဲ"

"အေး... ဒီလိုဆိုရင် သူတို့နှစ်သက်စရာ ခေတ်စမ်းကဗျာ ကလေးတစ်ပုဒ်ကို ဖော်ပြလိုက်ချင်ပါတယ်။ ရေးတဲ့ဆရာက ကဗျာ ဆရာ တင်မိုးကွယ်၊ သူက မန္တလေးမှာ ကျောင်းဆရာ လုပ်နေတုန်း သူ့မိခင်ကြီး သူ့ဇာတိရွာ ကန်မြဲရွာမှာ ဆုံးကြောင်း တယ်လီဖုန်းနဲ့ အကြောင်းကြားလို့လိုက်သွားရသတဲ့။ ဟိုရောက်တော့ အမေ့အလောင်း စင်နားမှာ ထိုင်ကန်တော့ရင်း ဘယ်လိုဝေဒနာနဲ့ ဆုံးရသလဲလို့ မေး တယ်။ ဒီတော့ သူ့အဖေက ဆရာတင်မိုးအမေဟာ သူ့မြေးကလေး များကို ကော်ဖီတိုက်နေရင်း ရုတ်တရက် ဆုံးသွားကြောင်း မျက်ရည် လည်ရွဲနဲ့ ပြန်ပြောသတဲ့လေ။နားထောင်ကြည့် –

* 'အမေဆုံးတယ်' တဲ့
တယ်လီဖုန်း အသံလာတော့

http://www.dhammadownload.com



ကပျာကယာ စာသင် ရပ်ပါလို့
အလောင်းစင် မိခင်မြတ်ဆီသို့
ဦးညွတ်လို့ ရောက်ခဲ့ပါ။

* မကြာသေးခင်က
သူ့မြေးတွေ ကိုယ်တိုင်ချိုလျက်
ကော်ဖီကို ဖျော်ကာတိုက်စဉ်မှ
မွှးမိုက်ကာ အမေလဲသည်ဟု
ကြေကွဲဖွယ် သည်စကားကို
ဖခင်အို မျက်ရည်များရယ်နဲ့
ပြောကြားခဲ့ရာ။

* ရွာပြန်လျှင် အမေကြိုလို့
စားလိုရာ အမေကျွေးပါတဲ့
အေးမြတဲ့ မီမျက်နှာ...
ခုခါတော့ ပျောက်ဆုံး။

* သို့လဲလေ
မေ့သား သည်လိုဖြေမပေါ့
သည်ရပ်မြေ သည်ဒေသဆီက
မိခင်တွေ ဟူသမျှကိုလ
မွေးမိခင် ထင်ကာလှမယ်ပေါ့
မြန်မာ့ ဤရေမြေ၌
အမေ မသေသေးပေဟု
သားလူတေ စိတ်ဖြေတွေးလို့ရယ်
ဆွေးရိပ်ကိုဖုံး။"

http://www.dhammadownload.com



"ကောင်းလိုက်တာ။ တစ်ပြည်လုံးမှာ သူ့မိခင် အရွယ်တွေကို တွေ့သမျှ အမေလို ချစ်ကြည်ညိုပြီး အလွမ်းဖြေရတော့မယ်ပေါ့"

"ဒါတင်မကသေးဘူးလေ။ သေတဲ့အထိ မြေးကလေးတွေကို ကျွေးမွေးပြုစု သွားရှာတဲ့ ဘွားအေစိတ်၊ မိခင်စိတ်ကိုလည်း သတိပြုရမယ် မဟုတ်လား"

"အေး... ဟုတ်ပေသားပဲ၊ အံ့ရော... အံ့ရော"

"နောက်ကဗျာ တစ်ပုဒ်ကို ဖော်ပြချင်သေးသကွ။ ရေးတဲ့သူက မြဝတီမဂ္ဂဇင်းအယ်ဒီတာ အဖွဲ့ဝင် ကဗျာဆရာ—သမိန်သောင်းကွယ့်။ အကြောင်းက တို့ ၁၉၇၃ ခုနှစ်မှာ ရန်ကုန်နှင့်ဒလအကူး တိုးအေး သင်္ဘောနစ်လို့ ခရီးသည်အတော်များများသေကြတယ်လေ။ အလောင်းကို ဆယ်တာတောင် ရက်ပေါင်းများစွာ ဆယ်ကြရတယ်၊ ဆယ့်ငါးရက် လောက်ကြာတဲ့နောက် တိုးအေး သင်္ဘောပေါ်မှာပဲ မိခင်တစ်ယောက် အလောင်းကို တွေ့ရသတဲ့၊ နို့စို့ အရွယ်ကလေးကို ရင်ခွင်မှာ တင်းတင်းကျပ်ကျပ် ပွေ့ထားရက်နဲ့တဲ့"

"အို... ဖြစ်မှဖြစ်ရလေကွာ။ သေတဲ့အထိ ကိုယ့်ရင်သွေးကို မစွန့်တာ ထင်ရှားတာပေါ့"

"လူဆိုတာ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဆိုနေကြတယ်။ 'ကမ္ဘာမီးလောင် သားကောင်ချနင်း' လို့ ပြောနေကြတယ်။ လက်တွေ့ကိုကြည့်စမ်း။ သားကိုစွန့်ပြီး ကိုယ့်အသက်ကိုယ် ကြိုးစား ကြည့်ဖို့တောင် စိတ်မကူးတော့ဘူး။ အဲဒီအဖြစ်ဆိုးကို ဖွဲ့ထားတာ။ နားထောင်—

**တိုးအေးပေါ်မှ အိုမိခင်**

* မမျှော်မလင့်၊ မိုးကြိုးသင့်သို့
ရင်နင့်ဖွယ်ရာ၊ သည်းဆတ်ခါမျှ

http://www.dhammadownload.com



ကြမ္မာကံဆိုး၊ လွမ်းတတ်ပျိုးသည်
တိုးအေးနစ်သော ထိုတစ်နေ့။

* ထိုနေ့မှသည်၊ ညညနေ့နေ့
မြင်တွေ့မကောင်း၊ သည်ဖြစ်ကြောင်းမှာ
အလောင်းထပ်မျှ၊ မြင်နေ ခဲ့ ရ။

* နေ့ရက်လျှား၍
ဆယ့်ငါးရက်မြောက်၊ ခါချိန်ရောက်မှ
ရေအောက်ကဖော်၊ 'တိုးအေး' ပေါ်ဝယ်
ညှိုးလျော်ကြေကွဲ၊ မိခင်ဖွဲ့ကို
အသဲနင့်ဖွယ် မြင်ရသည်။

* အရိုးစုမျှ၊ ကြွင်းသော်မှပင်
ချစ်လှရင်သွေး၊ သူ့ကလေးအား
ထွေးဆဲပိုက်ဆဲ၊ ယုယဆဲ ဟု
သဲသဲမဲမဲပြနေသူ။

* ရေစီးကလှုပ်၊ လှိုင်းကပုတ်၍
စုပ်သည့်ရေမွှား၊ စားသည့်ရေပိုး
အကြောင်းဆိုးလည်း
တိုးကာ ကပ်ကာ၊ မေ့သည်းချာအား
မကွာမကွဲပိုက်ပွေ့ဆဲ။

* အို... မိခင်
သင် ဘေးကင်းရာ
ကူးခပ်ပါ၍၊ လွတ်ရာအဝေး
ပြေးနိုင်ပါလျက်၊ မပြေးရက်၍
အသက် စတေးလိုက်ရှာလား။

http://www.dhammadownload.com



* အို . . . မိခင်
'ကိုယ်လျှင်မချို အမိသော်လဲ
သားတော်ခဲ' ဟု
စွဲလာဆိုထုံး၊ စကားလုံးကို
ချေမှုန်း တော်လှန်လိုက်ရော့လား။
* အို . . . မိခင်
သင်နှင့်အတူ၊ သင့်သည်းအူနှယ်
ရည်တူပြည့်သိပ်၊ 'မိခင်စိတ်' ဖြင့်
ယှိဖိတ်မေတ္တာ၊
စေတနာကို
ခါခါ ဦးညွှတ်လိုက်ပါ၏။ ။"

"ဟင်း . . . "

"ဘယ်နှယ့်လဲသူငယ်ချင်း၊ ဒီနေ့တော့ တို့ နှစ်ယောက် 'မာတာပိတု' က တက်နိုင်မယ် မထင်တော့ဘူး"

"မတက်နိုင်သေးလည်း ဖြည်းဖြည်းပေါ့သူငယ်ချင်းရယ် ။ ဒီအပိုဒ်ဟာလူငယ်တွေအဖို့အရေးကြီးဆုံးမဟုတ်လား၊ သူတို့ နားဝင်အောင် ပြောစရာရှိသေးရင် ဆက်သာပြောပါ"

"ငါလည်း အဲဒီလိုပဲသဘောရတယ်ကွ။ တို့ အခုပြောနေကြတဲ့ အသုံးအနှုန်းတွေရှိတယ်။ အမိနိုင်ငံတဲ့၊ မိခင်တပ်ရင်းတဲ့၊ မိခင်တက္ကသိုလ် တဲ့၊ ဒါတွေဟာ မိမိမှီခိုကြီးပွားခဲ့ရသော အရပ်ဌာနများဖြစ်ကြတယ်။ အဲသည့်အရပ်ဌာနတွေ အပေါ်မှာ သစ္စာ စောင့်သိဖို့၊ အကျိုးပြုဖို့၊ ကာကွယ်ဖို့၊ ဖြောင့်မှန်ဖို့တို့ကို ရည်ညွှန်းတာ ဖြစ်တယ်။ ပညာတ်အာရုံဖြစ်တဲ့ဌာနတွေကိုကျေးဇူးတင်စွာကောင်းမွန်ရာလုပ်ဆောင်တာဝန်ယူကြရမယ်လို့ သိနိုင်သေးရင် ဝိညာဉ် တင်းလင်း မိခင်အရင်း

http://www.dhammadownload.com



ကို မွေးကျေးဖူးဆပ်ရအောင် သိတတ်ဖို့ တော့ တိုက်တွန်းနေစရာတောင် မလိုတော့ပါဘူး"

"အေး... မိမိ၏မိခင်အရင်းကို ချစ်ခင်ကြည်ညိုစိတ်ရှိရင် မွေးကျေးဖူးကိုမှ မဆပ်လို မဆပ်ချင် ဆပ်ရကောင်းသည်ဟုမှ မသိရင် တိုင်းပြည်အပေါ်မှာဖြစ်ဖြစ်၊ ဆရာသမား အပေါ်မှာဖြစ်ဖြစ်၊ အထက်လူကြီး အပေါ်မှာဖြစ်ဖြစ်၊ ကျေးဖူးရှင် မိတ်ဆွေ အပေါင်းအသင်းပေါ်မှာဖြစ်ဖြစ် ဘယ်ပုံဘယ်နည်းနဲ့မှ ချစ်ခင် ကြည်ညိုလှပါတယ် ပြောလည်း မယုံထိုက်တော့ပါဘူး၊ ဒါကြောင့် မိဘကျေးဇူး မေတ္တာများကို သိသည်ထက် သိအောင် စေတနာရှိသည်ထက်ရှိအောင် အချိန်မနှောင်းမီ ကျေးဇူးဆပ်ဖို့ နှိုးဆော် ပေးကြရမယ်၊ မိခင်ကြီး ဆုံးပါးခါနီးမှ သတိနောင်တရပြီး စေတနာရှိသလောက်မပြုစုလိုက်ရတဲ့ ငါ့အဖြစ်မျိုးလို မဖြစ်စေချင်ပါဘူး"

"အေး... မင်းအဖြစ်ကတော့ ရင်ထုမနာဖြစ်စရာပဲ၊ တော်ပါသေးရဲ့၊ ပရိယတ္တိကို နည်းနည်းကလေးကြည့်ဖူး ဖတ်ဖူးတဲ့ ကျေးဇူးကြောင့် ဒုလ္လဘရဟန်းဘဝမှာ ဆွမ်းတစ်နပ် ခံကျွေးလိုက်မိသေးလို့"

"ဒါလောက်နဲ့ ငါမကျေနပ်တာအမှန်ပါ၊ ဒါကြောင့် လူငယ်တွေကို ကိုယ်ချင်းစာပြီး ကိုယ့်ဉာဏ်မီသမျှဟောပြောရေးသားသိဆိုပြသခဲ့တာပါ၊ နောင်မှတ,တဲ့နောင်တဆိုတာအကျိုးမရှိပါဘူး၊ ငါ့မှာသာ သြဇာရှိရင် မြန်မာပြည်မှာ နေ့တစ်နေ့ တိုးလာမှာပဲ"

"ဘာနေ့လဲ"

"မိခင်များနေ့ပေါ့၊ ရာသီဥတု အအေးချမ်းဆုံး၊ အသာယာဆုံး၊ အကြည်လင်ဆုံးဖြစ်တဲ့ ပြာသိုလပြည့်နေ့ကို သတ်မှတ်မယ်၊ အဲသည့်နေ့မှာ မိခင်၏ဂုဏ်ကျေးဇူးနှင့် ပတ်သက်သမျှ တေးဂီတ၊ ကဗျာ၊ ပန်းချီ၊ ပန်းပု၊ ပြဇာတ်၊ ဝတ္ထု၊ ရုပ်ရှင်၊ ဆောင်းပါး၊ ဝတ္ထုရှည် ဆု

http://www.dhammadownload.com



ပေးပွဲတွေလုပ်မယ်၊ သားသမီးတိုင်းက မိဘများကို ပူဇော်ကန်တော့ လက်ဆောင်တွေပေးကြမယ်၊ ထမင်းကျွေးပွဲတွေ စီစဉ်မယ်၊ ယုတ်စွ အဆုံး ရင်ခွင်ပိုက် အရွယ်ကလေးတွေက အစ ပန်းကလေးတစ်ပွင့်၊ ရေကလေးတစ်ခွက်၊ သနပ်ခါးကလေး တစ်ကျောက်ပျဉ် ဖန်တီး ပြုစုမယ်၊ ရေချိုးပေးမယ်၊ ခေါင်းလျှော်ပေးမယ်၊ ခြေဆုပ်လက်နယ် နင်းနှိပ်ပေးမယ်၊ တေးဂီတရှင်တွေ အများကြီး စုပေါင်းပြီး မိခင် ဂုဏ်ပြုတေးဂီတ တစ်ပုဒ်ပုဒ် အတည်ပြု သတ်မှတ်ပြီး လောကကြီး တစ်ခုလုံး ပဲ့တင်ထပ်သွားအောင် လူပေါင်း ထောင်သောင်း ညီညီ ညာညာ စုဝေးပေါင်းဖွဲ့ပြီး ဆိုကြမယ်"

"တော်တော်တော့ မင်းစိတ်ကူးယဉ်တတ်သားပဲ"

"ဟ... သူငယ်ချင်းရ၊ မဟာမင်္ဂလသုတ်တော်ကြီးကိုတောင် စိတ်ကူးယဉ်မိပါတယ်ဆို အမေ့အတွက် ဒီလောက် စိတ်ကူးယဉ်ရတာ နည်းတောင် နည်းသေးတယ်၊ ဗုဒ္ဓမြတ်စွာ၏ စရိယာလုပ်ငန်းစဉ်ကြီး ကိုကြည့်ပါ၊ လောကသုံးပါးမှာ အတူမရှိ၊ အတုမရှိတဲ့ ကျေးဇူးတော် အရှင်, လူသုံးပါးတို့၏ ထွတ်ထိပ်တင်ကြီးပါ၊ ထိုသို့သော ပုဂ္ဂိုလ် မြတ်ကြီး တစ်ဆူကပင်လျှင် မယ်တော်ဟောင်း ဖြစ်ခဲ့တဲ့ သန္တုဿိတ နတ်သားကို ချီးမြှောက်ရအောင် တာဝတိံသာကို အဘိဓမ္မာတရား ဟောဖို့ ကြွတော်မူခဲ့ပါတယ်၊ တို့လို ပေါ်မွှားတွေက ကမ္ဘာကြီး ပြည့်လျှံသွားအောင် ပစ္စည်းတွေနဲ့ ထိုင်ကန်တော့ဦး၊ မတူသေးဘူး၊ ဟုတ်ကဲ့ မဟုတ်လား"

"ဟုတ်ပါတယ်မောင်ရာ၊ မင်းကို အပြစ်တင်နေတာ မဟုတ် ပါဘူး၊ လှိုက်လှိုက်လှဲလှဲမင်းပြောနေပုံကို ကျေနပ်လို့ပါ"

"ဒါကတော့ 'ပြောမယုံ ကြုံဖူးမှသိ' ဆိုသလို ကိုယ်တိုင် ခံစားခဲ့ရမှ အသည်းထိတာကွ၊ မင်းတို့က အထိုက်အလျောက်တော့

http://www.dhammadownload.com



ကျေးဖူးဆပ်ခဲ့ရသေးတယ် မဟုတ်လား၊ ငါ့မှာ မိခင်ကို ရိုရိုသေသေ လုပ်ကျွေးပြုစုနေတဲ့ သားသမီးများကို မြင်ရရင် ကျေနပ်တာရော၊ ကြည်နူးတာရော၊ ဝမ်းသာတာရော၊ ဝမ်းနည်းတာရော၊ မနာလိုတာရော စုံအောင် ခံစားရတယ်"

"မင့်နှယ် မနာလိုတာက ပါရသေးသလား"

"ငါမှ သူတို့လို မပြုစုလိုက်ရဘဲကိုးကွ"

http://www.dhammadownload.com

# မင်္ဂလသုတ် (၆)

## ဘကိုလက်ယာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်

"လူ့ဘုံဌာန၊ ဤလောကဌ်
ဘကိုလက်ယာ၊ မိမှာလက်ဝဲ
အမြဲဆောင်ရွက်၊ ပခုံးထက်တွင်
တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း
ကျေးဇူးဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး"

"ဘယ့်နှယ်လဲ၊ မာတာပိတု ဉပဋ္ဌာနံ – မပြီးသေးဘူးလား"

"မပြီးချင်သေးပါဘူး၊ မိဘအသက်ရှင်လျက် ရှိနေသေးတဲ့ သားသမီးတွေအတွက် ပြောချင်တာ အများကြီးရှိနေပါတယ်။ လုပ်ကျွေးမှုမရှိသေးတဲ့ သားသမီးများကိုလည်း လုပ်ကျွေးလာ ဖြစ်အောင်၊ လုပ်ကျွေးနေကြတဲ့ သားသမီးများကိုလည်း မိမိတို့ ကောင်းမှုကို မိမိတို့က သဒ္ဓါကြည်နူးရှိသည့်ထက် ရှိလာကြရအောင် ပြောချင်ပါသေးတယ်"

http://www.dhammadownload.com



"အေး... ပွဲထဲက လူပြက်ပြောသလိုလည်း ဖြစ်နေဦးမယ်"

"လူပြက်က ဘယ်လို ပြောသလဲ"

"မိဘတို့ရဲ့ မြင်းမိုရ်တောင်ဦး မကကျူးတဲ့ ကျေးဇူးဂုဏ်ကို ဆပ်လို့ မကုန်ပါဘူးလို့ ဆိုတော့ 'ဆပ်လို့ မကုန်နိုင်တဲ့အတူတူ မဆပ်တော့ပါဘူး'လို့ပြက်လုံးထုတ်ကြတယ်လေ၊အခုလည်းပြောလွန်း အားကြီးတာနဲ့ သည်ပြက်လုံးလို သဘောထားသွားလျှင် အခက်"

"လူပြက်ဆိုတာရယ်သီစရာပြောတာပဲ၊ သို့ပေမင့်ရတနာသုံးပါးကို ကိုင်းရှိုင်းတဲ့ ရှေးလူ့ရှင်တော်ပညာရှိကြီးများက ရတနာသုံးပါးနဲ့ပတ်သက်ပြီး အရိအသေကင်းအောင် ပြက်လုံးထုတ်လေ့ မရှိကြပါဘူး၊ အနုပညာမှာလည်း ဂိုဏ်းသင့်လျှင် အကျော်ဒေယျအောင်မြင်ထင်ရှားနေရာက မှေးမှိန်တိမ်မြုပ်ပျောက်ကွယ်သွားတတ်ကြတယ်။ ဒီတော့ သူတို့လည်းအကျိုးမဲ့၊ ပရိသတ်လည်း ကောင်းကျိုးမပေးတဲ့ အပြောအဆို အပြုအမူ အပြအသကို ဆင်ခြင်ကြရမယ်၊ ယဉ်ကျေးမှုဌာနကြီးကလည်း အနုပညာသည် အဖွဲ့အစည်းတိုင်းကို မေတ္တာရပ်ခံသတိပေးနေတာပါပဲ"

"ပဒေသရာဇ်ခေတ်ကဆိုရင် အရေးယူခံရမယ် ထင်တယ်"

"သဘင်ဝန်က 'အာဟက်'တယ်လို့ ကြားဖူးတယ်၊ 'အာဟက်' တယ်ဆိုတာ အပြစ်ပြောတဲ့ ပါးစပ်ကို ဓားနဲ့မွှမ်းတယ်လို့ ဆိုတာပဲ၊ ရတနာသုံးပါးကို ဘယ်လောက် အလေးအမြတ် ပြုကြသလဲ ဆိုရင် ဘုန်းကြီး၊ ရဟန်း၊ ရဟန္တာများအဖြစ်သရုပ်ဆောင်တဲ့အခါမှာ သင်္ကန်းကို အပြည့်အစုံ အစစ် သင်္ကန်းမဝတ်ရဘူး၊ အဝါရောင် အဝတ်တစ်ခုသာ အထိမ်းအမှတ် အနေနဲ့ တင်လွှမ်း သရုပ်ဆောင်ကြရ တယ်တဲ့၊ တို့ခေတ်ကျတော့ အပြည့်အစုံဝတ်မှ သဘာဝကျတယ်လို့ ဆိုလာကြတယ်"

http://www.dhammadownload.com



"ကဲ... မိဘအကြောင်းကို ပြောပါဦး"

"မိဘနဲ့သားသမီး ဆက်ဆံခဲ့ပုံတွေကို ပြန်စဉ်းစား ကြည့်ရအောင်၊ တို့တစ်တွေနဲ့ တို့မိဘပဲဆိုပါတော့၊ တို့ မှတ်မိခဲ့တဲ့ အရွယ်က စ,ရရင် ငါးနှစ်သားလောက်က စ, ပြောရလိမ့်မယ်။ အဲသည့်အရွယ်မှာ တို့တစ်တွေဟာ မိဘကိုသာ အကြောင်းကြခဲ့မြဲကြီးထွားလာခဲ့ကြရတယ်၊ မိဘက ကျွေးသမျှ ဆင်သမျှ စားရ ဝတ်ရတယ်၊ ထားသလိုနေခဲ့ကြရတယ်။ ဒါကြောင့် မိဘကို အားကိုးခင်တွယ်ပြီး အထူးသဖြင့် အမေမှအမေ ထဘီစဆွဲပြီး မျက်စိအောက်က အပျောက်မခံ တမ်းတမ်းစွဲ တွယ်တာခဲ့ကြတယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တာပေါ့၊ အမေပျောက်ရင် ဒေါင်းတောက်အောင် ရှာခဲ့ရ၊ ငိုခဲ့ရတာ ကောင်းကောင်း မှတ်မိနေသေးတာပေါ့"

"မိခင်ကလည်း မျက်စိအောက်က အပျောက်မခံပါဘူး၊ ဘာနဲ့ သဏ္ဌာန်အလားတူသလဲဆိုရင် ကြက်သားအုပ်မကြီးများဟာ အန္တရာယ်နှင့်ကြုံလျှင် သားကလေးများကို သတိပေး ခေါ်လိုက်တဲ့အခါ ကြက်ပေါက်စကလေးများက မိခင်ကြီးရဲ့ ရင်ခွင်အောက်ကို ပြေးဝင်ကြတာပဲ၊ မိခင်ကြက်မကြီးကလည်း အတောင်ကို ဖြန့်ကားပြီး သိမ်းသွင်းထားလိုက်တာပဲ"

"အေး... 'ရင်အုပ်မကွာ' ဆိုတဲ့ စကား အသုံးအနှုန်းဟာ မိခင်ထံက စ, ခဲ့တာပဲဖြစ်မယ်"

"ဟုတ်မယ်... မိခင်တို့ရဲ့ မေတ္တာ ကရုဏာကို ရည်ညွှန်းပြီး ဖြစ်ပေါ် သုံးနှုန်းတဲ့ စကားလုံးတွေ ရှိသေးတာပေါ့၊ 'အမိမဲ့သားရေနည်းငါး' (သားချင်း၊ ဆွေမျိုး၊ ဦးကြီး၊ အရီးတို့ ရှိပေမယ့် အမေမရှိလျှင်ဆင်းရဲရတာ၊ မျက်နှာငယ်ရတာကို ပြောတာ)၊ 'ကံသာအမိ၊ ကံသာအဘ' (ဒါက မိမိပြုသော ကောင်းမှု မကောင်းမှု၏

http://www.dhammadownload.com



ကောင်းကိုးဆိုးကျိုးကိုမလွဲမသွေခံစားရမှာ,အားကိုးရမှာကိုပြောတာ)"

"နောက် ရှိသေးတယ်လေ၊ 'ကျောက သားလည်း သား၊ ရင်က သားလည်း သား' ဆိုတာ"

"ဒါက မျောက်မောင်းမရဲ့မေတ္တာကို ဥပမာပေးတာ၊ မျောက်မောင်းမများဟာ သားငယ်နှစ်ကောင်ရှိလို့ သစ်ပင်တစ်ပင်မှ တစ်ပင်ကို ခုန်ကူးတော့မယ်ဆိုရင် ကျောမှ တစ်ကောင်ကို ပိုးထားပြီး ရင်မှာ တစ်ကောင် ဖက်ထားစေပြီး ခုန်ကူးရတယ်၊ ဒီအခါမှာ ကျောကသား ကိုလည်း ကျ,မကျန်စေရဘူး၊ ရင်ထဲက သားကိုလည်း ကျ,မကျန် စေရဘူး၊ သာတူညီမျှ မေတ္တာထားတာကို ပြောတာ၊ ဒီသဘောမျိုး ပဲ 'တိုင်းသူပြည်သား လူအများကို ရင်ဝယ် သားကဲ့သို့ မခြားအတူ အုပ်ချုပ်တော်မူတယ်' လို့ ဘုရင်များ၏ စကားအစဉ်ရှိတယ်"

"မြတ်စွာဘုရားသော်မှ ဝေနေယျအများကို ရာဟုလာနှင့် မခြား ကရုဏာထားတော်မူတယ်လို့ ဆိုကြတယ်လေ။ ဘုရား ကိုယ်တော်တိုင် ဟောတော်မူတဲ့ မေတ္တသုတ်မှာကြည့်၊ သတ္တဝါအများကို မေတ္တာပို့တဲ့အခါမှာ 'မာတာယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ' တစ်ဦးတည်းသောသားကို ချစ်ခင်ကြင်နာသော မိခင်ကဲ့သို့ ဥပမာ တင်စားတော်မူထားတာဟာ မိခင်တိုင်းရဲ့ မေတ္တာကရုဏာကို အလေးအမြတ် ပြုတော်မူတာ ထင်ရှားတာပေါ့"

"ခလုတ်ထိမှ အမိတ, ဆိုတာလည်း ရှိသေးတယ်လေ"

"အရေးဆိုရင် အမေကိုသာ တမ်းတလိုက်မိတာ သတ္တဝါ တိုင်းပေါ့"

"ဒါကြောင့် 'အမယ်လေး' လို့ အော်မိကြတာပေါ့"

"'သားကိုသခင်၊လင်ကိုဘုရား' (ဒါကဦးစားပြုပြီး မိခင်တို့ က ပြုစုတဲ့ သဘော)။ 'သားကောင်းတစ်ယောက်၊ ကျောက်ကောင်း

http://www.dhammadownload.com



တစ်ခေ့' (လိမ္မာကောင်းမွန်တဲ့ သားတစ်ယောက်ကို မိဘက ပြည့်တန်သော ပတ္တမြားနှင့်နှိုင်းပြီး အမွန်အမြတ် တင်စားတာ)။ မလိမ္မာလို့ ဆိုးပြန်တော့ကော မိခင်တို့က မုန်းရက် သလား၊ မမုန်းနိုင် ရှာကြပါဘူး၊ 'လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ' (ပေတေသည်းခံနေကြရှာတာပါပဲ)။ ဒါကြောင့် 'တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားဆိုး သမီးဆိုးကို ပစ်ရိုး ထုံးစံ မရှိဘူး' ဆိုတဲ့စကားစဉ်ကထင်ရှားရပြန်တယ်။ ဒီစကားပုံအားလုံးဟာ မိဘမေတ္တာ မိခင်အချစ် အမေ့ သံယောဇဉ် စိတ်ထားတွေကို ဖော်ပြတာပဲ။ တို့ကလည်း ငါးနှစ်သား လောက်မှာ မိခင်က လွဲလျှင် အားကိုးရာမရှိဆိုတဲ့ အသိကလေးနဲ့ တစ်ထစ်ချ အားကိုးလာခဲ့ကြတယ်။ အေးငါးနှစ်မှ ကျော်လာလို့ ဆယ်နှစ်လောက် ရောက်လာတဲ့ အခါတွေကျတော့ မိခင်၏ရင်ခွင်ကမ္ဘာမှထွက်စပြုပြီးအိမ်တွင်းအိမ်ပြင် ပတ်ဝန်းကျင် ကမ္ဘာကလေးကို စပ်စုကြည့်လာကြတယ်၊ စူးစမ်းလာကြတယ်၊ မိခင်က ကျွေးတာကို စားပြီး ထားရာမှာ နေခဲ့ရာမှ မိမိစိတ်မိမိကိုယ် လုပ်ကြည့်ချင် လာကြတယ်။ လုပ်လေသမျှလည်း အမှားအယွင်းတွေသာဖြစ်ကုန်တတ်ကြတယ်။ အဲသည်မှာ မိဘက သင်ပြပေးကြရတယ်"

"ဩော်... ဒါကြောင့် 'ရှေးဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ' ဆိုတဲ့ စကား ပေါ်လာရတာကိုး"

"ဟုတ်တာပေါ့၊ ဒီအရွယ်မှာ မိဘနဲ့ ကင်းကွာတဲ့ ကလေးများစွာတို့ဟာ အသွန်အသင်အဆုံးအမ နည်းလမ်းပြပေးတဲ့ အုပ်ထိန်းသူ ကင်းလျှင် ကင်းသလောက် ရုပ်ခန္ဓာ ပျက်စီးနိုင်တယ်၊ စိတ်ခန္ဓာ ပျက်စီးနိုင်တယ်"

"မြန်မာလို ရှင်းရှင်းပြောစမ်းပါကွာ မင်းကလည်း"

http://www.dhammadownload.com



"ဩော်... မင်းကလည်း ရုပ်ခန္ဓာ ပျက်စီးနိုင်တယ်ဆိုတာက ဝဝ ဖြိုးဖြိုး ကျန်းမာတောင့်တင်း ဖြစ်မလာနိုင်ကြဘူး၊ ထိခိုက် အနာတရ မကင်းနိုင်ကြဘူး၊ ကိုယ်အင်္ဂါ မသန်မစွမ်း ချွတ်ယွင်း သွားနိုင်တယ်၊ ဒါမျိုး... ဒါမျိုးပေါ့၊ စိတ်ခန္ဓာ ဆိုတာက ကာယကံ ၊ ဝစီကံ ၊ မနောကံ အမှန်တရားမှာ ဉာဏ်ပညာ တိုးမလာနိုင်ဘူးပေါ့၊ နောင်ကို လူဆိုး လူမိုက် လူသာမည ဖြစ်လာနိုင်တဲ့ အခြေကာလဟာ ဒီအရွယ်ပဲ၊ ပညာရှိ သူတော်ကောင်း လူမွန် လူချွန် ဖြစ်လာနိုင်တာ လည်း ဒီအရွယ် ဒီကာလပဲ၊ ဒါကြောင့် ရှေးဦးဆရာများလို့ ဗုဒ္ဓ မြတ်စွာက ဟောတော်မူထားတာ၊ အဲသည့်စကားကို နိုင်ငံတကာ ပညာရှိကြီးများက သူတို့ဘာသာနှင့် ဖွင့်ဆို ထားကြပုံကို အလျင် အပတ်က ပြခဲ့တယ် မဟုတ်လား၊ 'မိခင်ကောင်းတစ်ယောက်၏ စွမ်းရည်သည် ဆရာပေါင်း မြောက်မြားစွာ၏ စွမ်းရည်နှင့် ညီမျှ၏' ဆိုတာရယ်၊ 'ကြီးကျယ် မြင့်မြတ်သော ပုဂ္ဂိုလ်တိုင်းသည် ထိုကြီးကျယ် မြင့်မြတ်သော အမွေကို သူတို့၏ မိခင်များထံမှ ရရှိခဲ့ကြသည်' ဆိုတာရယ်၊ "လူ့လောက၏ အနာဂတ်သည် မိခင်တို့၏ လက်တွင်း၌သာ တည်ရှိသည်' ဆိုတဲ့ စကားတွေပေါ့"

"အမယ်... ဗုဒ္ဓအရှင်ရဲ့ စကားတော်များသာ ကြားဖူးမထားရင် အခက်ပါပဲလား"

" ဗုဒ္ဓမြတ်စွာက သဗ္ဗညုတဉာဏ်တော်ရှင် အစစ်ကြီးပဲကွာ၊ အဲသည်တော့ အခုပြောတဲ့ ဂုဏ်တွေဟာ မိဘများရဲ့ ကျေးဇူးဂုဏ်တွေပဲ၊ ဒီကျေးဇူးတွေကို အဖန်တလဲလဲသတိရနေမှ မိဘကို လုပ်ကျွေးလိုတဲ့ တကယ့် စေတနာရှိလာမယ်၊ 'ငါကြီးပွားနေတာ ငါတော်လို့' ဟု ထင်နေကြရင် မိဘကို ကျွေးမွေးတဲ့ နေရာမှာ မလွှဲမရှောင်သာလို့ ဝတ္တရားအတိုင်း ကျွေးနေရသလို ထင်လာတတ်တယ်၊ သဒ္ဓါတရား

http://www.dhammadownload.com



မရှိကြတော့ဘူး"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကဲ... ဆက်ပါဦး"

"အဲသလိုနဲ့ တစ်ဆယ့်ငါးနှစ်အရွယ် ရောက်လာပြီ ဆိုပါတော့ကွာ။ ဒီအခါမှာ မိဘက ကျောင်းထား ပညာသင်စေတာကြောင့် အလယ်တန်း၊ အထက်တန်းရောက်ကြပြီ ဆိုပါတော့၊ အိမ်၏ ပတ်ဝန်းကျင် ကမ္ဘာကလေးမှ လောကပတ်ဝန်းကျင် ကမ္ဘာလေးကို ရောက်လာကြရပြီ။ ဗဟုသုတများလည်း ရသင့်သလောက် ရလာကြပြီ။ ကိုယ် လုပ်တာ ကိုင်တာ ပြောတာ ဆိုတာ အတွေးအခေါ် ကလေးများကလည်း အမှား နည်းပါးသလောက် နည်းပါးလာကြပြီ။ ဒီတော့ ဘာဖြစ်လာသလဲ၊ မိဘကို အားကိုးလိုစိတ် လျော့နည်း လာတယ်၊ မိမိကိုယ်ကိုမိမိယုံကြည်ကိုးစားတာကပိုလာတယ်။ မိဘထက် အပေါင်းအသင်းကို ရင်းနှီးလာကြတယ်။ အိမ်တွင်းထက် အိမ်အပြင်ကို ခြေဆန့်လာကြတယ်"

"ဒါကတော့ သဘာဝအတိုင်း ဖြစ်လာတာနဲ့ တူပါတယ်။ ကြက်ဖလေး ငှက်ကလေးများဟာ မြီးကောက်ပေါက်အရွယ် ဆိုရင် မိခင်အနားက ခွာချင်လာကြတာပဲ၊ ပြောင်၊ ဆင်၊ ကျားရဲ၊ နွား၊ ကျွဲတွေများဆိုရင် ဖခင်ရဲ့ခွာရာကို နေ့တိုင်း ကိုယ့်ခွာရာနဲ့ ယှဉ်ယှဉ် တောင်ကြည့်သတဲ့လေ၊ ခွာရာချင်းတူရင် ပြိုင်ကြမယ်ပေါ့"

"အေး.. တို့လူသတ္တဝါတွေမှာလည်း ဒီသဘောမျိုး မသိမသာ ဖြစ်လာတယ်၊ တိရစ္ဆာန်တွေလို ရန်ပြုဖို့တော့မဟုတ်ပါဘူး၊ လောက ဗဟုသုတ အယူအဆ တချို့တလေမှာ မိမိ၏ သဘောနှင့် မိဘ၏ သဘောကို နှိုင်းယှဉ်လာတတ်ကြတယ်။ စောဒက တက်ချင်လာကြတယ်"

"ရိုင်းရိုင်းပြောရရင် ခွာရာချိန်းတိုင်းတဲ့ သဘောပါပဲ"

http://www.dhammadownload.com



"မိဘများကတော့ ဒီလိုမယူဆနိုင်ပါဘူးဗျာ၊ မိမိတို့ သားသမီးကလေးများ ပါးရည်နပ်ရည် ပညာဗဟုသုတကြွယ်ဝလာတဲ့ အကြောင်းသိဒ္ဓိတင်လိုက်ရတာ ဂုဏ်ယူလိုက်ရတာ မပြောနဲ့တော့၊ ကိုယ့်ထက်သာတဲ့ အတိဇာတသားရယ်လို့ ကျေနပ်လို့တောင် နေတတ်ပါသေးဗျား"

"မိဘက ပညာသင်ပေးခဲ့ကြတာက သူတို့ကို ပြန်လည်ကျွေးမွေးဖို့ ရည်ရွယ်ကြတာလား"

"သားသမီးများက ပြန်လည်ကျွေးမွေးဖို့ အဓိက စေတနာမဟုတ်ရှာကြပါဘူး၊ သားသမီးများရဲ့ တစ်သက်တာ ရေ့ရေးကိုမျှော်တွေးပြီး အရင်းအနှီး ပေးလိုက်တာပဲဖြစ်ပါတယ်။ မိဘကို ပြန်ကျွေးတဲ့ သားသမီးဆိုတာ တစ်ရာမှတစ်ယောက်လောက်ကို သန်းရှာသလို ရှာကြည့်ရမှာကို အစကတည်းက သိကြပြီးပါ။ မိမိ သားကလေးသူ့သားမယားကိုရှာကျွေးတဲ့အခါမှာ သက်သက်သာသာ မပင် မပန်းရှာကျွေးနိုင်ပါစေ ဆိုတဲ့ စေတနာက အဓိက ဖြစ်ပါတယ်"

"ဘယ်မိဘပဲဖြစ်စေ ကိုယ့်သားသမီး အိမ်ထောင်ပြုသွားတဲ့အခါမှာတော့ စိတ်ထိခိုက် ခံစားရတာပဲနော်"

"ဟာ ဘယ့်နှယ်ပြောပါလိမ့်၊ ဝေဿန္တရာမင်းကြီး ကဏှာနဲ့ဇာလီကို လှူလိုက်ရသလို နေတာပေါ့၊ ဒီအထဲမှာ မိမိတို့ သဘောမမျှနိုင်တဲ့ လူနဲ့ စွန့်လွှတ်လိုက်ရတာမျိုးဆိုရင် ရင်ဘတ်ကို ခြေနဲ့ကန်ထွက်သွားသလို ခံစားကြရရှာတယ်။ မိခင် ဆိုတာထား၊ ဖခင်များတောင် အများမမြင်အောင် မျက်ရည်သုတ် ကြရတယ်"

"မိဘမှာသာ ဒီလောက်ခံစားနေရတယ်၊ သူတို့မှာကတော့မိဘဆွေမျိုးကို မေ့နေတော့မှာပေါ့၊ ပြောသာ ပြောရတယ်၊ ကျွန်တော်လည်း ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း ပါပဲနော်"

http://www.dhammadownload.com



"ဟုတ်ပါတယ်၊ တို့လည်း ထိုနည်းလည်းကောင်းပါပဲ၊ ကိုယ့်သားမယား ကိုယ့်လင်သားကို ခင်တွယ်ရမှာက သဘာဝပါ၊ လုပ်ကိုင်ကျွေးမွေးရမှာက သဘာဝပါ၊ ဘုရားမြတ်စွာကိုယ်တော်တိုင် အပြစ်တင်တော်မူခြင်း မရှိပါဘူး။ ဒါကြောင့် ပုတ္တဒါရဿ သင်္ဂဟော – လို့ ဟောတော်မူထားတာပါ။ သို့ပေမယ့် မိဘကို မေ့လျော့ကင်းကွာသွားသည် အထိတော့ မဖြစ်စေရဘူး၊ ဒါကို သတိရှိဖို့ အရေးကြီးတာပါ။ 'အဘနှင့် လင်၊ တူပင်မကွာ၊ သေကြရာ၌၊ ဣန္ဒာနတ်ဆေး၊ တစ်လုံးပေးလည်း၊ ကျေးဇူးထွတ်တင်၊ မွေးဘခင်ကို၊ မရှင်စေရာ၊ လင်ကိုသာလျှင်၊ ရှင်ပါစေမူ၊ လျှင်စွာကုလိမ့်' ဆိုတာမျိုး မဖြစ်စေရဘူးလေ၊ ကြွယ်ပိုးကြွယ်ဝ ပစ္စည်းရှိကြတဲ့ မိဘတွေမှာ မဆိုးလှသေးဘူး"

"အတွင်းပစ္စည်းများများ, တိုက်တာ အဆောက်အအုံ များများ, ဘဏ်မှာငွေသားသိန်းနဲ့ချီရှိတဲ့မိဘများဆိုရင် သမက်ကလည်း ရိုသေ၊ ချွေးမကလည်း လေးစားလှပေ့ဗျား"

"သားသမီး အိမ်ထောင်ကျစ ဆိုတော့ မိဘများမှာလည်း အိုအိုမင်းမင်း မဟုတ်ကြသေးပါဘူး။ ငွေကြေးမချမ်းသာနဲ့ဦး၊ လုပ်နိုင်ကိုင်နိုင် အရွယ်တွေမို့ သားသမီးကို မှီခိုဖို့ မလိုသေးပါဘူး။ ကျွေးစရာ ပေးစရာရှိဦး၊ မိဘကသာ ပေးနေလျက်ပါပဲ။ ဒီအထိ စေတနာရှိကြပါတယ်။ အဲ... နှစ်ရှည်လများ စီးပွားကလည်း ဆုတ်ယုတ်၊ အလုပ် မလုပ်နိုင်တော့ဘဲ အရွယ်ကလည်းလွန်၊ မုဆိုးဖို – မုဆိုးမ ဖြစ်လာရတဲ့ အချိန်ကျမှဖြင့် ကောင်းကောင်းကြီး ဒုက္ခ တွေ့တတ်ကြပါရော။ ဒီအချိန်မှာ သားသမီးတွေအလွန်လိမ္မာဖို့အရေးကြီးပါတယ်"

"ဟုတ်လိမ့်မယ်၊ 'မာတာပိတု ဥပဋ္ဌာနံ' ဆိုတာ သည်အခါကို ဘုရားက ဆိုလိုတော်မူဟန် တူတယ်။ 'ယောက္ခမအိမ်ထက် သမက်

http://www.dhammadownload.com



သဖွယ် မျက်နှာငယ်' လို့သာ စကားပုံ ရှိပေမယ့် ပျိုပျို ရွယ်ရွယ် သမက် ယောကျ်ားကလေးထက် အိုအို မင်းမင်း ယောက္ခမအနေနဲ့ သမက်၊ ချွေးမတို့အိမ်မှာ အတူနေရတာက မသဒ္ဒါ မကြည်ဖြူလျှင် သိပ် စိတ်ဆင်းရဲကြမှာပဲ၊ တခြားကို ထွက်သွားပြီး လုပ်ကိုင်စားဖို့ ကလည်း မလွယ်"

"ရှင်မဟာမောဂ္ဂလာန် အလောင်းတော်ကြီး ဘဝက မိန်းမရဲ့ အလိုကို လိုက်ပြီး မိဘ မျက်မမြင်တွေကို တောထဲခေါ်ထုတ်ပြီး ခိုးသား ဓားပြယောင်ဆောင် ရိုက်သတ်သေးတာပဲ၊ နောက်မှ သတိရလို့ မသေကြရှာတာ"

"မိဘနှင့်ပတ်သက်လို့ဖြင့် 'ပြောပါများ မယားစကားအောင်' မဖြစ်မှ တော်မယ်။ မိမိမှာ သားသမီး ရလာတဲ့အခါ မိဘမေတ္တာကို ကိုယ်ချင်းစာ နိုင်ကြမယ် ထင်ပါတယ်"

"အမယ်လေး၊ ဝေးလိုက်တာ၊ ကိုယ့်ဥမှ ကိုယ့်ဥ၊ ကိုယ့်သားသမီးမှ ကိုယ့်သားသမီး၊ ဆတ်ဆတ်တုန်ပြီး နေတာတွေ အများကြီး တွေ့နေရတယ်၊ ဒါကိုပဲဘိုးအေ၊ ဘွားအေက မျက်နှာလို မျက်နှာရ 'သမီးအချစ် မြေးအနှစ်' ဆိုပြီး ထိန်းကျောင်းနေရတာ ကလေးထိန်း နာနီကြီးတွေ ဖြစ်နေရရှာရော၊ တစ်အိမ်လုံးမှာ ကိုယ့်ဩဇာ ကိုယ့်အာဏာ ဘာမှမရှိ၊ သားသမီး သမက်၊ ချွေးမတို့ မျက်နှာ ကြည့်နေရတာပါပဲ၊ ညှော်သည်လာလို့မှ စကားဝင်ပြောတာ မကြိုက်၊ ထမင်းတောင် တစ်ဝိုင်းတည်းဝင်မစားရ၊ တဖြည်းဖြည်းနဲ့မီးဖိုနားကအခန်း ကလေးထဲအိပ်ရ၊ နေရ၊ ကိုယ့်သားသမီးကလေးများ ဖျားမယ်၊ နာမယ်၊ ထိခိုက် ဒဏ်ရာ ရမယ်ဆိုရင် တစ်အိမ်လုံး မျက်ကလဲဆန်ပျာ ဖြစ်တတ်သလောက် မိဘဖျားနာမယ်ဆိုရင် မြန်မြန် ဆေးရုံ တင်ချင်ကြတော့တာပဲဗျား၊ ဆေးရုံမှာဆိုတော့ တစ်နေ့မှတစ်ခေါက် တစ်နာရီ

http://www.dhammadownload.com



လောက် သွားတွေ့ရင် ပြီးတာပဲ၊ ကိုယ့်သားသမီးလို ယုယု ယယဖ ချေးကလူသေးကလူ မပြုချင်ကြတော့ပါဘူး၊ အပြောကတော့ ဆေးရုံမှာက ဆရာဝန်၊ ဆရာမတွေနှင့် နီးနီးနားနားမို့ စိတ်ချရ သတဲ့လေ"

"အေး... ကိုယ့်ကို ငယ်ငယ်က မိဘက ပြုစုခဲ့တာတွေ မေ့ကုန်ကြပြီနဲ့တူတယ်"

"ဒါကြောင့် မိဘကျေးဇူးမေတ္တာတို့ကို အဖန်ဖန် ပွားများ သတိတရား ရှိနေဖို့ လိုတယ်လို့ ပြောတာပေါ့ကွာ၊ ကျေးဇူးတွေကို ပြန်ဆင်ခြင်နိုင်မှ ကြင်နာစိတ် ပေါ်တတ်ကြတယ်"

"တချို့သားသမီးများက ဂုဏ်ငယ်တဲ့မိဘကို ဂုဏ်ငယ်တယ်၊ ရောဂါဝေဒနာဖြစ်မယ်၊ ကိုယ်အင်္ဂါချို့တဲ့မသန်မစွမ်းဖြစ်မယ်၊ သူငယ်ပြန်တယ်ဆိုရင် အရှက်တော်ပွားတတ်သေးတယ်။ နောက်ဆုံး ဆေးရုံပေါ်ရောက်နေတာပဲကောင်းပါတယ်ကွာ"

"အေး... ဆေးရုံပေါ်က မိဘကဖြင့် သေခါနီးတောင် သားသမီးမစုံရင် ဖြောင့်ဖြောင့်မသေနိုင်လို့ စောင့်ရှာကြသေးတယ်။ နောက်ဆုံး အချိန်အထိ သားသမီး မျက်နှာကိုကြည့် သေချင်ရှာ ကြတယ်။ ဒီအခါမှာ မျက်ရည်ကလေး တစ်ပေါက် နှစ်ပေါက်ကျပြီး ကိုယ့်စိတ်ကိုယ် ဖြေနိုင်ကြတယ်လေ၊ 'အသက်က သေပျော်ပါပြီ' တဲ့ ကုန်ရော"

"မင့်စကားတွေ နားထောင်ရတာ စိတ်မချမ်းသာလိုက်တာ"

"ကိုယ်တိုင်ခံစားရတဲ့ အဖေ အမေတို့က ပိုဆိုးကြမှာပေါ့ကွာ၊ ငါ အခုပြောတာတွေဟာ တို့ မျက်စိအောက်မှာ မြင်နေရတာတွေထက် ပိုပြောနေတာ မဟုတ်ပါဘူး"

"အင်း... ကဗျာဆရာတင်မိုး ရေးသလို တို့မှာ မိခင်အရင်း မရှိကြလေတော့ မိခင်အရွယ်တွေကို မိခင်အမှတ်နဲ့ ကြင်နာ သနားပြီး ကူညီကြဖို့ပဲကောင်းတယ်။ ဒီလိုပြုရင် အပြုခံ သက်ကြီးရွယ်အို

http://www.dhammadownload.com



အမေလို တစ်ဖက်သားမှာလည်း စိတ်ချမ်းသာမယ်၊ ပြုရတဲ့သူမှာလည်း ကြည်နူးရမှာပဲ"

"အင်း... မင်းက ဒီလိုပြောတော့ အနောက်ဂျာမနီမှာ ခံစားခဲ့ရတဲ့ အတွေ့အကြုံကလေးကို သတိရမိတယ်"

"လုပ်ပါဦး၊ အဲသည့်ခရီးသွားဆောင်းပါးကို မင်းမရေးဘူးနော်"

"မရေးဖြစ်ပါဘူးကွာ"

"ဘာဖြစ်လို့ မရေးဖြစ်တာလဲ"

"ရေးစရာ အကြောင်းစပ်မိမှ ရေးလို့ကောင်းတာကလားကွာ"

"ဒါဖြင့် အခု အကြောင်းစပ်မိလာတာမို့ ပြောကွာ"

"ပထမဆုံးပြောချင်တာက ဆိုရှယ်လစ် နိုင်ငံများကို နှစ်ခေါက် နှစ်ခါ သွားရတုန်းက အေဝမ်းဦးတင်မောင်နဲ့ ငါတို့ နှစ်ယောက် မြန်မာ အဝတ်အစားနဲ့ သွားပြီး မြန်မာအစားအဝတ်နဲ့ ပြန်ခဲ့ကြတယ်"

"လူတွေက ဝိုင်းကြည့်ကြမှာ မရှက်ဘူးလား"

"ဝိုင်းအကြည့်ခံရအောင် တို့က လူရိုင်းတွေမို့လား၊ ဝိုင်းကြည့်လောက်အောင် သူတို့နိုင်ငံသားတွေကကော လူရိုင်းတွေမို့လို့လား။ ရှက်စရာဆိုတာက တို့မြန်မာလူမျိုးဟာနိုင်ငံတကာအလယ်မှာ သိမ်ငယ်တဲ့ အမျိုးမို့ ရှက်ရမှာလား၊ ငါကတော့ ဒေါင်းတွေကြားမှာ ကျီးက ဒေါင်းယောင်ဆောင်ဖို့သာ ရှက်တယ်။ ဒါကြောင့် တို့ရိုးရာ အဝတ်အစားကိုပဲ ဝတ်သွားတဲ့အပြင် တို့မြန်မာရိုးရာ ယဉ်ကျေးမှုကိုလည်း တတ်နိုင်သမျှ ပေါ်လွင်အောင် ကျင့်သုံး ပြမယ်လို့ သတိထားခဲ့တယ်။ တိုတိုပြောကြပါစို့ကွာ။ ဆိုရှယ်လစ်နိုင်ငံများက ရုပ်ရှင်လုပ်ငန်း ဗဟုသုတတို့ကို လေ့လာရအောင် ဗဟိုရုပ်ရှင်မှ ဦးမြင့်စိုးက ခေါင်းဆောင်၊ ရုပ်ရှင်ကော်ပိုရေးရှင်းမှ ကိုညီညီက အတွင်းရေးမှူး၊ ငါနဲ့ ဦးတင်မောင်က အဖွဲ့ဝင်ပေါ့။ ၁၉၆၆ ခုနှစ်မှာ သွားကြရတယ်။

http://www.dhammadownload.com



မင်းတို့ကြားတဲ့အတိုင်း ပထမ အခေါက်မှာ ခရီးစဉ် ကမောက်ကမနဲ့ အနောက်ဂျာမနီ ဘွန်းမြို့ကို ရောက်သွားတယ်။ အစီအစဉ်မဟုတ်ဘဲ ဝင်နားကြရတာဖြစ်လို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် 'ဟိုတယ်–အက်ဒလာ' ဆိုတဲ့ ပုဂ္ဂလိကပိုင် ဟိုတယ်သေးသေးကလေးတစ်ခုမှာ တည်းခိုကြရတယ်။ ဟိုတယ်ကလေးက မိသားစု ဖွင့်ထားတဲ့ ဟိုတယ်ကလေးပါ။ မန္တလေး ထွန်းလှဟိုတယ်လောက်တောင် မကြီးပါဘူး။ လုပ်ကိုင်နေတာတွေ့ရတာဖြင့် အသက်ခြောက်ဆယ်ကျော် အဘိုးကြီး အဘွားကြီးရယ်၊ သမီးလားမြေးလားမသိတဲ့ မြီးကောင်ပေါက်သာသာ မိန်းကလေးရယ်၊ ဒါပဲ။ နံနက်မှာ လက်ဖက်ရည်နဲ့ ပေါင်မုန့်ပေးလို့ ထမင်းစားခန်းကလေးမှာ သွားပြီး စားသောက်ကြရတယ်။ တည်းခိုသည့်သည်က တို့အပြင် ဆယ်ယောက်လောက်ပဲရှိတယ်။ အဲသည်မှာ လက်ဖက်ရည်နဲ့ ပေါင်မုန့်ကို စားပွဲတိုင်း လိုက်ချပေးနေတာက အဘွားကြီး၊ အဘိုးကြီးက မီးဖိုထဲကလုပ်ပေးနေရပုံပါပဲ။ သမီးကလေးကတော့ နေမြင့်မှ အိပ်ရာက ထ,ဟန်တူတယ်၊ လာပြန်တော့လည်း ဧည့်ကြိုစားပွဲမှာ သွားထိုင်ပြီး ဒူးကလေး တနန့်နန့်နဲ့ ကက်ဆက်ဖွင့်ပြီး ခေါင်းမိန်ကျနေတာပါပဲ"

"သူတို့မှာ မိဘကိုကူညီရကောင်းမှန်းမသိကြဘူးလားကွာ"

"သိတဲ့လူလည်း ရှိချင် ရှိလိမ့်မယ်။ အများအားဖြင့်တော့ နေစိမ့်တာ များပါလိမ့်မယ်။ ဒီအခြေအနေကို မြင်နေရတော့ အဘွားကြီးကို အမေချင်းစာမိတယ်။ နောက်တစ်မနက်ကျတော့ တို့စားပွဲကို မနိုင်မနင်းယူလာရှာတဲ့ လက်ဖက်ရည်ပွဲကို ငါက ထ, ကြိုယူမိတယ်"

"အေး. . . ဒီတော့ သူ့ခမျာ ကျေးဇူးတင်ရှာမှာပေါ့"

"ဟေး.. ဟေး.. ကျေးဇူးတင်မှာထားလို့ ငါ့ကို ပြောက်လိုက်တာ၊ 'မင့်နေရာမှာသာ မင်းနေပါ၊ သူများရသလို မင်းတို့လည်း ရပါစေမယ်' တဲ့။ အံ့ရော"

http://www.dhammadownload.com



"ဟောဗျာ . . . စေတနာကို မသိဘဲကိုးနော်"

"သူတို့ဆီမှာ ဒါမျိုးတွေ မရှိဘူးလေ၊ ပိုက်ဆံပေးစားတဲ့ လူက ခန့်ခန့်ပဲပေါ့။ နောက်ပြီး ငါကလည်း ပုဆိုးကြီး ကိုးရိုးကားရားနဲ့မို့ မျက်စိနောက်တာလည်း ဖြစ်ပုံရပါတယ်"

"ဟား . . . ဟား . . . မင်းသောက်ရှက်ကွဲရောပေါ့လေ"

"မကွဲပါဘူး၊ မြန်မာအဝတ်အစားကို ဝတ်သွားကတည်းက မြန်မာလူမျိုးနဲ့ မြန်မာ့ယဉ်ကျေးမှုကို တတ်နိုင်သမျှပေါ်လွင်စေရမယ် ဆိုတဲ့ အဓိဋ္ဌာန်နဲ့ ခန္တီနှင့်မေတ္တာကို အမြဲ နှလုံးသွင်းထားတာပဲဟာ၊ ဘာရမလဲ"

"ဒီတော့ မင်းက ဘာပြန်ပြောသလဲ"

"ခွင့်လွှတ်ပါ မာမာလို့။ (မာမာဆိုတာ ဂျာမနီလို မေမေပေါ့ကွာ) 'ကျွန်တော်တို့ဟာ မြန်မာလူမျိုးများဖြစ်ကြပါတယ်။ ကျွန်တော်တို့ ထုံးစံမှာ မိဘနှင့် သက်ကြီး ရွယ်အိုများက 'စားပွဲထိုး' ပေးတဲ့ အစားအသောက်များကို လူငယ်များက စားရင် အပြစ်ရှိ ပါတယ်။ ဒါကြောင့် အမေ့လက်ထဲက ထ,ယူရတာပါ'လို့ ပြောတာပေါ့၊ ဒီတော့ ငါ့အဝတ်အစားနဲ့ ဦးတင်မောင်ရဲ့ အဝတ်အစားကို ဂရုတစိုက်ကြည့်တဲ့ပြီး 'သြော် မြန်မာပြည်ဆိုတာ ကြားဖူးပါတယ်' လို့ ပြောပြီး တို့စားပွဲမှာ ဝင်ထိုင်ပြီး မြန်မာပြည်အကြောင်း စပ်စုတော့တာပါပဲ၊ ဦးမြင့်စိုးနဲ့ ဦးတင်မောင် တို့ကလည်း မြန်မာ့ယဉ်ကျေးမှု ထုံးစံတွေကို ပြောပြတယ်။ ကိုညီညီ ကတော့ အရွှန်းပြောတတ်လို့ အဘွားကြီးက တဟားဟားနဲ့ပေါ့။ အဘွားကြီးက ပြောလိုက်သေးတယ်၊ 'မင်းတို့တိုင်းပြည်က မိဘတွေကကံကောင်းတာပေါ့' တဲ့။ နောက်တစ်နေ့ မနက်ကျတော့ ထမင်းစားခန်းထဲ လက်ဖက်ရည်ပွဲ ယူလာရာက လှမ်းခေါ်တော့တာပါပဲ၊ 'ဟေ့ . . . သား၊ မင့် 'အမေ'

http://www.dhammadownload.com



ကို လာကူလှည့်ပါလား'တဲ့လေ။ ဦးတင်မောင်တို့က ဝိုင်း ရယ်ကြတယ်။ သည့်ပြင် ဧည့်သည်တွေကလည်း လှည့်ကြည့်ကြတယ်။ ငါကလည်း အသွားကြီးလက်ထဲကလက်ဖက်ရည်ပွဲကို သွားယူ တာပေါ့၊ အဲသည်အခါမှာ အမယ်ကြီးက ကြည့်နေကြတဲ့ အခြား ဧည့်သည်တွေကို ကြွားပြုံးကလေးပြုံးပြလိုက်ပြီး ငါ့နောက်က ခုံခုံညားညား ရှင်ရှင်ပျပျနဲ့ လိုက်လာတယ်၊ လက်ဖက်ရည်ပွဲမှာ အပိုပါလာတာကတော့ ကြက်ဥပြုတ် လေးလုံး၊ ဟဲ . . . ဟဲ"

"ဟား . . . ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့တုံး"

"ဒါကို ပြောချင်တာပေါ့။ မေတ္တာ စေတနာ ဆိုတာ ကိုယ်က မိခင်လို ကြင်နာတဲ့ အပြုအမူသာပြရင် တစ်ဖက်သားကလည်း သားလို သွေးလို တတ်နိုင်သလောက် သဒ္ဒါစိတ် ပေါက်လာတတ်တယ်။ နောက်... အဘိုးကြီးပါ လိုက်လာပြီး တို့စားပွဲမှာ မြန်မာပြည်အကြောင်း စပ်စုလိုက်တာ စုံရော၊ ကမ္ဘာ့စီးပွားရေး အခြေအနေကြောင့် ပုဂ္ဂလိက ဟိုတယ်လေးတွေမှာ အရင်ကလို မီးခြစ် ဆပ်ပြာကအစ ထောပတ် တောင်များများ မပေးနိုင်ကြတော့ဘူး၊ ဒါပေမဲ့ တို့အတွက်ကဖြင့် အလျှံပယ်ပါပဲမောင်ရာ၊ ကိုညီညီကဖြင့် မီးခြစ်ကုန်နေတိုင်း 'ဆရာ အမေကြီးဆီ သွားတောင်းပေးပါဦး' လို့ ပူဆာတတ်တယ်။အဲသည့် ဟိုတယ်ကလေးမှာ ခုနစ်ရက်လောက် နေခဲ့ရတယ်။ အဲသည့်တုန်းက သံအမတ်ကြီးဦးလွင်က ကိုယ်တိုင်လာလာခေါ်ပြီး သူ့အိမ်မှာ မနက်စာ ရော ညစာပါ နေ့တိုင်းမြန်မာထမင်းကျွေးတယ်။ ကမ္ဘာမှာ လွတ်လပ်သော နိုင်ငံ တစ်နိုင်ငံအနေနဲ့ မိမိတို့ တိုင်းပြည်၊ မိမိတို့လူမျိုး၊ မိမိတို့ ယဉ်ကျေးမှုကိုဖော်ပြရတာဟာအလွန်ဂုဏ်ယူစရာကောင်းပါတယ်"

"ဟုတ်တာပေါ့ကွာ၊ အဲသည့်အခေါက်ကတော့'ဘွန်း' ကပဲ မင်းတို့ ပြန်ခဲ့ရတယ် မဟုတ်လား"

http://www.dhammadownload.com



"'ဘွန်း'ကပဲပြန်ခဲ့ရပါတယ်၊ ခုနစ်ရက်လောက်နေပြီး အဘိုးကြီး အဘွားကြီးကို နှုတ်ဆက်တော့ မျက်ရည်လည်ရွဲ ဖြစ်ရှာကြတယ်။ နှုတ်ကလည်း ပြောလိုက်သေးတယ်။ မင်းတို့နဲ့ ခွဲရတာဟာ ဟိုတယ်မှာလာတည်းတဲ့ 'ဖောက်သည်'ဧည့်သည်များပြန်သွားလို့ နှုတ်ဆက်လိုက်ရတာမျိုး၊ ခံစားရတာမျိုး မဟုတ်ပါဘူး' တဲ့။ 'ကိုယ့်သားကလေးတွေ နိုင်ငံရပ်ခြားကိုထွက်သွားကြသလို ခံစားရပါတယ်'တဲ့။ 'မင်းတို့ကို အခုမှ ဖွင့်ပြောလိုက်ပါမယ် ငါတို့ သားနှစ်ယောက်ဟာ ဒုတိယ ကမ္ဘာစစ်ကြီးမှာ ကျဆုံးခဲ့ရတာမို့ ဝမ်းနည်းနေရတာ အရှိန်မပြေသေးပါဘူးတဲ့ဗျာ"

"ဩော်... သူတို့ခမျာ သနားပါတယ်ကွာ၊ ဒါကြောင့် မင်းက အမေလို ဆက်ဆံတာကို သိလိုက်ရတော့ မိခင်စိတ်က နိုးကြားလာပြန်တာကိုး"

"အဲဒါကြောင့် ကဗျာဆရာ တင်မိုးရဲ့ အမေစားရှာလို့ ချစ်ကြင်နာပါတော့မယ်ဆိုတဲ့ ကဗျာက အသည်းခိုက်စေတာပေါ့ မောင်ရာ၊ ဒီတော့ ဒီမိဘနှစ်ပါးကို သက်ရှိထင်ရှား ရှိနေကြသေးတဲ့ သားသမီးများ မိဘကို မငြိုမငြင် ကြည်ကြည်ဖြူဖြူ လုပ်ကျွေးကြစမ်းပါ။ သက်ကြီးရွယ်အိုတို့ရဲ့ စိတ်ဓာတ် အခြေအနေတို့ကိုလည်း အလိုက်သိစွာ အလေးဂရုပြုပေးကြပါလို့ ပြောချင်တယ်"

"သက်ကြီးရွယ်အိုတို့ရဲ့ စိတ်ဓာတ်က ဘယ်လိုဖြစ်လာလို့လဲ၊ ပြောစမ်းပါဦး"

"အသက်ကြီးလွန်းလာတဲ့ အခါမှာ ကလေးသူငယ် စိတ်ဓာတ်မျိုး ပြန်ဖြစ်လာတတ်ကြတယ်၊ အားငယ် တတ်တယ်၊ ဝမ်းနည်းလွယ်တယ်၊ကြောက်ရွံ့တတ်တယ်၊ ချော့မော့ဖျောင်းဖျ ယုယတာကို လိုလားတယ်၊ ဟိုဟာကလေးစားချင်၊ သည်ဟာကလေးစားချင်၊

http://www.dhammadownload.com



စားပြန်တော့လည်း နည်းနည်းကလေး၊ တစ်ခါတစ်ရံ စိတ်ကောက်ချင်တယ်။ ချေးများချင်တယ်၊ စကားများချင်တယ်၊ တောက်တိုမည်ရ အလုပ်ကလေးတွေ ကိုယ်တိုင်လုပ်ချင်တယ်၊ လုပ်နေရမှလည်း ကျေနပ်တယ်၊ မကြာမကြာလည်း ဆာတတ်တယ်၊ သူများအကြောင်းကို တိုင်ချင် တောချင်တယ်၊ ပြောသမျှကိုလည်း အရေးတယူ နားထောင်မှ ကြိုက်တယ်၊ ရေချိုးရမှာ ပျင်းတယ်၊ သန့်သန့် ရှင်းရှင်း နေချင်မှလည်း နေတယ်၊ ဒါမျိုး – ဒါမျိုး ကလေးတွေပေါ့"

"သြော်... သိပြီ၊ အဲသည့်နောက်တော့ သူငယ် ပြန်တော့တာပဲ မဟုတ်လား"

"ဟုတ်တာပေါ့၊ စိတ်ဓာတ် အခြေအနေ ပြောင်းလာသလို ရုပ်ဓာတ် အခြေအနေပါ ပြောင်းလာတဲ့အတွက် သက်ကြီးရွယ်လွန်များကို ဆေးတိုက်တဲ့အခါလည်း လူကြီးရဲ့ 'တစ်ဝက်စာ' ပဲ ကျွေးရတော့တယ်။ ကျန်းမာရေးမှာလည်း ငယ်ငယ်တုန်းက အတိုင်းလို ချူချာလာတတ်တယ်၊ ဝမ်းပျက်တတ်တယ်၊ လေထိုးတတ်တယ်၊ 'ဒါမျိုးတွေဟာ မိအို ဖအိုတို့ရဲ့ သဘာဝပါကလား' လို့ သိမထားလျှင် 'သည်းခံချင်စိတ်' မရှိတတ်ကြဘူး၊ လူနာကြီးကို အိမ်ပေါ်တင်ထားရသလို၊ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းထားရသလို တာဝန်ကြီးတစ်ခုလို့ ထင်နေတတ်ကြတဲ့အတွက် အနိစ္စရောက်သွားတဲ့အခါ ဝမ်းနည်းတဲ့စိတ်ထက် တာဝန် ပေါ့သွားပြီဆိုတဲ့ စိတ်ကြောင့် 'အသက်ကလည်း ကြီးပြီလေ၊ သေပျော်ပါပြီ' လို့ ကိုယ့်ကိုယ်ကို တရားချနိုင်ကြတာပေါ့"

"အင်း... မင်းကတော့ စစ်စစ်ပေါက်ပေါက် အပြောတတ်သား၊ ဒီနေရာမှာ ငါစဉ်းစားမိတာ တစ်ခု ပြောရဦးမယ်။ မိဘကို လုပ်ကျွေးပြုစု၊ အိမ်ဦးမှာတင်ထားဖို့အရေးမှာ သားဆိုလည်း မိမိကိုယ်တိုင်က အမေကို လိုလိုချင်ချင် ရှိသေမြတ်နိုးပြမှ ချွေးမကပါ ရှိသေလာ

http://www.dhammadownload.com



မယ်၊ သမီးဆိုလည်း ကိုယ်ကရှိသေမှ သမက်ကပါ ရှိသေလာမယ်၊ မိမိကိုယ်တိုင်က ပေါ့ပေါ့ဆဆ လုပ်နေရင် သူ့စိမ်းကို သိမ်းသွင်း စည်းရုံးလို့ ဘယ်ရနိုင်မှာလဲနော်"

"ဒါ… အမှန်ဆုံးပေါ့ ကိုရင်ရယ်၊ အရင်းလဲမှ အဖျားထင်း ဖြစ်တော့မယ်ပေါ့။ ကိုယ်က ရာနူန်းပြည့် စေတနာပါရှိမှ သူစိမ်းက ငါးဆယ်ရာခိုင်နှုန်းလောက် တင်ပေလိမ့်မယ်။ ကဲ… တို့နှစ်ယောက် 'မာတာပိတု ဥပဋ္ဌာန်' မှာ အတော်ကြီး ရှည်လျား ထွေပြား လာခဲ့ကြပြီ၊ နိဂုံးချုပ်ကြစို့ရဲ့။ ပုတ္တဒါရသဿ အပိုင်းကျတော့လည်း လင်နဲ့ မယား ချစ်ကြ ခင်ကြ ကြင်နာကြစရာလေးတွေကို ဗုဒ္ဓ အလိုတော်ကျအတိုင်း သိဂါလ ရသ ဖွင့်ကြသေးတာပေါ့"

"အချစ်သဘာဝ ကလေးတွေလား၊ ဟဲဟဲ"

"အေး… မင်းပြောချင်သလိုပြော၊ သဗ္ဗညုတ ဗုဒ္ဓသခင်တော့ လောကီရေးရာမှာလည်း အကြွင်းမရှိ သိတော်မူတယ်၊ ဟောတော်မူတယ်။ နောက်ဆုံး အနေနဲ့ ပြောချင်တာက ဒုလ္လဘတရား ငါးပါး ရှိတယ်လို့ ဘုရားကိုယ်တော်မြတ်က ဟောတော်မူတယ် . . .

(၁) ဘုရားပွင့်တော်မူတဲ့ခေတ်ကို ကြုံဖို့ ခဲယဉ်းတယ်၊

(၂) လူ့အဖြစ်ကို ရဖို့ ခဲယဉ်းတယ်၊

(၃) ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည်သည့် သဒ္ဓါတရား ပြည့်ဖို့ ခဲယဉ်းတယ်၊

(၄) ရဟန်းဖြစ်ဖို့ ခဲယဉ်းတယ်၊

(၅) သူတော်ကောင်းတရား ကြားနာ နှစ်ခြိုက်ဖို့ ခဲယဉ်းတယ်၊

အဲသလိုပဲမိဘကို လုပ်ကျွေးပြုစုနိုင်ဖို့ အခွင့်အရေးကလည်း ဒုလ္လဘငါးပါးရှိတယ်လို့ တွေးမိပါတယ်။

http://www.dhammadownload.com



(၁) ကျွေးမွေးရကောင်းမှန်း သိတတ်တဲ့စေတနာ၊
(၂) ကျွေးမွေး နိုင်လောက်အောင် ရှိတတ်သမျှ မိမိ၏ အခြေအနေ၊
(၃) မိဘက ကိုယ့်ထံလာရောက် မှီခိုဖို့ အခြေအနေ၊
(၄) မိမိကျွေးသမျှ ခံစားသုံးဆောင်နိုင်သေးတဲ့ မိဘအခြေအနေ၊ (သတိလွတ်ကင်းပြီး သူငယ်ပြန်နေမှ ကျွေးရရင် မကောင်းတော့ဘူး၊)
(၅) မိဘများ အသက်နှင့်ကိုယ် မြဲနေသေးသည့် အချိန်၊ အဲသည့် ဒုလ္လဘငါးပါးနဲ့ မပြည့်စုံလို့ ကျွေးမွေးသင့်တဲ့ အချိန်အခါမှာ မကျွေးမွေးလိုက်ရဘဲ ကွယ်လွန်ကြမှ နောင်တကြီး ရနေတာလောက် ဗန်းရှုံးတာ မရှိတော့ပါဘူးဗျာ”

မိခင်ဘခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့
ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊
လုပ်ကျွေး ခ,ယ၊ ရိုတုပ်ကွလျက်၊ ကြီးထ သက်အို၊
မျိုးဆွေကိုလည်း၊ ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍
ခပ်သိမ်းမယွင်း ငြိမ်းစေမင်း။

(လောကသာရ ဆုံးမစာ)

http://www.dhammadownload.com

# မင်္ဂလာသုတ် (၇)

## လုပ်ကျွေးခြင်းနှင့် ထောက်ပံ့ခြင်း

"ကဲ... 'မာတာပိတု ဥပဋ္ဌာနံ' အကြောင်းကို ခပ်များများ ဆွေးနွေးခဲ့ပြီ၊ အခု 'ပုတ္တဒါရဿ သင်္ဂဟော' ကို ဆက်ကြရအောင်"

"နေပါဦး၊ မိဘကိုလည်း လုပ်ကျွေးရမယ်၊ သားမယားကိုလည်း လုပ်ကျွေးရမယ်ဆိုတဲ့ စကားနှစ်ခုမှာ မြန်မာလိုတော့ တူနေပြီး ပါဠိလိုကျတော့ 'ဥပဋ္ဌာနံ' နဲ့ 'သင်္ဂဟော' လို့ ကွဲပြား နေတယ်နော်"

"ဥပဋ္ဌာနံဆိုတဲ့ပါဠိကတော့ ဆည်းကပ်ခြင်း၊ ခ,စားခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ လုပ်ကျွေးခြင်းလို့ ဂါရဝတရားနှင့် မကင်းသော အဓိပ္ပာယ်ဖြစ်တယ်။ သင်္ဂဟဆိုတဲ့ပါဠိက ချီးမြှောက်ခြင်း၊ ထောက်ပံ့ခြင်း လို့ ခင်မင် တွယ်တာ ကြင်နာတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်"

"အမယ်... ပါဠိစကားက ပိုပြီး တိကျပါကလား"

"တိကျရုံ ဘယ်ကမလဲ၊ ပိုပြီး ကျယ်ပြန့် နက်ရှိုင်း လှပ နေပါသေးတယ်။ ဒီလို ကွဲပြားတာကို သိလျှင် စေတနာထားတတ်ဖို့ပါ

http://www.dhammadownload.com



နားလည်လာနိုင်မှာပေါ့။ မိဘကို ရိုသေစွာ လုပ်ကျွေးမှ အကျိုးရှိနိုင်သကဲ့သို့ သားမယားကိုလည်း ခင်မင်ကြင်နာစွာ လုပ်ကျွေးမှ အကျိုးရှိပေလိမ့်မယ်"

"လင်မယားလို့ဆိုကတည်းက ခင်မင် ကြင်နာဖို့တော့ ပြောဖို့ မလိုတော့ဘူး ထင်ပါရဲ့"

"ဟုတ်ပါ့မလား သူငယ်ချင်း"

"ခွာပြဲသွားကြတဲ့ လင်မယား တချို့တော့လည်း ရှိတာပေါ့ကွာ"

"မကွဲမကွာဘဲနဲ့ ပေါင်းသင်းနေကြတဲ့ လင်မယားတိုင်းမှာကော အိမ်ထောင်ရေး သာယာမှု ရှိကြရဲ့လား"

"အေး အားလုံးကိုတော့ ဝန်မခံနိုင်ပြန်ဘူး၊ တချို့ အိမ်ထောင်များမှာ သဘောချင်း မတိုက်ဆိုင်လျက်နဲ့ ဂုဏ်ထူး ရာထူး အရှိန်အဝါကြောင့်၊ သားသမီးများကို ထောက်ညှာတာတာကြောင့်၊ ပစ္စည်းပစ္စယကြောင့် 'ဥမကွဲသိုက်မပျက်'နေနေကြတာမျိုးတော့လည်း ရှိတတ်ပါရဲ့"

"ဒီလိုဆိုတော့ စေတနာက ပေါ့ပျက်ပျက်၊ တာဝန်ဝတ္တရားကြောင့်သာ လုပ်ကိုင်ကျွေးမွေးနေရသလို ရှိနေတော့မှာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့"

"ဒါဖြင့် အဲသည့်လင်မယားမှာ အိမ်ထောင်သာယာမှု ဘယ်ရှိတော့မှာလဲ"

"အိမ်ထောင်သာယာမှု မရှိတော့လည်း တစ်ကိုယ်ကောင်းသာယာမှု ရာကြမှာပေါ့၊ လင်က 'စမောဆွဲ'၊ မယားက 'နောက်မီးလင်း'၊ ဟဲဟဲ . . ."

http://www.dhammadownload.com



"ဒီလိုဆို အဲသည့် လင်မယားမှာ 'မင်္ဂလာ' ရှိပါတော့မလား"

"ဘယ်ရှိနိုင်တော့မလဲ"

"အစကဖြင့် တို့တစ်တွေဟာ မင်္ဂလာဆောင်ပြီးမှ အိမ်ထောင်ပြုခဲ့ကြတာနော်"

"လက်ထပ်တဲ့နေ့မှာ မင်္ဂလာဆောင်ခဲ့ကြတာပေါ့"

"နောက်ကိုဆက်ပြီး အဲသည့် မင်္ဂလာကို မဆောင်ကြတော့ဘူး ထင်တယ်"

"ဟာ. . ."

"မဟာနဲ့လေကွာ။ ဗုဒ္ဓမြတ်စွာရဲ့ မင်္ဂလသုတ်က တစ်သက်လုံး မင်္ဂလာ အဆောင်ခိုင်းတာ မဟုတ်လား"

"ဩော်.., အေး... ငါရိပ်မိပြီ။ တို့တစ်တွေ မင်္ဂလာ ဆောင်လိုက်ကြတာက လက်ထပ်တဲ့နေ့မှာ လူတွေကို အများ အပြားဖိတ်၊ အခမ်းအနားကို အကြီးအကျယ်လုပ်၊ ဘိသိက်ဆရာက မင်္ဂလာဆောင် အကြောင်း ဂါထာတွေ ပါဠိတွေနဲ့ စီကာပတ်ကုံးပြော၊ သတို့သား သတို့သမီးကို လင့်ဝတ္တရား မယားဝတ္တရားတွေနဲ့ ဆုံးမ၊ အဲဒါလည်း ပြီးရော ညားကြလေသတည်းပဲ"

"အေး... အဲသည့်အခမ်းအနားကို ဘယ်လောက်ပဲ ကြီးကြီး ကျယ်ကျယ် လုပ်လုပ်၊ ဘယ်လောက်ပဲ အောင်ဂါထာ တွေရွတ်ရွတ်၊ သေတပန် သက်တစ်ဆုံး အိုအောင် မင်းအောင် ပေါင်းနိုင်ကြပါစေလို့ ဘယ်သူက ဆုပေးပေး၊ လင့်ဝတ္တရား မယားဝတ္တရားမှ သွေဖည်လျှင် ဘယ်လင်မယားမှ အိုအောင် မင်းအောင် ပေါင်းနိုင်ကြမှာမဟုတ်ဘူး၊ ပေါင်းနေလည်း သာယာသောအိမ်ထောင်ဖြစ်မှာ မဟုတ်ဘူး၊ မြတ်စွာဘုရားက သံသရာမှကျွတ်ထိုက်သူကိုသာ နိဗ္ဗာန် မဂ်ဖိုလ် အကျင့်ကို ဟောတော်မူတယ်။ သံသရာမှ မထွက်မြောက်နိုင်သေးသူကိုတော့

http://www.dhammadownload.com



လူ့ပြည် နတ်ပြည်မှာ လူကောင်း၊ နတ်ကောင်းအဖြစ်နဲ့ ကျင်လည်ပြီးမှ တရားရအောင် ဆုံးမတော် မူခြင်းဖြစ်တယ်။ ဒါကို မသိတဲ့ လူတွေက ဗုဒ္ဓတရားတော်ဆိုလျှင် လင်ကွဲ မယားကွဲ ကာမဂုဏ် စည်းစိမ်မှန်သမျှ စွန့်လိုက်ရမယ်လို့ ထင်ပြီး နားမဝင်ချင်ကြဘူး၊ တချို့ကျပြန်တော့ ဒါတွေဟာ 'ရိုးနေတဲ့ ကြားဖူးနားဝ' တွေပဲလို့ အထင်မကြီးလိုကြဘူး၊ ကာလပေါ် ဝတ္ထု တွေ, ရုပ်ရှင်တွေမှာ သမီးရည်းစား လင်မယား ချစ်ကြပုံတွေကိုတော့ တရှိုက်မက်မက် ဖတ်နေကြတယ်၊ ကြည့်နေကြတယ်။ ဒီတော့ တို့နှစ်ယောက် လင်နှင့်မယားဝတ္ထုရားကို 'အချစ်ဋီကာ၊ အချစ်ဂဏ္ဌိ' ဖွင့်ကြည့်ရအောင်၊ ဘယ့်နှယ်လဲ"

"ကောင်းတယ်ကွာ၊ လူငယ်တွေ အကြိုက် အသည်းနှလုံး ခိုက်အောင် ပြော"

"ဟာ... ဒီကောင်"

"ဟ... ခုတွေ့ခုကြိုက်၊ ခုလိုက်၊ ခုပြေးတဲ့ ကလေးလင်မယားတွေ အတွက်လေကွာ၊ ဟဲဟဲ"

"ထားပါတော့၊ ထားပါတော့။ မြတ်စွာဘုရားက သိင်္ဂါလသတို့သားကိုအကြောင်းပြုပြီး ဟောတော်မူတဲ့အတွက် 'သိင်္ဂါလောဝါဒသုတ်' လို့ ခေါ်တယ်။ အဲသည့် သုတ်ပါ တရားကို သင်္ဂဇာဆရာတော်ကြီးက မြန်မာပြန် လင်္ကာရေးတော် မူခဲ့တယ်။

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စား ဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချို၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

"အဲဒါကို တစ်ခုချင်း ရှင်းကြရအောင်"

"ကောင်းတယ်၊ လုပ်ကွာ"

http://www.dhammadownload.com



" မထိမဲ့ကင်း တဲ့၊ တို့ယောကျ်ားကလေးတွေဟာ မိန်းကလေး တစ်ယောက်ကို ပိုးပန်းတုန်းကဖြင့် မဥ္စူသကနတ်ပန်းများနှင့် နှိုင်း လိုနှိုင်း၊ ဘရဏီနတ်သမီးကလေးနှင့်နှိုင်းလိုနှိုင်း၊ ပဘာဝတီနှင့်နှိုင်း လိုနှိုင်း . . . "

" ဟော့... ခုခေတ်ကျတော့ 'ဗီးနပ်စ်' အချစ် နတ်သမီးနှင့် နှိုင်းကြတယ်ကွ "

" အေးပါ၊ ဘယ်သူနဲ့နှိုင်းနှိုင်း အထွတ်အမြတ် ထားကြပုံကို ပြောပါတယ်။ မြင်းမိုရ်တောင်ကို စုတ်တံလုပ်ပြီး သမုဒ်ကို မင်ရေဖျော်ခဲ့ ကြပေမယ့် လက်ထပ်ပြီးပြီဆိုရင်ကိုယ်ပိုင်လို့သဘောထားလာတတ် ကြတယ် မဟုတ်လား "

" ဟုတ်တယ်ကွ၊ မရခင်သာ အသွေးယူ အသားယူ စေတနာ တွေ ဖြူနေပေမယ့် ညားကြပြီဆိုရင် ပေါ့ပေါ့တန်တန် သဘောထား ကြတာတော့ မငြင်းနိုင်ဘူး။ နှစ်လရှည်ကြာ ဖြစ်လာလေ အရေး တယူပြုခြင်း ကင်းလာလေဖြစ်တတ်တယ် "

" အေး... အမြဲတစေ နေရာတကာမှာ ဦးစားပေးရမယ်လို့ မဆိုလိုသော်လည်း ခေါ်ပြော ဆက်ဆံတဲ့အခါမှာ နိုင်ထက်စီးနင်း ပမာမခန့်မရှိဖို့ ဆိုလိုတာဖြစ်တယ်။ မိန်းမဆိုတာ အချော့ကြိုက် အမြှောက်ကြိုက်တွေ မဟုတ်လား၊ မာမာထန်ထန် အပြုအပြောခံရရင် ဝမ်းနည်းတတ်တယ် "

" ဒါတော့ ဟုတ်တယ် "

" အပ်နှင်းဥစ္စာ – ဒါက မိမိ လုပ်ကိုင်ရှာဖွေရတဲ့ ငွေကြေးကို ပေးအပ်ပါလို့ဆိုတယ်၊ အိမ်ထောင်ရှင် မိန်းမတစ်ယောက် အနေနဲ့ ကိုယ့်လင် ရှာဖွေသမျှကို စုံစုံမက်မက် လိုချင် တတ်ကြတယ်။ မိဘ အမွေရထားတဲ့ အမျိုးသမီးပဲဖြစ်စေ၊ ကိုယ့်ယောကျ်ား ရှာဖွေ ရလာ

http://www.dhammadownload.com



တဲ့ ငွေကို လက်ခံရတာတော့ ဂုဏ်ယူတတ်တယ်။ 'ဆွေကောင်းတော့ တစ်စလယ်၊ မျိုးကြွယ်တော့ တစ်စလောင်း၊ ဘူးကောင်းတော့ စင်ခံ၊ လင်ကောင်းမှ စံရတယ်' ဆိုတဲ့ စကားပုံဟာ သူတို့ ဂုဏ်ယူပြောကြတာပေါ့၊ ဆွေမျိုးအလယ်၊ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းအလယ်မှာ ဘယ်ရွေ့ ဘယ်မျှ လှူစွမ်း လှူစနှင့် ရှာဖွေပေးအပ်တယ်လို့ ပြောလိုက်ရတာ သူတို့၏ ပီတိအရသာပဲ၊ ငွေသာမဟုတ်သေးဘူး။ တစ်အိမ်လုံးကို အုပ်ချုပ်စီမံဖို့ ဩဇာအာဏာ လွှဲအပ်တာကိုလည်း လိုချင်တတ်ကြတယ်၊ မီးဖိုချောင်မှ အစ ဘုရားစင်အထိ သူတို့ရဲ့ စီမံခန့်ခွဲမှုသာ ဖြစ်စေရမယ်။ စွက်ဖက်လာရင် မကြိုက်ချင်ကြဘူး၊ ကုန်ကုန်ပြောရရင် မိမိလင်ကိုပင်လျှင် မိမိထုတ်ပေးတဲ့ အဝတ်အစားကို ချေးမများဘဲ ဝတ်စေချင်တယ်"

"ဟုတ်လိုက်လေဗျာ၊ နေရာတကာ သူတို့ ဩဇာချည်းပဲ"

"ဒါဟာ သူတို့ရဲ့ အခွင့်အရေးပေပေါ့ဗျာ၊ ခေါ်ကတည်းက 'အိမ်ရှင်မ' မဟုတ်လား။ သူတို့စီမံသမျှ ကိုယ်ကသာ ချီးမွမ်းပေး၊ ဟင်းကောင်းစားရမှာ သေချာတယ်။ တကယ်ဆိုရင် အိမ်မှုကိစ္စဆိုတာ ပေါ့ပေါ့သေးသေးတော့ မဟုတ်ပါဘူး။ အိမ်ထောင်ကြီးလျှင် ကြီးသလောက် စားမှု၊ သောက်မှု၊ ချက်မှု၊ ပြုတ်မှု၊ ဖွပ်မှု၊ လျှော်မှု၊ သန့်ရှင်းမှုမှအစ နေထွက်မှ နေဝင် တရစပ်လုပ်နိုင်မှ တန်ကာကျတာပဲ၊ ယုတ်စွအဆုံး တစ်နေ့အတွက် ဟင်းချက်စရာ ဝယ်တဲ့အခါ ကလေးကိုပဲစဉ်းစားကြည့်၊ ဟင်း အမည်မထပ်အောင်၊ ပါတဲ့ပိုက်ဆံနဲ့ မျှတအောင်၊ ခံတွင်းတွေ့အောင်၊ မနက်စာညစာ ဖြစ်နိုင်အောင် ဈေးခြင်းကိုင်ပြီး ဈေးထဲမှာ တဝဲလည်လည်နေရတာတောင် မလွယ် လှဘူး"

"တချို့တော့လည်း ထမင်းချက်ငှားပြီး ဈေးဝယ်သွားဖို့ပါ တာဝန်ပေးကြတဲ့ အိမ်ရှင်မများ ရှိသေးတယ်မဟုတ်လား"

http://www.dhammadownload.com



"ဒါလည်း အိမ်ရှင်မက အိမ်ကနေပြီး စီစဉ်ပေးလိုက်ရတာပဲ၊ မီးဖိုချောင်စရိတ်ကို သူကသာ ခန့်ခွဲကြရတာ မဟုတ်လား"

"ဟုတ်တော့ . . . ဟုတ်ပါတယ်"

"နောက်တစ်ခုက မိစ္ဆာမမှား – တဲ့၊ ဒါကတော့ သိသာပါတယ်။ အရေးအကြီးဆုံးလည်းဖြစ်ပါတယ်၊ 'မုန့်ကိုသာ ဝေစားမယ်၊ လင်ကိုတော့ ဝေမျှပြီး မလိုချင်ဘူး' ဆိုတဲ့စကားဟာ မိန်းမသားများရဲ့ ခိုင်မာ ပြင်းထန်တဲ့ ကြေညာချက်ကြီးပဲ။ ဝေဿန္တရာ ဇာတ်တော်မှာကြည့်၊ ဘုရားလောင်း ဝေဿန္တရာမင်းကြီးရဲ့ မယ်တော် ဖုဿတီမိဖုရားကြီးဟာ သိကြားမင်းကြီးနှင့်လက်ထပ်ရတော့မည့်အခါ ချစ်စနိုး၍ လိုချင်သောဆုကိုတောင်းပါလို့ သိကြားမင်းကြီးက ဆု လက်ဆောင်ပေးတယ်။ အဲဒီအခါ ဖုဿတီဒေဝီက အခြားသော ကျောက်သံပတ္တမြားစည်းစိမ်ချမ်းသာ ရတနာများကို မတောင်းဘဲ သူမှတစ်ပါး အခြားမိဖုရားမထားရအောင် 'လင်တူမယား မရှိပါရစေနဲ့' ဆိုတဲ့ ဆုကိုတောင်းတယ်"

"အမယ် တစ်လင်တစ်မယားစနစ်ကို ဘုရားလောင်း မယ်တော်ဖုဿတီဒေဝီ ခေတ်ကတည်းက အရေးဆိုခဲ့တာပါကလား"

"အငယ်အနှောင်းထားတာကို ဆင်းရဲသား မယားမှ အစ ဘုရင်ကေရာဇ်ရဲ့ မိဖုရားများအထိ သည်းခံနိုင်စွမ်း မရှိကြပါဘူး။ ဖောက်ပြန်တဲ့လင်ဆိုလျှင် မယားက ယုံကြည်ခဲ့သမျှ ရှိသေခဲ့သမျှ ပမာမခန့် လုပ်ချင်လာတတ်ကြတယ်။ 'ချစ်သော် သက်နှုန်း၊ မုန်းသော် ရန်သူ၊ မကြည်မဖြူ' ဖြစ်လာတတ်ကြတယ်"

"အေး... တို့လို ယောကျ်ား မောင်မင်းကြီးသားများကလည်း မိန်းမတွေကိုသာ 'ဋ္ဌတ္တိဝက်' နဒိဝက်' လေး ဘာလေးနဲ့၊ ကိုယ့်ကျတော့ 'အိုင်တွေလျှင် ခြေဆေး' ကြတာများတယ်"

http://www.dhammadownload.com



"ဒါကြောင့် မန်လည်ဆရာတော်ကြီးက 'ဆိတ်၏အလား၊ နွား၏သဘော၊ အာရုံပြောတိုင်း၊ လိုက်လျှောမှေ့ကျန်၊ ယွင်းဖောက်ပြန်၏' ယောကျ်ားတွေကို 'ဆော်' ထားတာပေါ့"

"နေပါဦးကွ၊ နွား၏သဘောဆိုတာ 'နွားသိုးကြိုးပြတ်၊ နွားဝတ်ရေချ၊ နွားရူးစူးထိုး' ဆိုတဲ့ ဥပမာတွေနဲ့ မိုက်ရူးရဲလုပ် တတ်ကြတဲ့ အကျင့်ကို ပြောတာကို သဘောပေါက်ပါတယ်၊ 'ဆိတ်၏ အလား' ဆိုတာကျတော့ ဘယ်လို အကြောင်းတွေကြောင့် ဆိတ်နှင့် နှိုင်းထားတာလဲ"

"ဆိတ်ဆိုတဲ့ သတ္တဝါမျိုးဟာ အစာစားတဲ့နေရာမှာ သစ်ဝင် သစ်ရွက်မရွေး တွေ့သမျှအကုန် ဝါးလို့ရသမျှဆွဲစားတတ်ကြတယ် လေ။ ဆေးလိပ်တို၊ စက္ကူစုတ်၊ အဝတ်စုတ်တောင် မချန်ဘူး၊ ကုန်ကုန်ပြောမယ် ဖဲထီးကို လက်မှာချိတ်ထားတာတောင် အရွက်ကို ဝါး သွားတတ်သေးတယ်၊ အဲသည့်သဘောကို ဆရာတော်ကြီးက ပြောတာ"

"ဟား ဟား ဟား... ဆရာတော်ကြီးနှယ် ပြောလည်းပြော တတ်ပါ့။ ဟုတ်တယ် တို့ကလည်း ဝါးရသမျှ အကုန်ဝါးချင်ကြတာပဲ၊ ဟား ... ဟား ... ဟား"

"ဇနီးမယားရှိပြီး ယောကျ်ားတို့မှာ အငယ်အနှောင်းနဲ့ တွေ့ နိုင်တဲ့ အကြောင်းလေးပါးရှိတယ်။ ၁-ဝယ=အရွယ်ကောင်းခြင်း၊ ၂-လာဘ=ပစ္စည်းဥစ္စာရှိခြင်း၊ ၃-ကိတ္တိ=ထင်ရှားကျော်ကြားခြင်း၊ ၄-ဣဿရိယ=တန်ခိုးအာဏာ အခွင့်အရေးရှိခြင်း"

"ဒါကတော့ အရည်အချင်းတစ်ခုရှိလျှင် တစ်ယောက်၊ နှစ်ခု ရှိလျှင် နှစ်ယောက်၊ သုံးခုရှိလျှင် သုံးယောက်၊ လေးခုလုံးသာ ရှိနေ ရင်တော့ ဦးပုည ပြောသလို 'ကျောင်းပေါ်က ကြိမ်ဆော်ချရ' လိမ့်မယ်၊

http://www.dhammadownload.com



အမျိုးသမီးကလေးများနှင့်တွဲဖက်လုပ်နေကြရတဲ့ ဌာနဆိုလျှင် သတိသာ ထားပေရော့၊ ဘယ်လိုပဲဖြစ်စေ အငယ်အနှောင်းထားတဲ့နေ့ဟာ မိမိအိမ်ထောင်ပျက်စီးဖို့၊ သို့မဟုတ် သာယာခြင်းကင်းဖို့ စရန်ပေးလိုက်တဲ့နေ့သာ ဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက အရေးထားပြီး ဟောကြားဆုံးမတာ ဖြစ်တယ်"

"ကာမေသုမိစ္ဆာစာရဆိုတာမယားငယ်ယူခြင်းလား၊ သူတစ်ပါးမယားကို ပြစ်မှားခြင်းနဲ့လည်း အတူတူပဲလား"

"သူတစ်ပါးမယားကို ပြစ်မှားကျူးလွန်တာက ပရဒါရကံလို့ခေါ်တယ်၊ ပိုပြီးအပြစ်ကြီးတယ်၊ ကာမေသုမိစ္ဆာစာရဆိုတာက ကာမနှင့် ပတ်သက်၍ မသင့်မတော် လွဲမှားဖောက်ပြန်စွာ ကျင့်ခြင်း ဖြစ်တယ်၊ မိမိ၏ မယားကိုပင် ကာမေသုမိစ္ဆာစာရ ဖြစ်တဲ့အခါမျိုး ရှိတယ်"

"ဟုတ်ကဲ့လား၊ ဒါကို ငါမသိဘူး၊ ပြောစမ်းပါဦး"

"၁ – အကာလေ= ကိုယ်ဝန် အလွန် ရင့်သောအခါ၊ ၂ – အဒေသေ=မိဘဆရာ သူတကာ မြင်၍ မသင့်သောနေရာ၊ ၃ – အဓမ္မေန =ကျင့်ရိုးကျင့်စဉ်မဟုတ် ကျင့်ခြင်း၊ ၄ –အနင်္ဂေန = ဆေးဝါးမှိဝဲရှိမြဲအင်္ဂါထက် လွန်သောအခါဖြစ်ခြင်း၊ အဲသည့် အကြောင်းလေးပါးဟာ ကာမေသု မိစ္ဆာစာရ ကံထိုက်တယ်။

ပါရာဇိကကဏ်အဋ္ဌကထာမှာလည်း မိမိမယားမှ အပ အုပ်ထိန်းခြင်း မကင်းသော မိန်းမ ၂၀ ကို မသွားလာ မဆက်ဆံထိုက်ကြောင်း ပြသထားသေးတယ်၊ ဘယ်သူတွေလဲဆိုတော့ ၁ – အမိအုပ်ထိန်းသောမိန်းမ။ ၂ – အဖအုပ်ထိန်းသောမိန်းမ။ ၃ – အမိအဖစုံအုပ်ထိန်းသောမိန်းမ။ ၄ – မောင်ကြီးမောင်ငယ် အုပ်ထိန်းသောမိန်းမ။ ၅ – အစ်မကြီး အစ်မငယ် အုပ်ထိန်းသောမိန်းမ။ ၆ – ဆွေမျိုးတို့

http://www.dhammadownload.com



အုပ်ထိန်းသောမိန်းမ။ ၇–အမျိုးအနွယ်တို့ အုပ်ထိန်းသောမိန်းမ။ ၈–သီတင်းသုံးဖော်တို့ အုပ်ထိန်းသောမိန်းမ။ (အဲသည့်မိန်းမ ၈–ဦးကို လွန်ကျူးလျှင် ယောကျ်ားတွေမှာသာ ကံထိုက်တယ်)။ ၉–ထိမ်းမြားပြီးသော သို့မဟုတ် လက်ထပ်ပြီးမိန်းမ။ ၁၀–ဘုရင်ကောက် ယူရန် သတ်မှတ်ထားသော မိန်းမ။ ၁၁–ဥစ္စာဖြင့် ဝယ်ယူထားသော မိန်းမ။ ၁၂–အလိုတူ ပေါင်းသင်းနေသောမိန်းမ။ ၁၃–ပုဆိုးတန်းတင် ပေါင်းနေသော မိန်းမ။ ၁၄–စည်းစိမ်ကို ပေး၍ ပေါင်းနေသော မိန်းမ။ ၁၅–ရေခွက်၌လက်ဆုံချ၍ မိဘက ပေးစားထားသော မိန်းမ။ ၁၆–ခေါင်းခုကိုချ၍ လင်မယား အဖြစ်နေသော မိန်းမ၊ ၁၇–ကျွန်ကို မယားပြုထားသော မိန်းမ။ ၁၈–အမှုလုပ်ကို မယားပြုထားသောမိန်းမ။ ၁၉–စစ်မြေပြင်မှ သုံ့ပန်းရခဲ့သော မိန်းမ။ ၂၀– ခေတ္တမျှပေါင်းရန် ငှားယူထားသော မိန်းမ။ အမှတ် ၉ မှ ၂၀ အထိ ဖော်ပြထားတဲ့ မိန်းမ ၁၂ ယောက်အနက် တစ်ယောက်ယောက်ကို လွန်ကျူးလျှင် မိန်းမရော ယောကျ်ားပါ ကာမေသု မိစ္ဆာစာရကံ ထိုက်တယ်။ 'မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်း သိပ်လည်း၊ မအိပ်အပ်စွာ၊ ရှောင်လွှဲရာ၏' လို့ မန်လည်ဆရာတော်ကြီးက ဆိုထားတယ်"

"ငါကြားဖူးတာကတော့ ရှူးနေတဲ့မိန်းမနှင့် အရွယ်မရောက်သေးတဲ့ မိန်းမကို ကျူးလွန်လျှင်လည်းကံထိုက်တယ် ဆိုသလားလို့"

"အဲဒါက မနုကျယ်မွေသတ်မှာ ပါတဲ့ မိန်းမ ၂၁ ယောက်ပါ။ ၁–သက်ရွယ်ကြီးမိန်းမ၊ ၂–ရှူးသော မိန်းမ၊ ၃–နူသော မိန်းမ၊ ၄–ကိုယ်ဝန်ရှိသော မိန်းမ၊ ၅–အရွယ်မရောက်သေးသော မိန်းမ၊ ၆–ခရီးဝေးကလာသော မိန်းမ၊ ၇–အကြွေးကြောင့် ချုပ်ထားသော မိန်းမ၊ ၈–အဖစောင့်သော မိန်းမ၊ ၉–အမိစောင့်သော မိန်းမ၊

http://www.dhammadownload.com



၁၀– အဘိုးစောင့်သော မိန်းမ၊ ၁၁–အဘွားစောင့်သော မိန်းမ၊ ၁၂–အစ်မစောင့်သော မိန်းမ၊ ၁၃–ညီမစောင့်သော မိန်းမ၊ ၁၄–မောင်ကြီးစောင့်သော မိန်းမ၊ ၁၅–မောင်ငယ်စောင့်သောမိန်းမ၊ ၁၆–မိကြီးစောင့်သော မိန်းမ၊ ၁၇– မိထွေးစောင့်သော မိန်းမ၊ ၁၈–ဘကြီးစောင့်သော မိန်းမ၊ ၁၉–ဘထွေးစောင့်သော မိန်းမ၊ ၂၀–ဦးရီးစောင့်သော မိန်းမ၊ ၂၁–အရီးစောင့်သော မိန်းမ၊ အဲသည့်မိန်းမများက သဘောတူပေမယ့် အုပ်ထိန်းသူတို့က သဘောမတူဘဲ ပေါင်းသင်းလျှင် ယောကျ်ားမှာ ရာဇဝတ်အပြစ် ထိုက်သင့်တယ်"

"အမယ်လေး ခုကာလနဲ့တော့ မလွယ်ပါလား"

"ဒါကတော့ မင်းပြောလို့ စကားရှည်ရတာလေ"

"လင်ယောကျ်ားတွေ မယားငယ်ယူကြတာ အိမ်ရှင်မ ညံ့လို့ ယုယုယယ မရှိလို့ ယူတာမျိုးလည်း ရှိလိမ့်မယ်ကွ"

"ဒါကို မယားဝတ္တရား ဆွေးနွေးတော့ လာပါလိမ့်မယ်၊ ဂဲ မိစ္ဆာမမှား–ပြီးတော့ 'ဝတ်စားဆင်ယင်'ကိုဆက်ကြစို့၊ ဒါက မိန်းမများ စုံမက်နှစ်သက်တဲ့ အဖိုးထိုက်အဖိုးတန် အဝတ်အထည် 'လင်္ကာဝတ်ကိုယ်ဆင်' ရတနာများကိုမကြာမကြာဝယ်ပေးရမယ်တဲ့"

"အမယ်လေး ရသမျှငွေ အကုန်အပ်မှတော့ သူတို့အကြိုက် သူတို့ကိုယ်တိုင် ဝယ်ကြတာပဲပါခင်ဗျား၊ စကော့ဈေးတို့၊ လဟာပြင်ဈေးတို့၊ စိန်ဂျွန်းဈေးတို့၊ ၁၀ ရပ်ကွက်ဈေးတို့မှာ ခြေချင်းလိမ်နေကြတာပဲဟာ၊ တားလို့တောင် မရဘူး"

"သူတို့ဝယ်တာလည်း ဝယ်တာပေါ့၊ သူတို့ ဝယ်ချမ်းလာရင် 'ကောင်းတယ်၊ မင်းနဲ့လိုက်တယ်' လို့ ပြောတန် ပြောပေးရမှာ လိုသေးတယ်"

"မင်းကပါ မိန်းမတွေကို မြှောက်ပေးနေပြန်ပါပြီ၊ သူတို့

http://www.dhammadownload.com



ဝယ်ချင်သမျှ ဝယ်တာတွေကို လင်က အားပေးအားမြှောက်လုပ်လျှင် မောင်မင်းကြီးသားများ ကျောကော့ရအောင်သာ ပြင်ပေတော့၊ သျှောင်မှာ မီးထွန်းရှာရလိမ့်မယ်"

"နေပါဦးလေ... သူ့အပိုင်းနဲ့သူ ဘယ်လိုဝယ်ရမယ်ဆိုတာ မယားဝတ္တရားကျတော့ လာပါလိမ့်မယ်။ အခုဟာက လင်ယောကျ်ားများပြုသင့်တာတွေကို ပြောနေတာပါ။ ဘာဖြစ်လို့ ဒီလိုပြောရသလဲ ဆိုတော့ မိမိကို လင်ယောကျ်ားက ပေးအပ်ထားစေကာမူ လင်သည်က တစ်ခုတလေဖြစ်စေ၊ တကူးတကန့် ဝယ်ပေးတာမျိုးကို အင်မတန် လိုလား နှစ်သက်ကြတယ်။ အဝတ်အထည်ကလေးဖြစ်ပစေ 'ခါးက အဆင်ကလေးက လှလိုက်တာ၊ ဘယ်ကဝယ်လဲ'လို့ လာမေးတဲ့ မိန်းမချင်းကို 'ဒါမောင် – နိုင်ငံခြားသွားတုန်းက ကျွန်မဖို့ ဝယ်လာခဲ့တာလေ' ဆိုတဲ့ စကားမျိုးများပြောရရင် လက်ဖက်ထက် ခံတွင်းတွေ့တတ်တာ၊ မယုံရင်မင့်မိန်းမကိုမင်းပြန်မေးကြည့်၊ ဟဲဟဲ။ ဒါဘာသဘော လဲဆိုတော့ မိမိလင်သားက မိမိအား ဘယ်လောက် အရေးတယူရှိတယ် ဆိုတာ ဂုဏ်ယူလိုက်တဲ့သဘော။ ဘယ်မိန်းမ မဆို ဒီစိတ်မျိုး ရှိကြလို့ ဘုရားကိုယ်တော်မြတ်က လောကဓမ္မကို နှိုက်နှိုက်ချွတ်ချွတ် ဟောတော်မူထားတာ။ ပေါ့ပေါ့ မထင်နဲ့"

"ဝတ္တရားအတိုင်း ကိုယ့်လုပ်စာကိုအပ်ရင် ပြီးတာပဲကွာ"

"အေး အဲသည်လို သဘောထားမျိုးနဲ့ 'ရော့ဟော့ လခ' ဆိုပြီး ပိုက်ဆံကိုပစ်ပေးလိုက်တဲ့အခါ 'ထမင်းစားတော့မလား၊ မိဖြူရေ နင့်အစ်ကိုကြီး ထမင်းစားရအောင် လုပ်ဟော့' ဆိုပြီး အိမ်ဖော်ကလေးနဲ့ ထမင်းစားပွဲနဲ့ မင့်ကို ပစ်ထားလိုက်ရင် မင်း ဘယ်လို ခံစားရမလဲ၊ စဉ်းစားကြည့်။ မင်းက ဝတ္တရားအတိုင်း ကိုယ့်လုပ်စာကို ပေးတယ်။ သူကလည်း သူစီစဉ်ချက်ပြုတ်ထားတဲ့ ထမင်းကို ကျွေး

http://www.dhammadownload.com



တယ်။ ဝတ္ထုရားတော့ အကျေကြသား။ သာသာ ယာယာ ယုယုယယ ကြင်နာမှုတော့ မရှိသလို ဖြစ်မနေဘူးလား။ ဒါကြောင့် ဘုရားဟော တရားက နောက်ဆုံး 'မြတ်နိုးကြင်' ဆိုတဲ့ စကားနဲ့ ပိတ်ထားတယ်။ အိမ်သူမိန်းမများမှာ သားသမီးအခြွေအရံ အစေခံ အိမ်ဖော်တို့ ရှိစေကာမူ မိမိလင်သားကို ကိုယ်တိုင်ပြုစုပေး ရမယ်၊ ပြုစုပေးချင်အောင် ကိုယ်ကလည်း သူတို့ကို မြတ်နိုးမှု ကြင်နာမှု ပြုပေးရမယ်၊ ဒီသဘော။ လင်နှင့်မယား ရှေ့သွား နောက်လိုက် အတိုင်အဖောက်ပဲ။ ခြေရင်း အလုပ်အကျွေးဆိုတာတို့၊ ကျွန်နဲ့တူသော မိန်းမတို့ဆိုတဲ့ ဥပမာတွေက လင်ယောကျ်ားက ဆုံးဖြတ်မှတ်ယူထားဖို့ ကိစ္စမဟုတ်ဘူး၊ သူတို့ရဲ့ နှိမ့်ချ ခံ,ယနိုင်ဖို့ သဘောထား။ သူတို့ထံမှ ချိုချို သာသာ ကြည်ကြည်ဖြူဖြူ ဝတ္ထုရားကိုခံယူလိုလျှင် ကိုယ်ကစ,တင်ပြီး 'ချို' ယူရမှာပဲ"

"မယားကို အလိုလိုက်လွန်းရင် ကမ်းတက်ကြတာလည်း ရှိသေးတယ်လေ"

"ဒီလိုမဖြစ်အောင် ဟောထားပါသေးတယ်လေ၊ နေရာတကာ အခါခပ်သိမ်း အလိုလိုက်ရမယ်လို့ မပြောပါဘူး၊ 'ချစ်ခြင်းဟူသော၊ လူ့သဘောလည်း၊ မနောထဲသို၊ ဝမ်းတွင်းမျိုလျက်၊ ကျွန်ကိုချစ်ရာ၊ ကွယ်သောခါတည့်၊ စေပါယောကျ်ား၊ သူရင်းငှားအား၊ စားစဉ်အခိုက်၊ သား၌အိပ်ကာ၊ မယားမှာမူ၊ တန်ဆာဝတ်ဆင်၊ ပေးစဉ်များနှင့်၊ ပျော်ပါးစဉ်မှ၊ ယုယထင်စွာ၊ ပြုအပ်ရာ၏။ အာဏာမထန်၊ မျက်မာန်မပြင်း၊ မယစ်လျှင်းနှင့်၊ တင်းလွန်းလျှင် ပြတ်၊ မာလွန်းဆတ်၏၊ ပွတ်လွန်းလဲ စင်၊ တင်လွန်းလဲ မောက်၊ မြှောက်လွန်းလဲကြွ၊ နှိပ်လွန်း ကျခဲ့' လို့ ဆုံးမထားတာမျိုး ရှိပါသေးတယ်"

"အေး ဒီစာထဲမှာ 'မယစ်လျှင်းနှင့်'လို့ဆိုထားတယ် မဟုတ်

http://www.dhammadownload.com



လား၊ မိမိက ကိလေသာရမ္မက်နဲ့ နွားသိုးကြိုးပြတ် ဖြစ်နေလွန်းလှျင်တော့ ဘယ်လိုဖြစ်မလဲ”

“ဒါကိုလည်း စကြာမင်းစစ်၊ ဖြစ်လင့်ကတဲ၊ ဝမ်းထဲတစ်၊ တပ်မှန်းသိက၊ မိမိခြေအောက်၊ ကျွန်သပေါက်မျှ၊ သို့လောက်ထင်ငြား၊ မလောက်လားဘူး’ လို့ သတိပေးထားပါသေးတယ်ဗျာ၊ ဒါကတော့ မလျော့မတင်း ကိုယ့်အသိနှင့်ကိုယ် ထိန်းသိမ်းရမှာပေါ့”

“အင်း၊ ဗုဒ္ဓတရားတော်များ လောကီကိစ္စမှာတောင် နိုက်နိုက်ချွတ်ချွတ် ဆုံးမတော် မူထားတာပဲ။ ကဲ – ပြည့်စုံသလောက် ရှိပါပြီဗျာ။ မယားဝတ္တရား ဆက်ကြစို့လား”

“မယားဝတ္တရား ငါးပါးမှာ ‘အိမ်တွင်းမှုလုပ်’ က စ,တယ်နော်၊ လင်ယောက်ျားက အိမ်ပြင်မှာထွက်၍ စီးပွားရှာရတယ်။ ဇနီးမယားက အိမ်တွင်းတာဝန်ကို နိုင်နိုင်နင်းနင်း တာဝန်ယူရမယ့် သဘောပဲ။ အဲသည့် အိမ်တွင်း တာဝန်ဆိုတာ အစက ပြောခဲ့သလို အသေးအမွှားက စ,လို့ အင်မတန် များပြားပါတယ်။ အိမ်ဖော်များရှိတယ်ထား၊ စီမံခန့်ခွဲရာမှာ အိမ်ထောင်ရှင်မကိုယ်တိုင် ထကြွလုံ့လ မရှိဘူးဆိုရင် အိမ်ထောင်ပရိဘောဂ ဘယ်လောက်ပဲ အဖိုးတန်တွေဖြစ်ပစေ၊ ကစဥ့်ကလျား ဖြစ်နေတတ်တယ် မဟုတ်လား။ အဲသည် ချွတ်ယွင်းချက်ဟာ အလုပ်မှပြန်လာတဲ့လင်ယောက်ျားအတွက် စိတ်ချမ်းသာ ကြည်လင်ရွှင်ပျနိုင်မယ် မဟုတ်ပေဘူး။ ထကြွလုံ့လဝီရိယရှိတဲ့ အိမ်ထောင်ရှင်မများကတော့ လင်ကိုယ်မယား အိမ်ထောင်ကလေးပဲ ဖြစ်ဦးတော့ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် သူ့နေရာနှင့်သူ အိမ်ထောင်ပရိဘောဂ အနည်းငယ်နဲ့ ကြမ်းပေါ်မှာ ဖုန်မတင်အောင် သုတ်သင် ရှင်းလင်းတတ်ကြတယ်။ ကိုယ့်ကိုကိုယ်လည်း သနပ်ခါး ပန်းမန်နှင့် ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ရှိနေတတ် ကြတယ်။ ပင်ပန်းပြီး

http://www.dhammadownload.com



ပြန်လာတဲ့လင်သားဟာ စိတ်ကြည်လင် အေးချမ်းသွားစရာပေါ့။ (Home Sweet Home) တဲ့။ မြန်မာလို 'မိမိအိမ်သာ မွေ့လျော်ရာ' လို့ ဘာသာပြန်နိုင်မှာပေါ့။ ဒါ မယား ဝတ္တရား ပထမပဲ"

"အေး... တို့ငယ်ငယ်ကတော့ သူဌေးသမီးဖြစ်ပစေ၊ မိခင်လုပ်သူက အိမ်မှုဝေယျာဝစ္စအလုပ်ကို ကြပ်ကြပ်မတ်မတ် သင်ပေးကြတာပဲ။ ခုကာလမှာတော့ 'ခြေမွေးမီးမလောင် လက်မွေးမီးမလောင်' ဆိုတဲ့ စကားကို ဂုဏ်ယူနေတတ်ကြတယ်"

"ဒုတိယ 'သိမ်းထုပ်သေချာ' မြန်မာစကားပုံရှိတယ်။ 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း' တဲ့။ လယ်ကွင်းကရေကို သိုမှီးဖို့ ကန်သင်းလုပ်ပြီး ထိန်းသိမ်းရတယ်။ ဒါဟာ အလဟဿ မကုန်ရအောင် ဇနီးမယားက လင့်လုပ်စာကို စုဆောင်းရမှာ ဖြစ်တယ်။ 'ဆင်းရဲခြင်းအစ မီးဖိုချောင်က' ဆိုတာ အလွန်မှန်တယ်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အစရှိတဲ့ ပစ္စည်းများဟာ အလေအလွင့်များရင် တတိတိနဲ့ ကုန်မှန်းမသိပေမယ့် လနဲ့နှစ်နဲ့ ချီလာတော့ ထိခိုက်လာတတ်တယ်"

"အေးကွ။ တို့တိုင်းပြည်မှာ များသောအားဖြင့် မီးဖိုချောင်မှာ အလေအလွင့် များလွန်းတယ်။ မကုန်လို့ သွန်ပစ်ရတာတွေ အိမ်တိုင်းမှာလို ရှိနေကြတယ်။ ဒါဟာ ချက်ရာ ပြုတ်ရာမှာ အတိုင်းအဆမရှိလို့ ဖြစ်လိမ့်မယ်"

"တို့ ဘွားအေကြီးများခေတ်က ထမင်းချက်ဖို့ ဆန်ခြင်ကတည်းက အိမ်သူအိမ်သားနဲ့တိုင်းပြီး မပိုမလျှံအောင် ယူပြီးတဲ့ အထဲကမှ လက်တစ်ဆုပ်စာကို သတ်သတ်ဖယ်ပြီး စုထားလေ့ ရှိတယ်။ အဲဒါကို 'တစ်ဆုပ်ဆန်'လို့ခေါ်တယ်။ တစ်နေ့ကို မနက်စာ ညစာချက်တော့ လက်နှစ်ဆုပ်၊ ၄ ရက်မှာ နို့ဆီဘူး ၁ လုံး၊ တစ်လမှာ—ပြည်တောင်းနဲ့ ၁ ပြည်ရတယ်။ တစ်နှစ်ဆိုရင် ၁ တင်းနီးပါး

http://www.dhammadownload.com



ဖြစ်လာပြီ။ ဒါကို 'တစ်ဆုပ်ဆန်ဆွမ်း' ရယ်လို့ ဘုန်းကြီးကျောင်းကို လှူတယ်။ စီးပွားစုတဲ့ အခါမှာလည်း ထိုနည်းကိုယူ၍ စုဆောင်းရမယ်လို့ ဆုံးမသတဲ့လေ။ နောက်ပြီး တို့အမေကပြောတာမှတ်မိသေးတယ်။ 'သုံးမကုန်' ဆိုတဲ့ စကားဟာ သုံးလည်းသုံး၊ မကုန်အောင်လည်း ချင့်ချိန်ရမယ်တဲ့။ တို့ငယ်ငယ်ကတော့ အဲဒီစကားကိုရယ်ကြတာပေါ့၊ အဓိပ္ပာယ်မှ မပေါက်ဘဲ။ ကြီးလာလို့ အိမ်ထောင်ဦးစီး ဖြစ်လာမှ နားလည်တော့တယ်"

"ခုခေတ်ကတော့ ကုန်စရာတွေ များလွန်းလို့ ကိုယ့်လက်ထဲ မရောက်လာသေးတဲ့၊ ရစရာရှိတဲ့ငွေကိုမျှော်လင့်ပြီး ကြိုကြို တင်တင်တောင် သုံးပစ်နေကြတယ်နော်။ ဂုဏ်တု ဂုဏ်ပြိုင်တွေ ကလည်း အများကြီးကိုး"

"အေး အိမ်ထောင်တစ်ခုမှာ ဂုဏ်တု ဂုဏ်ပြိုင် အဖြစ်နိုင်ဆုံးက အိမ်ရှင်မပဲ။ ဂုဏ်တု ဂုဏ်ပြိုင် ပကာသန များလွန်းရင် 'ပလိုင်းပေါက်နဲ့ ဖားကောက်' သလို ငွေသားတော့ စုမိမှာ မဟုတ်ဘူး။ ပစ္စည်းပစ္စယ အတိုအထွာနဲ့ ထဘီ အကျႌတွေသာ ပုံနေလိမ့်မယ်။ ဒါတွေကလည်း အသစ်အဆန်းပေါ်တိုင်း ဟောင်းသလို ဖြစ်ကုန်ပါလေရော။ ရှေးလူကြီးများကတော့ အဝတ်အစား အသုံးအဆောင်များထက် ရွှေကို ပို၍မက်ပြီး စုလေ့ရှိကြတယ်။ သူတို့စကားပုံက 'မရှိလျှင်ဝမ်းစာ၊ ရှိလျှင်တန်ဆာ' တဲ့၊ ဟုတ်သလေ... ကိုယ့်မှာ တစ်နေ့ ဝမ်းစာရအောင် အချိန်မရွေး အရှုံးမရှိ ထုတ်ပြီး ထုခွဲနိုင်တယ်။ ရွှေရှိလျှင် ငွေရှိနေတာပေါ့"

"အင်း တစ်ကမ္ဘာလုံးမှာ ရွှေသာလျှင် တန်ဖိုးအရှိဆုံးဆိုတာကို နားလည်တဲ့ အိမ်ရှင်မများအတွက် 'သိမ်းထုပ်သေချာ' ဆိုတဲ့ ဗုဒ္ဓစကားဟာ အလွန် အရေးပါလိမ့်မယ်"

"ကဲ... နောက်လာတာက 'မိတ္တာကြည့်ရှောင်'"

http://www.dhammadownload.com



"ဒါလည်း အရေးကြီးတာပဲကွနော်"

"အရေးကြီးဆုံးပေါ့ကွာ၊ ဘယ့်နှယ့်ပြောပါလိမ့်။ အိမ်ထောင်တစ်ခုလုံးရဲ့ သော့ချက်ဟာ ဒါပဲ။ မေးခွန်းတစ်ရာ၊ အဖြေတစ်ရာဆိုတဲ့ သတပဒိက ပုစ္ဆာကျမ်းမှာ–

ကိုယ့်ဥစ္စာ မှန်သားနှင့်၊ သူများသာ စိုးပိုင်၊
ကိုယ်မဆိုင်ပါရ။
ဖြစ်တဲ့အင်၊
ဘယ်မျိုး ဘယ်နွယ်ဝင်နှင့်
ဘယ်တိုင်းခွင် ပြည်သူလေ့ပေသည့်
ဘုန်းတွေ့ပါစ။

လို့ မန်လည် ဆရာတော်ကြီးက မင်းကွန်းဆရာတော်ကြီးကို မေးလျှောက်တယ်။ ဒါကို–

ကိုယ့်ဥစ္စာ မှန်သားနှင့်၊ သူများသာ စိုးပိုင်၊
ကိုယ်မဆိုင်ပါခဲ့။
အိမ်ကြီးရှင်၊
လူမျိုး လူနွယ်ဝင်ပ
ဓမ္မူခွင် ပြည်သူလေ့ကို
ဘုန်းတွေ့ပါရဲ့။

အဲသလို ဖြေတော်မူတယ်။ အဓိပ္ပာယ်က မိမိဥစ္စာ မှန်ပါလျက် သူတစ်ဖက်သားကသာ ဆိုင်၍ မိမိမပိုင်ရသော ဥစ္စာမှာ ကာမပိုင်လင်ရှိသော အိမ်ရှင်မတို့သာ ဖြစ်တယ်လို့ ဆိုလိုတာပဲ။

နောက်တစ်ခုက ...

ကိုယ့်ဟာကို ကိုယ်ပေးလျက်၊
လေးပါယ်ဝကျသူ၊

http://www.dhammadownload.com



ဘယ်သူတို့လေသိ။
ဆန်းတစ်ဖြာ၊
တစ်ခန်းငယ် တစ်ဖုံသာပ၊
ကျမ်းအလာသည်တစ်ဦး၊ ထူးလှပါဘိ။"

အဲဒါကို ...
ကိုယ့်ဟာကို ကိုယ်ပေးလျက်၊
လေးပါယ်ဝကျသူ၊
ဤသူတို့ပင်ပဲ။
ဆန်းတဖြာ၊
တစ်ခန်းငယ် တစ်ဖုံသာပ၊
ကျမ်းဂန်လာ အိမ်ရှင်မတို့မှာ၊ ထူးနိုင်မျှနဲ့။

အဓိပ္ပာယ်ပြတာက ကိုယ့်ကာမကို မိမိလင်မှတစ်ပါး အခြားသူအား ပေးလျှင် အပါယ်သို့ဝင်ရမည့် အကြောင်း ကျမ်းဂန်မှာ ရှိတယ်လို့ ဖြေတော်မူတာပဲ။ နောက်တစ်ခု ရှိသေးတယ်–

ကိုယ်ဟာကို ကိုယ်ခိုးလို့။
အကျိုးမဲ့ အပါယ်ဝင်၊
တကယ်ပင် မလွဲ။
သည်အရာ၊
ဘယ်ပုဂ္ဂိုလ် ဘယ်စေတနာနှင့်၊
ဘယ်ဟာကို ဘယ့်နှယ်ခိုးတာမို့၊
ဆိုးရသလဲ။
အဲဒါကို ...
ကိုယ့်ဟာကို ကိုယ်ခိုးလို့၊
အကျိုးမဲ့ အပါယ်ဝင်၊

http://www.dhammadownload.com



တကယ်ပင် မလွဲ။
သည်နည်းတွင်၊
သည်အိမ်ရှင် ဟိုစေတနာနှင့်၊
ကိုယ့်ဟာကိုယ် တိတ်တိတ်ခိုးတာမို့၊
ဆိုးရသပဲ။

အဲသည့် အမေးအဖြေ သုံးခုဟာ အိမ်ရှင်မတို့ရဲ့ မိစ္ဆာစာရ အပြစ်များကို ကျမ်းကိုးကျမ်းကားနှင့် အဓိပ္ပာယ် အပေါ်ဆုံး၊ နား အလည် လွယ်ဆုံး မေးဖြေထားတော် မူကြတာပဲ"

"အဓိပ္ပာယ် အရှင်းဆုံးပါပဲဗျာ၊ တိုတိုကလေးနဲ့ ထိရောက် လှပါပေတယ်။ နောက်ဘဝ အပါယ်လေးပါးဆိုတာ ထားဦး။ အခု ဘဝမှာပဲအရှက်တကွဲ အကျိုးနည်းဖြစ်နိုင်တဲ့ ကိစ္စကြီးပါ"

"အရှက်တကွဲ အကျိုးနည်းတာထက် အသက်အန္တရာယ် ကကော မနီးဘူးလား"

"အင်း... မယားထိ ဓားကြည့်ဆိုတဲ့ လူစားမျိုးဖြစ်လျှင် သိပ်နီးစပ်တာပေါ့။ ရာဇဝတ်မှုခင်းရာခိုင်နှုန်းမှာ ဒီအမှုမျိုးက တော် တော် များများ ပါနေလိမ့်မယ်။ သူခိုးကို ဓားရိုးကမ်းတဲ့ မိန်းမစား မျိုးနဲ့ တွေ့ပြန်လျှင်လည်း လင့်အတွက်အသက်အန္တရာယ်ပဲ၊ ဘယ်ဟာ မှ မကောင်းပါဘူး၊ အိမ်ထောင်ပျက်သုဉ်းကြမှာပေါ့"

"မိစ္ဆာစာရနှင့် ပတ်သက်လာလျှင် အစွပ်အစွဲအထင်အမြင် များကြတဲ့ အခြေအနေမျိုး ဖြစ်လာလျှင်တောင် မကောင်းတော့ပါဘူး။ ဥပမာ– သမီးရည်းစားဘဝများမှာ မိမိချစ်သူကို သူများက စေ့စေ့ ကြည့်တာကလေးတောင် မခံနိုင်ပါဘူးလို့ ပြောရင် မိန်းကလေး မှာ ဖြစ်စေ၊ ယောကျ်ားကလေးမှာ ဖြစ်စေ သဝန်ကြောင်တာဟာချစ်ရှာ လွန်း လို့ရယ်လို့ ပီတိသောမနဿတွေ ခံစားကြရတယ်။ အဲသည့်စိတ်

http://www.dhammadownload.com



နှင့် အဲသည့် စကားမျိုးကို အိမ်ထောင်ရက်သား ကျလာပြီးမှ မကြာခဏ အပြောခံနေရရင် ပီတိသောမနဿ မဖြစ်တော့ရုံမက အနှောင့်အယှက် ရန်စကားပမာဖြစ်လာရတယ်။ ဒါကနှစ်ဦးနှစ်ဘက် အပြောအဆို အစွပ်အစွဲကင်းအောင်နေကြ၊ကျင့်ကြ၊ ရှောင်နိုင်ကြမှ အိမ်ထောင်သာယာရေး ရကြလိမ့်မယ်"

"ကာမေသုမိစ္ဆာစာရ–ဆိုတာ မယားက လင်ငယ်နေတာကိုမှ ခေါ်တာမဟုတ်ဘူးနော်၊ လင်သားက မယားငယ်နေတာကော အကျုံးဝင်တာပဲမဟုတ်လား"

"ကာမေသု=ကာမအရာတို့၌၊ မိစ္ဆာစာရ= လွဲမှားစွာ ကျင့်ခြင်းဆိုတဲ့နောက်တော့ လင်ဖြစ်စေ၊ မယားဖြစ်စေ နှစ်ဦးစလုံး အကျုံးဝင်တာပေါ့"

"ဒါဖြင့် လက်ဝဲလက်ယာ ထားပြီး စံစားတော်မူကြတဲ့ မင်းဧကရာဇ်၊ သူဌေး၊ သူကြွယ်တွေ ကျတော့ကော"

"ပထမ ဇနီးမယားက ခွင့်မပြုဘူးဆိုရင် ကာမေသုမိစ္ဆာစာရ ဖြစ်မှာပဲ။ သို့ပေမင့် ဘုရင်ဧကရာဇ်များကျတော့ ရာဇနီတိ ထုံးစံဆိုလို့ ကြည့်နေရတာရှိလိမ့်မယ်။ သူဌေးသူကြွယ်များကျတော့လည်း မယားကြီးကို ချော့ကာ ခြောက်ကာနဲ့ သဘောတူလိုက်ရတာ ရှိမှာပေါ့"

"ဗုဒ္ဓဟောတော်မူတဲ့ မယားခုနစ်မျိုးဆိုတာလည်း ရှိသေးတယ်နော်"

"'မယားခုနစ်မျိုး၊ ရှိမြဲရိုးတွင်၊ သူခိုးအရှင်၊ လူသတ်သွင်သို့၊ အကြင်မယား၊ လား၏ရှေ၊ အမြဲမှတ်ဘိ၊ အမိတမျှ၊ နှမမယွွန်း၊ ခင်ပွန်းတသွယ်၊ ကျွန်နှယ်လေးဖြာ၊ မယားမှာကား၊ နိဗ္ဗာနတ်ပြည်၊ လားမြဲမည်၏'လို့ မဃဒေဝလင်္ကာမှာ သတ္တဂုတ္တရပါဠိတော် အတိုင်း မန်လည်ဆရာတော်ကြီးကရေးထားတယ်။အဓိပ္ပာယ်ကသိလွယ်ပါတယ်။

http://www.dhammadownload.com



(၁) မိမိလင်ငယ်ကို လည်းကောင်း၊ ဆွေမျိုးကို လည်းကောင်း၊ လင်မသိအောင်ပေးတာ၊ ကဲ့ဝှက်ထားတတ်တာဆိုရင် သူခိုးနှင့်တူသောမယား။

(၂) လင်ကို နေရာတကာ ညြဏာပေးပြီး အနိုင်ယူချင်တာ၊ စေခိုင်းတာဆိုရင် အရှင်သခင်နှင့်တူသော မယား။

(၃) မိမိကို သတ်ချင်လောက်အောင် အပြစ်ကျူးလွန်မယ်၊ သူတစ်ပါးကို သတ်ချင်အောင် လင်ကိုမြှောက်ပင့်ပေးမယ်၊ မိမိကိုယ်တိုင်က လင်ကိုသတ်ချင်တယ်ဆိုရင် လူသတ်နှင့် တူသောမယား။

(၄) လင်ယောကျ်ားကို ဖျားနာတဲ့ အခါမှာ ကြင်ကြင်နာနာဖျောင်းဖျောင်းဖျဖျ ပြုစုယုယတတ်တာက မိခင်နှင့်တူသောမယား။

(၅) ဟိရိဩတ္တပ္ပ အရှက်အကြောက်စိတ်ဖြင့် ပြုမူနေထိုင်ပြောဆိုတတ်တာက နှမနှင့်တူသောမယား။

(၆) အရာရာမှာ တိုင်ပင်ဆွေးနွေး လင်ကို အကြံပေးနိုင်သော အရည်အချင်းမျိုးရှိတာက အဆွေခင်ပွန်းနှင့်တူသော မယား။

(၇) လင့်ညြဏာကို နာခံပြီး ရှိသေတတ်တာဆိုရင် ကျွန်နှင့်တူသောမယား။

အဲသလို ခွဲခြားရမယ်။ မြတ်စွာဘုရားဟာ ဒီတရားကို အနာထပိဏ် သူဌေးကြီးရဲ့ ချွေးမကို အကြောင်းပြုပြီး ဟောတော်မူတာဖြစ်တယ်။

အနာထပိဏ် သူဌေးကြီးက မိမိသားကို အခြားသော ဂုဏ်ရည်တန်းတူ သူဌေးသမီးတစ်ယောက်နဲ့ ပေးစားသတဲ့။ အဲသည့် သူဌေး

http://www.dhammadownload.com



သမီး၏အမည်က သုမနာတဲ့။ 'အင်္ဂုတ္တိုရ် ပါဠိတော် ဘာရိယသုတ်မှာ တော့ သုဇာတာတဲ့။ အဲ – အဲသည့် သုမနာ သုဇာတာ သူဌေးသမီးက ဂုဏ်ရည်တန်းတူဆိုတော့ လင်ယောကျ်ားအပေါ်မှာ မာန်ကလေးနဲ့ ဆောင့်ကြွားကြွားနေပါတယ်။ အခိုင်းအစေများကိုလည်း အာဏာနဲ့ ပြောဆို ဆက်ဆံတတ်သတဲ့။

တစ်နေ့တော့ အနာထပိဏ် သူဌေးကြီးက ဗုဒ္ဓမြတ်စွာကို ဆွမ်းပင့်ကျွေးတယ်။ ဒီအခါမှာ သူ့ချွေးမကို ဆုံးမပေးတော်မူပါလို့ တောင်းပန်တော့ မြတ်စွာဘုရားက မယားအမျိုးခုနစ်ပါး ခွဲခြားပြပြီး 'ချစ်သမီး သုမနာ၊ ဤမယားအမျိုးအစား ခုနစ်ပါးအနက် ဘယ်မယား မျိုး ဖြစ်နေသလဲ၊ ဘယ်မယားမျိုး ဖြစ်လိုသလဲ' လို့ မေးတော်မူတဲ့ အခါမှာမှ 'မိခင်နှင့်တူသောမယား၊ နှမနှင့်တူသော မယား၊ အဆွေ ခင်ပွန်းနှင့်တူသော မယား၊ ကျွန်နှင့်တူသော မယားမျိုးသာ ဖြစ်လိုပါ တယ် ဘုရား'လို့ ဝန်ခံတယ်။ အဲသည့်အခါမှာ ဗုဒ္ဓက သာခု ခေါ် တော်မူတယ်။ သုမနာလည်း အဲသည်နေ့မှစ၍ လိမ္မာသော မယား ဖြစ်သွားသတဲ့။ သည့်ပြင်လည်းရှိပါသေးတယ်၊ ဒါပေမယ့် ဒီလောက် ပြောရင် အမျိုးသမီးကလေးများ သဘောပေါက်ကြပါတယ်။ ပညာ ဗဟုသုတ နည်းပါးကြမယ် မဟုတ်ပါဘူး"

"ဉာဏ်ပညာ အလိမ္မာက တို့ထက်သာချင် သာကြပါလိမ့် ဦးမယ်။ သူတစ်ပါး ယဉ်ကျေးမှုတွေက ဖုံးလွှမ်းပြီး ခေတ်ဆန်နေကြ တာပဲဆိုစရာရှိပါတယ်"

"ကဲ... ဒီတော့ ရှေ့ကိုဆက်ကြစို့၊ နောက်တစ်ပါးက 'လျော် အောင် ဖြန့်ချိ' 'ချိ' လား၊ ဖြန့်'ချိ' လား"

"ဖြန့် 'ချိ'က အမှန်ပါ၊ ဖြန့် 'ချိ' ဆိုတာက ဖြန့်ချိ ဝေငှ သည်။ ဖြန့်'ချိ' ဆိုတာက စစ်ချိ၊ လက်အုပ်ချီ၊ ပန်းချီ ဖြစ်ပါတယ်။

http://www.dhammadownload.com



အခု 'လျော်အောင်ဖြန့်ချိ'ဆိုတဲ့ မယားဝတ္တရားက မိမိတို့နှင့် အိမ်နီး နားချင်းဖြစ်စေ၊ မိမိအိမ်တွင်းရှိ အိမ်ဖော် အကူအညီ အစေခံများ အပေါ်မှာ ဖြစ်စေ အခွင့်အခါ အလျောက် ထိုက်သည့် အားလျော်စွာ ပေးကမ်းရမှာဖြစ်တယ်။

ဥပမာ – အရှေ့ အနောက် တောင် မြောက်ရှိ အိမ်နီးနားချင်းတို့ကို မိမိတို့ခရီး တစ်ခုခုသွားလို့ အပြန်မှာ ဒေသထွက် လက်ဆောင်ကလေးများ ဝေငှပေးကမ်းခြင်း၊ စားကောင်းသောက်ဖွယ်များ လုပ်ကိုင်စားကြတဲ့အခါမှာ 'ဟင်းခွက်'ကမ်းခြင်း ဆိုသလိုပေါ့၊ အိမ်နီးချင်းတို့နှင့် မသင့်မတင့်တဲ့ အိမ်ထောင်ဟာ အန္တရာယ်ရှိလို့မှ ကူဖော်လောင်ဖက်မရတတ်ဘူးလေ။ ခင်မင်သင့်တင့်အောင် ပေါင်းထားလျှင် နေ့နေ့ညည စောင့်ရှောက်တတ်ကြတာပေါ့"

"ဟုတ်ပါတယ်၊ ကိုယ့်ထမင်း ကိုယ်စားနေတာပဲလို့ ကင်းကွာလွန်းရင် လူမှုရေးအနေနဲ့လည်း မကောင်းပါဘူး၊ သမ္မာကျမ်းစာထဲမှာလည်း 'ကိုယ့်အိမ်နီးချင်းကို မေတ္တာထားပါ' လို့ ပါတယ်လေ။ ကိုယ့်မှာ သားပျို သမီးပျိုရှိတဲ့ အခါဆိုရင် အိမ်နီးချင်းကောင်း ပိုလိုတာပေါ့"

"အိမ်တွင်း အိမ်ဖော်များကိုလည်း 'လခဖြင့် ထားစေဦး' တောက်တိုမည်ရ ဝယ်ခြမ်းပေးတန်လျှင်ပေးရမယ်၊ ဈေးသုံး နာသုံး ပေးတန်ပေးရမယ်၊ သူတို့နှင့် မပြေပြစ်လျှင် ကိုယ့်အိမ်တွင်းရေး မှန်သမျှ အိမ်နီးချင်းကို ဖောက်သည်ချတော့တာပါပဲဗျာ"

"ဟုတ်တယ် ဟုတ်တယ်၊ ကားဒရိုင်ဘာများဆီက အပုပ်ချ သတင်း အများဆုံး ထွက်တတ်တယ်၊ ဟဲဟဲ"

"ကဲ၊ နောက်ဆုံးအပိုဒ်က 'ပျင်းရိမမှု'တဲ့၊ အဲသည့် စကားမှာ အိမ်တွင်းကိစ္စ ဟူသမျှ ပျင်းရိဖင့်နွဲ့နေလို့မှ မရတာ၊ နောက်ထပ်

http://www.dhammadownload.com



ပြောစရာလိုသေးသလားလို့ မေးလျှင် လိုပါသေးတယ်လို့ ဖြေရမှာဖြစ်တယ်၊ အဲသည့် မပျင်းပါနဲ့လို့ပြောတာက မိမိကိုယ်မိမိ သန့်ရှင်းစင်ကြယ် အလှခြယ်ဖို့က အရေးတစ်ခုဖြစ်လို့ ပြောတာပါပဲ"

"အမယ်၊ မိန်းမတွေက ကိုယ့်ကိုယ်ကို ဖြီးလိမ်း ပြင်ဆင်ဖို့များ ဘယ်တော့မှ မပျင်းသေးဘူး"

"ဒါက အိမ်ထောင်မကျခင် ကာလ အပျိုတုန်းက ဖြစ်ပါလိမ့်မယ်"

"လင်သားနဲ့ဆိုလည်း ပွဲနေပွဲထိုင် အလှူအတန်း သွားမယ်ဆိုသူတို့ အလှပြင်တာကို စောင့်ရတာကို တစ်နာရီ နှစ်နာရီဗျာ"

"ဒါက သူများ မြင်ကွင်းအတွက်ကိုး ခင်ဗျ"

"နို... ဘယ်သူ့မြင်ကွင်းအတွက် လုပ်ရဦးမှာလဲ"

"ကိုယ့်လင်ယောကျ်ားအတွက်လေ"

"ဟာ... ဒါလည်း မပျင်းကြပါဘူးဗျာ"

"ကဲ... မင့်မိန်းမကိုပဲမင်း ပြန်တွေးကြည့်၊ သူတို့ စိတ်လိုတဲ့အခါမှာ ဖြီးလိမ်း ပြုပြင်တယ်၊ သူတို့ အပျင်းတစ်တဲ့အခါ ပစ္စုပ္ပန္နေရမနေဘူးလား၊ နောက်ပြီးပြောတတ်သေး၊ 'လင်ရလို့ အိုပဲအိုမှ အပျိုလို ကရိကထ မလုပ်နိုင်ပါဘူးတော်၊ မပြု မပြင်လို့ မကပ်ချင်နေပေါ့' ဆိုတဲ့ စကားမျိုးလေ"

"အေး... ဟုတ်တယ်ဟေ့၊ သားသမီး တိုးလိုးတွဲလဲဖြစ်လာရင် ပစ်စလက်ခတ် ဖြစ်တတ်တာပေါ့၊ ကလေးရဲ့ ဝေယျာဝစ္စကလည်း မနည်းပေဘူးလေ"

"အဲဒီ မနည်းတဲ့ ဝေယျာဝစ္စထဲက အချိန်လုပြီး ပြုပြင်ဖို့ မပျင်းနဲ့လို့ ဆိုတာပေါ့ကွ၊ မင်းပြောခဲ့တာလေ လင်ယောကျ်ားများ မယားငယ်နေတတ်တာ၊ အိမ်ကမိန်းမကို ငြီးငွေ့လို့ဆိုတဲ့ အကြောင်း

http://www.dhammadownload.com



ဟာကော၊ ဒါဟာ သေးသေးမွှားမွှား ပေါ့ပေါ့ဆဆ မဟုတ်ဘူး၊ ဗုဒ္ဓမြတ်စွာကို အလွန်ကြည်ညိုတဲ့ ဝိသာခါ ကျောင်းအမကြီးကိုကြည့်၊ မြေးနှင့် မြစ်များရတဲ့အချိန်အထိ တစ်ဆယ့်ခြောက်နှစ်အရွယ်ကလေး လို ရှိနေတယ်ဆိုတာ"

"ဒါကို ဝိသာခါ အဘွားကြီးက 'မိတ်ကပ်' တွေ သုံးနေတာလို့ မင်းက ဆိုချင်တာလား"

"သုံးတယ် ဆိုရင်ကော မကောင်းမှု ဒုစရိုက်ဖြစ်လို့လား၊ သောတာပန် အရိယာ အမျိုးသမီးကြီးနော်၊ လိမ္မာသော ခနီးမယား များမှာ ရှက်သင့်သောအခါများမှာ နှမလေးလိုပြုမူ ဆက်ဆံရသကဲ့သို့၊ လင်ယောကျ်ား၏ အလိုကို နှစ်လိုဖို့ ကိစ္စမှာတော့ ပြည့်တန်ဆာမ ကလေးသဖွယ် အရှက်ကို ပယ်နိုင်ရမယ်တဲ့"

http://www.dhammadownload.com

## မင်္ဂလသုတ် (၈)

## အိမ်ထောင်စီမံသော မင်္ဂလာ

"ပုတ္တဒါရဿသင်္ဂဟော – ဆိုတဲ့အပိုင်းဟာအိမ်ရာတည်ထောင်လူတို့ဘောင်မှာ သားမယားနဲ့ နေကြသူများ အတွက် အလွန်အရေးကြီးပါတယ်။ အိမ်ထောင်သာယာမှု ပစ္စည်းဥစ္စာ သင့်တင့်ကြွယ်ဝနိုင်၊ သားမယားကို ချီးမြှောက်နိုင်မှာ ဖြစ်ပါတယ်။ လင်နဲ့မယား ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာတော့ရှိပါရဲ့၊ မနက်စာမနက်၊ ညစာည ပင်ပင်ပန်းပန်း ပြေးဟယ်လွှားဟယ်နဲ့ ထမင်း တစ်လုတ်ကို ရှာစားနေကြရရင် မယားကိုလည်း စိတ်ချမ်းသာအောင် ထားနိုင်မှာမဟုတ်ဘူး၊ သားကိုလည်း ကြီးပွားရာကြီးပွားကြောင်း ပညာသင်ဖို့ ကျောင်းကို လွှတ်နိုင်မှာ မဟုတ်ဘူးလေ"

"ဟုတ်တာပေါ့၊ စီးပွားရေး မချောင်လည်တဲ့ သားကလေးများအဖို့ 'ဒူးယားရမယ်၊ ခပေါင်းရမယ်' နဲ့ တလည်လည်ရှောင်းနေကြရရှာတယ်။ မိဘကို ကူဖော်လောင်ဖက် တစ်ဖက် တစ်လမ်းကရှာပေးနေရတာပေါ့။ ဘယ့်နှယ်လုပ်မလဲ"

http://www.dhammadownload.com



"လုပ်ရမှာကို မင်္ဂလာသုတ်က နောက်ဆက်တွဲ ထုတ်ပြထားပါတယ်ခင်ဗျာ 'အနာကုလာ စ ကမ္မန္တာ' တဲ့။ စီးပွားရေးအတွက်ပါ လမ်းညွှန်တော်မူထားပါတယ်"

"ဟာ... တယ်ဟုတ်ပါလား၊ ဘ လိုတဲ့တုံး၊ ဆိုစမ်းပါဦး"

"အနာကုလာဆိုတဲ့ ပါဠိက (အန+အာကုလာ၊ အာကုလာ ဆိုတာက ရှုပ်ထွေးခြင်း၊ နောက်ကျူခြင်း၊ အနဆိုတာ မရှိခြင်း) သဘော အဓိပ္ပာယ်က စီးပွားရေးလုပ်ရာမှာ ဟိုဟာစပ်စပ် ဒီဟာစပ်စပ် မည်မည်ရရ တစ်ခုခုကို 'ဖောက်ချ' မလုပ်ဖြစ်ဘဲ စိတ်ရောလူပါ ရှုပ်ရှုပ်ထွေးထွေး လုပ်တတ်တဲ့အကျင့် မရှိနှင့်လို့ပြောတာ။ ဝရိတ်ကြီး နိဿယသစ်မှာ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသက 'ချိန်ခါသိလင့်၊ သင့်အောင်ပြုခြင်း၊ မပျင်းမရှိ၊ လုံ့လရှိလျက်၊ မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ပွေမရှိရာ' လို့ ဆောင်ပုဒ် ပေးတော်မူထားတယ်"

"အဲဒါကို ထပ်ဖွင့်ပေးပါဦး၊ အကျယ်တဝင့်ရှင်းမှ နားလည်တာ ခင်ဗျာ့"

"မင်းဆိုတဲ့အကောင်က တော်တော် တင်းစီးတယ်၊ ငှက်ပျောသီး ပေးတာတောင် အခွံနွှာခိုင်းနေသေး–ဟင်း"

"စေတနာ မတွန့်တိုစမ်းပါနဲ့ ဆရာကြီးရယ်။ လူတိုင်းကို နားလည်စေချင်တာ မဟုတ်လား"

"ကဲ... သေသေချာချာ မှတ်၊ 'ချိန်ခါသိလင့်' ဆိုတာက အရောင်းအဝယ်သမားဆိုလျှင် တက်ဈေးကျဈေး အရိပ်အကဲကို ကြိုတင် တွက်ဆနိုင်ရမယ်၊ ပေါကုန် ရှားကုန် ခန့်မှန်းနိုင်ရမယ်၊ ရာထူး ရာခံသမားဆိုလျှင် တိုင်းရေး ပြည်ရေး နိုင်ငံရေး ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်နိုင်ရမယ်၊ မိုးလွန်မှ ထွန်ချ၊ လူမိုက်နောက်မှ အကြံရ ဆိုတာမျိုး မဖြစ်စေရဘူး။ နောက်တစ်နည်းက... အလုပ်

http://www.dhammadownload.com



တာဝန် ယူတာမျိုး ဆိုလျှင်လည်း အချိန်မှီ ချောမောစွာ ပြီးမြောက် ကောင်းမွန်အောင် လုပ်ထားနိုင်ရမယ်၊ မမီမကမ်း တိုးလိုး တန်းလန်း ကမန်းကတန်း မသေမသပ် မဖြစ်စေရဘူး၊ ဒီလိုမဟုတ်ရင် ရှုပ်ပွေ နောက်ကျ ဖြစ်နေတတ်တယ်"

"အင်း အနာကုလာဆိုတဲ့ ပါဠိ စကားလုံးလေး တစ်လုံး တည်းက 'တာသွား' လိုက်တာ"

"နောက်လာတာက 'သင့်အောင်ပြုခြင်း'။ ကာလ, ဒေသ, ပယောဂ သုံးပါးနှင့် သင့်တင့်လျော်ညီအောင်လုပ်တတ်ရမယ်။ ဒါက မိုးခေါင်နေတုန်း ကျောက်စရစ်ကုန်းမှာစပါးမစိုက်နဲ့။ တရုတ်ပြည်ကို 'အပ်' ရောင်းမသွားနဲ့။ ကိုယ်က မပိုင်နိုင်မကျွမ်းကျင်တဲ့ လုပ်ငန်းမျိုး ကို မလုပ်နဲ့။ သိပြီလား"

"အင်း . . . ဒါလောက်ဆို ဆက်တွေးယူနိုင်ပါပြီ"

"နောက်လာတာက 'မပျင်းမရိ'၊ သိဖို့လွယ်ပါပြီ။ ထကြွ လုံ့လမရှိတာ၊ (၁) ပူပါသေးတယ်၊ (၂) အေးလွန်းလှတယ်၊ (၃) စောလွန်းပါသေးတယ်၊ (၄) အချိန်မရှိတော့ဘူး၊ မိုးချုပ်လှပြီ၊ (၅) ဆာလွန်းလို့၊ (၆) ထမင်း စဝ (စား၀) ကြီးနဲ့ ဆိုတဲ့ ပျင်းရိခြင်း ခြောက်ပါး မရှိဘူး။ 'လုံ့လရှိလျက်' ဆိုတဲ့ စကားက အလိုအလျောက် ပါသွားပြီ။ 'မပျက်စီးစေ' ဆိုတာက ဣတ္ထိဓုတ္တ=မိန်းမလိုက်ခြင်း၊ သုရာဓုတ္တ=သေသောက်ကြူးခြင်း၊ အက္ခဓုတ္တ=လောင်းကစား ကြူး ခြင်း၊ အဲသည့် အကြောင်းသုံးပါးက အလုပ်အကိုင် ကြီးကြီး ကျယ် ကျယ်ကို ပျက်စီးစေတယ်။ စီးပွားပျက်ခြင်းအကြောင်းတရား တွေပဲ။ 'အလုပ်တွေ၊ ရှုပ်ပွေမရှိရာ' ဆိုတာကလည်း စီးပွားရေးနှင့်လည်း မဆိုင်၊ ကုသိုလ်ရေးနှင့်လည်းမဆိုင်၊ ဗာဟိရ အပျော်အပါး ဟေးလား ဝါးလား အလုပ်တွေနဲ့ ရှုပ်ပွေမနေစေနဲ့လို့ ဆိုတာပေါ့"

http://www.dhammadownload.com



"ဟုတ်တယ်။ တို့တစ်တွေက ဟိုစပ်စပ်၊ ဒီစပ်စပ် လုပ်တတ်ကြတယ်။ နေရာတကာ လူတွင်ကျယ် ဖြစ်ချင်ကြတာလေ"

"နောက်ပြီးတော့ သမ္ပဒါလေးပါးကို ဟောထားတာ ရှိသေးတယ်။ (၁) ဥဋ္ဌာနသမ္ပဒါ=လုံ့လရှိရမယ်၊ (၂) အာရက္ခ သမ္ပဒါ=ရတဲ့ပစ္စည်းကို စိတ်ချရအောင် ထိန်းသိမ်းရမယ်၊ (၃) ကလျာဏမိတ္တ သမ္ပဒါ=အကြံကောင်း - ဉာဏ်ကောင်းပေးနိုင်တဲ့ မိတ်ဆွေရှိရမယ်၊ (၄) သမဇီဝိတာ=မျှတ ချင့်ချိန် သုံးတတ်ရမယ်။ ဗုဒ္ဓမြတ်စွာက ဘယ်လောက်များ သိမြင်ပြီး တိကျစွာ ဆုံးမတော်မူသလဲဆိုရင်၊ တစ်ဖို့ကိုစားသုံး၊ နှစ်ဖို့ကိုအလုပ်လုပ်၊ တစ်ဖို့ကို အရေးပေါ် ရန်ပုံငွေထားရမယ်တဲ့။ မိမိရတဲ့ဥစ္စာကို လေးပုံ ပုံပြီး ခွဲဝေသုံးရမှာလေ။

အဲသလို သမဇီဝိတဖြစ်တဲ့လူဆိုရင် သုခလေးပါးနှင့် ပြည့်စုံလိမ့်မယ်တဲ့။ (၁) အတ္ထိသုခ=ငါ့မှာ ရှိလေရဲ့လို့ စိတ်ချမ်းသာရမယ်၊ (၂) ဘောဂသုခ=ကိုယ်ရှာ၍ရတာ ကိုယ်သုံးစွဲနိုင်လို့ စိတ်ချမ်းသာရမယ်၊ (၃) အာနဏျသုခ=ကြွေးမြီမရှိလို့ စိတ်ချမ်းသာရမယ်၊ (၄) အနဝဇ္ဇသုခ=အပြစ် မရှိခြင်းကြောင့် စိတ်ချမ်းသာရမယ် တဲ့"

"အင်း၊ ဗုဒ္ဓမြတ်စွာဟာ လောကီရေးရာမှာလည်း မြင်တော်မူလိုက်တာနော်။ အိမ်ထောင်ရက်သားနဲ့နေတဲ့လူများကိုတောင် ဘယ်လိုလုပ်၊ ဘယ်လိုစား၊ ဘယ်လိုနေ၊ သားသမီးတွေကိုအဖေက ဆုံးမနေတဲ့ အတိုင်းပဲ၊ ဪ. . . သားသမီးဆိုလို့ သားသမီးကို ဘယ်လိုထောက်ပံ့ရမယ်ဆိုတာ မေ့ကျန်ခဲ့ပြီလား၊ ပြောပါဦးကွာ"

"အနာထပိဏ် သူဌေးကြီးမှာ အပေါင်းအသင်းများနဲ့ ပျော်ပါးစားသုံးနေတဲ့ 'ကာဠ' အမည်ရှိတဲ့ သားတစ်ယောက်ကြောင့် စိတ်မချမ်းမသာ ဖြစ်နေရသတဲ့။ သုံးလိုက် ဖြုန်းလိုက်တာကလည်း သူဌေးကြီးထက်တောင် အကုန်အကျ များနေသေးဆိုပဲ။

http://www.dhammadownload.com



သူဌေးသားဆိုတဲ့လူမျိုးက အဖေသူဌေးကြီးထက်အသုံးအစွဲ များ‌တတ်တာပေါ့။ တို့ငယ်ငယ်ကပေါ်တဲ့ ပြည်မြို့ ဦးခရေးတဲ့ 'ချွေတာခြင်း'ကျမ်းထဲက ဝတ္ထုကလေးတစ်ခုတောင် သတိရ နေသေး"

"လုပ်စမ်းပါဦး၊ စကားညှပ်ပေါ့"

"မင့်စကားထဲကနန့်လန့်ကန့်လန့် ဖြစ်နေပါဦးမယ်ကွာ"

"'ချွေတာခြင်း' စာအုပ်ကို မဖတ်ဖူးတဲ့ ခေတ်လူငယ်တွေ ကြားရတာပေါ့။ လုပ်ပါ"

"တစ်ရံရောအခါ သူဌေးကြီးတစ်ဦးဟာအလုပ်ကိစ္စ အရေးကြီး လို့ 'တက္ကစီ' တစ်စီး ငှားသွားသတဲ့"

"နေပါဦး သူဌေးကြီးရဲ့ကားက သူဌေးကတော် ၁၀ ရပ်ကွက် ဈေး ယူသွားလို့လား"

"ဟာ ၁၀ ရပ်ကွက်ဈေးကို ယူသွားတာ မဟုတ်ဘူးဟေ့။ ပိုကာဝိုင်းကို လိုက်ပို့နေရလို့ သိပလား။ ငါပြောရင် တယ်ဖောက် ချင်တယ်"

"အပျင်းပြေပေါ့ကွာ စိတ်မဆိုးပါနဲ့။ ကဲ... ဆက်ပြော ပါ"

"သွားလိုရာကို ရောက်တော့၊ သူဌေးကြီးက ဒရိုင်ဘာကို ကားခ ငွေငါးကျပ် ထုတ်ပေးသတဲ့"

"မီတာ မချိုးဘူးနဲ့ တူတယ်။ ဟဲ–ဟဲ"

"ဒီတော့ ဒရိုင်ဘာက ပြောသတဲ့။ 'သူဌေးကြီးရယ်၊ ဒီခရီး လောက်ကို သူဌေးသားဆိုရင် တစ်ဆယ် ပေးနေကျပါခင်ဗျာ' လို့ ပြောတော့၊ သူဌေးကြီးက 'သူက သူဌေးသားကိုးကွ' လို့ တစ်ခွန်း တည်း ပြောပြီး ထွက်သွားရောတဲ့။ အဓိပ္ပာယ်က သူဌေး များကသာ ငွေကို အပတ်တကုတ် ရှာခဲ့ရတယ်လေ။ သူဌေးသားများက ဖအေရှာ ထားတာတွေကို ဖြုန်းကြစမြဲမဟုတ်လား။ ဒီသဘောပေါ့"

http://www.dhammadownload.com



"အေး – အေး၊ အနာထပိဏ်သူဌေးကြီးရဲ့ သားလည်း ဒီလိုနေမှာပေါ့။ နံပါတ်ဖိုးများတောင် ရှုနေသလားမှ မသိတာ"

"ဟော . . . ဖောက်ပြန်ပြီ"

"အဲ – အဲ . . . တစ်နေ့တော့ ငွေလာတောင်းတဲ့ သူဌေးသားကို အနာထပိဏ် သူဌေးကြီးက 'ဘုရားကျောင်းတော်ကိုသွားပြီး တရားနာတဲ့နေ့တိုင်း ငွေတစ်ရာ – တစ်ရာပေးမယ်' လို့ ပြောတော့ ငွေတစ်ရာရအောင် ဘုရားကျောင်းသွား၊ တရားမနာဘဲနဲ့ အိပ်ပြီး ပြန်လာ၊ နောက်တစ်နေ့တော့ အဲသည် ငွေတစ်ရာကိုသုံး၊ နောက် တစ်နေ့ ငွေကုန်တော့ ဘုရားကျောင်းကိုသွား၊ ငွေတစ်ရာရ။ နောက် တစ်နေ့သုံး။ ဒီလိုပဲလုပ်နေတာကို သူဌေးကြီးက ဘယ်လိုပြောပြန် သလဲဆိုတော့ 'ငါ့သား၊ မင်းနာခဲ့ရတဲ့ တရား အဖွေ့ကို ကောင်းကောင်း ပြန်ပြောနိုင်ရင် ငွေတစ်ထောင် ပေးမယ်' လို့ ပြောတယ်။ တစ်ရာက တစ်ထောင်ကြီးများတောင် တက်ပေးတယ်ဆိုတော့ ဝမ်းသာအားရ ဖြစ်သွားတာပေါ့။ ဖအေကို ကောင်းကောင်း ပြန်ပြောနိုင်အောင် ကောင်းကောင်း နားထောင်ပြီး ကောင်းကောင်း မှတ်နေတာပေါ့။ အဲသလိုလည်း စိတ်ပါဝင်စားစွာ တရားလည်း နာလိုက်ရော သောတာပန် ဖြစ်သွားပါလေရောတဲ့ခင်ဗျာ။ အဲဒါကြောင့် ဘုရား မြတ်စွာက အနာထပိဏ်သူဌေးကြီးကို သားလမ်းညွှန်တော်တယ်လို့ အနုမောဒနာ ပြုသတဲ့။ ဒါမျိုး တို့က လည်း အတုယူရမယ်"

"အေး . . . သားကို စာမေးပွဲအောင်ရင် ဘာဝယ်ပေးမယ်၊ ဘယ်လို အခွင့်အရေးပေးမယ်လို့ သိမ်းသွင်းရမှာပေါ့လေ"

"ဟုတ်ပါတယ်၊ အဲ . . . ဒါလောက်ဆိုရင် –

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။

အနာကုလာစ ကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ။

http://www.dhammadownload.com



အပိုဒ်ပြီးပြီ၊ ရှေ့ကို ဆက်ရမှာက . . .

ဒါနဉ္စ ဓမ္မစရိယာ၊ ဉာတကာနဉ္စ သင်္ဂဟော၊ ဟုတ်ကဲ့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်္ဂလသုတ်တရားဟာ တစ်ဆင့်ပြီးတစ်ဆင့် တက်လာတယ်လို့ ပြောခဲ့တာ မှတ်မိရဲ့လား"

"ဆိုပါဦး"

"တစ်ဆင့်ပြီးတစ်ဆင့် အသက်ရောအသိပါ ကြီးရင့်လာတယ် ဆိုတာလေ"

"သြော် . . . အေး၊ မင်း စိတ်ကူးယဉ်ထားသလိုပဲပြောပါ၊ အခု အိမ်ထောင်ကျ၊ သားမယားရပြီး စီးပွားရေးပါ ထူထူထောင်ထောင် ဖြစ်လာတဲ့ အခြေအနေရောက်လာပြီဆိုပါတော့၊ မင်းပြောချင်တာ ဒီလိုမဟုတ်လား"

"ဟဲ-ဟဲ . . . ငါ့သူငယ်ချင်း မဆိုးဘူးကွယ့်"

"မင်းနဲ့ စကားပြောရတာ ကြောက်စရာ ကောင်းတယ်၊ မြှောက်လိုက် နှိမ်လိုက်နဲ့"

"သူငယ်ချင်းငယ်ပေါင်းတွေပဲကွာ၊ ပျော်စေ ပြက်စေ ပေါ့"

"ထားပါ . . . ထားပါ၊ ဆက်ပြော"

"ပြောဆို 'ဒါနဉ္စ=ပေးလှူခြင်းသည်လည်းကောင်း' လို့ ဆိုတော့ ဒါန, သီလ, ဘာဝနာဆိုတဲ့ လူကြီးပိုင်း အတွေးခေါ် ရောက်လာပြီ။ ဒါနရဲ့အဓိပ္ပာယ်ကို သူတစ်ပါးအားပေးကမ်းလှူဒါန်း ကျွေးမွေးတာကို တို့ကသိထားပေမယ်လို့ ဒါနမဟုတ်သော ပေးကမ်း ကျွေးမွေးမှုတွေ မကြာမကြာ လုပ်နေကြတာတွေကို တွေ့ရလိမ့်မယ်"

"သူတစ်ပါးကို ကျွေးမွေးတာမှန်သမျှ ဒါန လို့ မခေါ်နိုင်ဘူးလားကွ"

http://www.dhammadownload.com



"အေး ဒါန, သီလ, ဘာဝနာဆိုတဲ့အပိုင်းက ဘာသာရေးနဲ့ ဆွေးနွေးရမယ်ဆိုရင်အတော်ကျယ်ပြန့်လာပြီ။ ဒါနဆိုတဲ့ အကြောင်းတစ်ခုတည်းကိုပဲကျမ်းကြီးတစ်စောင်လောက် ရေးတော်မူခဲ့ကြရတာရှိသေးတယ်။ ငါဆိုချင်တာက အကျဉ်းဆုံး လောက် ခွဲခြားနိုင်အောင်ဆွေးနွေးကြဖို့ စကားခံလိုက်တာ၊ ဒါန တစ်ခုခုပြုတိုင်း စေတနာအနိမ့်အမြင့်နှင့် တွဲလျက်ရှိတတ်တယ်။ ဥပမာကွာ မင့်ဆိုင်ကို လာဝယ်တဲ့ ဖောက်သည်ကို လက်ဖက်ရည်တစ်ခွက်တိုက်တာနဲ့၊ ရဟန်းတစ်ပါးကို ကပ်လိုက်တာ စေတနာချင်း အတူတူပဲလား"

"ဘယ်တူမလဲ၊ ဈေးဝယ်ကို ဈေးသည်က တိုက်တာ သူ့ပစ္စည်းရောင်းချင်လို့ပဲ"

"အေး... အဲသည့်တစ်ခုကို ရှင်းလျှင် အသင့်အတင့်တော့နှလုံးသွင်းနိုင်ပြီ။ မိမိ မွေးနေ့လုပ်ပြီး ညှိပရိသတ်ကို ကျွေးမွေးညှိခံရတာတို့၊ သူများမွေးနေ့ မင်္ဂလာဆောင်တို့ကိုလက်ဖွဲ့ရတာတို့ဟာ အလှူဒါနစစ်စစ်လို့ဖြင့်မဆိုနိုင်ပေဘူး။ သို့သော် တို့သူတကာကင်းလည်းမကင်းနိုင်ကြဘူး။ ဒါကိုလည်း လူမှုဝတ္တရား အလျောက်လုပ်ကြရမယ်လို့ပြောချင်တာ။ 'လက်ဖက်ရည်ဖိုး'ပေးတာတို့၊ 'ဒင်းနားပါတီ'ပေးတာတို့၊ လက်ဆောင်ပေးတာတို့၊လာဘ်ထိုးတာတို့၊ ဒါမျိုးတွေကိုလည်း ဒါန မဟုတ်ပေမယ့် လုပ်နေကြရမှာပဲ။ 'ဒါနဥပါယ်' ပေးကမ်းခြင်းသည် အောင်မြင်ရာလို့ သဘောထားရမှာပဲ"

"နောင် တမလွန်ဘဝ အတွက်တော့ အကျိုးမရှိနိုင်ဘူးလား"

"အလှူဒါန ဆိုတာ မိမိရဲ့ စေတနာရယ်၊ လှူတဲ့ပစ္စည်းရယ်၊ အလှူခံပုဂ္ဂိုလ်ရယ် အဲသည့် သုံးပါး အပေါ်မှာ အရင်းခံပြီး အကျိုးပေးတာပဲ။ သာသနာတော် အတွင်းမှာ လှူတာနှင့် သာသနာပမှာ လှူတာလည်း အကျိုးပေး ခြားနားပါသေးတယ်။ ဒါနဖလပ္ပွတ္တိ 'ဒါန၏

http://www.dhammadownload.com



အကျိုးပေးပုံများ ’ကို ဘုရားဟောတော်မူထားတာ အများကြီး ရှိတာမို့ အကျယ်ပြောရရင် များပြားနေလိမ့်မယ်။ ပဋ္ဌဂုံတ္တရပါဠိတော်မှာ မျက်မှောက်ဘဝတွင်ပင် အကျိုးပေးခြင်း အကြောင်းငါးပါးကို ဟောထားတယ်။ (၁) လူအများချစ်ခင်ခြင်း၊ (တိရစ္ဆာန်များပင် ချစ်ခင်တတ်တယ်၊) (၂) ကောင်းသတင်း ကျော်ကြားတယ်၊ (၃) သူတော်ကောင်းများက ချဉ်းကပ်လာတယ်၊ (၄) ပရိသတ်ထဲသို့ ရဲရဲဝံ့ဝံ့ ဝင်နိုင်တယ်၊ (၅) နောင်တမလွန်၌ နတ်ပြည်ကို ရောက်ရတယ်”

“ဒါနဟာ သံသရာရှည်စေတယ်လို့ တချို့က ပြောကြတယ်”

“အဲသည့်စကားက အတော်ကြီးကျယ်သွားပြီ။ ခပ်ရိုင်းရိုင်း ပြောရရင် ‘လူပုံလှေကားထစ်နဲ့ ကေရာဇ်စကားပြောသလိုပဲ”

“မင့် ဥပမာကို ငါ မရှင်းသေးဘူး”

“လူက ဖိနပ်ချွတ် လှေကားထစ်ပေါ်မှာ ထိုင်နေရင်း ပြောတော့ ရှင်ဘုရင်စိတ်ပေါက်ပြီး မှတန်မရာတွေပြောတဲ့ သဘောပေါ့။ ဝဋ္ဋနိဿိတဒါန ‘ဘဝသံသရာမှာအကျိုးပေးစေသောအလှူ’ ဝိဝဋ္ဋနိဿိတဒါန ‘ဘဝသံသရာမှပြတ်သောအလှူ’၊ အဲသည့် နှစ်မျိုးက အလှူရှင်ရဲ့ ပညာမှာတည်တာပါ။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများမှာ နောက်ဘဝဟူ၍မရှိ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုတော်မူကြပါပြီ။ ဒါကြောင့် ဒါနရဲ့ အကျိုးပေးကို လက်ခံဖို့ မလိုတော့ပါဘူး။ ထိုပုဂ္ဂိုလ်များမှ လွဲလျှင်တော့ သောတာပန် အရိယာများတောင် နောက်ဘဝ ဆိုတာရှိပါသေးတယ်။ နိဗ္ဗာန်မရောက်မီကာလ ရဟန်းဘဝပဲ ဖြစ်စေဦးတော့၊ ပစ္စည်းလေးပါးပေါများပြည့်စုံလျှင် စိတ်ချမ်းသာ ကိုယ်ချမ်း သာ မဂ်ဖိုလ်တရားကို ကောင်းစွာ အားထုတ်နိုင်ကြမှာ ဖြစ်တယ်”

“အေးလေ၊ ရေဘူးနှင့်ဖိနပ်မပါလျှင်ခွေခါမှသိ၊ ဒါနနှင့်သီလ မပါလျှင် သေခါမှသိ’လို့ရှေးဆရာတော်ကြီးများက ဆုံးမထားတာပဲ”

http://www.dhammadownload.com



"ဟုတ်ပါတယ်၊ ဒါန၏အကျိုးကို တို့လောက တို့ပတ်ဝန်းကျင်မှာပဲ အကဲခတ်နိုင်ပါတယ်။ မင်းစောစောက ပြောတဲ့ 'ဒူးယားရမယ်၊ ခပေါင်းရမယ်' ဆိုပြီး လည်ရောင်း နေရတဲ့ကလေးဟာ ဆင်းရဲလို့ ပညာမသင်နိုင်ရှာဘူး။ သူရောင်းနေရတဲ့ ပတ်ဝန်းကျင်မှာပဲသူ့အရွယ် ကလေးတစ်ယောက်က ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်နေရတယ်။ အဲဒါနှစ်ခုကို နှိုင်းယှဉ်ကြည့်။ နောက်ပြီး ဒူးယားရောင်းတဲ့ကလေးဟာ ဆင်းရဲမွဲတေလွန်းလျှင် ခိုးမှု ဝှက်မှုစတဲ့ ဒုစရိုက်အမှုမျိုးကို လုပ်ဖို့ နီးစပ်လာနိုင်တယ်။ ဒါဟာ ဘာဖြစ်လို့လဲ၊ ဆင်းရဲလွန်းလို့။ ဘာဖြစ်လို့ ဆင်းရဲနေရရှာသလဲ၊ ဒါနကောင်းမှု မရှိခဲ့ရှာလို့။ ထို့ကြောင့် ဤဘဝအတွက်ဖြစ်စေ၊ဘဝသံသရာအတွက်ဖြစ်စေ ဒါနဟာ ကောင်းမှုအခြေခံကြီး ဖြစ်ပါတယ်"

"အင်း... ဒါကြောင့် ဒါနမှုကို လူမျိုးမရွေး၊ ဘာသာမရွေးကျင့်သုံးနေကြတာပဲ"

"ဟုတ်ပါတယ်။ သည်တော့ တို့ဆွေးနွေးနေတဲ့ မင်္ဂလာသတို့သားအဖို့ 'လူမှုရေးနှင့် လောကွတ် (လောကဝတ္တရား)များကိုလည်းလုပ်၊ ဘဝသံသရာအတွက်လည်းလှူ၊ ဘဝပြုတ်ရေးကို လည်းပြု' ဟူ၍ နိဂုံးချုပ်ကြစို့လား"

"ကောင်းပါပြီ ခင်ဗျာ။ ဓမ္မစရိယာ – ကို ဆက်ကြရအောင်"

"ဓမ္မ=တရားဖြင့်၊ စရိယာ – ကျင့်သုံးခြင်း။ တရားဖြင့် နေခြင်းပေါ့၊ ဘယ်လိုနေရမလဲ၊ တရားသဖြင့် မဟုတ်သော (ဝါ) မကောင်းမှုဖြစ်သော (၁) သတ်ဖြတ်ခြင်း၊ (၂) ခိုးခြင်း၊ (၃) သူများမယားပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက် အပြစ်သုံးပါး။ (၁) လိမ်ပြောခြင်း၊ (၂) ရန်တိုက်ခြင်း၊ (၃) ဆဲရေးခြင်း၊ (၄) အနှစ်သာရမရှိသော စကားပြောဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက် အပြစ်လေးပါး။ (၁) သူ့ဥစ္စာကို

http://www.dhammadownload.com



ရရန် ကြံခြင်း၊ (၂) သူတစ်ပါးပျက်စီးဖို့ ကြံခြင်း၊ (၃) အယူမှားခြင်း ဆိုတဲ့ မနော ဒုစရိုက် အပြစ်သုံးပါး။ အဲသည့် ဒုစရိုက် တရားဆယ်ပါးမှ ကင်းအောင် ကျင့်သုံးရမယ်။ မကျင့်တော့ ဘာဖြစ်မလဲ။ ကိုယ့်ကိုယ် ကိုယ် မကြည်ညိုနိုင်တဲ့ 'အတ္တာနုဝါဒ'၊ သူတစ်ပါးက မကြည်ညိုနိုင်တဲ့ 'ပရာနုဝါဒ'၊ မင်းပြစ်မင်းဒဏ် ခံရတတ်တဲ့ 'ဒဏ္ဍ'၊ အပါယ်ရောက်ရ မည့် 'ဒုဂ္ဂတိ'၊ အဲသည့် ဘေးများက ပြေးမလွတ်နိုင်လို့ပါ။ တရား သဖြင့် ကျင့်မယ်ဆိုလျှင် ထိုဘေးများအတွက် စိတ်ချရပြီ။ ဒါဟာ အတိုဆုံး ချုံးပြောတာနော်"

"အေး . . . မင်္ဂလာသုတ်အဓိပ္ပာယ် ပေါ်ရုံပေါ့၊ စိတ်ဝင်စား လာတဲ့အခါ ကျမ်းဂန်ကြီးတွေလေ့လာကြရမှာပေါ့၊ ဒါထက် 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ' တရားကို ကိုယ်က စောင့်လျှင် တရားက ကိုယ့်ကို ပြန်စောင့်တယ်ဆိုတာ နတ်များ၊ သိကြားများက ကိုယ့်ကို စောင့်ရှောက်ကြတာကို ပြောတာမဟုတ်လား"

"နတ်များ၊ သိကြားများက စောင့်တာ မစောင့်တာတော့ မပြောတတ်ဘူး၊ တရားစောင့်တဲ့သူကို တရားက ပြန်ပြီးစောင့်တာတော့ ဒိဋ္ဌပဲ"

"ဘယ်လိုစောင့်ပုံလဲ၊ အဲဒါကိုမရှင်းဘူး"

"ဥပမာပြောမယ်၊ မင့်ကိုယ်တိုင်ဆိုပါတော့"

"ဟော့ကောင် မဟုတ်တာတွေနဲ့ မနှိုင်းနဲ့နော်"

"အကောင်းပြောမှာပါ၊ မင်းကိုယ်တိုင် နှစ်ပေါင်းများစွာ တရားသဖြင့် နေလာခဲ့တာ၊ မင်းကိုယ်လည်းမင်းသိတယ်၊ အများက လည်း သိတယ်ဆိုပါတော့၊ အဲသည်မှာ တရားသဖြင့် မဟုတ်သော ကိစ္စတစ်ခုကို ပြုလိုက် ပြောလိုက်လျှင် စီးပွားဥစ္စာရမယ်၊ တိုးတက် မယ်ဆိုတဲ့ အခွင့်အရေးရလိုက်တဲ့အခါ မင်းက လိုချင်မက်မော ဖြစ်

http://www.dhammadownload.com



လိုက်မှာပဲ၊ သို့ပေမယ့် 'ငါတစ်သက်လုံး တရားသဖြင့် နေလာခဲ့ပြီး တော့၊ သူများကလည်း တစ်သက်လုံး ငါ့ကို အထင်ကြီးနေကြတဲ့ အထဲက သိက္ခာအကျဖြင့် မခံတော့ဘူး၊ မရလျှင် နေပစေ' လို့ 'အတ္တာနုဝါဒ၊ ပရာနုဝါဒ' ရှောင်နိုင်စရာ ဖြစ်တာဟာ မင်းစောင့်ခဲ့တဲ့ တရားက မင့်ကို ပြန်စောင့်လိုက်တဲ့သဘောမဟုတ်ဘူးလား၊ တရား သာ စောင့်ခဲ့တဲ့ လူမဟုတ်ရင် လုပ်ဖြစ်မှာလေ"

"ဩော်... ကိုယ့်သိက္ခာကို ကိုယ် နမြောလိုက်တာမျိုးပေါ့"

"ဟုတ်ပါတယ်ဗျာ၊ ကမ္ဘာဦးက လူတွေမှာ မကောင်းမှုဒုစရိုက် တွေကို တမင်တကာ ခြိုးခြံစွာကျင့်ရတာမဟုတ်ဘဲ မွေးရာပါ ထုံးစံ လို ဖြစ်ခဲ့ကြသတဲ့။ နောက်မှ လောဘစိတ်ဝင်လာပြီး ပျက်စီးကုန်ကြ တာ၊ ဗုဒ္ဓက 'မွေပါလဇာတ်' မှာ ဟောထားတာကို ပြောမယ်"

"လုပ်စမ်းပါဦး"

"ဘုရားလောင်း ဒိသာပါမောက္ခဆရာကြီးထံကို အတိုင်းတိုင်း အပြည်ပြည်က တပည့်ပေါင်းများစွာ အတတ်ပညာ လာသင်ကြတယ်။ တစ်နေ့တော့ တပည့်ကလေးတစ်ယောက် သေသွားသတဲ့၊ အဲဒါကို မွေပါလပြည်သား တပည့်က အထူးအဆန်းကြီး ဖြစ်ပြီး အံ့သြနေသတဲ့။ 'ဟောဗျာ... ဒီအရွယ်နဲ့ သေရတယ်လို့ အံ့သြစရာကြီးပါလားဗျာ' လို့ တမြည်မြည် တတမ်းတမ်း လုပ်နေတော့ 'ဒီအရွယ်နဲ့ သေတာ အဆန်းလားကွ၊ သေရမယ့်လူ သေမှာပေါ့' လို့ တပည့်တစ်ယောက်က ပြန်ပြောတဲ့အခါ မွေပါလ ပြည်သားကလေးက 'ကြားဖူးပေါင်ဗျာ၊ မြင်ဖူးပေါင်ဗျာ' လို့ ဆိုနေပြန်ရောတဲ့၊ 'ဒါဖြင့် မင်းတို့ပြည်မှာ ဒီ အရွယ်နဲ့ မသေကြလို့လား 'လို့မေးတဲ့လူက ပြန်မေးသလေ။ ဒီတော့ မွေပါလ ပြည်သားကလေးက 'တို့ပြည်မှာ အသက် တစ်ရာပြည့်မှ အိုပြီး သေတာက ထုံးစံ' လို့ ပြောရာက တပည့်ချင်း အငြင်းအခုံဖြစ်ပြီး

http://www.dhammadownload.com



ဆရာကြီးထံ ရောက်သွားတာပေါ့၊ ဆရာကြီးက ဓမ္မပါလပြည်သား ကလေးကို မေးမြန်းလို့ အမှန်ကို ပြောနေတာလို့ ယုံကြည်လာတဲ့အခါ ဆရာကြီး ကိုယ်တိုင် စုံစမ်းရအောင် ဆိတ်ရိုး နွားရိုးတွေယူပြီး ဓမ္မပါလပြည်ကို 'ကွင်းဆင်းလေ့လာ' သတဲ့"

"မင်းကလည်း အကောင်းပြောနေရာက ဖောက်လာပြီ"

"မင်း သဘောပေါက်အောင်လို့ပါကွာ၊ ဟဲ–ဟဲ။ ဓမ္မ ပါလပြည်ကို ရောက်တော့ သူ့တပည့်ရဲ့ ဖခင်ကို ဆိတ်ရိုး နွားရိုး တွေပြပြီး 'ခင်ဗျားသားကလေးတော့ သေရှာပြီ' လို့ ပြောသတဲ့။ အဲဒီအခါ ဖခင်ဖြစ်သူက အရိုးတွေကိုတောင် ကိုင်မကြည့်ဘဲနဲ့–

"မဖြစ်နိုင်တာ ဆရာကြီးရယ်၊ ကျွန်တော့် သားကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ သေရမယ်လို့"

"ဒါ . . . သူ့အရိုးတွေပါဗျာ"

"မဟုတ်နိုင်တာ၊ ဆိတ်ရိုးနွားရိုးတွေသာ ဖြစ်မှာပေါ့"

"ဘာဖြစ်လို့ မယုံနိုင်တာလဲ"

"မဟုတ်နိုင်လို့ မယုံနိုင်တာပေါ့၊

'ဒီမှာဆရာကြီး ကျွန်တော်တို့ ပြည်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့ထုံးစံမရှိပါဘူး၊ အသက် တစ်ရာ ပြည့်မှ သက်သက်သာသာ သေကြတာချည်းပါပဲ၊ မယုံရင် ဆရာကြီးကိုယ်တိုင် ရှာကြည့်၊ ငယ် ငယ်ရွယ်ရွယ်မသာ တွေ့ရမှာ မဟုတ်ဘူး'

ဒီသာပါမောက္ခဆရာကြီးက 'ငယ်ငယ်ရွယ်ရွယ်နဲ့မသေကြ တဲ့အကြောင်းက ဆေးစွမ်းကောင်းကို မှီဝဲနေကြသလား' လို့ မေး တယ်။ ဓမ္မပါလပြည်သားကြီးက သူ့တို့ပြည်ဓလေ့၊ တိုင်းသူ ပြည် သား များက ငါးပါးသီလ တရားစောင့်ကြပုံကို ပြောပြတယ်။

ထိုအခါကျမှ ဘုရားလောင်း ဒိသာပါမောက္ခကြီး ယုံကြည်

http://www.dhammadownload.com



လက်ခံလို့ သာစုအနုမောဒနာ ပြုပြီး ပြန်သွားသတဲ့။ အဲဒါဟာ 'ဓမ္မပါလဇာတ်' ပဲ"

"ဒါကြောင့် ဆင်တယ်၊ တရားဓမ္မဖြင့် နေထိုင်ကျင့်သုံးပြီး၊ မိဘ သားမယားကို ကောင်းစွာ ရှာဖွေပြုစု ကျွေးမွေးတဲ့ အိမ်ထောင်ရှင်ကို သိကြားမင်းက တစ်နေ့သုံးကြိမ် တာဝတိံသာမှ ရှိခိုးတယ် ဆိုတာလေ"

"အေး . . . မင်းလည်း သိကြားမင်း ရှိခိုးခံရအောင်လုပ်၊ မိုးကြိုးနဲ့ ပစ်ချင်အောင် မလုပ်နဲ့ ကြားလား"

"မင်းကတော့ ပြောတော့မယ်"

"အဲသည့် ဓမ္မပါလဇာတ်ကို ကြည့်ရင် ဘုရား ဆုတောင်းခဲ့သော ဘုရားလောင်း မဟုတ်စေကာမူ ရှေးအခါက တရားစောင့်သူများ မျိုးနဲ့ရိုးနဲ့ ရှိကြကြောင်း သိနိုင်ပြီ၊ ကဲ... ဉာတကာနဋ္ဌ သင်္ဂဟော-ကို ဆက်ကြစို့"

"အင်း၊ ဆွေမျိုးဆိုတာ မခေါ်ချင်လျှင်သာနေရမယ်၊ မတော်ချင်လို့မှမရဘဲ၊ အကျဉ်းအကျပ်တွေ့လျှင်စောင့်ရှောက်နိုင်သမျှ စောင့်ရှောက်ကြရမှာပဲ၊ လက်သည်းဆိတ်တော့ လက်ထိပ် နာရပြန်တယ်လေ"

"ဘုရားအလောင်းအလျာ ကိုယ်တော်မြတ်ကြီးဟာ လောကရှိ သတ္တဝါအပေါင်း အကျိုးငှာ လည်းကောင်း၊ ဆွေတော်မျိုးတော်တို့ အကျိုးငှာလည်းကောင်း၊ မိမိကိုယ်တော်တိုင် ဘုရားဖြစ်ဖို့ရန် အတွက် လည်းကောင်း ပါရမီ ဆယ်ပါး အပြားသုံးဆယ်တို့ကို ဘဝပေါင်းများစွာ ဖြည့်ကျင့်တော် မူခဲ့ပါသတဲ့။ သစ်ရိပ်ဝါးရိပ်ထက် ဆွေမျိုးအရိပ်က ပို၍ အေးချမ်းတယ်လို့ ဝိဒူရပညာမင်းသားကို ဟောဖူးတယ်"

"ဆွေမျိုးများကလည်း နီးတာကျက်ကျက်၊ ဝေးတာသက်သက်ပဲ၊ အဲ... ငှက်တိရစ္ဆာန်တွေထဲမှာ အမျိုးမှန်း အသိဆုံးတော့ ကျီးတွေ

http://www.dhammadownload.com



ပဲကွ။ တစ်ကောင်ထိလိုက်တာနဲ့ တစ်မျိုးလုံးဝိုင်းအာကြတော့ တာပဲ"

"ဟုတ်တယ်၊ ဒါကြောင့် ဆွေမျိုးများပြီး စည်းစည်း လုံးလုံး ရှိလျှင် ကျီးမျိုးလို့ ခေါ်တယ်။ ကျီးဆိုလို့ ဘုရားလောင်း ကျီးမင်း ဖြစ်စဉ်က ဆွေမျိုးတွေအတွက် အသက်ကယ်ခဲ့ပုံကို ဇာတ် တစ်ခုမှာ ဟောထားတာရှိတယ်။ ဘုရင်၏ ပုရောဟိတ် အမတ်ကြီး၏ ခေါင်းပေါ် ကို ကျီးတစ်ကောင်က ပျံသွားရင်း မစင်စွန့်ချလိုက်မိသတဲ့။ အမတ်ကြီး အိမ်မီးဖိုမှာ နေ့စဉ် အမဲ သား ငါးများကို အလစ်ဝင်ပြီး သုတ်ချီသွား လေ့ရှိတာမို့ မုန်းနေရတဲ့အထဲ သူ့ခေါင်းပေါ် မစင်စွန့် ချပြန်တော့ အငြိုးကြီး ငြိုးနေတော့တာပေါ့။ သည်အတောအတွင်း ဘုရင်ကြီးရဲ့ စီးတော် ဆင်တွေမှာ အနာကြီးတွေ ပေါက်လာကြတာနဲ့ ဆင်တွေကို ဆေးကုဖို့ အကြံဉာဏ်တောင်းတော့ ပုရောဟိတ်ကြီးက ကျီးငှက်များရဲ့ အဆီဟာ ဆင်အနာကို ပျောက်စေနိုင်ပါတယ်။ ကျီးတွေကို နိုင်ငံ အနှံ့အပြား သုတ်သင်စေပြီး အဆီ စုဆောင်းပါလို့ အကြံပေးသတဲ့လေ။ ဘုရင်ကလည်း ငှက်ခတ်သမားတွေကို အမိန့်ပေးတာပေါ့"

"ပုရောဟိတ်ကြီးက အမျိုးပါပျောက်အောင် ကြံတော့တာ ကိုး နော်"

"မင်းအမိန့်နဲ့ဆိုတော့ ပိုပြီး ထိရောက်တာပေါ့။ သို့ပေမယ့် ကျီးငှက်များမှာအဆီမှမရှိဘဲ၊ တစ်ကောင်က အဆီမရတော့ နောက် တစ်ကောင် ပစ်သတ်တာနဲ့ ကုန်သလောက်တောင် ရှိနေပြီ။ ဒီအခါ ဘုရားလောင်းကျီးမင်းက အမျိုးတွေကို ကယ်နိုင်အောင် မေတ္တာပါရမီ ဘာဝနာပွားပြီး ဘုရင်စံတော်မူတဲ့အဆောင်ယဲ ပျံဝင်လာပြီး တရား ဟောလို့ ဘုရင်ကြီးက ကြည်ညိုပြီး ကျီးငှက် အားလုံးကို ဘေးမဲ့ပေး လိုက်ပါရောတဲ့"

"အမျိုးအတွက် ကိုယ့်အသက်စွန့်ပြီး ဆောင်ရွက်တာပေါ့"

http://www.dhammadownload.com



"ဟုတ်ပါတယ်၊ သမင်မင်း ဖြစ်စဉ်တုန်းကလည်း ထိုနည်း ဆင်ဆင် သမင်တွေကို ကယ်ဖူးတယ်။ ငါးရာငါးဆယ် နိပါတ်တော်ကို ဖတ်ကြည့်ရင် အများကြီး တွေ့ရပါလိမ့်မယ်"

"အဲသည့် ငါးရာငါးဆယ်ဇာတ်တော်တွေကို အစဉ်အတိုင်း ဝတ္ထုပုံစံနှင့် လူငယ်တွေ စိတ်ဝင်စားအောင် ရေးပေးဖို့ ကောင်းလိမ့် မယ်ထင်တယ်"

"မင်းက မြှောက်ပေးရင် ငါက ရေးချင်လာတာနော်၊ ကဲ့ 'အနဝဇ္ဇာနိ ကမ္မာနိ' ကို ဆက်ကြရအောင်"

"အနဝဇ္ဇာနိ ကမ္မာနိဆိုတာ အပြစ်မရှိသောအမှုများကို လုပ်ကြ ရမှာ မဟုတ်လား"

"အင်း၊အပြစ်ကင်းသော အလုပ်ဆိုလျှင်လည်း ဖြစ်ပါလိမ့်မယ်။ ဥပမာ– ရာဇဝတ်မှုမျိုးများမှလွတ်ကင်းသောအလုပ်များပေါ့။ ကုန်သည် ဘဝမှာ ကောင်းရောင်း ကောင်းဝယ် အလုပ်များထက် ရာဇဝတ်မှု မကင်းတဲ့ အရောင်းအဝယ်များက အမြတ်အစွန်း များတယ် မဟုတ် လား၊ ဆိုပါတော့ ဘိန်းကုန်ကူးခြင်း၊ မှောင်ခိုပစ္စည်း ရောင်းဝယ်ခြင်း၊ အလားတူ ဥပဒေ မလွတ်တာမျိုးပေါ့၊ ရာထူးရာခံရှိ ပုဂ္ဂိုလ်များဆို လျှင်လည်း လာဘ်စားတာမျိုး၊ ငွေညှစ်တာမျိုး၊ ဒါတွေက မြိုးမြိုး မြက်မြက် ရတတ်တယ်လေ၊ ဒါမျိုးတွေကို အားမကျဖို့၊ မမက်ဖို့ကို ဆိုလိုတာဖြစ်တယ်။ စီးပွားရေးသမားများဟာ ငွေသာရမယ်ဆိုလျှင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်တတ်ကြလို့"

"ဝိသမ လောဘသမား အလုပ်မျိုးဆိုပါတော့"

"ဟုတ်လှချည်ပေါ့ခင်ဗျာ၊ ဒါမျိုးဟာ အစိုးရအပြစ်ဒဏ်ခံရ လည်း ကိုယ့်ဂုဏ်သိက္ခာ သွားရော၊ မမိသေးပေမယ့်လည်း မကောင်း သတင်းက အပုပ်နံ့ထွက်သလို ထွက်နေတတ်တာပဲပေါ့၊ ဒီတော့မင်္ဂလာ

http://www.dhammadownload.com



ဘယ်ရှိတော့မလဲ၊ ဟောတော်မူတာက 'မင်္ဂလသုတ်' မဟုတ်လား။ ကဲ… တို့ အခု ဆွေးနွေးခဲ့တာ ဒါနဥ္စ ဓမ္မစရိယာ၊ ဉာတကာနဥ္စ သင်္ဂဟော။ အနဝဇ္ဇာနိ ကမ္မာနိ၊ စတဲမင်္ဂလမုတ္တမံ–အထိ ပြီးပြီ"

"ကျေးဇူးပါပဲ မောင်မင်းကြီးသားရယ်"

http://www.dhammadownload.com

# မင်္ဂလာသုတ် (၉)

## သေအမူးရှောင်ခြင်းနှင့် လောင်းကစားရှောင်ခြင်း

"အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

ပါပါ = မကောင်းမှုမှ၊ ယာအာရတီစ = အကြင်စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ယာဝိရတီစ = အကြင် ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ မဇ္ဇပါနာ = သေရည်အရက်သောက်ခြင်းမှ၊ ယောသံယ မောစ = အကြင် စောင့်စည်းခြင်းသည် လည်းကောင်း၊ ဓမ္မေသု = ကုသိုလ်တရား တို့၌၊ ယောအပ္ပမာဒေါစ = အကြင် မမေ့လျော့ခြင်းသည် လည်းကောင်း၊ အတ္ထိ = ရှိ၏။ ဧတံ = ဤသုံးပါးကား၊ ဥတ္တမံ = ကောင်းမြတ်သော မင်္ဂလံ = မင်္ဂလာတည်း။ အနက်အဓိပ္ပာယ် က သိသာပါပြီနော်"

"အကြမ်းအားဖြင့်တော့ သိတာပေါ့၊ အကျယ်အားဖြင့် ဖွင့်ကြ

http://www.dhammadownload.com



ဦးစိုလေ။ မင်းစိတ်ကူးယဉ်ခဲ့တဲ့ မင်္ဂလာအမျိုးကောင်း သားကလေးဟာ အခု 'လူကြီးလူကောင်း' ဖြစ်လာရောပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မယားလည်းရပြီ၊ သားသမီးတွေလည်း ရပြီ။ စီးပွားရေးလည်း လုပ်လာခဲ့ပြီ၊ အလှူဒါနလည်း လှူတတ်လာပြီ၊ ဆွေမျိုးကိုလည်း ထောက်ပံ့လာပြီ ဆိုပါတော့"

"ဒါဖြင့် အဓိပ္ပာယ်က ရှင်းနေပြီပဲ"

"မရှင်းသေးပါဘူး၊ အာရတီ ဝိရတီ 'ရှောင်ကြဉ်ခြင်းနှစ်မျိုး' ကို နည်းနည်းပြောစေချင်တယ်၊ အဲသည်နှစ်ခု ကွာခြားပုံပေါ့။ မကောင်းမှုကိုပြုတဲ့အခါဖြစ်စေ၊ ကောင်းမှုကိုပြုတဲ့ အခါမှာ ဖြစ်စေ စိတ်ကသာရှေ့ဆောင်ကြတာမဟုတ်လား။ နောက်ပြီးမှ ကိုယ် နှင့်နှုတ်က စိတ်အတိုင်းလိုက်လာကြရတာလေ၊ စိတ်နောက် ကိုယ်ပါ ဆိုတဲ့ စကားအတိုင်းပေါ့။ နောက်တစ်ခု တို့ ပြောတတ်ကြပါသေးတယ်၊ 'မင့်ပိုက်ဆံယူရမှာထားလို့ စိတ်ကတောင် မဖြစ်မှားမိပါဘူးဗျာ' ဆိုတဲ့ အသုံးအနှုန်းမျိုး၊ အဲသည်မှာ ပထမဦးဆုံး စိတ်နဲ့ ဖြစ်မှားလိုက်မိတာကို ချက်ချင်း ပျောက်အောင် ဖျောက်နိုင်တာက 'အာရတီ'၊ စိတ်က ပျောက်တော့ဖျောက်ပါရဲ့ (သို့မဟုတ်) ဖျောက်ရကောင်းမှန်း မသိလို့ ကိုယ်နှင့်နှုတ်က ဆက်လိုက်တော့မည့် ဆဲဆဲမှာ ရှောင်ကြဉ်တာက 'ဝိရတီ'၊ ဒီလိုခွဲရလိမ့်မယ်"

"ပုထုဇဉ်ဆိုတာ စိတ်ကို မကောင်းမှု မဖြစ်အောင် ထိန်းဖို့ အခက်သားပဲ၊ ကိုယ်နှုတ်မပါရင် တော်လှပြီ"

"တစ်ခါက အင်္ဂလိပ်ကာတွန်း စာအုပ်ကလေး တစ်အုပ်မှာ တွေ့တာကလေးကို သဘောကျခဲ့မိတယ်၊ ရုပ်ပုံက ချိုချဉ်သကြားလုံး ရောင်းတဲ့ ဆိုင်ရှင်ကြီးက သကြားလုံး ပုလင်းနား ကပ်နေတဲ့ကလေး ကို မေးနေတယ် . . .

http://www.dhammadownload.com



"ဟော့ ချာတိတ်၊ မင်းငါ့သကြားလုံးကို ခိုးမလို့ မဟုတ်လား" အဲဒါကို ကလေးက ပြန်ဖြေတယ်။

"မခိုးသေးပါဘူးခင်ဗျာ၊ ခိုးချင်နေတဲ့စိတ်ကို မောင်းထုတ်နေတုန်းပါ" တဲ့။

ဒါကို ရယ်စရာလို့ အောက်မေ့ခဲ့တာ၊ မင်းအခုပြောတဲ့ အာရတီ၊ ဝိရတီတရားနဲ့ ကြည့်တော့ ချီးမွမ်းစရာ ဖြစ်နေပြီ"

"အေး . . . ကိုယ်နှုတ်မပါဖို့ ဝိရတီ ရှောင်ကြဉ်ခြင်းနှင့် ရှောင်ရမယ်လို့ ဟောတာ။ ပုထုဇဉ်ဆိုပေမယ့် စိတ်ကို နည်းနည်းသတိထားလေ့ရှိတဲ့ လူတိုင်း ကိုယ်ဒေါသဖြစ်လိုက်တာ၊ ကိုယ်လောဘဖြစ်လိုက်တာကို မလုပ်မိခင်သိလိုက်ကြပါတယ်၊ သိလိုက်လို့ ဆက်ပြီးပြောလို့ လုပ်လို့ မကောင်းပါဘူးလေလို့ ချုပ်လိုက်တဲ့အခါ ရှိသလို၊ ဖွင့်ပြော ဖွင့်လုပ်လိုက်ကြတာမျိုးလည်းရှိတာဟာ ကိုယ်တွေ့ တွေ့ပါ။ နောက်တစ်မျိုးလည်း ရှိသေးတယ်၊ မကောင်းမှုကို ကိုယ်က လုပ်လိုက်ချင်တယ်၊ ဒါပေမဲ့ အများအမြင်အများအကြားမှာ လူမှုရေးအရ ရှက်စရာဖြစ်မှာ၊ ဥပဒေအရအပြစ်ရှိမှာကို ကြောက်လို့ မလုပ်ဖြစ်လိုက်တာမျိုးကို အာရတီလို့ မှတ်နိုင်ကောင်းတယ်"

"လူ 'လစ်' ရင် လုပ်မယ်၊ လူ 'မလစ်' ရင် မလုပ်ဘူး ဆိုတဲ့ သူတော်ကောင်းမျိုး ဖြစ်နေမှာပေါ့၊ တို့ဂျပန်ခေတ် ပျက်တုန်းက လူကြီးလူကောင်းတွေ ဂိုဒေါင်ဖောက်ကြတာသတိရသေးတော့တယ်"

"ဒါမျိုးကို ရည်ညွှန်းလို့ ဝိရတီသုံးမျိုးကို အဋ္ဌကထာက ပြထားတယ်"

"ပြောပါဦး"

"(၁) သမ္ပတ္တဝိရတီ၊ (၂) သမာဒါနဝိရတီ၊ (၃) သမုစ္ဆေဒဝိရတီတဲ့။ (၁) သမ္ပတ္တဝိရတီဆိုတာက လူမမြင် သူမမြင် တရားဥပဒေ

http://www.dhammadownload.com



တို့မှပါ လွတ်ကင်းနေတဲ့အခါကိုရစေဦးတော့ မကောင်းမှုကို မလုပ်ဖြစ်အောင် ရှောင်ကြဉ်တာမျိုး၊ဥပမာပြောရရင်မြတ်စွာဘုရား ဟောထားတဲ့ ဇာတ်တစ်ခုရှိတယ်၊ ဒီဃာဝုဇာတ်ပေါ့၊ ရှေးလွန်လေပြီးသောအခါက ကောသလတိုင်းမှာ ဒီဃိတိကောသလမင်း အုပ်စိုးလျက်ရှိတဲ့ အချိန်၊ ဗာရာဏသီပြည် ကာသိကရာဇ်ဗြဟ္မဒတ္တမင်းက စစ်အင်အား ကြီးမားစွာနှင့် လာတိုက်တယ်၊ ဒီဃိတိကောသလမင်းနှင့် မိဖုရားကြီးတို့ ထွက်ပြေးရတယ်၊ တောအရပ်မှာ ပုန်းလျှိုး ကွယ်လျှိုး နေရင်း သားတော် ဒီဃာဝုကို မွေးတယ်။ မင်းသားကလေး အရွယ်ရောက်တဲ့အခါ အတတ်ပညာများကို သင်ရန် ဆရာ့ထံ သွားရတယ်။

ထိုအတွင်း ဗြဟ္မဒတ္တမင်းကြီးရဲ့ သူလျှိုများက သတင်းပေးလို့ ဒီဃိတိကောသလမင်းနှင့် မိဖုရားကြီးကို လာဖမ်းသွားတယ်။ သားတော်ဒီဃာဝု ပညာသင်ရာမှ ပြန်လာတဲ့အခါ မိဘများနောက်ကို လိုက်လာတယ်။ မိဘများကို လမ်းတစ်လျှောက်လုံးရိုက်ပုတ်ညှဉ်းဆဲပြီး ခေါ်သွားတာကို မြင်ရတော့ ဒီဃာဝုမင်းသားကလေးမှာ ဒေါသဖြစ်တာပေါ့၊ ခမည်းတော်နှင့်မယ်တော်တို့က သားကလေးကို မြင်တဲ့အခါ 'ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ၊ ရန်ကိုရန်ချင်း၊ မတုံ့နှင်းပါနဲ့ ကွယ်' လို့ မြည်တမ်း ဆုံးမသွားရှာကြတယ်။

မိဘနှစ်ပါးစလုံးအသတ်ခံရပြီးနောက် ဒီဃာဝုမင်းသားကလေးက ရန်ငြိုးထားပြီး ဗြဟ္မဒတ္တမင်းကြီးရဲ့ဆင်ထိန်းထံမှာအလုပ်ဝင်လုပ်တယ်။ တစ်နေ့တော့ ညအခါမှာဒီဃာဝုမင်းသားကလေးက စောင်းတီးနေတာကို ဗြဟ္မဒတ္တမင်းကြီးက ကြားလို့ အလွန်သဘောကျတာနဲ့ အတွင်းတော်မှာ ခ,စားစေတယ်။ ဒီဃာဝုမင်းသားလေးက လိမ္မာရေးခြားရှိပြီး မင်းရိပ်မင်းခြည် သိတတ်တာကြောင့် ဗြဟ္မဒတ္တမင်းက အရာရာမှာ ယုံကြည်စေစားတော်မူတယ်။တစ်နေ့မှာ ဗြဟ္မဒတ္တမင်း

http://www.dhammadownload.com



က ဒီဃာဝုမင်းသားလေးကို ရထား မောင်းစေပြီး မှူးမတ်များနဲ့ တောကစား ထွက်တော်မူတယ်၊ အဲဒီအခါမှာ သမင်တစ်ကောင်ကို လိုက်ရင်း မှူးမတ်များ မျက်ခြည် ပြတ်သွားအောင် 'တောကျွံ'လာခဲ့ တယ်။ ဘုရင်က နောက်လိုက်များကိုစောင့်ပြီး အနားယူနေရာက အိပ်ချင်လာတာနဲ့ ဒီဃာဝုမင်းသားလေးကို သန်လျက်အပ်ပြီး အိပ်ပျော် သွားတယ်။

ဒီအခါမှာ ဒီဃာဝုမင်းသားလေးက သူ့မိဘများအတွက် ကလဲ့စားချေဖို့ မင်းကြီးကို သတ်မယ်လုပ်တယ်။ တကယ်ကတော့ တစ်နေ့နေ့မှာ ကလဲ့စားချေနိုင်အောင် ကြံစည်ခဲ့တာ ဖြစ်တယ်လေ။ သူ့မိဘများကို သူ့ရှေ့မှာပင် ရိုက်ပုတ်ညှဉ်းဆဲပြီး သတ်လိုက်ကြ တာကိုး။ အဲသည်လို အခွင့်အရေးရတုန်း သတ်မယ်လို့ လုပ်တိုင်း 'ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ၊ ရန်ကိုရန်ချင်း၊ မတုံ့နှင်းပါနဲ့ကွယ်' ဆိုတဲ့ မိဘ၏ ဆုံးမစကားကို ကြားယောင်လာတာနဲ့ သန်လျက်ကို ကိုင်ရင်း 'တွေ' နေမိတယ်။

ဘုရင်ကြီးက 'ကောသလရဲ့သားက သူ့ကို လိုက်သတ် နေ တယ်'လို့ အိပ်မက်ဆိုးကြီးမက်ရာက လန့်နိုးတော့ သန်လျက် ကိုင် ထားတဲ့ ဒီဃာဝုကို တွေ့နေရတယ်။ ဒီဃာဝုမင်းသားက အဖြစ် အပျက် အကြံအစည်ကို ဖွင့်ပြောတယ်၊ မင်းကြီးက တောင်းပန်ပြီး သမီးတော်နှင့် ဆောက်နှင်း၍ တိုင်းပြည်ကို လွှဲပေးတယ်။

ဒီလို အခွင့်အရေးကို ရပါလျက် လက်စား မချေခြင်း၊ အကုသိုလ်ကို ရှောင်ကြဉ်ခြင်းတို့ကို သမ္ပတ္တဝိရတီလို့ဆိုတယ်၊ တို့ ခေတ်ကာလမှာလည်း ဒီလိုအဖြစ်မျိုးတွေ အများကြီးရှိကြပါတယ်။ ပရိတ်ကြီး နိဿယသစ်မှာ ဆရာတော်ဦးဝါသေဋ္ဌာဘိဝံသက အဋ္ဌသာ လိနီမှ ထုတ်ပြထားတာ ရှိသေးတယ်။

http://www.dhammadownload.com



စက္ကနအမည်ရှိတဲ့ အမျိုးသားတစ်ယောက်ဟာ သူ့မိခင် လူမမာကို ဆေးဆရာက ယုန်သားအစို ခတ်စာစားရမယ်လို့ ပြောတယ်။ ဒီအခါ စက္ကနရဲ့အစ်ကိုကြီးက စက္ကနကို ယုန်အထောင်ခိုင်း လိုက်တယ်။ စက္ကနလည်းမိခင်ကြီးရောဂါပျောက်အောင် စိတ်အားထက်သန်စွာနဲ့ တောထဲကို ထွက်ခဲ့တယ်။ တောထဲကိုရောက်လျှင်ရောက်ချင်း ယုန်ကလေးတစ်ကောင်ဟာ သူ့ကိုမြင်တာနဲ့ ကြောက်အားလန့်အားပြေးလိုက်တာ နွယ်ပင်တစ်ပင်နဲ့ ငြိပြီး အလွယ်တကူပဲ ဖမ်းခဲ့ရတယ်။ ယုန်ကလေးဟာ ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်နေရှာတယ်။

ဒါကိုမြင်တော့ စက္ကနက စဉ်းစားမိတယ်။ သတ္တဝါဆိုတာ သေရမှာ သိပ်ကြောက်ကြတာပဲ၊ ငါလည်း သေရမှာကိုတော့ ကြောက်တာပဲ၊ ငါ့အမေသေမှာကိုလည်း စိုးရိမ်တာပဲ၊ ငါ့အမေ မသေဖို့ ယုန်ကလေးကို သတ်ပြီး ကျွေးရမှာ သဘာဝ မကျပါကလားလို့ တွေးပြီး ယုန်ကလေးကို ပြန်လွှတ်လိုက်သတဲ့။

အိမ်ရောက်လို့ အစ်ကိုကြီးကမေးတဲ့အခါ စက္ကနက အဖြစ်အပျက်ကို ပြန်ပြောတော့ အစ်ကိုကြီးက အမေ့ အသက် အန္တရာယ်ကို မစောင့်ရှောက်နိုင်ကောင်းလားလို့ မြည်တွန်တောက်တီးသတဲ့။ မိခင်ကြီးကတော့ သား စက္ကနရဲ့စိတ်စေတနာကို အားရဝမ်းသာ သာခုခေါ်ရှာတယ်။ ကိုယ်ချင်းစာနာတတ်တဲ့ သားကို ကျေနပ်ပီတိ ဖြစ်တာနဲ့ပဲတစ်နေ့တခြား ဝေဒနာမှ ထမြောက်ကျန်းမာလာသတဲ့။ အဲဒါဟာ သမ္မတ္တ ပိရတိ–ပဲ”

“အေး... မင်းပြောတာက ဘုရားဟောတရား။ ခုခေတ်မှာဖြစ်တဲ့ ငါ့သူငယ်ချင်းရဲ့ ကိုယ်တွေ့ကလေးတွေပြောဦးမယ်။ မိုလ်မှူးတစ်ယောက်ဆိုပါတော့ကွာ၊ သက်ရှိထင်ရှားမို့ နာမည်ကို မပြောတော့ပါဘူး။ သူ့မိန်းမက မိဘလက်ထက်ကတည်းက ငါ့သူငယ်ချင်းထက်

http://www.dhammadownload.com



ဂုဏ်မြင့်တယ်၊ ချမ်းသာတယ်၊ တက္ကသိုလ်ဒီဂရီရပြီးဖြစ်တယ်၊ လင်ကိုနိုင်တယ်၊ မာနကြီးတယ်၊ ဗိုလ်မှူးကဖြင့် သူ့မိန်းမကို ချစ်တာ အရေးပေးတာ လွန်တယ်လို့တောင် အပေါင်းအသင်းများက လှောင်ကြတဲ့အထိပဲ၊ တိုတိုပြောရရင် သူ့မိန်းမမှာ မီးယပ်သွေးဆုံးဝေဒနာဖြစ်နေတယ်ကွာ၊ အထူးကု သမားတော်ကြီးများနှင့် နှစ်ရှည်လများကုနေရတယ်။ တစ်နေ့တော့ ကိုယ်တွေ့သမားတစ်ယောက်က မျောက်ညှီသွေး လတ်လတ်ဆတ်ဆတ်ကို ချက်အရက်နဲ့ရောတိုက်ရင် ဒီရောဂါမျိုး ပျောက်တာ ဒိဋ္ဌပါလို့ ပြောတယ်၊ ဗိုလ်မှူးကလည်း ကြားဖူးထားတယ်၊ သူ့မိန်းမကလည်း ပူဆာတယ်"

"အေး... ငါလည်း ကြားဖူးတယ်၊ ဒူလာနဲ့ မီးယပ် ရောဂါအတွက် ဆေးကောင်းတစ်ပါးတဲ့လေ"

"ဗိုလ်မှူးကိုယ်တိုင်က အမဲပစ်ဖူးတာ မဟုတ်လို့ သူ့တပ်ကလက်ဖြောင့်တပ်ကြပ်ကြီး တစ်ယောက်ကို ခေါ်သွားရတယ်"

"လင်ယောကျ်ားဆိုတဲ့ မောင်မင်းကြီးသားများကတော့ မယားအတွက်ဆိုရင် မိဘကိုတောင် သတ်သေးတာကွာ၊ ဒါနဲ့ တောထဲရောက်တော့ ဘာဖြစ်လဲ"

"တောထဲရောက်တယ်ဆိုရင် ငှက်ကြီးတွေ တိရစ္ဆာန် အငယ်ကလေးတွေဟာသူတို့ကိုမြင်တယ်ဆိုရင်ပဲ တိုင်းပြည်ပျက်သလို အထိတ်တလန့် အော်ကြ၊ ဟစ်ကြ၊ ပြေးကြ၊ လွှားကြ၊ ပုန်းကြ၊ ရှောင်ကြတာပေါ့။ နောက်ဆုံး မျောက်ညှီအုပ်ရှိတဲ့ နေရာကို ရောက်တော့လည်း တစ်ကောင်တစ်မြီးမှ မတွေ့ရဘူး၊ အသံတောင် 'ကွကွကွိကွိ'မကြားရဘူး တဲ့။ အဲသည့်အခါ ဗိုလ်မှူးက စဉ်းစား မိသတဲ့လေ။ 'ဩော် သတ္တဝါတိုင်း သေရမှာ ကြောက်လိုက် ကြတာ၊ သေနိုင်တဲ့အန္တရာယ်ကို သိရင်လည်း ပြေးလိုက်ကြ၊ပုန်းလိုက်ကြ၊ အထိတ်တလန့်နဲ့၊ စိတ်မချမ်း

http://www.dhammadownload.com



သာကြတာ သဘာဝ ပါကလား၊ လက်နက်အားကိုးနဲ့ အနိုင်ကျင့်ပြီး သတ်ရအောင်လာတဲ့ လူမျိုးကို မပြောနဲ့ သူသေကိုယ်သေ တိုက်ရအောင် ရှေ့တန်းထွက်တဲ့ တို့တစ်တွေတောင် မယားနဲ့ သားနဲ့ ခွဲခါနီးမှာတောင် ငါသေရင် ဒုက္ခပဲလို့ ကြောက်မိ တတ်တယ်။ အေးလေ စစ်မြေပြင်မှာ တိုက်ရတာက နိုင်ငံ့ရန်သူ၊ ကိုယ့်ရန်သူ၊ အခု ငါသတ်ရအောင် လာတာက ကိုယ့်ရန်သူလည်းမဟုတ်ဘူး၊ သူ့သွေးကိုသောက်လို့ ရောဂါပျောက်မှာ မပျောက်မှာ မသေချာဘဲနဲ့ သူတို့ အသက်သေကြမှာက သေချာနေပြီ' လို့ တွေးနေတုန်း တပ်ကြပ်ကြီးက စပ်စုရအောင် ထွက်ကြည့်နေတဲ့ မျောက်ညိုကြီးကို သေနတ်နဲ့ လှမ်းချိန်လိုက်တယ်၊ ဗိုလ်မှူးက သေနတ်ကိုဆွဲဖြီး ထားလိုက်တယ်၊ မျောက်ညိုကြီးလည်း လန့်အော်ပြီးပြေးရော။ ဗိုလ်မှူးက သူ့သဘောသူ့စေတနာကို ရှင်းပြပြီး ပြန်လာခဲ့ကြရော"

"အေး... အဲဒါလည်း သမ္မတ္တဝိရတီပဲ၊ သူ့ ကောင်းမှုစေတနာ ကြောင့် သူ့မိန်းမလည်း ရောဂါ ပျောက်သွားရော မဟုတ်လား"

"တစ်နှစ်လောက်ကြာတော့ သူ့မိန်းမ သေပြီး မကြာခင် သူ့ မိန်းမထက် ချောလည်းချော၊ ငယ်လည်းငယ်၊ လိမ္မာတဲ့ အထက်တန်းပြ ဆရာမတစ်ယောက်နဲ့ညားသွားပါလေရောဗျား၊ ဟား –ဟား – ဟား"

"မင့်ဟာကလည်း အကောင်းပြောတာလားလို့ နားထောင် နေတာကွာ"

"အဲဒါ အမှန်ပြောတာကွ၊ အရင်မိန်းမက အရုပ်လည်း ဆိုး သေး၊ မာနကလည်း လွန်ရော၊ လင်ကိုနိုင်လိုက်တာ မပြောနဲ့တော့။ အခုတော့ အဲသည့်စေတနာကလေးက အကျိုးပေးလိုက်တာ လိမ္မာတဲ့ မယားကို ရတယ်လေ။ ဒါထက် သူပြန်ပြောတယ်။ စစ်ပွဲတိုင်းမှာ ဘယ်လောက် ပြင်းပြင်းထန်ထန်တိုက်ရတိုက်ရ သေနတ် ဒဏ်ရာ

http://www.dhammadownload.com



တစ်ချက်မှ မရခဲ့ဘူးတဲ့။ မျောက်ကို မပစ်ခဲ့မိတဲ့ သူ့စေတနာ သူယုံနေတယ်"

"အင်း… ဖြစ်နိုင်စရာ ရှိပါရဲ့။ တစ်ခဏ အတွင်းမှာ ဖြစ်တဲ့ စေတနာကောင်းကလေးတွေဟာ ဘဝပေါင်းများစွာ အကျိုးပေးနိုင်တာပဲ"

"ကဲ… ငါပြောတာနဲ့ ရှည်သွားပြီ။ နောက် ဝိရတီ တစ်မျိုးကို ဆက်ပါတော့"

"နောက်လာတာက သမာဒါနဝိရတီ – တဲ့။ သမ္ပတ္တဝိရတီက တစ်ခဏအတွင်းမှာ ပေါ်လာတဲ့ စိတ်စေတနာအရ ရှောင်ကြဉ်တာ။ သမာဒါန ဝိရတီက အခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ နဂိုကတည်းက မပြုကျင့်ပါဘူးလို့ သီလသိက္ခာပုဒ်နဲ့ ရှောင်ကြဉ်တဲ့ သဘော။ အဲဒါကျတော့ မိမိအသက်ကိုပင်လျှင် စွန့်မယ်၊ မကောင်းမှုကို မလုပ်ဖြစ်အောင် ရှောင်ကြဉ်ပြီ"

"အဲဒါဆိုရင် သိသာပြီ။ နောက်ဝိရတီ အကြောင်းကိုပြော"

"နောက်ဆုံး ဝိရတီက သမုစ္ဆေဒဝိရတီ။ အရိယာ သူတော်ကောင်းများအဖို့ မဂ်တရားနှင့်ယှဉ်လျက်သာ အမြဲနေကြလို့ မကောင်းမှု ပြုရအောင် စိတ်ထဲမှာကို မပေါ်လာတော့လို့ ရှောင်ကြဉ် စရာမလိုတော့တဲ့ ရှောင်ကြဉ်ခြင်း ဆိုပါတော့ကွာ။ ရှင်းရဲ့လား"

"ရှင်းပါတယ်၊ သဘောပေါက်ပါတယ်၊ ဥပမာတောင် ပြောနိုင်သေးတယ်၊ အာရတီ ဆိုတာက သိန်းနဲ့ချီပြီး ချမ်းသာတဲ့ လူတွေက ငွေတစ်ရာတန်လောက်အတွက် မဟုတ်တာ မလုပ်ချင် တဲ့သဘော၊ ငြိုးသူရန်ဖက်မဟုတ်တဲ့ သာမန်လူတစ်ယောက်အပေါ်မှာ မကောင်းမလုပ်တဲ့သဘော၊ ဝိရတီဆိုတာကျတော့ ဝတ်မွတ် ဆင်းရဲ နေပါလျက်နဲ့၊ အခွင့်အခါလည်း ရပါလျက်နဲ့ ငွေတစ်သိန်းတန် လောက်ကို

http://www.dhammadownload.com



မတရားမလုပ်ချင်တဲ့ သဘော၊ ကိုယ့်ရန်သူကို အခါ အခွင့်ရပါလျက် ရန်တုံ့မမူ လက်စားမချေတဲ့သဘော၊ အဲသမုစ္ဆေဒ ဝိရတီ ကျတော့ သူတော်ကောင်းများ၊ အရိယာများ၊ ဘုရားရဟန္တာများအဖို့ ရှောင်ကြဉ် စရာကို မလိုတော့တဲ့ 'အော်တိုမက်တစ်' ရှောင်ကြဉ်ပြီးသား ဖြစ်တဲ့ သဘော၊ ဟုတ်ကဲ့လား"

"မင့် 'အော်တိုမက်တစ်' ဆိုတဲ့ စကားကြီးကတော့ မကောင်း ပါဘူးကွာ"

"ဟ – ကိုယ်နားလည် သဘောပေါက်သလို လက်ခံတာက ပိုကောင်းတယ်ဆို"

"ထားပါတော့၊ ထားပါတော့၊ အရေးကြီးတာက လူ တစ်ယောက်ဟာ ဘယ်လောက် ဖြောင့်မတ်တယ်ဆိုဆို၊ ကိုယ့်မှာ အကျဉ်းအကျပ် အခက်အခဲဖြစ်နေတဲ့ အချိန်မှာ လိမ်ချင်၊ ကောက်ချင်၊ ခိုးချင်ဝှက်ချင်၊ လုယက်ချင်၊ အနိုင်ကျင့်ချင်လာတတ်တယ်၊ မိတ်ဆွေ ချင်း သစ္စာဖောက်ဂဟာတတ်တယ်။ 'တစ်သက်လုံး မွေးခဲ့ကြတဲ့ ကြက်ကို တစ်မနက်တည်းနဲ့ ရိုက်သတ်စားကြတယ်' ဆိုတာမျိုးလို ယခင်က ကျေးဇူး၊ မေတ္တာ၊ စေတနာ တွေကို မျက်နှာ မထောက် မတရားမှန်း သိလျက်နဲ့ လုပ်တတ်လာကြတယ်"

"ဒါကို တို့တစ်တွေက မလွှဲသာလို့လုပ်ရပါတယ်၊ အခြေ အနေအရ လုပ်ရပါတယ်လို့ ဆင်ခြေပေးတတ်တယ်လေ"

"ဆင်ခြေဆိုတဲ့စကားကိုက မိမိကိုယ်မိမိ လိမ်ပြီးမှ သူများကို လိမ်ပြောတဲ့စကားပါ၊ ပြောတဲ့လူကိုယ်တိုင် ကိုယ့်စကားဟာ ယုတ္တိ သဘာဝနဲ့ သစ္စာစကားမဟုတ်တာ သိပါတယ်။ ဒါကိုသိလျက်နဲ့ တစ်ကြိမ်တစ်ခါသာ လုပ်လိုက်မိရင် နောက်တွေသမျှလည်း၊ အဲသည့် ဆင်ခြေနဲ့ပဲ ဆက်လုပ်ပါလေရော၊ အေး... ပထမဆုံးတွေ့တဲ့ အခါ

http://www.dhammadownload.com



အခွင့်ကို 'မတရားမှန်းသိလို့၊ ရှောင်ကြဉ်ထိုက်တာကိုသိလို့ မိမိစိတ်ကို ရှောင်ကြဉ်နိုင်အောင် ဆုံးမလို့' ရှောင်ကြဉ်လိုက်နိုင်တယ် ဆိုရင် နောက်ကြုံလာသမျှကို ရှောင်ကြဉ်ဖို့ လွယ်ကူသွားနိုင်တယ်"

"အေး... ပထမတွေ့တုန်းက ငါမလုပ်လိုက်မိတာ 'နာလိုက်တာ'လို့ ထင်နေရင်ကောကွာ"

"အဲ... ဒါကတော့ ကိုယ်ကျင့်တရား အနုအရင့် ကွာသလို ခံယူကြမှာပေါ့။ မင်းပြောသလို မလုပ်ခဲ့မိတာ 'ငါညံ့လို့' ဆိုပြီး နောက်တစ်ခါတွေ့တော့ မရှောင်တော့သလို၊ ဟိုတုန်းက အခွင့်အရေးကိုတောင် ငါက လက်လွှတ် နိုင်ခဲ့သေးတာ၊ အခု ရှောင်ရမှာ ဘာဝန်လေးစရာ ရှိသလဲလို့ ခံယူတဲ့ လူမျိုးလည်း ရှိမှာပေါ့"

"အေး... စကားပုံတောင် ရှိသေး။ ခြံစုန်ဖူးတဲ့နွားမှ ခြံစုန်တယ် ဆိုတာလေ"

"ဝိနည်းတော်များမှာ ရဟန်းတို့အတွက် ဆုံးမ ထားတာ ရှိတယ်။

'အကြင်ရဟန်းတစ်ပါးဟာ အာပတ်ကို သိလျက်နဲ့ ပထမအကြိမ် ကျူးလွန်ဖို့သာခဲယဉ်းတယ်တဲ့။ ကျူးလွန်ဖူးရင်တော့ ဆက်၍ ဆက်၍ ကျူးလွန်နိုင်ဖို့ ဝန်မလေးတော့ပါဘူး' တဲ့။ လူတွေလည်း ဒီအတိုင်းပဲ"

"ဟုတ်ပါတယ်။ ထောင်ထဲ တစ်ခါရောက်သွားဖူးတဲ့ လူတစ်ယောက်အဖို့နောက်ထပ်ထောင်ကျမှာမကြောက်တော့ဘူး တဲ့လေ"

"အဲသည့် သဘောမျိုးပါပဲ။ လူ့လောက ဆက်ဆံရေးမှာ အရေးပါသလောက် လောကုတ္တရာအတွက် အလွန် အဖိုးတန်သော အကျိုးဖြစ်တယ်။ ဒါကြောင့် လောကီ လောကုတ္တရာ မင်္ဂလာ ဖြစ်တယ်"

http://www.dhammadownload.com



"မင်္ဂလာဆိုတဲ့ အဓိပ္ပာယ်က မကောင်းမှုများကို ပယ်ဖျက်သည့်အတွက် မင်္ဂလာဟူ၍ ခေါ်တယ်လို့ ဆိုတယ် မဟုတ်လား။ လောကမှာ ထိုကဲ့သို့သော ဝိရတီမျိုးကို မရှောင်ဘဲ စီးပွားဥစ္စာ ဂုဏ်သိန်မြင့်လာတဲ့ ပုဂ္ဂိုလ်မျိုးကို လူတော်လူကောင်းများက အထင်သေးကြတယ်၊ လေးစားကြည်ညိုမှု နည်းပါးတတ်တယ်။ ရောယောင်ညာလှိုင်းပြီး အကြောင်းသင့်အောင် ပေါင်းနေကြစေကာမူ၊ ကွယ်ရာမှာတော့ နှာခေါင်း ရှုံ့တတ်ကြတယ်၊ အတင်းပြော တတ်ကြတယ်"

"ငွေသာ ရှိချင်ရှိမယ်၊ ကျက်သရေတော့ မရှိဘူးပေါ့"

"ဟုတ်ပါတယ်။ မင်္ဂလာကျက်သရေ ဆိုတာ တစ်ခုနှင့်တစ်ခု ပူးတွဲနေကြပါတယ်"

"အတိုင်းမသိ ကျက်သရေမင်္ဂလာ ရှိပါဘိတယ်... လို့ ဆိုတဲ့ မင်္ဂလာဘွဲ့သီချင်းကို မင်္ဂလာသဘင်မှန်သမျှမှာ ရင့်ကျူး သီဆိုနေကြတာ သတိထားစရာကောင်းတာပေါ့နော်။ ကဲ – အာရတိ ဝိရတိပြီးတော့ မဇ္ဇပါနာစသံယမော – အရက်သေစာကို သောက်ခြင်းမှ စောင့်စည်းခြင်းပေါ့။ အရက်ဆိုတဲ့အထဲမှာ ဘိန်းဘင်း ကဇော်၊ လှော်စာ၊ ဆေးခြောက်၊ ထန်းရည်၊ ဓနိရည်၊ ဘီယာမှ အစ နံပါတ်ဖိုးလည်းအကျုံးဝင်တယ်"

"ပက်သဒင်းလို ထိုးဆေးတွေလည်း ပါမှာပေါ့"

"မူးယစ်စေလိုတဲ့ စိတ်နဲ့သာ သုံးဆောင်ရင် အားလုံး မဇ္ဇ ဆိုတဲ့အထဲမှာပေါ့၊ 'သုရာငါးပါး၊ မေရယငါးပါး' လို့ကျမ်းဂန်များမှာ ဆိုထားတာရှိတယ်၊ သုရာ ငါးပါးက –

(၁) ပိဋ္ဌသုရာ = မုန့်ညက်ကို ရေတို့ဖြင့် နယ်၍ ပြုထားသော အရည်၊

(၂) ပူဝသုရာ = မုန့်တို့ကိုအိုးခွက်၌ထည့်ပြီးရေနှင့် နယ်ထားသော အရည်၊

http://www.dhammadownload.com



(၃) ဩဒနသူရာ = ထမင်းကို နယ်၍ လုပ်ထားသော အရည်၊
(၄) ကိဏ္ဏပက္ခိတ္တသူရာ = ကစော်အလျှော်နှင့်ဖောက် ထားသောအရည်၊
(၅) သမ္ဘာရသံယုတ္တသူရာ = ဇာတိပ္ဖိုလ်၊ မုန်ညင်းစသော အသီးတို့နှင့် ဖောက်ထား သောအရည်၊

မေရယ ငါးပါးက–
(၁) ပုပ္ဖာသဝ = အပွင့်ရည်တို့ကို ရှည်မြင့်စွာ ထုံ၍ ပြုသောအရက်၊
(၂) ဖလာသဝ = အသီးရည်တို့ကို ရှည်မြင့်စွာ ထုံ၍ ပြုသောအရက်၊
(၃) ဂုဠာသဝ = ကြံရည်ကို ရှည်မြင့်စွာ ထုံ၍ ပြုသောအရက်၊
(၄) မဓွာသဝ = သပျက် (စပျစ်)သီးစသည်တို့ကို ရှည်မြင့်စွာ ထုံ၍ ပြုသောအရက်၊
(၅) သမ္ဘာရသံယုတ္တ = ဆီးဖြူ သျှိသျှားစသောအသီးများ ဖြင့် ပြုလုပ်ထားသောအရက်၊

အဲသလို ဖော်ပြထားတယ်"

"အရက်ဆိုတဲ့စကားက မြန်မာစကား မဟုတ်ဘူးဆို"

"စာပေပညာရှင်အချို့ကတော့ 'အာရဗ်' စကားလို့ ပြောကြပါတယ်၊ ပါဠိလိုက သူရာ၊ မြန်မာလိုက သေစာ၊ သေရည်၊ သေရက်၊ ဒီလိုသုံးကြပါတယ်။ သူရာ(သုရာ) ဖြစ်ပေါ်လာပုံကို ငါးရာ့ ငါးဆယ်၊ တိံ သနိပါတ်၊ ကုမ္ဘဇာတ်မှာ ဟောထားတာရှိတယ်"

http://www.dhammadownload.com



"ပြောစမ်းပါ၊ ကြားရအောင်"

"ရှေးတုန်းက ဟိမဝန္တာမှာ သစ်ပင်ကြီးတစ်ပင် ရှိတယ်၊ ခက်မသုံးဖြာ 'ခွ'ကြီးက ရေအိုးလောက်ကြီးတယ်၊ မိုးကာလမှာ ရေဝပ်နေလေတော့ အဲဒီအထဲကို အသီးမျိုးစုံ, အပွင့်မျိုးစုံ ကြွေလွင့်ကျကာ ကျေးငှက်တွေကလည်း သလေးစပါးလို အနှံတွေ ချီယူလာစားရင်း ကျနေတယ်။ နွေအခါမှာ နေရဲ့အပူရှိန်နဲ့ အရက် ချက်ထားသလို ဖြစ်နေတယ်။

သုရ အမည်ရှိတဲ့ မုဆိုးက အမဲလိုက်ရင်း ရောက်လာတော့ ငှက်တွေ မျောက်တွေဟာ အဲသည့် သစ်ခေါင်းထဲက အရည်တွေ သောက်လိုက် ပျော်မြူးနေလိုက် ဖြစ်နေတာတွေလို့ မုဆိုးက စမ်းသောက်ကြည့်တယ်၊ သူလည်း အရသာ တွေ့သလိုလို ပျော်မြူးလာသလိုလို ဖြစ်နေတယ်၊ အဲသည့်နောက် ဝရုဏ အမည်ရှိတဲ့ ရသေ့တစ်ပါးကပါ ရောက်လာတော့ မုဆိုးနဲ့ နှစ်ယောက်အတူတူ သောက်ကြတယ်။ သုရ မုဆိုးက စ,တွေ့တာမို့ အဲသည့်အရည်ကို 'သုရာ' လို့ ခေါ်ရာက 'သူရာ' ဖြစ်လာတယ်။

မုဆိုးနဲ့ရသေ့တို့က အဲသည့်အရည်တွေကို တိုင်းပြည်သို့ ယူလာပြီး ဘုရင်ကို ဆက်တယ်။ ဘုရင်လည်းကြိုက်လာတယ်။ တောက အရည်တွေကုန်တော့ မြို့မှာပဲချက်စေတယ်။ ရှင်ဘုရင်က စ, သောက်တော့ တစ်တိုင်းတစ်ပြည်လုံး သောက်ကြ၊ မူးကြ၊ ခိုက်ရန်ဒေါသဖြစ်ကြ၊မကောင်းမှုမှန်သမျှလုပ်ကြတာနဲ့တိုင်းပြည်ပျက်ကရော။

အဲသည့်သတင်းကို သာကေတဘုရင်က ကြားတော့ စဉ်းစားမိသတဲ့၊ တိုင်းပြည်ကြီးပျက်လောက်အောင် လူတကာ သောက်ကြတယ်ဆိုတာ ကောင်းတဲ့အရသာ ကောင်းတဲ့အတွေ့ ရှိလွန်းလို့သာ ဖြစ်ရမယ်။ ပျက်စီးကြတယ် ဆိုတာလည်း ကောင်းလွန်းတာကို မဆင်

http://www.dhammadownload.com



မခြင် အလွန့်အလွန် သောက်ကြလို့သာ ဖြစ်လိမ့်မယ်။ သူတို့လို မလွန်အောင် သတိထားပြီး သောက်ကြည့်ရင် ကောင်းမှာပဲလို့ အောက်မေ့တယ်၊ အဲဒါဟာ အရက်ကို စ,သောက်လေ့ရှိတဲ့ လူ့သဘောအတိုင်း ကိုယ့်စိတ် ကိုယ်နိုင်မယ်ထင်ကြတာ ဓမ္မတာပါ၊ အဲဒါနဲ့ တိုင်းပြည်အတွင်းမှာ သူရာကို အရှာခိုင်းသတဲ့။ အဲသည့်အခါ ဘုရားလောင်းသိကြားမင်းက ပုဏ္ဏားယောင်ဆောင်ကာ 'အရက်ရောင်းဖို့ ပါလာပါတယ်' ဆိုပြီး မင်းကြီးထံဝင်တယ်။ မင်းကြီးက 'ပုဏ္ဏားကြီး အရက် ဘယ်လောက်ကောင်းသလဲ' လို့မေးတဲ့အခါမှာ 'အဲသည့်အရက်ကို သောက်ရင် ဟောသည့်ဂုဏ်တွေ ရပါလိမ့်မယ်' လို့ ပြောတယ်–

(၁) သောက်မိရင် လမ်းလျှောက်လို့ မရအောင် လဲမယ်၊

(၂) မစားသင့်တာ အကုန်စားလိမ့်မယ်၊ (ဖြဟ္မဒတ္တမင်းဟာ သူချစ်တဲ့ သားတော်ကလေးကိုတောင် အရက်မူးတုန်း သတ်စားသည်။)

(၃) နွားများစားမြို့ပြန်သလို ဝါးပြီးသားလည်း ပြန်စားတတ်တယ်၊

(၄) ကိုးကွယ်ရာ မရတဲ့လူလို လှည့်လည်တတ်တယ်၊

(၅) သီခြင်း၊ က,ခြင်းကို အရှက်အကြောက်မရှိ ပြုတတ်တယ်၊

(၆) အဝတ်အစားမကပ်ဘဲ ရွာထဲလျှောက်တတ်တယ်၊

(၇) အလွန်အကျူး အိပ်တတ်တယ်၊

(၈) ခေါင်းခါ၊ ခြေခါ၊ လက်တုန် ဖြစ်တတ်တယ်၊

(၉) အသည်းကို မီးလောင်တတ်တယ်၊

(၁၀) နှောင်ဖွဲ့ခြင်း၊ သတ်ပုတ် ညှဉ်းဆဲခြင်း၊ စည်းစိမ် ယုတ်ခြင်း ဖြစ်တတ်တယ်၊

http://www.dhammadownload.com



(၁၁) လူစုလူဝေးထဲမှာ မဆိုအပ်သောစကားကို ဆိုတတ်ပြောတတ်တယ်၊

(၁၂) ငါနှင့်တူသူ ဇမ္ဗူမှာမရှိလို့ မိုက်ဂုဏ် ပြတတ်တယ်၊

(၁၃) အငြင်းအခုံ သန်တတ်တယ်၊

(၁၄) ခိုးသူဖြစ်တတ်တယ်၊ အရက်သမားကြီး ဖြစ်တတ်တယ်၊

(၁၅) အမျိုးစည်းစိမ် ဂုဏ်သရေ ကင်းတတ်တယ်၊

(၁၆) ရှိသမျှ ရတနာ ကုန်တတ်တယ်၊

(၁၇) အမိ အဘ တို့ကို ဆဲရေးမိတတ်တယ်၊ ယောက္ခမချွေးမတို့ကို ကျူးလွန်မိတတ်တယ်၊

(၁၈) ရဟန်း, ပုဏ္ဏားမှအစ သူတော်ကောင်းတို့ကို မရှိမသေပြစ်မှားတတ်တယ်၊

(၁၉) တစ်သက်လုံး ရိုးသားလာခဲ့သူဖြစ်စေ၊ မဟုတ်မမှန်တာ အကုန်လုပ်တတ်တယ်၊

(၂၀) သတိမေ့ပြီး အသေလို ဖြစ်တတ်တယ်၊ ထိုရောဂါမျိုး ရတတ်တယ်၊

(၂၁) မပေါင်းထိုက်သူ မှန်သမျှနှင့် လွယ်လွယ်ကူကူ ပေါင်းတတ်တယ်၊

(၂၂) တွေ့ရာကြုံရာမှာ နွားအိပ်သလို အိပ်တတ်တယ်၊

(၂၃) အရက်သမားအချင်းချင်း တွေ့လျှင် အချင်းချင်း ရန်လုပ်လျှင်လုပ်၊ သူတစ်ပါးကို ရန်လုပ်ဖို့ရင်လည်း ပူးပေါင်းမိတတ်တယ်၊

(၂၄) ဤသေကို သောက်၍ အသုရာတို့ တာဝတိံသာမှ ရွေ့လျောရတယ်။ အဲသလို ဂုဏ်တွေကို ပြောပြတော့မှ

http://www.dhammadownload.com



သာကေတဘုရင် သဗ္ဗမိတ္တမင်းဟာ သိကြားမင်း လာရောင်းတဲ့ အရက်အိုးကို ငွေပေးပြီး ခွဲပစ်လိုက်တယ်"

"အင်း... သေရည်သေရက်စတဲ့ မူးယစ်စရာတွေရဲ့ အပြစ်ကို သိပ္ပံနည်းကျကျ ဟောတော်မူထားတာပဲ။ 'မူးရင်မမောင်းနဲ့၊ မောင်းရင်မမူးနဲ့' ဆိုတဲ့ အသေးအမွှားဥပဒေကအစ ဂုဏ်ကျက်သရေရေး၊ စီးပွားရေးရေး၊ အသက်အန္တရာယ်ရေး အဆိပ် ဖြစ်တာတို့ကို မျက်စိအောက်, နားအောက်မှာ တွေ့ရ ကြား ရနေတာ အများကြီး။ လူ့အဖိုးတန် 'လောကရတနာ' အနုပညာရှင်တွေ၊ တပင်ရွှေထီးတို့လို နိုင်ငံခေါင်းဆောင်တွေဟာ အရက်ကြောင့် ဆုံးရှုံးခဲ့ရတယ်။ ကုသိုလ် အကုသိုလ်ဆိုတဲ့ တရားတွေကိုဖယ်ထား။ လတ်တလောဒဏ်တွေကို မြင်တွေ့နေရတာမို့ ရှောင်ကြဥ်ကြရမယ်။ စိတ်ညစ်လို့ အရက်သောက်ရင် အရက်ကြောင့် ပိုစိတ်ညစ်လာတယ်။ မင်းဆိုခဲ့တဲ့ သီချင်းလေ – ဟဲ – ဟဲ"

"တော်စမ်းပါကွာ၊ ငါရည်ရွယ်တာက အရက်ဆန့်ကျင်ရေးပါ၊ နောက်ဆုံးအပိုဒ်ကိုကြည့်၊ 'လူ့ဘဝပါ ပျက်ပြုန်းစေတော့၊ တစ်သက် လုံးပဲမိုက်ပြပါတော့မယ်' လို့ ပြောထားတာပါ၊ အဲဒါကို မိုက်ချင်တဲ့ လူတွေက အရက်သောက်ရင်း ခံတွင်းတွေပြီး 'စိတ်ညစ်လို့ အရက်ကို သောက်တယ်'ဆိုတာလောက်ကလေးနဲ့ စည်းစိမ်ယူနေကြလို့ ခုတ်ရာ တခြား, ရှရာတခြား ဖြစ်သွားရတာ"

"အေးလေ...နိုင်ငံတကာက အရက်ဟူသမျှ အန္တရာယ် ရှိတယ်ဆိုတာ တညီတညွတ်တည်း လက်ခံလည်းနေကြတယ်။ မူးယစ် ဆေးဝါးတွေလည်း ကြောက်စရာကောင်းတာပဲ"

"အေး... အရက်က လူကြီးလူကောင်းတွေကို ဖျက်ဆီးနေတယ်၊ မူးယစ်ဆေးဝါးတွေက လူငယ်လူကောင်းတွေကို ဖျက်ဆီးနေ

http://www.dhammadownload.com



တယ်။ ကဲ– နောက်မင်္ဂလာတစ်ပါးကို ဆက်ကြစို့လား၊ အပ္ပမာဒေါ စ ဓမ္မေသု = ကုသိုလ်ကမ္မပထတရားများကို ပြုဖို့မမေ့နဲ့၊ ဒီလို မဟုတ်လား "

" အဲသည့်ပါဠိကို အနက်ပြန်လျှင်တော့ သည်အတိုင်း ပြန်ရမှာပါပဲ "

" မင်းက သည်လိုအနက်မပြန်လို့ ဘယ်လိုများပြန်ချင်သေးလို့လဲ "

" သည်နေရာမှာ 'အပ္ပမာဒ'မမေ့နဲ့ – ဆိုတဲ့စကားကို ဦးစားပြုပြီး စဉ်းစားချင်လို့ပါ။ အပ္ပမာဒ = သတိမလစ်ဖို့။ ဘာကို သတိမလစ်ရမှာလဲ၊ အထက်ကပြခဲ့တဲ့ 'အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော'အဲသည့်အကြောင်းတရားဓမ္မတွေကို ရှောင်ကြဉ်ဖို့ သတိမလစ်ရမှာလို့လည်း ယူလို့ဖြစ်မယ်။ သတိလစ်လျှင်'အာရတီ ဝိရတီ ပါပါ'ဆိုတာရော၊ 'မဇ္ဇပါနာစသံယမော'ဆိုတာရော မကောင်းနိုင်ကြလို့ဖြစ်တယ်။ စိတ်နှင့်ဆိုင်တဲ့စေတနာကို သတိတရားကသာ စောင့်ရှောက်ထိန်းချုပ်နိုင်လို့ ဖြစ်တယ် "

" ဓမ္မေသုဆိုတဲ့ အနက်က အများကြီးကျယ်ဝန်းလိမ့် မယ်နော် "

" ဟုတ်ပါတယ်၊ အများကြီး ကျယ်ဝန်းပါတယ်၊ ကုသိုလ်ကောင်းမှုများကို ပြုဖို့ သတိမမေ့နဲ့ ဆိုရင်လည်းရပါတယ်၊ သို့ပေမယ့် နောက်အပိုဒ်မှာ ဆက်လာမယ့် မင်္ဂလာတရား သုံးပါးမှာ လောကုတ္တရာတရားနဲ့ ပို၍ နီးနွယ်တာကို တွေ့နေလို့ ဖြစ်ပါတယ် "

" နောက် အပိုဒ်က 'ဂါရဝေါ စ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ၊ ကာလေန ဓမ္မဿဝနံ' လာမှာမဟုတ်လား "

" ဟုတ်တာပေါ့။ အဲသည့်အပိုဒ်က 'ကာလေန ဓမ္မဿဝနံ' ကို ဆွေးနွေးတာပေါ့ "

http://www.dhammadownload.com

# မင်္ဂလသုတ်
# (၁၀)
# ခြေသုတ်ပုဆိုး၊ ခြေဖွယ်ကျိုး

"ဂါရဝေါစ နိဝါတောစ၊
သန္တုဋ္ဌိစ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဂါရဝေါစ = ရိုသေထိုက်သောသူတို့ကို ရိုသေခြင်းသည် လည်းကောင်း၊ နိဝါတောစ = မိမိကိုယ်ကိုနှိမ့်ချခြင်းသည်လည်းကောင်း၊ သန္တုဋ္ဌိစ = ရောင့်ရဲလွယ်ခြင်း သည်လည်းကောင်း၊ ကတညုတာစ = သူ့ကျေးဇူးကို သိခြင်းသည်လည်းကောင်း၊ ကာလေန = အခါအား လျော်စွာ၊ ဓမ္မဿဝနဉ္စ = တရားတော်ကိုနာယူခြင်းသည်လည်းကောင်း၊ အတ္ထိ = ရှိ၏။ ဧတံ = ဤတရားငါးပါးသည်။ ဥတ္တမံ = မြတ်သော၊ မင်္ဂလံ = မင်္ဂလာမည်၏။"

http://www.dhammadownload.com



"အဓိပ္ပာယ်က ရှင်းပါတယ်"

"နေဦး၊ သည့်ထက်ရှင်းအောင် တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်အရှင်ဇနကာဘိဝံသ ဖွင့်ပေးထားတဲ့ အခြေပြု မင်္ဂလသုတ်ကို ဖတ်ပြမယ်။ ကျောင်းသူ ကျောင်းသားကလေးများ အတွက် ရေးထား တာ။

လေးစားဖွယ် ဂုဏ်ကြွယ်မြင့်လျှင်လ
လေးစားသင့်ပေတယ်။
ကိုယ့်ကိုယ်ကို မာန်စွယ်ကျိုးအောင်
ချိုးနှိမ်ချကွယ်။
ရောင့်ရဲလွယ်
ဆာကျယ်နှင့် မေ့သား။
ကျေးဇူးကို ဖန်ဖန်တင်လို့
ချိန်တန်လျှင် နာတရားရယ်နှင့်
ငါးပါးစုံ မင်္ဂလာပွားရအောင်
မင်းသတိထား။ – တဲ့။"

"အရကျက်ထားဖို့ ကောင်းလိုက်တာ"

"နေဦး၊ အဖွင့်စကားကို ဖတ်ပြဦးမယ်"

"ရိုသေခြင်းဟူသည်လေးလေးစားစားပြုခြင်း၊ ဂရုစိုက်ခြင်း တည်း။လေးစားထိုက်သူများကားကောင်းစွာကျင့်သောရသေ့ရဟန်း၊ ဆရာ, မိဘ, ဘိုးဘွား, ဘကြီး, ဦးကြီး, ဘထွေး, ဦးလေး, အဒေါ်, အရီး, အစ်ကို, အစ်မတို့နှင့် မိမိထက် အသက်ကြီး ဂုဏ် ကြီးသူများတည်း။ ထိုသူများကို လမ်းဆုံနေလျှင်လမ်းရှောင်ပေးခြင်း၊ မိမိထိုင်နေတုန်း သူတို့လာလျှင် ထိုင်ရာမှထပေးခြင်း၊ မီးရထား၊ ဓာတ် ရထား၊ မော်တော်ကား စသည်၌ သူတို့ထိုင်စရာ နေရာမရှိလျှင်

http://www.dhammadownload.com



မိမိနေရာကို ဖယ်ပေးခြင်း၊ လူကြီးအနီးမှ ဖြတ်သွားလျှင် ခပ်ယို့ယို့ သွားခြင်း၊ တစ်စုံတစ်ခု ပေးစရာ ယူစရာရှိလျှင် လက်နှစ်ဘက်နှင့် လေးလေးစားစား ပေးခြင်း၊ ယူခြင်း၊ မိမိထက် အသက်ငယ် သော်လည်း မိမိထက် ဂုဏ်ကြီးသူ ရာထူးကြီးသူ၊ စည်းစိမ်ကြီးသူတို့ကို ရိုရိုသေသေ ခေါ်ပြော ဆက်ဆံခြင်းများသည် လေးစားရိုသေခြင်း မည်၏"

"အေး... တို့တစ်တွေကလည်း ကလေးသူငယ်တွေကို ပြော သလိုပြောမှ သဘောပေါက်တယ်။ မကြာမကြာ သိနေပါလျက်နဲ့ အမှတ်တမဲ့ ဖြစ်ဖြစ်သွားတတ်တယ်။ တို့ငယ်ငယ်က တစ်ကျောင်း တည်းနေ တစ်ရပ်တည်းနေ ဆိုမနာဆဲမနာ ပေါင်းသင်းလာခဲ့တဲ့ ငယ်သူငယ်ချင်းတစ်ယောက် ရာထူးအကြီးကြီး ရလာတဲ့အခါ ငါက ဝမ်းသာအားရနဲ့ ငယ်နာမည်ခေါ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်လိုက်မိ တယ်။ ရွှေကိုယ်တော်က ငါ့ကို 'မကြည်' တော့ဘူးခင်ဗျာ၊ ပြန်ပြီး နှုတ်ဆက်ဖော်တောင် မရဘူး"

"အဲဒါ မင့်အပြစ်ပဲ။ မိမိထက် ငယ်ရွယ်သူဖြစ်ပစေ၊ မိမိနှင့် ရင်းနှီးခဲ့သူဖြစ်ပစေ ယခင်ကပေါင်းသင်းခင်မင်ခဲ့တဲ့မေတ္တာကို အား ကိုးပြီး ယခင်က ခေါ်ပြောဆက်ဆံသလို မဆက်ဆံရဘူး။ အဲသည့်အခါ မှာ သူကိုယ်တိုင်က မင့်ထက် ဂုဏ်သရေရှိနေပြီလို့ ယူဆထားတတ် တာမို့ ရာထူးအလိုက် ဘွဲ့ချီခေါ်ဝေါ်ပြီး 'ခင်ဗျား၊ကျွန်တော်' အသုံး အနှုန်းနှင့် နှုတ်ဆက်ရင် လေပေးဖြောင့်မှာပေါ့"

"ဒါကတော့ တမင်ညာရမှာပဲ"

"သူနဲ့ ပတ်သက်ပြီး အခွင့်အရေး ရချင်ရင်တော့ တမင်ညာ ရမှာပဲ။ အခွင့်အရေးမယူချင်ဘူး၊ အောက်ကျလည်း မခံချင်ဘူးဆိုရင် မမြင်ချင်ယောင်ဆောင်နေလိုက်ရုံပေါ့။ တရားသဘောနဲ့ ပြောရမယ်

http://www.dhammadownload.com



ဆိုရင်တော့ ယနေ့ဖြစ်တဲ့ သာမဏေလေးကို မိဘများက ရှိခိုးကန်တော့ရတယ်၊ ပုထုဇဉ်မပြောနဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အရိယာများဖြစ်ကြတဲ့ လူပုဂ္ဂိုလ်များကပင်လျှင် ရှိခိုးကန်တော့ရသတဲ့"

"ရဟန်းသာမဏေများ ဆိုလျှင်တော့ ကိုယ့်သား ကိုယ်ပြန်ကန်တော့ရပါစေကွာ။ အခုတော့ ဆဲမနာ ဆိုမနာ နေခဲ့တဲ့ ငယ်သူငယ်ချင်းက ဘဝင်မြင့် ဒွာဝမေ့ပြီး အောက်ခြေလွတ်တာ ဒေါသဖြစ်တယ်"

"အဲဒါက တွဲလျက်ပါလာတဲ့ 'နိဝါတောစ' မိမိတို့ကိုယ်ကို နှိမ့်ချခြင်းသဘောတရား နှစ်ဦးနှစ်ဘက်စလုံးက လွတ်နေကြလို့ပေါ့။ မင့်သူငယ်ချင်းကလည်း အခုချိန်တော့ မင်းနဲ့ မတူမတန်တော့ဘူးလို့ ထင်လိမ့်မယ်၊ မင်းကလည်း သူ့ဘကြီးဖြစ်ဖြစ် မင်းနဲ့ တစ်တန်းတစ်စားတည်းလို့ပဲထင်မြဲထင်နေလိမ့်မယ်။ နိဝါတ–ဆိုတဲ့သဘောက ကိုယ်ကိုနှိမ့်ချခြင်းထက် စိတ်ကို နှိမ့်ချရခြင်းပေါ့။ စိတ်ကို နှိမ့်ချခြင်းမရှိသမျှ ကိုယ်ကိုနှိမ့်ချခြင်းမပြုနိုင်ဘူး။ စိတ်ကိုမနှိမ့်ချသမျှ ကာလပတ်လုံး ဂါရဝေါစ=ဂါရဝ မဖြစ်နိုင်ဘူး။ ဘုရားရှိခိုးရာမှာတောင် 'ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏' လို့ဆိုရတယ်မဟုတ်လား။ ကိုယ့်မာန်ကိုမလျှော့သမျှ ကိုယ့်ထက်အသက်ငယ်သူ၊ ကိုယ့်ထက် အတွေ့အကြုံ နည်းပါးသူနှင့် နာယကဂုဏ်နဲ့ မပြည့်မစုံ၍ ကိုယ် မကြည်ညိုနိုင်သော လူကြီးများကို ဆက်ဆံရာမှာ အဖုအထစ် ဖြစ်တတ်တယ်"

"အေးကွာ... တို့ကလည်း တို့ပဲ။ လှေထိုးသား စလေငချေးရှင်ဘုရင် တက်ဖြစ်တော့ လှေသူကြီးက အထင်မကြီးသလို ဖြစ်တတ်တယ်"

"ဒီတော့ လှေသူကြီး အသတ်ခံရတာပေါ့။ သူ့ဘုန်းသူ့ကံကို

http://www.dhammadownload.com



လေးစားရမှာပဲ၊ ဘုန်းဆိုတဲ့စကားက 'ပုည' ဆိုတဲ့ ပါဠိစကားပဲ။ အဓိပ္ပာယ်က 'ကောင်းမှုကုသိုလ်ကံ'ပေါ့။ ရှေးဘဝ–ဘဝက ကုသိုလ် အကျိုးပေးလို့ ဆိုလိုတာပေါ့။ အဲဒါကို အပထားလိုက်ဦး။ ယခု ဘဝမှာပဲ ရှင်ဘုရင်ဖြစ်ဖို့ ကံ, ဉာဏ်, ဝီရိယနဲ့ သူ့ရည်ရွယ်ချက်က ပြင်းပြင်းထန်ထန် ကြိုးစားမှုတွေ ရှိထားပေလိမ့်မယ်။ ဒါတွေကိုက လှေသူကြီးထက် အများကြီးသာလွန်နေပြီလေ။ 'စိတ်ဓာတ် အင်အား ကြီးမား သူသည် တောင့်တသမျှကို ပြီးမြောက်အောင်မြင်စေသည်' လို့ ဘုရားဟောထားတယ်။ ဒီတော့ သူ၏ ကံ, ဉာဏ်, ဝီရိယတို့ကို အထင်သေးရင် မှားမှာပေါ့၊ 'မင်း, မီး, မြွေ, ရဟန်းတို့ကို ငယ် သည် ဟု မထီမဲ့မြင်ပြုလျှင် ပြုသူသာလျှင် ဘေး အန္တရာယ်ရှိတတ် သည်' လို့ လည်း ဟောထားပါသေးတယ်။ ဒီတော့ အန္တရာယ်ကင်းပြီး အကျိုးများလိုလျှင် သူတို့ကို အရိုအသေ ပြုရမှာပဲ"

"သူတို့ကို အရိုအသေပြုလျှင်တော့ အကျိုးမယုတ်တာ သိပါ ရဲ့ကွာ"

"အကျိုးမယုတ်မှန်း သိမှတော့ မာန်ကိုလျှော့ဖို့ လွယ်ပါပြီကွာ။ ဓမ္မပဒမှာ ဟောထားတာ ရှိပါတယ်–

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ–တဲ့။

မိမိထက် အသက်ကြီးသောသူ၊ ဂုဏ်ကြီးသောသူ 'ရာထူး ကြီးသူ၊ အခွင့်အရေးရှိသောသူတွေပါထည့်ကွာ၊ အဲ–သူတို့ကို ရှိခိုး ခြင်း၊ အရိုအသေပြုခြင်း၊ ဦးညွတ်ခြင်းကြောင့် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်းဟု ဆိုအပ်သော အကျိုးတရား လေးပါးတို့သည် ပြည့်စုံလေ၏–တဲ့။ ရှင်းပြီလား"

"အဲဒီအကျိုးတွေက နောင်ဘဝမှာ ရမှာ မဟုတ်လား"

http://www.dhammadownload.com



"မဟုတ်ဘူး၊ ယခုဘဝမှာပဲရနိုင်တယ်။ အသက်ရှည်ခြင်းဆိုတာ သတ္တန္တရကပ်အကြောင်းကြောင့်သော်လည်းကောင်း၊ ရောဂန္တရကပ် အကြောင်းကြောင့်သော်လည်းကောင်း ဖြစ်ပေါ်နိုင်တဲ့ မိမိ၏အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက် ညွှန်ကြား ဆောင်ရွက်ပေးနိုင်တယ်။ အဆင်းလှခြင်းဆိုတာက မိမိမှာ 'မျက်နှာပန်း' လှနိုင်တာပေါ့။ ချမ်းသာကြီးခြင်း ဆိုတာက ကိုယ်ဆင်းရဲ စိတ်ဆင်းရဲစရာများမှ ကင်းဝေးနိုင်တယ်။ ခွန်အား ကြီးခြင်းဆိုတာက စီးပွားရေး၊ ကြီးပွားရေး၊ ဘာသာရေး တိုးတက်ကြီးမားဖို့ အထောက်အပံ့ အင်အားရနိုင်တယ်။ ကဲ–သဘာဝကို စဉ်းစား"

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ"

"ဟုတ်ရင် 'နိဝါတ' နဲ့ 'ဂါရဝ'ကိုသာ လုပ်ကြစို့။ မင်းကို ပြောနေတဲ့ ငါ့ကိုယ် ငါတောင် မင်္ဂလာ ဖြစ်အောင် ကြိုးစားရမှာက အများကြီးရှိနေသေးတယ်၊ ဟဲ–ဟဲ"

"ကဲ–ယနေ့မှ အစပြု၍ 'ဓမ္မ သရဏံ ဂစ္ဆာမိ' ပါခင်ဗျား"

"ဟုတ်ပေ့ဗျား၊ ဓမ္မောလောကေသမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။ လောကေ=လောက၌၊ သဗ္ဗပါဏိနံ =ခပ်သိမ်းသော သတ္တဝါများအတွက် (ဝါ) မင်းတို့ ငါတို့အတွက်။ ဓမ္မော= တရား ဟူသမျှသည် (ဝါ)ဤမင်္ဂလာတရားတော်သည်၊ သုခါယ =ကိုယ်စိတ် ချမ်းသာဖို့ အကြောင်းသာ (ဝါ) ချမ်းသာအေးငြိမ်းဖို့သာ၊ သမုပ္ပန္နော= ထင်ရှားမသေွ ပေါ်ထွန်း၍ လာရပေ၏။ ကဲ... အေးငြိမ်း ချမ်းသာချင်ရင် လိုက်နာ ကျင့်သုံး ကြပေရော့"

"သာဓု–သာဓု ပါခင်ဗျာ၊ ကဲ–သန္တုဋ္ဌိစကို ဆက်ကြစို့"

"သန္တုဋ္ဌိ=ဆိုတာရောင့်ရဲခြင်း။ ရရှိသလောက်ထက် 'အလွန်အကျွံ' ပို၍ မလိုချင်အောင် စိတ်ကို ထိန်းချုပ်ခြင်းပဲ။ တရားကိုယ်စစ်စစ်

http://www.dhammadownload.com



ပြောရလျှင် 'လောဘ' ပေါ့။ အဲသည့်လောဘမှာ မိမိတို့ စားဝတ်နေရေးကို မျှတအောင် လိုချင်တဲ့ 'လောဘ'က အပြစ်မဖြစ်သေးဘူး။ မျှတ လုံလောက်နေပါလျက် အလွန့်အလွန် ပိုပြီး လိုချင်လာတဲ့အခါ 'ဝိသမလောဘ' ကျူးလွန်လာတဲ့ လောဘ ဖြစ်လာတာပဲ၊ အပြစ်ရှိလာတာပဲ"

"လောဘဆိုတာတော့ လူတိုင်းမှာ ရှိကြတာပဲနော်"

"လူတိုင်းလို့မပြောနဲ့၊ သတ္တဝါတိုင်း ပုဂ္ဂိုလ်တိုင်းလို့ ပြောရလိမ့်မယ်။ တိရစ္ဆာန်တွေလည်း စားချင် သောက်ချင် ဘဝတည်မြဲချင်လို့ လှုပ်ရှားရုန်းကန်နေကြတာပဲ။ နတ်တွေလည်း လိုချင်တာကို တောင့်တကြရတာပဲ။ လူတွေလည်း စားချင်၊ သောက်ချင်၊ လိုချင်ကြတာပဲ။ အရိယာ သူတော်ကောင်းများသော်မှ ရဟန်းလည်း ရဟန်းအလျောက် ပစ္စည်းလေးပါးအတွက် လှုပ်ရှား ကြွလာ အလှူခံရသေးတာပဲ။ အဲသူတော်ကောင်းများကဖြင့် မရလျှင်လည်း သည်းခံတော်မူနိုင်ကြတယ်။ ရလျှင်လည်း ရသမျှနှင့် ရောင့်ရဲ တင်းတိမ်တော်မူနိုင်ကြတယ်"

"ရဟန်းတော်များကတော့ ရောင့်ရဲနိုင်ပေလိမ့်မယ်၊ တို့လို လူတွေအတွက်က မလွယ်လှဘူး၊ ရသမျှနှင့်သာ ရောင့်ရဲနေလျှင် လောက တိုးတက်ရေး ရှိနိုင်ပါတော့မလား"

"မင်္ဂလသုတ်ဟာ အထူးသဖြင့် လူတွေအတွက်ကပို၍အရေးကြီးတာ ဖြစ်တဲ့အတွက် တို့လူတွေအတွက်ပဲ ရည်ညွှန်း ပြောကြရအောင်"

"ဟုတ်ပြီ၊ တို့ လူတွေအတွက်ပဲပြောပါ"

"ရောင့်ရဲတင်းတိမ်ခြင်းဆိုတာ ရအပ်သမျှသော လာဘ်လာဘ ပစ္စည်းဥစ္စာတို့ကို နည်းတယ်, များတယ်, ကောင်းတယ်, ဆိုးတယ် သဘောမထားဘဲကျေနပ်စွာ လက်ခံပြီး သုံးဆောင် ခံစားတာဖြစ်တယ်၊

http://www.dhammadownload.com



ရဟန်းတော်များမှာ နဂိုကတည်းက စိတ်သဘောသိမ်မွေ့ပြီး ဖြစ်တဲ့ အပြင် ဗုဒ္ဓ၏ ဝိနည်းဒေသနာတော်များက ဆုံးမထားတာမို့ ကိုယ်တိုင် လုံးပန်းရှာဖွေဖို့ အကြောင်း သိပ်မရှိနိုင်ကြဘူး။ တို့လူတွေမှာသာ အကန့်အသတ်မရှိ နည်းအမျိုးမျိုးနှင့်ကြိုးစားရှာဖွေနေကြတာဖြစ် တယ်။ ဒါကြောင့် လောဘကို အတောမသတ်နိုင်ကြတိုင်း မီးခိုးမဆုံး မိုးမဆုံး ဖြစ်နေကြတယ်။ လူတိုင်းဟာ မိမိကြီးပွား တိုးတက်ဖို့ကို ကြိုးစားရမယ်ဆိုတာ မှန်ပါတယ်။ အဲသည့် တိုးတက်ဖို့ ဆိုတာက အတိုင်းအဆတော့ ရှိရလိမ့်မယ်"

"အဲသည့် အတိုင်းအဆ ဆိုတာကို 'ဘယ်ရွေ့ဘယ်မျှ' လို့ ဘယ်သူက ကန့်သတ်ပေးမှာလဲ"

"ဘယ်သူကမှ ကန့်သတ်ပေးမှာ မဟုတ်ဘူး၊ ကိုယ့်အခြေ အနေနဲ့ ကိုယ့်စိတ်ကသာ ကန့်သတ်ပေးနိုင်ရလိမ့်မယ်။ ဗုဒ္ဓက ဆုံးမ ထားတယ်။ 'ယံ=အကြင် ပစ္စည်းကို၊ လဒ္ဓံ=ရအပ်၏၊ တေန= ထိုရသမျှပစ္စည်းဖြင့်၊ တုဋ္ဌဗ္ဗံ=နှစ်သက်အပ်၏၊ ဟိ=မှန်၏၊ အတိ လောဘော=လောဘလွန်လာသော်၊ ပါပကော=ယုတ်မာ၏' တဲ့။ ဒါကို သတိထားရမှာပေါ့"

"ကြွက်သေတစ်ခု၊ အရင်းပြု၍၊ ယခုလက်ငင်း၊ လေးလ တွင်းဝယ်၊ တစ်သိန်းကြွယ်... ဆိုတဲ့ ဝတ္ထုလို ကြိုးစားတာကို ဘုရား ကတောင် ချီးမွမ်းတော်မူခဲ့တာတော့ ဘယ့်နှယ်လုပ်မလဲ"

"မင်းက ဧကနိပါတ် စူဠသေဋ္ဌိဇာတ်ကို ပြောတာပဲ။ အဲသလို သမ္မာဒါလေးပါးနဲ့ တရားသဖြင့် စီးပွားရှာတာတော့ ချီးမွမ်းရမှာပေါ့။ လောဘကြီးလွန်းလာတဲ့အခါမှာ တရားတာ မတရားတာကို မဆင်ခြင် ကြတော့ဘဲ ကောက်ကျစ် ယုတ်မာပြီး လူမှုဝတ္တရား၊ မင်းဥပဒေတို့ကို ချိုးဖောက်လာတတ်ကြတယ်လေ၊ ဒါကြောင့် ကိုယ့် အခြေအနေနဲ့

http://www.dhammadownload.com



ကိုယ့်စိတ်ကို သတိထားရမယ်လို့ ဆိုတာပေါ့။ 'ဘယ်သူသေသေ ငတေမာရင်ပြီးရော'ဆိုတဲ့ စကားမျိုး၊ 'ရသာလျှင် ဘနဖူး သိုက်တူး မယ်' ဆိုတဲ့ စကားမျိုးနှင့် 'တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း' လုပ်နေလျှင် အပြစ်ကင်းနိုင်ပါ့ တော့မလား။ ဘုရားဟောတဲ့ ကေနိပါတ်ဝေဒဗ္ဗဇာတ်ကို ကြည့်။ ခိုးသား ငါးရာတို့ တိုက်ရာပါပစ္စည်းကို ခွဲဝေကြရာမှာ လောဘကို မသတ်နိုင်ကြတော့ အချင်းချင်း ပြန်သတ်ကြလို့ နောက်ဆုံး နှစ်ယောက် တည်း ကျန်တော့တယ်လေ။ အဲဒီအချိန်မှာ ညီတူညီမျှ ခွဲဝေယူကြလျှင် အပြီးသားနဲ့ တစ်ယောက်တည်း မောင်ပိုင် စီးချင်တော့ တစ်ဦးက တစ်ဦးကို စိတ်ချရအောင် ပြုထားခဲ့ပြီး ထမင်းအရှာသွားတယ်၊ ကိုယ်တိုင် ဝ,အောင်စားခဲ့ပြီးမှ စောင့်နေသူ အတွက် အဆိပ်ခတ်၍ ယူလာခဲ့တယ်။ စောင့်နေသူ လူကလည်း ထမင်းထုပ်နဲ့ ပြန်လာခဲ့သူကို ဆီးကြို၍ သတ်ပြီးမှ ထမင်းကို စားလို့ သေရတယ်။ အဲဒါ ဝိသမ လောဘပေါ့။ ဗုဒ္ဓ၏တရားကိုက လောဘ, ဒေါသ,မောဟလို့ အစဉ် အတိုင်း ပြတော်မူထားတယ်။ လိုချင်လွန်းလာလျှင် ဒေါသဆိုတဲ့အပြစ် ကြီးထွားလာတယ်၊ လောဘနဲ့ ဒေါသ ပေါင်းလိုက်တဲ့အခါ မစဉ်း စား၊ မဆင်ခြင်တဲ့မောဟက စုံလုံးကန်းစေတယ်။ သာဓကကို ပြရ လျှင် ထောင်ကျအကျဉ်းသားတွေကို စာရင်းယူကြည့်ပါ။ လူတစ်ရာ မှာရှစ်ဆယ်လောက်ဟာ ကိုယ့်လက်ရှိအခြေအနေနဲ့ မကျေနပ်ကြလို့ အပြစ်ပြုခဲ့တာကို တွေ့ရလိမ့်မယ်။ ဒါကြောင့် 'သန္တုဋ္ဌိစ = ရောင့်ရဲခြင်း ဟာ မင်္ဂလာ'လို့ဟောတော်မူတာ။ တကယ်တော့ တို့တစ်တွေမှာ 'တစ်ဝမ်းတစ်ခါးအတွက်'လို့ ပြောရိုးပြောစဉ်ရှိပေမယ့် သားရောမယား ရော 'ဆယ်ဝမ်းဆယ်ခါးလုံးပန်းနေကြရလို့လောဘတွေပိုလာကြတာ။ သည်အထဲဂုဏ်တုဂုဏ်ပြိုင်စိတ်တွေကပိုလို့တောင်များနေသေးတယ်"

http://www.dhammadownload.com



"ဟုတ်လှချည်ဗျား၊ မယားချင်းပြိုင်, သားချင်းပြိုင်ကြတာကြောင့် ဒုက္ခရောက်ရတဲ့ ပုဂ္ဂိုလ်ကြီးတွေ အများကြီး တွေ့နေကြရတာပဲ။ ဒါဟာ သန္တုဋ္ဌိ မဖြစ်နိုင်ကြလို့ဆိုတာ ထင်ရှားပါတယ်။ လင်ယောကျ်ားဆိုတဲ့ တို့မောင်မင်းကြီးသားများကလည်း မယားကသာ ပူဆာရင် ကိုယ့်အသက်တောင်ကိုယ် စွန့်လိုက်ချင်တယ်။ ဆက္ကနိပါတ် ခရပုတ္တဇာတ်မှာ ဘုရားဟောထားတယ်"

"လုပ်စမ်းပါဦး၊ ကြားရအောင်"

"ရှေးတုန်းက ဘုရင်တစ်ပါးရှိတယ်။ မိတ်ဆွေနဂါးမင်းက တိရစ္ဆာန်များ ပြောသမျှစကားကို နားလည်စေသော မန္တန်တစ်ခုကို သင်ပေးထားတယ်။ အဲသည့် မန္တန်ကို သူတစ်ပါးအား တစ်ဆင့်သင်မပေးရ၊ အကယ်၍ သင်ပေးမိလျှင် မီးပုံတွင်းသို့ မိမိသက်ဆင်း၍ သေရပါစေသား လို့ သစ္စာဆိုထားရတယ်။ တစ်နေ့တော့ အဲသည့် ဘုရင်က မိဖုရားနဲ့ ဥယျာဉ်တော်ထဲပျော်ပွဲစားထွက်ကြတယ်။ ဒီအခါမှာ ရှင်ဘုရင်နဲ့ မိဖုရား စားကြွင်း စားကျန် ပျားရည်ခွက်ကို ပုရွက်ဆိတ်တစ်ကောင်က တွေ့တော့ 'လာကြဟေ့.. ဒီမှာ ပျားရည်ကန်ကြီး ငါတွေ့ထားပြီ' လို့ သူ့အဖော်ပုရွက်ဆိတ်တွေကို ဝမ်းသာအားရ လှမ်းအော်ခေါ်သတဲ့လေ"

"သူတို့အနေနဲ့တော့ အများကြီးပေါ့"

"အဲသည့် ပုရွက်ဆိတ်ကလေးရဲ့ စကားကို ကြားတော့ ရှင်ဘုရင်ကြီးက ခွီခနဲရယ်လိုက်မိသတဲ့၊ ဒါကို မိဖုရားက သူ့ကို ပြက်ရယ်ပြုတယ်ထင်ပြီး စိတ်ကောက်တော့တာပါပဲ"

"ရှင်ဘုရင်ကို စိတ်ကောက်ဝံ့တယ်ဆိုတော့ အတော်အရေးပေးခံရတဲ့ မိဖုရားဖြစ်မှာပေါ့"

"ချစ်မှန်းသိလို့ နွဲ့ဆိုးဆိုးတာနေမှာပေါ့၊ နောက်ဆုံးတော့

http://www.dhammadownload.com



'မင့်ကို ပြက်ရယ်ပြုတာ မဟုတ်ပါဘူး၊ ပုရွက်ဆိတ်ကလေး ပြောတာ ရယ်ချင်လို့ပါ' လို့၊ အဖြစ်မှန်ကို ဖွင့်ပြောရသတဲ့"

"ဒီတော့မှ စိတ်ကောက်ပြေသွားရောလား"

"စိတ်ကောက်တော့ ပြေပါရဲ့၊ 'တိရစ္ဆာန်စကားတွေ သူလည်း နားလည်အောင် သင်ချင်ပါတယ်၊ အဲသည့် မန္တန်ကို သင်ပေးပါ ဖြစ်ပါလေရော"

"ဟောဗျာ... အဲသည်တော့ဘယ့်နှယ်လုပ်မလဲ၊ တစ်ဆင့်သင် ပေးရင် ဘုရင်ကြီး မီးပုံထဲဆင်းရတော့မယ်"

"နေ့ရှိသမျှ ဆန္ဒပြနေလေတော့ ရှင်ဘုရင်ကြီးက အချစ်ကြီး လွန်းလို့လား၊ နားပူမခံနိုင်တော့လို့လားမသိဘူး၊ သင်ပေးပါတော့ မယ်–ဆိုပြီး သိန္ဓောမြင်းကသောရထားနှင့် ဥယျာဉ်ထဲထွက်ခဲ့ပြန်ရော၊ ဒီအခါ သိကြားမင်းက ဘုရင်ကြီးအသက်ကို ကယ်ရအောင် သုဇာတာ နှင့် ဆင်းလာပြီး ဆိတ်သိုးနှင့် ဆိတ်မ သဏ္ဌာန် ဖန်ဆင်းလိုက်တယ်။ ဖန်ဆင်းပြီးတော့ သိန္ဓောမြင်းနဲ့ ဘုရင်ကြီးမြင်ကွင်းမှာ မေထုန်မှီဝဲ တော့မလို ဟန်ဆောင်လိုက် ကြတယ်"

"တော်တော်အရှက်နည်းတဲ့ သိကြားလင်မယားပဲ"

"မင်း အခု ပြောသလို ရထား ထမ်းပိုးက ချွတ်ထားတဲ့ သိန္ဓောမြင်းကလည်း ပြောတာပဲ၊ ' မင်းတို့ဆိတ်တွေဟာ အရှက်လည်း မရှိဘူး၊ ဒီကိစ္စမျိုးကို လူရှေ့သူရှေ့မှာ လုပ်ရသလား၊ တယ်မိုက်တဲ့ အကောင်တွေ' လို့ ဝေဖန်လိုက်သတဲ့"

"ပြောလည်း ပြောစရာပေါ့"

"ဒီတော့ သိကြားမင်း ဆိတ်သိုးကြီးက ပြန်ပြောတယ်၊ 'မင်း က ငါ့ကို မိုက်တယ်ပြောတယ်၊ ရထားထမ်းပိုးက ချွတ်ထားတုန်း တောထဲဝင်ပြေးရကောင်းမှန်း မသိတဲ့ မင်းလို' ငတုံး 'က ပိုပြီး မိုက်

http://www.dhammadownload.com



သေးတယ်၊ မင်းထက်မိုက်တာကတော့ မင့်သခင် သေနက ဘုရင်ကြီးပဲ၊ ဘယ့်နှယ်ဗျာကိုယ့်အသက်အသေခံပြီး မန္တန်ကို မိဖုရား သင်ပေး မလို့တဲ့လေ' လို့ဝေဖန်လိုက်သတဲ့၊ အဲသည်တော့မှ ဘုရင်က မသင်္ကာလို့ ဆိတ်သိုးကြီးကို မေးတယ်။ ဆိတ်သိုးကြီးက သူ့သိကြားမင်းဖြစ်ကြောင်း၊ ဘုရင်ကြီး အချည်းနှီးသေမှာစိုးလို့ လာ၍ သတိပေးတာဖြစ်ကြောင်းပြောတယ်၊ 'ဒါဖြင့် အကြံပေးပါ' လို့ ဆိုတော့ သိကြားမင်းဆိတ်သိုးက "မန္တန်ကိုသင်လိုလျှင် ကြိမ်ဒဏ်အချက်တစ်ရာ အရိုက်ခံပြီး ဆရာကို ပူဇော်မှ သင်ပေးနိုင်မယ်လို့ ပြောပါ" လို့ အကြံပေးပြီး နတ်ပြည်ပြန်သွားတယ်၊ ဒီတော့မှ သိကြားမင်းအကြံအတိုင်း မိဖုရားကို ပြောတယ်၊ မိဖုရားကလည်း အရိုက်ခံပါ့မယ်လို့ သဘောတူတယ်"

"မိန်းမများဖွဲ့ကတော့ ဒီအတိုင်းပဲ၊ ဒါနဲ့ ရိုက်ရောလား"

"ဟာ… မပြောနဲ့တော့၊ သုံးချက်လောက် ရိုက်လိုက်ရတယ်၊ 'အမယ်လေး မသင်ချင်တော့ပါဘူးရှင်' ဖြစ်လာတာပဲဗျာ၊ ဟဲဟဲ"

"မှတ်ကရော"

"နောက် ဆိတ်လင်မယားအကြောင်း ရှိသေးတယ်၊ ဆိတ်မကလေးက ရေတွင်းနက်ထဲက မြက်နုနုကလေးကို စားချင်လှချေရဲ့၊ ယူပေးပါလို့ ဆိတ်သိုးကြီးကို ပြောတယ်၊ ဆိတ်သိုးကြီးက လိမ့်ကျလျှင်သေလိမ့်မယ်လို့ တောင်းပန်တယ်၊ ဒါကို ဆိတ်မကလေးက 'ဟင့်အင်း… ဟင့်အင်း ၊ ဒီမြက်နုကလေးမှ မစားရရင် သေမှာပဲ' လို့ ချွဲနွဲ့ပူဆာတယ်တဲ့လေ"

"ဆိတ်မကလေးပူဆာပုံကလည်း 'ဟင့်အင်းဟင့်အင်းတဲ့ လားကွာ၊ လူလိုပဲ"

"လူစကားတောင်ပြောနေမှလူ့တွေလိုချွဲတတ်တာပေါ့၊ မင်းကလဲ"

http://www.dhammadownload.com



"ဒါနဲ့ ဆိတ်သိုးကြီးက ယူပေးရရောလား"

"အဲသည်ဆိတ်သိုးကြီးက ယူမပေးတဲ့အပြင် ဘယ်လို ပြောသလဲဆိုတော့ 'မင်းက အသက်အန္တရာယ်နဲ့ နီးပါတယ်ဆိုမှ ဖွတ်ပူဆာနေတယ်၊ မတော်လို့ရေတွင်းထဲကျပြီး ငါသေလျှင် သည့်ပြင် ဆိတ်တစ်ကောင်နဲ့တွဲပြီးနေမှာပဲ၊ ဒီတော့မြက်နုကိုမစားရလို့ မင်း သေချင်လည်း သေတော့၊ မင်းသေလျှင် ငါလည်း သည့်ပြင် ဆိတ်မကလေးနဲ့ ပျော်နေတော့မယ်' လို့ ဆိုတော့မှ ပူဆာတာ ရပ်သွားတော့သတဲ့၊ မန်လည်ဆရာတော်ကြီး ရေးထားတာ ကြည့်ပါဦး။

ရှေးခါသော်က၊ ဆိတ်မ,တစ်ကောင်၊ သိခေါင်နရက်၊ ရေတွင်းနက်၌၊ မြက်နုကိုမြင်၊ စားလိုချင်ဟု၊ လင်ဆိတ်ဖိုအား၊ ကြားလတ်သောခါ၊ နင်းရာမလှ၊ ဖောက်ထိုးကျ၍၊ သေရမည်ငါ၊ မရသာခဲ့၊ သက်လျာနှမ၊ မတောင့်တနှင့်၊ ဆိုထလတ်သော်၊ ပြော်မြက်နုကို၊ မရဆိုလျှင်၊ မယ့်ကိုယ်ခုသည်၊ သေတော့မည်ဟု၊ ဆိုမြည်ချက်ချင်း၊ မြေမှာစင်း၍၊ အတင်းသေလု၊ လူးလည်းပြုက၊ မယ်ပုချစ်ဆွေ၊ သည်မောင်သေလျှင်၊ သက်ဝေ စင်စစ်၊ ဆိတ်လင်သစ်နှင့်၊ ပျော်ရစ်မည်သာ၊ ကျွန်ုပ် ငါလည်း၊ မယ်သာသေက၊ ဆိတ်မကလေး၊ လုယဉ်ကျေးနှင့်၊ ချစ်ကြွေးချကာ၊ နေတော့ပါအံ့၊ ခန္ဓာဤကိုယ်၊ အသက်ကိုကား၊ ဖြစ်လိုဖြစ်စေ၊ မသေဝံ့ပါ၊ မပဇာဟု၊ ဆိုခါသော်မှ၊ ချမ်းသာရ၏၊ မိန်းမတို့ထုံး၊ နှလုံးတံထွာ၊ မေ့တာဖြင့်၊ အာသာငင်းငင်း၊ တောင့်တခြင်းကား၊ ဝမ်းတွင်းအမြဲ၊ ဖြေနိုင်ခဲရှင့်။ ကဲ ဘယ့်နှယ်လဲ"

"ဆရာတော့် စာက မင်းပြောတာထက်တောင် 'လူဆန်' နေသေးတယ် . . . ဟဲဟဲ"

http://www.dhammadownload.com



"ငါပြောချင်တာက တို့ယောကျ်ားများ သန္တုဋ္ဌိမဖြစ်နိုင်ကြတာဟာ သားမယားကို အလိုလိုက်လွန်းတာလည်း ပါတယ်ဆိုတာ ပြောချင်လို့ပါ။ မယားစားဖို့၊ သားစားဖို့ ရယ်လို့ ကိုယ့်ဖို့နောင်ရေး၊ မတွေးမဆ၊ သေတွင်းကျတော့၊ မယားမပါ၊ သားမပါ၊ မတရားတာ တရားတာ၊ ကိုယ့်ဟာကိုယ်ခံရမယ့် ဓမ္မကြောင်းကို သတိထားကြရမှာဖြစ်ပါတယ်၊ 'ကတညုတာ' ကို ဆက်ကြစို့"

"ကတညုတာ=သူတစ်ပါး၏ ပြုဖူးသောကျေးဇူးကို သိရမယ်ပေါ့"

"သိရုံပဲသိရမှာလား"

"သိမှ အဲသည့် ကျေးဇူးကို ပြန်ဆပ်နိုင်ရမှာပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် ကတညုတာ–လို့ စကားတစ်လုံးတည်း ပြပေမယ့် ကတဝေဒီဆိုတဲ့ စကားလုံးပါ တွဲလျက် ပါနေတာကို ရိပ်မိရပေလိမ့်မယ်၊ ကဲ... ဒီတော့ တို့တစ်တွေဟာ သူတစ်ထူး ၏ ကျေးဇူးကို ပြန်ဆပ်ဖို့ထားဦး၊ ထိုကျေးဇူးကို သိတတ်ဖို့ ခဲယဉ်းတယ်၊ နောက်တစ်ခုက သိပင် သိသော်လည်း သူ့ကျေးဇူး ရှိပါပေတယ်လို့ ဖွင့်ပြောဖို့ ခဲယဉ်းတယ်၊ ထိုကျေးဇူးကို ပြန်ဆပ်ဖြစ်ဖို့တော့ အခဲယဉ်းဆုံးပေါ့၊ ဒါကြောင့် ကတညုတာ=သူတစ်ပါးကျေးဇူးကို သိတတ်ရမယ်၊ ဖွင့်ဟပြောရမယ်၊ တတ်နိုင်သမျှ ပြန်၍ဆပ်ရမယ်လို့ ဆုံးမထားတာ"

"ကျေးဇူးရှိမှ ကျေးဇူးဆပ်တတ်တယ်–ဆိုတဲ့ စကားက ဘယ်လို အဓိပ္ပာယ်လဲကွ"

"မိမိအား ကျေးဇူးတရား မပြုခဲ့ဖူးသော သူတစ်ယောက်ကို ပြစ်မှားနှိပ်စက်လျှင် သာမန်အကုသိုလ်လောက်ပဲဖြစ်လိမ့်မယ်၊ ကျေးဇူးပြုခဲ့ဖူးသူကို ပြစ်မှားလျှင်တော့ ကျေးဇူးကို ပစ်ပယ်တဲ့ အကုသိုလ်က

http://www.dhammadownload.com



တစ်ခု၊ ပြစ်မှားတာကတစ်ခု၊ အပြစ်နှစ်ခု တစ်ပေါင်းတည်း လုပ်တဲ့ သဘောပဲ၊ တို့လို ပုထုဇဉ်တွေကလည်း ကိုယ့်ကိုအခါ တစ်ရာလောက် ကျေးဇူးပြုလာခဲ့သူ ဖြစ်ပစေ၊ တစ်ခါလောက်တောင်းမရရင် ရှေးက ပြုခဲ့သမျှ အခါတစ်ရာလောက် ကျေးဇူးကို ချေဖျက်ပြီး အမျက်ထွက် တတ်တယ်"

"သံပရာ တစ်ခြမ်းနဲ့ ချေတယ်ဆိုတာမျိုးလား"

"သံပရာတစ်ခြမ်းနဲ့ 'ချေ'တယ်လို့ဆိုတာထက် သံပရာ တစ်ခြမ်းနဲ့ 'ချဉ်' တယ်လို့ပြောရင် အဓိပ္ပာယ် ပိုတိကျမလား မသိ ဘူးကွ၊ သဘောက ထမင်းပွဲမှာ ဟင်းပွဲဟင်းလျာအရသာကောင်းမွန် တာတွေနဲ့ စားလာခဲ့ပြီးမှ နောက်ဆုံး သံပရာသီးတစ်ခြမ်းကို စား လိုက်မိတာနဲ့ ချဉ်လွန်းတဲ့အတွက် စားခဲ့သမျှ အရသာတွေ ပျောက်ကုန် တဲ့–စကား ဥပမာဖြစ်စရာ ရှိပါတယ်"

"အေး... ယုတ္တိတော့ အရှိသား"

"ကျေးဇူးကို သိတတ်ရမယ့် ဆုံးမစကားတွေ ရှိသေးတယ်၊ 'အရိပ်နေနေ အခက်ချိုးချိုး' တဲ့၊ သစ်ပင်၏အရိပ်ကို ခိုမိလျှင် ထို သစ်ပင်၏အကိုင်းအခက်တောင်မချိုးရဘူး၊ 'သားရေပေါ်အိပ် သားရေ နားစား'။ ဒါက အိမ်တစ်အိမ်ကို တည်းခိုခဲ့ဖူးလျှင် ထိုအိမ်ရှင်ကို မပြစ်မှားရဘူးလို့ ဆိုတာ၊ လူလူချင်းမပြောနဲ့ မိမိနဲ့စီးပွားဖက် လုပ် ပေးတဲ့ ကျွဲနွားများ အပေါ်မှာတောင် ခိုင်းကောင်းတဲ့အရွယ်မှာ ခိုင်း ပြီး အိုသွားတဲ့အခါမှာ ပစ်ပယ်မထားအပ်တဲ့ အကြောင်း မန်လည် ဆရာတော်ကြီးက ဒီလိုရေးထားတယ်။

ကျေးဇူးချေကာ၊ မပြုရာတည့်
လူသာမဟုတ်၊ အယုတ်တိရစ္ဆာန်
မှုဝန်ဆောင်ဘိ၊ ဟတ္ထိ၊ အဿ

http://www.dhammadownload.com



ဂေါဏာ, မဟိံသာ၊ စသည်မှာလည်း
ပျိုးခါစေစား၊ အိုခါ 'ရှား'၍
စွန့်ထားပယ်ကာ၊ မပြုရာဘူး
ပြုပါတုံက၊ မိတ္တဒုဗ္ဘိ
မညီမျှ၊ လူ့ပါပတည့်' တဲ့၊

မိတ္တဒုဗ္ဘိ - ဆိုတာ ယုတ်မာသော အပေါင်းအသင်း၊ မိတ်ဆွေကို ပြစ်မှားသူ လို့ ပြောတာ"

"အေး . . . တို့တစ်တွေက ကျွဲများ နွားများ အိုလာရင် အမဲသားသည်ကို ရောင်းလိုက်ကြတယ်၊ အချို့ကတော့ ကိုယ်တိုင် သတ်စားကြတယ်"

"အဲဒါကို လယ်တီဆရာတော်ကြီးက ရေးခဲ့တာပေါ့"

"ဘယ်လို ရေးထားသလဲ"

"နွားတွေရဲ့ ခံစားမှုကို နွားတွေက ပြန်ပြောသလို ရေးထားတာပေါ့၊ လူတွေရဲ့ ဘိုးစဉ်ဘောင်ဆက်ကတည်းက သူတို့ ပခုံးမှာ မီးဟုန်းဟုန်းထတော့မလောက် လယ်ယာထွန်ယက် ကူညီခဲ့ပါတယ်တဲ့၊ သူတို့ရဲ့ အင်အားကိုမှီပြီး ဆန်စပါး၊ ပဲပြောင်း၊ အသီးအနှံတွေရလို့ လူတွေမှာ ဘုရားဒကာ၊ ကျောင်းဒကာ အခေါ်ခံရအောင် ငွေကြေး ချမ်းသာခဲ့ကြပါတယ်တဲ့၊ သို့ပေမယ့် ကျေးဇူးမသိတတ်တဲ့ လူတွေက သူတို့အသားကို မြိန်ရည်ရှက်ရည် သတ်စားကြတာဖြင့် အသည်း နာစရာ ကောင်းလှပါတယ်..၊ ဆိုတဲ့ စကားကို မေတ္တာစာ အသနား ခံလွှာ ရေးထားတာ။

သူတို့ဘေး သူတို့ဘိုး၊ သူတို့တိုင်မရိုး၊ တစ်မျိုးလုံး
တစ်ဆွေလုံး၊ သူတို့တိုင်မဆုံး၊ တို့တစ်တွေပခုံးမှာ၊ မီးဟုန်း
ဟုန်းထမတတ်၊ တို့လုံ့လ တို့စွမ်းအား၊တို့အပင်ပန်း ခံနိုင်လို့၊

http://www.dhammadownload.com



ဆန်စပါးပြောင်းနှမ်း၊ ဘူးခရမ်းပဲအမျိုး၊ မြေပြင်လုံး မောက်ဖြိုးအောင်၊ တိုးတက်သည့် ဘဏ္ဍာနှင့်၊ လိုရာတိုင်း ပြည့်စုံ၊ ကုံလုံကြ အသီးသီး၊ ကျောင်းကြီးဆောက် ဘုရားတယ်၊ တစ်တိုင်းလုံး ကြွယ်သည်မှာ၊ ဘယ်သူက အရင်းဟု၊ စဉ်းစားဖွယ် မရှိ၊ ထင်အလင်း သိပါလျက်၊ သတိပင်မပေါ်၊ မိတ်မတော် စိမ်းကား၊ စိတ်အချော် တိမ်းပါး၍၊ တို့အသားတို့အသည်း၊ တို့အဆီရွှဲရွှဲကို၊ ထမင်းပွဲအလယ်၊ အနင့်သားတယ်ပြီးလျှင်၊ ရယ်ကာ ပြုံးကာ၊ အရသာခံစား၍၊ လင်မယားတစ်တွေ၊ မြုံကြသည့် အနေမှာ၊ မြိန်နိုင်ပေ့ သူတို့ကိုယ်၊ မျိုရက်ပေ့ သူတို့ခံတွင်း၊ တို့လုပ်တဲ့ ထမင်းနဲ့၊ တို့ဟင်းလျာအသား၊ စားကြသည် ဖြစ်နဲ၊ တို့အသည်း နာလိုက်ကဲ့ကွယ် အဲသလိုရေးပြီး နွားသား အလျှုခံတော်မူခဲ့တယ် ”

“ အေး... ကျွဲနှင့်နွားနှင့် ထွန်ယက် လုပ်ခဲ့ကြတဲ့ တို့မြန်မာပြည်သားတွေအဖို့တော့ သူတို့ရဲ့ ကျေးဇူးကို မသိသားဆိုးရွားရာ ရောက်နေပြီ၊ ဆရာတော်ကြီး ပြောလည်း ပြောစရာ”

“အဲသည်လို ကျေးဇူးမသိတဲ့လူတွေအတွက် မန်လည် ဆရာတော်က ရေးထားပြန်တယ်။

ဤလူ့ဘဝ၊ လူ့လောကဌ၊ ဉာဏသမ္ဘဝ၊ ကင်းမယှဉ်ဘဲ၊ ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမာ၊ ထိုများစွာတို့၊ ချမ်းသာစီးပွား၊ လျော့ပါးယိမ်းယိုင်၊မြဲမနိုင်ဘူး၊ မွေကရိုဏ်စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ တန်ခိုးနေ့ညဆုတ်လပမာ၊ ယုတ်တတ်စွာ၏ တဲ့”

“ မွေကရိုဏ်စစ်ရေ ကျဖျားရေ— ဆိုတဲ့အဓိပ္ပာယ်ကို ပြောစမ်းပါဦးကွာ ”

http://www.dhammadownload.com



"ဓမ္မကရိုဏ်ဆိုတာ ရဟန်းတော်များသုံးတော်မူကြတဲ့ 'ရေစစ်' ကို ခေါ်တာ၊ အဲသည့် ရေစစ်အပေါ်က အပေါက်ကလေး ပါတယ်၊ အောက်ဘက်က အဝတ်ပါးကလေးဖုံးချည်ပြီးတော့ ရေထဲကို နှစ်လိုက်ပြီး အပေါက်ကလေးကို လက်မနှင့် ပိတ်ယူလိုက်ရင် ပိုးမွှားမပါတဲ့ ရေကို ရတယ်၊ အဲသည့်ရေကို သပိတ်ထဲဖြစ်စေ၊ ရေခွက်တစ်ခုထဲဖြစ်စေ၊ အောက်ကခံပြီး ပိတ်ထားတဲ့လက်မကို ဟ ပေးလိုက်ရင် စစ်ထားတဲ့ ရေတွေကျလာတယ်။ ကျဖျားရေ– ဆိုတာက အောက်အရပ် မြစ်ဝ ကျွန်းပေါ်ဒေသများက မြစ်များ၊ ချောင်းများမှာ ပင်လယ်ဒီရေကြောင့် ရေတက်ရေကျရှိတယ်၊ ရေကျတဲ့အချိန်မှာ မြစ်ရေ ချောင်းရေများဟာ ကြည့်ရင်းကြည့်ရင်း ကျသွားတယ်မဟုတ်လား။ ဆုတ်လပမာဆိုတာက လဆုတ်ရက်များ မှာ လဝန်းဟာ ပြည့်ဝိုင်းနေရာ က တစ်ညထက်တစ်ည ပဲ့ ပဲ့ သွားလိုက်တာ လကွယ်နေ့ညကျတော့ လုံးလုံးပျောက်ကွယ်သွားတာ။ အဲသည့် ဥပမာတွေပဲ"

"သဘာဝကျတဲ့ မျက်မြင် ဥပမာတွေပါပဲနော်၊ ကောင်းလိုက်တာ"

"ဥပမာအဖြစ်နဲ့ ကောင်းရုံသာ မကဘူး၊ ခွဲထားသတ်ပုံပါ သင်ပြတော်မူထားတာ"

"ဟုတ်တာပေါ့၊ 'ဓမ္မကရိုဏ်စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး' လို့ 'ရေ' သုံးထပ် သုံးထားတာပဲ။ နောက်တစ်ခု မေးချင်သေးတယ်၊ ဘာလဲဆိုတော့ ငါကြားဖူးထားတာ 'ကျေးဖူးရှင်ဆယ်ပါး' 'ခင်ပွန်းကြီး ဆယ်ပါး' ဆိုတာ တစ်မျိုးစီလား၊ အတူတူလား"

"အတူတူပါပဲ၊ ကျေးဇူးရှင်များ ဖြစ်သလို အကျိုးကို လိုလားတော်မူကြသော အဆွေခင်ပွန်းကောင်းကြီးများ ဖြစ်ကြလို့ပါ။ အရေအတွက်အားဖြင့်–

http://www.dhammadownload.com



၁–ဗုဒ္ဓ၊ ၂–ပစ္စေကဗုဒ္ဓ၊ ၃–ရဟန္တာ၊ ၄–အဂ္ဂသာဝက၊ ၅–အမိ၊ ၆–အဘ၊ ၇–အသက်မွေးမှု ပညာသင်ဆရာ၊ ၈–တရားနည်းပြဆရာ၊ ၉–တရားဟောဆရာ၊ ၁၀–ပေးဖူးကျွေးဖူး အကျိုးဆောင်ပေးသူများ ဖြစ်ကြပါတယ်။

အဲသည့် ကျေးဇူးရှင်ဆယ်ပါးအနက်မှ တစ်ပါးပါးကို ပြစ်မှားလျှင် ဒဏ်ဆယ်ပါး သင့်တယ်လို့ ကျမ်းဂန်မှာပြပါတယ်။ ဘယ်လိုဒဏ်တွေလဲဆိုတော့–

၁–ကြီးမားသောရောဂါကြီးများကို ခံစားရခြင်း၊

၂–စည်းစိမ် လျော့ပါးခြင်း၊

၃–မီးဘေးသင့်ခြင်း၊

၄–ကိုယ်လက်အင်္ဂါ ကျိုးပျက်ခြင်း၊

၅–ကုဋ္ဌနူနာ စွဲကပ်ခြင်း၊

၆–ရူးသွပ်ခြင်း

၇–မင်းဘေးသင့်ခြင်း၊

၈–သူတစ်ပါး၏ အစွပ်အစွဲခံရခြင်း၊

၉–ဆွေမျိုးတို့နှင့် ကွဲရခြင်း၊

၁၀–ရွှေ၊ ငွေ၊ ကျွဲ နွား ပျက်ပြားရခြင်း။

အဲသည့် ဒဏ် တစ်မျိုးမျိုးကို ယခုဘဝမှာပဲ ခံစားရတတ်တယ်"

"အင်း... မင်းစုဆောင်းလာခဲ့တဲ့ 'သုခမှတ်စု' က အတော်အသုံးဝင်ပေတာပဲ၊ ဟဲဟဲ"

"မင်းသရော်ချင်လည်း သရော်လေ၊ ခုနစ်တန်းကျောင်းသားကတည်းက စုခဲ့မိတဲ့အကျိုးကိုတော့ ငါ့မှာ လက်တွေ့ ခံစားနေရတာအမှန်ပဲ"

http://www.dhammadownload.com



"ဟုတ်ပါတယ်၊ 'စေ့မြွေသိပ်သည်း၊ ရွှေရွှေဆည်းလော့၊ စရည်းအိုးခွက်၊ကြီးစွာလျက်လျှင်၊ တံစက်ကျမျှား၊ ပြည့်သောလားသို့' ဆိုတာကို ပြောချင်လို့ပါကွာ။ ကဲ၊ ကာလေနဓမ္မဿဝနံ – ကို ဆက်ကြစို့၊ အခါပွာယ်က ကာလအားလျော်စွာ ဓမ္မတရားတို့ကို နာယူခြင်းလို့ ဆိုတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲသည့် 'ကာလအားလျော်စွာ' ဆိုရာမှာ အခါကာလနှစ်မျိုးကို ယူနိုင်ပါလိမ့်မယ်၊ (၁)အလိုအလျောက် ဖြစ်ပေါ်လာသော အခိုက်အတန့်၊ (၂) ဖြစ်ပေါ်အောင် ဖန်တီးယူရသော အခိုက်အတန့်၊ အဲသလို ယူနိုင်စရာ ရှိတယ်"

"မင်းကတော့ ဆီလိုအပေါက်ရှာနိုင်တဲ့ကောင်ပဲ၊ မင်းဟာမင်း ရှင်းပါဦး"

"အဲဒါဟာ မင်းကိုယ်တိုင် မစဉ်းစားမဆင်ခြင်လို့ပဲ၊ ပေါ့ပေါ့တန်တန် အပေါ်ယံလျှပ်ပြီးစာဖတ်ခဲ့လို့ ငါ့ကို အပြစ်ရှာတာကွ၊ ကဲ ငါရှင်းပြမယ်၊ သဘောကျရင် လက်ခံ၊ သဘောမကျရင် လက်မခံနဲ့၊ ပုဒ်ရင်းက အခါအားလျော်စွာ ဓမ္မတရားများကို ကြားနာရမယ်၊ စာပေကျမ်းဂန်များကိုဖတ်ရှုရမယ်လို့ ဖြည့်စွက်ထား။ လူ တစ်ယောက်မှာ ဘဝတစ်လျှောက်လုံး စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးစတဲ့ ဗဟုကိစ္စတို့မှာ အဆင်ပြေစွာ ချောမွေ့ နေတာရယ်လို့ မရှိနိုင်ဘူး မဟုတ်လား၊ အိမ်တွင်းရေးကအစ အဆင်မပြေလို့ မဖြစ်ချင်တာလည်း ဖြစ်ရ၊ ဖြစ်ချင်လွန်းတာလည်း မဖြစ်ရတဲ့ အခိုက်အခါမျိုး ဆိုတာ ရှိကြစမြဲပဲ။ အဲသည့်အခါမှာ အလိုမပြည့်သော ဆင်းရဲခြင်းကြောင့် ဒေါမနဿ ဖြစ်ရတတ်တယ်၊ ဒေါမနဿ ဆိုတာမျိုးက ရှုံးရှုံးရှားရှား ဖြစ်လျှင်ဖြစ်၊ စိတ်ဓာတ်ကျပြီး ဝမ်းပန်းတနည်း အရှုံးပေး လက်မြှောက်လိုသောစိတ် ဖြစ်လိုဖြစ်နဲ့ ပူပန်မှုတွေနဲ့ ရင်ဆိုင်ရ

http://www.dhammadownload.com



တယ်။ အသည့် ဒေါမနဿက အကုသိုလ် အမှားအယွင်းများကို ပြုလုပ်မိတတ်တယ်။ သို့ကလို အခါမျိုးမှာ မိမိစိတ်ကို ဖျောင်းဖျဆုံးမအားပေးနိုင်တာဟာ မိတ်ဆွေကောင်းဆရာသမားကောင်းများရဲ့ ဓမ္မတရားကလွဲလျှင် အခြား သည့်ပြင် ဘာမှမရှိဘူး၊ စာပေကျမ်းဂန်များကလွဲလျှင် ဘာမှမရှိဘူး၊ အဲဒါကြောင့် ဆရာကောင်း ဆရာမြတ်ကို ချဉ်းကပ်၍ တရားရေအေးသောက်သုံးကြားနာရမယ်၊ တရားပြည့်ဝသော မိတ်ဆွေစစ် မိတ်ဆွေကောင်းများရဲ့ စကားကို နားထောင်ရမယ်"

"အေး. . . ဒီလိုတော့ အဟုတ်သားပဲ၊ နောက်အခါကာလ တစ်ခုကရော"

"နောက်အခါကာလ တစ်ခုကတော့ စီးပွားရေး၊ လူမှုရေး၊ အိမ်တွင်းရေးပါ အဆင်ပြေလို့ မိမိမှာ စိတ် အေးချမ်းသာယာနေတယ်။ ဒါကြောင့် ပုပ္ပန်သောက ဗျာပါဒ ကင်းစင်နေတယ်၊ ကြည်လင်နေတယ်။ အဲသည့်အခါမျိုးမှာ ဉာဏ်ပညာ အမှတ်သညာ အားရှိနေတဲ့အတွက် ကန့်သတ် အချိန်ယူပြီး နိဗ္ဗာန်ရောက်ကြောင်း သိဖို့ တရားကျင့်ဖို့ တရားများကို ကြားနာရမယ်၊ စာပေကျမ်းဂန်များကို ဖတ်ရှုရမယ်။ စိတ်အေး လက်အေးဖြစ်တဲ့အချိန်မို့ အကျိုးထူး ရနိုင်တယ်။ ဒါကြောင့် ကာလေန ဓမ္မဿဝနံ-ပုဒ်မှာ အချိန်ကာလ နှစ်မျိုး နှစ်ပါး ယူနိုင်ပေလိမ့်မယ်"

"အေး. . . ဒီလိုတော့လည်း အဟုတ်သား ဟဲဟဲ"

"တော်ပြီ၊ ငါ့ကို ဆီလိုအပေါက်ရှာတဲ့ အကြောင်းဆိုတာ၊ စတေ= ဤတရားငါးပါးသည်၊ ဥတ္တမံ=မြတ်သော၊ မင်္ဂလံ= မင်္ဂလာ ဟူ၍၊ ဂဏှာဟိ=မှတ်လေတော့"

http://www.dhammadownload.com

# မင်္ဂလသုတ် (၁၁)

# ကိုယ့်ကိုယ်ကို သည်းခံတတ်ကြစို့

"ခန္တီ စ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလ မုတ္တမံ။

ခန္တီ စ = သည်းခံခြင်းသည်လည်းကောင်း၊ သောဝ စဿတာ = ဆိုဆုံးမခြင်းကို ခံယူခြင်းသည် လည်းကောင်း၊ သမဏာနံ = ရဟန်းတို့အား၊ ဒဿနဉ္စ = ဖူးမြင်ခြင်း သည် လည်းကောင်း၊ ကာလေန = အခါအားလျော်စွာ၊ ဓမ္မသာကစ္ဆာစ = တရားတော်ကို ဆွေးနွေးခြင်းသည် လည်းကောင်း၊ အတ္ထိ= ရှိ၏။ ဧတံ = ဤလေးပါးသည်၊ ဥတ္တမံ = မြတ်သော၊ မင်္ဂလံ = မင်္ဂလာမည်၏"

"အနက်ကတော့ ဟုတ်ပြီ၊ သဘောအဓိပ္ပာယ်ကို ဆွေးနွေးကြစို့၊ ခန္တီ = သည်းခံခြင်းဆိုတာ ဘယ်လိုလဲ"

http://www.dhammadownload.com



"သူတစ်ပါးကပြောတာ ဆိုတာ စော်ကားရန်စတာ အနိုင်အထက်ပြုတာတို့ကို ရန်တုံ့မမူတာကို သည်းခံခြင်းလို့ ဆိုရမှာပေါ့၊ သူတစ်ပါးကိုသာ သည်းခံမှာလား၊ ကိုယ့်ကိုယ်ကိုတော့ သည်းမခံတော့ဘူးလား၊ ဆိုတော့. . . "

"ကိုယ့်ကိုယ်ကိုလည်း သည်းခံရဦးမှာလား"

"ငါက 'ကိုယ့်ကိုယ်ကို'လို့ပြောလိုက်လို့ မင်းနားရှုပ်သွားတာပါ၊ သူတစ်ပါးက ပြောတာ ပြုတာကို မခံချင်စိတ် မပေါ်အောင်၊ သို့မဟုတ် မခံချင်စိတ် ပေါ်လာတာကို နှိပ်ကွပ်သည်းခံနိုင်မှ သူတစ်ပါးကို သည်းခံနိုင်မှာမို့ ကိုယ့်ကိုယ်ကို သည်းခံရတာက စ,ရမှာမဟုတ်လား"

"အေး... ဟုတ်သားပဲ။ သည်းခံမှု သည်းမခံမှုတို့ဟာ စိတ်က ဖြစ်တဲ့သဘောတရားပဲ၊ ထိုစိတ်ကို ဆုံးမနှိပ်ကွပ်တာဟာ နာမ်အလုပ်၊ နာမ်ကိစ္စပေါ့၊ ဟုတ်ပါ့ ဟုတ်ပါ့။ ကိုယ့်စိတ်မှကိုယ် သည်းမခံနိုင်လျှင် သူတစ်ပါးကို ဘယ်နည်းနဲ့မှ သည်းမခံနိုင်တော့ဘူး"

"နောက်တစ်ခု.. ကိုယ့်ကိုယ်ကို သည်းခံနိုင်မှုဆိုတဲ့ အထဲမှာ ၁–အဓိဝါသနခန္တီ၊ ၂–အနုလောမခန္တီ – ရယ်လို့ နှစ်မျိုးနှစ်စား ရှိသေးတယ်။ အဓိဝါသနခန္တီ–ဆိုတာက ချမ်းတယ်၊ ပူတယ်၊ စိုစွတ်တယ်၊ ခြောက်သွေ့တယ် အစရှိတဲ့ ရာသီဥတုနှင့် ပတ်သက်တာမျိုး။ ဆာလောင်တယ်၊ မွတ်သိပ်တယ်၊ နာတယ်၊ ဖျားတယ်၊ ထိခိုက်မိတယ်ဆိုတဲ့ ကာလနှင့်ပတ်သက်တာမျိုး။ ကိုယ်ပြုသမျှ ကိုယ်ဖြစ်ချင်တာ မဖြစ်တာမျိုး၊ ကိုယ်မဖြစ်ချင်တာဖြစ်လာတာမျိုး၊ ဒါမျိုးတွေကို ဒေါသမဖြစ်ဘဲစိတ်ရှည်ရှည်ထားတာကို ခေါ်တယ်။ အနုလောမခန္တီ ဆိုတာက အခုပြောတဲ့ ထင်ရှားရှိတဲ့ သဘောတွေထက် နူးညံ့သိမ်မွေ့တဲ့ နာမ်အလုပ်ပညာဖြစ်တဲ့ ဝိပဿနာအရာမှာ အစဉ်အတိုင်း

http://www.dhammadownload.com



တစ်ဆင့်မှတစ်ဆင့် စိတ်ရှည်ရှည် သည်းခံဆင်ခြင်နိုင်စွမ်း ရှိတာကို ခေါ်တယ်၊ ဉာဏ်စဉ်အတိုင်း ပြောရမယ်ဆိုလျှင် သမ္မသနဉာဏ်မှစပြီး အနုလောမဉာဏ်အထိ ဆင်ခြင်နိုင်သော ခန္တီပေါ့"

"ဪ. . . ဒါကြောင့် 'သည်းခံလျှင် နိဗ္ဗာန်ရောက်တယ်' လို့ ဆိုတာကိုး. . . နော်"

"ဟုတ်ပြီဗျား၊ ဒါကြောင့် နိဗ္ဗာန်ထုတ်ချောက် မရောက်သေးသည့်တိုင်အောင် ၁–လူအများက ချစ်ခင်ခြင်း၊ ၂–ဘေးရန်မများခြင်း၊ ၃–အပြစ်မရှိခြင်း၊ ၄–မတွေမဝေသေရခြင်း၊ ၅–သေလွန်သော် နတ်ရွာ သုဂတိသို့ လားရခြင်းဆိုတဲ့ သည်းခံခြင်း၏ အကျိုးငါးပါးကို ဘုရားဟောတော်မူတာပေါ့"

"သည်းခံတယ်ဆိုတာ သတိရှိမှ ဖြစ်တာပေါ့နော်"

"ဒါပေါ့၊ သတိထားလိုက်မိမှ သည်းခံနိုင်တာပေါ့၊ ထောင်းခနဲထလာတဲ့ မခံချင်စိတ်ကို ကိုယ်က ဦးအောင် သတ်လိုက်နိုင်လျှင် သည်းခံနိုင်တာပဲ၊ အဲတာဟာ သတိပေါ့"

"ငါက စဉ်းစားမိလို့ပါ၊ အခါကာလလေး တစ်ခုအတွင်းမှာ၊ မမျှော်လင့်သော အရေးအခင်းကလေးတစ်ခုမှာ သတိလက်လွှတ်ပြီး သည်းမခံနိုင်လိုက်တာကြောင့် တစ်သက်လုံးဒုက္ခရောက်ရပုံကို ပြောရဦးမယ်၊ တို့အိမ်နားက လူကုံထံရဲ့ သားတစ်ယောက် အကြောင်းပေါ့၊ နာမည်က မောင်တင်ဦး ဆိုပါတော့ကွာ၊ တက္ကသိုလ်ကျောင်းသားကလေးပေါ့၊ တစ်နေ့ မာဇဒါ နောက်ဆုံးပေါ် ကားလေးမောင်းပြီး ကျောင်းကိုလာတယ်၊ ပြည်လမ်းမကြီးမှာ ကားတွေကလည်း နည်းနည်း ရှုပ်နေတယ်၊ ဒါကြောင့် မောင်တင်ဦးက သတိနဲ့ ဖြည်းဖြည်းမောင်းနေတဲ့အခါ သူ့နောက်က ဂျစ်ကားတစ်စီးက တပွမ်ပွမ် ဟွန်းတီးပြီး လမ်းတောင်းရင်း ကပ်လိုက်နေသတဲ့၊ မောင်တင်ဦးကလည်း ဂျစ်

http://www.dhammadownload.com



ကား ကျော်တက်သွားနိုင်အောင် လမ်းမပေးနိုင်လို့ မှန်မှန်ပဲ မောင်း နေရသတဲ့။ သည်းမခံနိုင်တော့တဲ့အဆုံး 'ကဲမင်းဂျစ်စုတ်က ငါ့ကားကို ကျော်တက်နိုင်ရင် တက်ကွာ' ဆိုတဲ့မခံချင်စိတ်နဲ့ သူ့ရှေ့က ဘတ်စ်ကား တစ်စီးကို ကျော်တက်ပြီး မောင်းလိုက်မိတာ အလယ်ဗဟို လမ်းကြောင်း ကို လွန်ပြီး မျက်နှာချင်းဆိုင်က မောင်းလာတဲ့ကားတစ်စီးနဲ့ ခေါင်းချင်း ဆိုင် တိုက်မိလို့ ဆေးရုံရောက်ပြီး ပေါင်ကျိုးသွားရှာပါလေရော။ ဒါဟာ တစ်ခဏကလေး သည်းမခံလိုက်မိတဲ့ အပြစ်ပေါ့"

"ဟုတ်ပါတယ်၊ ဒါကြောင့် အသေးအမွှားကလေးကို သည်း မခံလိုက်ခြင်းကြောင့် အကြီးအကျယ် ဒုက္ခရောက်နိုင်တာကို သတိရှိရ မယ့် သင်ခန်းစာပါပဲ။ အေး... မင်းပြောလို့ ငါလည်း သတိရတာ တစ်ခု ပြောရဦးမယ်၊ ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်းက ဖက်ဆစ် ဂျာမန်သူလျှိုတွေကို စစ်ဆေးရေးအရာရှိကြီးရဲ့ စစ်ဆေးပုံ ပရိယာယ် တစ်ခုပေါ့။ ဂျာမန်အရပ်သူအရပ်သားအချို့ဖက်ဆစ်ဝါဒကို ကြောက်ရွံ့ မုန်းတီးကြလို့ အင်္ဂလန်ကို ထွက်ပြေးလာကြရာမှာ သူလျှိုတွေလည်း ရောနှော ပါလာကြသတဲ့။ အဲသည့် သူလျှိုတွေ ကလည်း အမျိုးမျိုးအဖုံဖုံ လေ့ကျင့်စီစဉ်ပြီးမှလာကြတဲ့ အမာခံ တွေဆိုတော့ သူတို့ကို သည်း မခံနိုင်အောင်၊ စိတ်မရှည်နိုင်အောင် အမျိုးမျိုး စုံစမ်း စစ်ဆေးရ သတဲ့လေ။ အချို့လည်းလွယ်လွယ်ကူကူပဲ ဓာတ်ရုပ် ပေါ်ကြသတဲ့။ တစ်ယောက်ကတော့ ဘယ်လိုပဲစစ်စစ် အပြောအဆိုလည်းမမှားဘူး။ အစမ်းအသပ်တွေကိုလည်း သည်းခံနိုင်စွမ်း ရှိနေသတဲ့။ နောက်ဆုံး တစ်ခါတော့ စစ်ဆေးရေး အရာရှိကြီးက ဟစ်တလာရဲ့ ရုပ်ပုံကြီး တစ်ခုကို ထောင်ထားပြီး သူ့ကိုမေးရင်း ပြောရင်းရုပ်ပုံကို ဓားနဲ့ပေါက် ပေါက်နေပြီး နုတ်ကလည်း 'ထိုလိုက်စမ်းကွာ မျက်လုံး တည့်တည့် ကြီး'၊ 'မှန်လိုက်စမ်းကွ ဝက်ရဲ့နှာခေါင်းကြီး'၊ 'စိုက်လိုက် စမ်းကွ

http://www.dhammadownload.com



ဝက်ပုပ်ကြီးရဲ့ အသည်းနှလုံး'။ အဲသလို မခံချိမခံသာ ဟာစ်တလာကို အမနာပ ပြောပါများ လာတော့ နောက်ဆုံးမှာ ဂျာမန် သူလျှိုက သည်းမခံနိုင်တော့ဘဲ– 'ဟော့–ငါတို့ ခေါင်းဆောင်ကြီးကို စော်ကားတဲ့ အကောင်၊ မကြာခင် မင်းတို့ အင်္ဂလန်ကို အောင်မြေနင်း ကြတဲ့အခါ မင်းသေရအောင်ပြင်'လို့ ဒေါသတကြီး ထ,အော်လို့ ဇာတိရုပ် ပေါ် သွားသတဲ့"

"အင်း... အမျိုးမျိုး ညှဉ်းပန်းတာတွေကို သည်းခံနိုင်ခဲ့ပြီးမှ အသေးအမွှားကလေးမှာ သည်းမခံနိုင်တဲ့အတွက် ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်လိုက်ရတာပဲပေါ့နော်"

"ဟုတ်ပါတယ်၊ လူ့သဘာဝစိတ်ကို ကျွမ်းကျင်တဲ့ ဒု–ဗိုလ်မှူးကြီး အော်ရက်(စ်) တီပင်တိုရဲ့ ကိုယ်တွေ့ သူလျှိုဖမ်းနည်း ပရိယာယ်တစ်ခုပါ။ ဒါကြောင့် မည်သည့်အကြောင်းမှာ ဖြစ်စေ သည်းခံနိုင်လျှင် ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်နိုင်ပါတယ်။ ခန္တီ ပရမံ တပေါ တီတိက္ခာ"

"ကဲ... သောဝစဿတာကို ဆက်ကြရအောင်"

"သောဝစဿတာ – ဆိုတာ သူတစ်ပါးက ဆိုဆုံးမသည်ကို အလွယ်တကူ လိုက်နာလက်ခံခြင်းပေါ့၊ မေတ္တာသုတ်မှာ တို့ဆွေးနွေး ခဲ့ပြီကော"

"မေတ္တာသုတ်ကို မဖတ်ရသေးရင် ဘယ်သိမလဲ၊ ဖြည့်စွက် တန်တာ ဖြည့်စွက်ပြီး ပြောကြပါဦးစို့"

"ဒီလိုဆိုရင် မဟာစည် ဆရာတော်ရဲ့ သလ္လေခ သုတ်အဖွင့်ကို တိုက်ရိုက် ကောက်သည်ချပေးတာ အကောင်းဆုံး ဖြစ်မှာပဲ။ သလ္လေခ– ဆိုတဲ့ အဓိပ္ပာယ်က 'ခေါင်းပါးစွာ ကျင့်ခြင်း၊ မိမိစိတ်ကို ချိုးနှိမ်ခြင်း၊ ဆုံးမခြင်း'လို့ မှတ်ရမှာပေါ့"

http://www.dhammadownload.com



" မေတ္တသုတ်မှာ မင်းပြောခဲ့သေးတာဆိုရင် ပိုကောင်းတာပေါ့၊ ဆရာတော်ကြီးရဲ့ အဖွင့်ကို နာရအောင် လုပ်ပါဦး"

" ပရေ ဒုဗ္ဗစာ ဘဝိဿန္တိ၊ မယမေတ္ထ သုဝစာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ=တစ်ပါးသောပုဂ္ဂိုလ်တို့သည်၊ ဒုဗ္ဗစာ= အပြောအဆိုခက် အဆုံးမ ခက်ကုန်သည်၊ ဘဝိဿန္တိ= ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ= ဤအရာ၌၊ မယံ= ငါတို့သည်၊ သုဝစာ= ဆိုဆုံးမလွယ်ကုန်သည်၊ ဘဝိဿာမာတိ= ဖြစ်ကုန်အံ့ဟူ၍၊ သလ္လေခေါ= ကိလေသာ ခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော=ပြုကျင့်အပ်၏။

မြန်မာလို ရှင်းရှင်းပြောရရင် လောကမှာ အချို့ပုဂ္ဂိုလ်များဟာ အဆုံးအမဝေဖန် မခံချင်ကြပါဘူးတဲ့၊ ငါတို့ကဖြင့် ဒီလို ပုဂ္ဂိုလ်မျိုး အဖြစ်မခံဘဲ ကိုယ့်ကို အကျိုးရှိရာ ရှိကြောင်း ဆိုဆုံးမတာကို ခံယူပြီးတော့ ကိလေသာခေါင်းပါးအောင်ကျင့်ပါမယ်တဲ့၊ အဲသလို ခံယူရမယ်လို့ မြတ်စွာဘုရားက ညွှန်ကြားထားတာပဲ"

" ဒုဗ္ဗစ ဆိုတာက ဘာအဓိပ္ပာယ်လဲကွာ"

" ဆုံးမစကားကို နားမထောင်တဲ့ လူမျိုးတွေပေါ့။ မိဘစကားကို နားမထောင်တဲ့ သားသမီးတွေ၊ ဆရာ့ စကားကို နားမထောင်တဲ့ တပည့်တွေ၊ အထက်လူကြီးစကားကို နားမထောင်တဲ့ ငယ်သားတွေ၊ အဲဒီလိုလူမျိုးကို ခေါ်တာ"

" မနာလိုလို့ ဝေဖန်တာ၊ အထင်လွဲလို့ ကဲ့ရဲ့တာ၊ မုန်းလို့ အပုပ်ချတာမျိုးကိုရော ဆုံးမတာလို့ ခေါ်နိုင်မလား"

" ဒါတွေကတော့ အမနာပ စကားမျိုးသာ ဖြစ်စရာ ရှိပါတယ်။ အကျိုးကို လိုလားတဲ့ ဆုံးမစကားဟုတ်မဟုတ်ကို အပြောအဆိုခံရတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်က သိနိုင်ပါတယ်။ သိလျက်နဲ့ မာနကြောင့် မလိုက်နာတဲ့ လူကိုသာ ဒုဗ္ဗစ လို့ ခေါ်ရမှာဖြစ်ပါတယ်။ ဥပမာ–ဘုရား လက်ထက်က အရှင်ဆန္နမထေရ်မျိုးပေါ့"

"ပြောစမ်းပါဦး"

"ဆန္နမထေရ်ဆိုတာ မြတ်စွာဘုရားအလောင်း တောထွက်တော်မူစဉ်က နောက်တော်ပါအဖြစ် လိုက်ပါလာခဲ့တဲ့ ဆန္နအမတ်ပေါ့၊ မြင်းမြီးဆွဲမောင်ဆန်လို့ မြန်မာလို ခေါ်ကြတယ်။ သူက သာသနာတော်မှာ ဝင်ပြီး ရဟန်းပြုတယ်လေ။ ရဟန်းဖြစ်လာတော့ ဝိနည်းကျင့်ဝတ်နဲ့ ညီညွတ်စွာ နေဖို့ ဂရုမပြုဘူး။ ဒါကို သီတင်းသုံးဖော်များက ပြောဆို သတိပေး ဝေဖန်ဆုံးမတဲ့အခါ အဆုံးမ မခံတဲ့အပြင် သူက တောင် ပြန်လှန်ကြိမ်းမောင်း လိုက်သေးသတဲ့၊ ဘယ်လိုပြောသလဲဆိုတော့ 'ကိုယ်တော်တို့က မြတ်စွာဘုရား သာသနာကို ဝင်လာတာ နောက်မှပေါ်တဲ့ ရွှေကြာပင် တွေပါ၊ တပည့်တော်က တောထွက်တော်မူကတည်းက နောက်တော်ပါတပည့်ရင်းအစစ်ဖြစ်တယ်၊ ရှင်သာရိပုတ္တရာနဲ့ရှင်မောဂ္ဂလာန်တို့တောင် တပည့်တော်လောက် မြတ်စွာဘုရားနဲ့ မရင်းနှီးပါဘူး၊ တပည့်တော်ကို လာပြီး ဆရာ မလုပ်ချင်နဲ့' လို့ ပြောလေ့ရှိသတဲ့။ အရှင်ဆန္နအနေနဲ့က ဘဝင်မြင့်မယ်ဆိုလည်း မြင့်စရာ၊ 'အာ၊ ဗော၊ ဒါ၊ ယ၊ ကဏ်၊ ရွှေ၊ ဆန်' ဆိုတဲ့ ဘုရားလောင်း ဖွားဖက်တော် ခုနစ်ဦးမှာ တစ်ဦး အပါအဝင်ပေကိုး"

"အဲသည့် ခုနစ်ဦးကို ပြောစမ်းပါဦး"

"မင်းကလည်း သွားတော့ခွေခွေ နေတော့စင်းစင်း ခေါင်းခု မင်းလို့စကားထာဝှက်သလိုအဖြေပါနေပြီးတာကိုထပ်မေးနေသေးတယ်။ အာ=အာနန္ဒာ၊ ဗော=ဗောဓိပင်၊ ဒါ=ကာဠုဒါယီ၊ယ=ယသောဓရာ၊ ကဏ်=ကဏ္ဍကမြင်း၊ရွှေ=ရွှေအိုးကြီးလေးလုံး၊ဆန်=ဆန္နအမတ်လေကွာ"

"အား... ဟုတ်သားပဲ"

"အိမ်တော်ပါ ကျွန်ရင်းဆိုတော့ ဘဝင်မြင့်နေတာနဲ့ တရားမရနိုင်အောင် ဖြစ်တာ"

"အင်း... ရာဇဝင်မှာ ရှင်ဘုရင်များရဲ့ အိမ်တော်ပါ ကျွန်ရင်းများလည်း အဲသည်လို မာနမျိုးနဲ့ ဆိုးကြပေကြတာ သဘာဝပဲလေ၊ အဓိကလူကြီးရဲ့ တပည့်ရင်းဆိုလျှင်လည်း လူကြီးရဲ့ အရှိန်အဝါကို နေရာတကာသုံးပြီး စည်းလွတ်ဝါးလွတ် ကျင့်တတ်ကြတာပဲ။ အရှင်ဆန္နကို မြတ်စွာဗုဒ္ဓက ဆုံးမတော်မမူဘူးလား"

"သတ္တဝါဝေနေယျတို့ကို ဆုံးမတဲ့နေရာမှာ အတုမရှိ၊ အတူမရှိတဲ့အတွက် 'အနုတ္တရောပုရိသဒမ္မသာရထိ' ဂုဏ်တော်ကြီးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဗုဒ္ဓက "ငါဘုရား ပရိနိဗ္ဗာန်စံပြီးသော အခါတော့ ဗြဟ္မဒဏ်ပေးရမယ်" လို့ မှာကြားတော်မူပါတယ်၊ ဗြဟ္မဒဏ်ဆိုတာ အခြားသော ရဟန်းများက အရှင်ဆန္နကို ကောင်းကောင်း ဆိုးဆိုး ဘာတစ်ခွန်းမှ မပြောဆို မဝေဖန်ဘဲ လွှတ်ထားကြတဲ့သဘောပါပဲ။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူသွားတဲ့နောက် အရှင်ဆန္နမှာ ဗြဟ္မဒဏ် အပေးခံရလို့ အကြီးအကျယ် စိတ်ထိခိုက်နေတော့တာပဲ"

"အင်း... ထိခိုက်စရာကြီးပေါ့၊ သံဃာများနှင့် အတူ နေနေရပါလျက် မရင်းနှီးဘဲအထီးကျန်တစ်ပါးတည်းလို ဖြစ်နေတဲ့အခါ စိတ်ဓာတ် အကြီးအကျယ် ကျနေရှာမှာပေါ့"

"ဟုတ်ပါတယ်၊ အဲဒီမှာ အရှင်ဆန္နဟာမာနတွေကျပြီး တရားရသွားပါတယ်၊ ဒါကြောင့် အဆုံးမ အဝေဖန်ခံ၍ ကိုယ့်ချွတ်ယွင်းချက်ကို ကိုယ်ပြင်နိုင်ဖို့ အရေးကြီးပါတယ်။

"အဲ... ဝေဖန်သူကလည်း အကျိုးကိုလိုလားတဲ့ စေတနာတော့ ရှိဖို့လိုတာပေါ့လေ။ ငါးရာငါးဆယ် တိကနိပါတ် တိလမုဋ္ဌိ

http://www.dhammadownload.com



ခေတ်မှာ ဘုရားဟောထားတာရှိတယ်၊ ဗာရာဏသီမင်းရဲ့ သားတော် တစ်ပါးဟာ ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်နေဆဲအခါ၊ ရွာသူတစ်ဦး နေပူလှန်းထားတဲ့ နှမ်းကို နေ့တိုင်း အခမဲ့ ယူယူစားသတဲ့၊ နှမ်းရှင်က မခံနိုင်တော့ ဆရာကြီးကို လာတိုင်တယ်၊ ဆရာကြီးက တပည့်ကို ရိုက်၍ ဆုံးမတယ်၊ ဒါကို တပည့်က အကျိတ်အခဲထားပြီး ရှင်ဘုရင်ဖြစ်တော့ ဆရာကို ပူဇော်ချင်လို့ပါလို့ လိမ်ခေါ်ပြီး 'ခင်ဗျားကြီး ကျုပ်ကို နှမ်းခိုးစားမိတာကလေးနဲ့ လူပုံအလယ်မှာရိုက်တာ သတိရ သေးလား' လို့ မေးပြီး သတ်မယ်လုပ်တယ်၊ ဒီတော့ ဆရာကြီးက 'မင်းကို ငါ ဒီလို ဆုံးမခဲ့လို့ မင်းအခုဘုရင်ဖြစ်နေရပြီ၊ ငါကသာ မဆုံးမလျှင် သူခိုးကလေးက သူခိုးကြီးဖြစ်ပြီး ထိုးနှက်ထောင် စံရ မှာမဟုတ်ဘူး' လို့ ပြန်ပြောတော့မှ 'ဟုတ်ပါလား' ဆိုပြီး တကယ် ပူဇော်ဖြစ်တော့သတဲ့။

ဒါက ဘာကိုပြသလဲဆိုရင် တို့တစ်တွေဟာ တို့ကို ခပ်စပ်စပ် ကလေး ဆုံးမလျှင် ထောင်းခနဲ ဒေါသဖြစ်တတ်တယ်၊ အဲဒီအခါ မှာ 'ငါ့အကျိုးကို လိုလားလို့ ပြောတာပါကလား' လို့ တစ်ဖက်သားရဲ့ စေတနာကို အသိအမှတ်ပြုတတ်၊ ပြုနိုင်ဖို့ သတိရှိဖို့ သင့်ခန်းစာပဲ၊ မင်းတို့ ငါတို့လည်း သတိရှိရမှာပဲ"

"ဟုတ်ပါတယ်၊ တို့ ကိုယ်တိုင် သတိထားရမှာ ဖြစ်ပါတယ်"

"နောက်တစ်ခု ပြောဦးမယ်၊ ဒါက ပဥ္စကနိပါတ်၊ သီဃံပုမှ ပါတ်၊ အလွန်အကျင့်ဖြူစင်တဲ့ ရဟန်းတစ်ပါးဟာ ကြာမျိုးငါးပါးနှင့် ပြည့်စုံတဲ့ရေကန်ကြီး အနားမှာ တရား ဆင်ခြင်နေတုန်း လေပြည် ကလေးက ဝှေ့လိုက်လို့ ကြာနံ့ကလေး မွှေးလှာတာကို အရသာခံပြီး ရှူရှိုက်လိုက်မိသတဲ့၊ အဲသည့်အခိုက် ကန်စောင့်နတ်သမီးက ပေါ်လာပြီး သူ့ကန်ထဲက ကြာပန်းရနံ့ကို ခိုးရှူရသလားလို့ ဝေဖန်တယ်၊ အဲသည့်

http://www.dhammadownload.com



အခိုက်ပဲတောတွင်းသားတစ်ယောက် ရေကန်ကိုရောက်လာပြီး ကြာပန်းတွေကို ဆွဲနှုတ်ယူသွားတယ်။ အဲဒီအခါ ရဟန်းက နတ်သမီးကိုပြောတယ်၊ 'ကြာပန်းရနံ့ကလေးကို ရှူမိတာနဲ့ ငါ့ကိုတော့ ဝေဖန်လိုက်တာ၊ ကြာပန်းတွေကို ချိုးဖြတ်ယူသွားတဲ့ တောတွင်းသားကိုတော့ ဘာဖြစ်လို့ အပြစ်မပြောသလဲ' လို့ မေးသတဲ့"

"ဟုတ်တယ် မေးလည်းမေးစရာပေါ့"

"အဲဒါကို နတ်သမီးက ဒီလိုဖြေတယ်၊ တောတွင်းသားကတစ်သက်လုံး မကောင်းမှုဒုစရိုက်ကိုလုပ်လာခဲ့တဲ့လူဖြစ်တယ်၊ အရှင်ရဟန်းက သီလ အလွန် ဖြူစင်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ လက်နှီးစုတ်မှာအစွန်းအထင်းများသည့်တိုင်အောင် ပို၍ အရုပ်မဆိုး နိုင်သော်လည်းအစွန်းအထင်း မရှိသေးတဲ့ ပဝါဖြူများမှာတော့ နည်းနည်းကလေးစွန်းလျှင် အလွန်သိသာပြီး အရုပ်ဆိုးလို့ ပြောရခြင်း ဖြစ်ပါတယ်လို့ပြန်ဖြေသတဲ့"

"ဟာ. ကောင်းလိုက်တာ၊ ကြာပန်းရနံ့ကို ခိုးတယ်လို့ စွပ်စွဲချင်တာထက် ဝိပဿနာ ဘာဝနာမှာ အာရုံတစ်ပါး ဖောက်ပြားလိုက်မိတာကို သတိပေးလိုတဲ့ သဘော ဖြစ်လိမ့်မယ်နော်"

"ဟုတ်ပါလိမ့်မယ်၊ ဒါကို ရဟန်းကလည်း ကျေးဇူးတင်မိတယ်။ ဒါကြောင့် နတ်သမီးကိုကျေးဇူးတင်မိတဲ့အကြောင်း၊ နောက်ကိုလည်း ဒီလိုအမှားမျိုးတွေလျှင် သူကို သတိပေးဆုံးမပါမည့် အကြောင်းတောင်းပန်တော့ နတ်သမီးက ဘယ်လို ပြန်ပြောတယ် ထင်သလဲ"

"လုပ်ပါဦး"

"အရှင့်ကို အမြဲတစေ စောင့်ကြည့်ပြီး ပြောနေရအောင်အရှင့် လခစား မဟုတ်ပါဘူးတဲ့၊ အရှင့်စိတ်ကို အရှင်ပဲ (ကိုယ်တိုင်သာ) စောင့်ထိန်းရမှာပေါ့ လို့ ပြောလိုက်သတဲ့"

http://www.dhammadownload.com



"ဟာ... ဒါက ပိုကောင်းပြန်ရော၊ 'အဲတ္တာ ဟိ အတ္တနော နာထော' လေ၊ ဟုတ်လိုက်တာ"

"ကဲ... အဲဒါတွေ တိုက်ရိုက် ဆုံးမမျိုးတွေနော်၊ အကြောင်း အရာကို မြင်ရုံကြားရုံမျှနဲ့ မိမိကို သတိပေး ဆုံးမခြင်းလို့ သတိသံဝေဂ ယူနိုင်ကြတဲ့သူတော်ကောင်းကြီးများကိုလည်း တို့က အားကျ အတုယူ နိုင်ဖို့ ကြိုးစားကြရမှာ ရှိသေးတယ်။ ဥပမာ–သရက်ပင် လန်းဆန်း နေရာမှ ညှိုးခြောက်သွားတာကိုမြင်ရလို့ မဟာဇနကမင်းကြီး တော ထွက်တော်မူတာမျိုး၊ ဆံဖြူတစ်ပင်ကို မြင်ရ၍ တောထွက်သွားတဲ့ မဃဒေဝမင်းကြီး၊ သူအို သူနာ သူသေ ရဟန်းကိုမြင်ရ၍ တောထွက် တော်မူတဲ့ သိဒ္ဓတ္ထဘုရားလောင်း၊ ကိသာဂေါတမီ၏ သီချင်းအဓိပ္ပာယ် ကို ယူ၍ ဘုရားလောင်း တောထွက်ဖြစ်ပုံ၊ သူဌေးသား ဥပတိဿနှင့် ကောလိတတို့ ပွဲကြည့်ရင်း သံဝေဂယူပြီး အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ဖြစ်လာကြပုံမျိုး စသည်.. စသည် တို့ဟာ အဆုံး အမတရားကို ကြံဆယူငင်ကြတာပဲ၊ နောက်ဆုံး ငါသတိရလိုက်တာက ဆုံးမခြင်း သဘောတရားကို ရှုမြင်သုံးသပ်၍ စွန်းလွန်း ဆရာတော် ကြီး ကိုယ်တိုင် ခံယူတော်မူခဲ့ဖူးတဲ့ အကြောင်းပဲ"

"ဖောက်သည် ချစမ်းပါဦး"

"ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းဝင်းထဲက ရေတွင်းမှာ ရေခပ်ရင်း မိန်းမနှစ်ယောက် ရန်ဖြစ်နေကြသတဲ့၊ နင်ပဲငဆ ဆဲရေး ပြီး သတ်မယ်ပုတ်မယ် အခြေအနေအထိ ဖြစ်နေကြတာကို ဆရာတော် ကြီးက ကြည့်ပြီး သံဃာတော်များကို ခေါ်ပြ၍ ဤကဲ့သို့ ဆုံးမသတဲ့"

"ကြည့်ကြစမ်း ငါ့ရှင်တို့၊ ဒကာမနှစ်ယောက်ဟာ ဒေါသက မြှောက်ပေးလို့ ဘယ်လောက် ပင်ပန်း ဆင်းရဲနေကြသလဲ၊ ဒါဟာ တို့ကို တရားပြနေကြတာပဲ၊ တို့က တရားပြပြီး ဆုံးမနေကြသူ

http://www.dhammadownload.com



နှစ်ယောက်ကိုတရားပူဇော်ကြရမယ်၊ကျက်သရေခန်းထဲက ငှက်ပျော သီး နှစ်ဖီးကို ယူပြီး တစ်ယောက်တစ်ဖီးစီ လှူလိုက်ကြ၊ ငှက်ပျောသီး စားပြီး တအောင့်တနား အပန်းဖြေပြီး ရန်ဆက်ဖြစ်ချင်လည်း ဖြစ် နေကြပစေ' လို့ အမိန့်ရှိတော်မူပါသတဲ့။ ဒါဟာ ငေါ့ပြီးပြောတာ မဟုတ်ဘူး၊ တကယ် ကျေးဇူးတင်လို့ တကယ်လှူလိုက်တာ ဖြစ်သတဲ့။ ဒကာမနှစ်ယောက်လည်း ကြောက်လန့်ပြီး ထွက်ပြေးကြ ရောတဲ့"

"ဆရာတော်ကြီးက သူ့ကျောင်းထဲ ရန်လာဖြစ်ရမလားလို့ စိတ်မဆိုးတဲ့အပြင် ကျေးဇူးတောင် တင်လိုက်တယ်ဆိုတာကဖြင့် နည်းယူစရာကြီးပါပဲဗျား"

"စိတ်ဆိုးဖို့ရာ ဘယ်ရှိပါ့မလဲ၊ သူတစ်ပါးမှာ ဒေါသတရား ကြောင့် ပင်ပန်းဆင်းရဲနေတာကို မြင်နေမိမှတော့ အဲသည့် ဒေါသမျိုး ကိုယ့်ထံ ဘယ်အဝင်ခံလိမ့်မှာလဲ၊ ဒါဟာလည်း ဆုံးမတာကို နာယူတဲ့ သောတဝစသဿတာ ဂုဏ်ပေါ့၊ ကဲ... ဒီအကြောင်းကို တို့ဆွေးနွေးတာ အတော်ရှည်သွားပြီ"

"ဒီအကြောင်းကတော့ ရှည်လျားထွေပြားမှ ကောင်းမယ်၊ မင်းကအစ ငါကအစ အဆုံး အမ၊ အပြော အဆို၊ အဝေအဖန်ကို မခံချင်ကြဘူးလေ၊ ငါ့အပေါ် ဆရာမလုပ်နဲ့ မင်းထက် နားလည်တယ်၊ ကျားကျားမီးယပ်ပဲ ဆိုတဲ့ မာနက များနေကြတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆုံးမဝေဖန်တာကို ခံရရင် အောက်ကျတယ်လို့ ထင်တဲ့ မာနဆိုးကလေးကို ပယ်ပြီး နားထောင် လိုက်နာ ပြုပြင် လိုက်မယ်ဆိုရင် ကိုယ့်အတွက် အကျိုးရှိတာတော့ ဒီဋ္ဌပါ၊ ဝေဖန်တဲ့ လူထက် အမြတ်ထွက်ပါတယ်၊ ဗုဒ္ဓမြတ်စွာ၏ သားတော်ရင်းဖြစ်တဲ့ အရှင်ရာဟုလာကျတော့ သဲကိုလက်နှင့်ကျုံးပြီး 'ဤလက်ခုပ်တွင်းက သဲလုံးတွေနှင့်အမျှ ဗုဒ္ဓအစရှိသောသူတော်ကောင်းများရဲ့ဆုံးမစကား

http://www.dhammadownload.com



ကို နေ့စဉ်ကြားနာရလျှင် ကောင်းမှာပဲ'လို့ တောင့်တတော်မူသတဲ့၊ အရှင်သာရိပုတ္တရာ လက်ယာရံ အဂ္ဂသာဝကကြီး ကိုယ်တိုင် သက်နှံရံ့ တာ အဝန်းမညီလို့ သာမဏေလေးက သတိပေးတော့ 'ကောင်းပါပြီ ငါ့ရှင်'ဆိုပြီး ချက်ချင်း ပြန်ရုံတော်မူတဲ့အပြင် 'ကြည့်ပါဦး၊ ညီသွားပြီ လား' လို့ လေးလေးစားစား ပြန်၍ မေးတော်မူသေးသတဲ့။ မေတ္တ သုတ် သုဝစောစသ–မှာ တို့နှစ်ယောက် ဆွေးနွေးခဲ့ပြီလေ"

"ဟုတ်ပါပြီ၊ အမျိုးမျိုး အနည်းနည်း ကြားရ သိရတော့ ပြည့်စုံတာပေါ့၊ ကဲ... သမဏာနဉ္စဒဿနံ =ရဟန်းသံဃာတော်များ ကို ဖူးမြော်ရခြင်း မင်္ဂလာကို ဆက်ကြပါစို့"

"ဒါကတော့ အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံဆိုတဲ့ သဘာဝတရားနဲ့ပဲပထမ ကြည့်ကြရအောင်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဒွါရခြောက်ပါးမှာ တင့်တယ်တာ, သာယာတာ, ရွှင်လန်းတာတို့ကိုမှ လိုလားတတ်ကြလို့ ဣဋ္ဌာရုံလို့–ဆိုကြတာ မဟုတ်လား၊ အဲသည်တော့ ရတနာသုံးပါးကို ကြည်ညိုကြသူများအတွက် ကြည်ညိုဖွယ်ရှိသော သမဏပ္ပသာဒ၊ သာမဏာသာရုပ္ပ ရဟန်းတော်ကို မြင်တွေ့ရလျှင် စိတ်ရွှင်လန်းတယ်၊ ကြည်နူးတယ်၊ တရားဒေသနာများကို ကြားနာ ရနိုင်တယ်၊ မျိုးစေ့ကောင်းရှိထားသော လယ်သမားသည် မြေဩဇာ ကောင်းသော လယ်ကွက်ကြီးကို တွေ့လိုက်ရသကဲ့သို့ လောကီ, လောကုတ္တရာ နှစ်ဝသော အကျိုးငှာ ဒါနမှု, သီလမှု, ဘာဝနာမှုကို ပြုနိုင်တယ်။ ဒါမျိုးတွေကိုရဖို့ရာ လူသူတော်ကောင်းများကို တွေ့ ရတာထက်သာလွန်သော ဂုဏ်ကျေးဇူးဖြစ်တယ်။ ဒါကြောင့် သူတော် ကောင်းကြီးများက 'ငါ၏မျက်စိသည် ကြည်ညိုဖွယ်ဂုဏ်နှင့် ပြည့်စုံ သော ရဟန်းတော်အား ဖူးတွေ့ရခြင်း၌ မရောင့်ရဲမတင်းတိမ် ရှိလှ ချေ၏' လို့ ဥဒါန်းကျူးတော်မူကြတယ်"

http://www.dhammadownload.com



"အင်း... ကာမဂုဏ်ကို လိုက်စားတဲ့ လူတွေက လှပသော ရူပါရုံကိုတွေ့မြင်လို့ နှစ်သက်သလို နေမှာပေါ့၊ သာသနာ့ ဒါယကာ အနော်ရထာမင်းကြီးဟာ ရှင်အရဟံကိုယ်တော်ကို တွေ့လိုက်တဲ့ခဏမှာ ဒီစိတ်မျိုး ပေါ်လာပေလိမ့်မယ်။

မင်္ဂလတ္ထဒီပနီကျမ်းကြီးကို ရေးသားတော်မူခဲ့တဲ့ ညောင်ကန်ဆရာတော်ကြီးက 'ငြိမ်းငြိမ်းသောကိလေသာ ရှိကုန်သော၊ ပွားစေအပ်ပြီးသော ကာယ, သီလ, စိတ္တ, ပညာ ရှိကုန်သော၊ မြတ်သော ကျေးဇူးနှင့်ပြည့်စုံသော ရဟန်းတို့အား ဆည်းကပ်ခြင်း၊ လုပ်ကျွေးခြင်း၊ အောက်မေ့ခြင်း၊ နားထောင်ခြင်း၊ ဖူးမြင်ခြင်းသည် သမဏ ဒဿန မည်၏၊' လို့ ဖွင့်ဆိုတော်မူခဲ့တယ်။ စာမျက်နှာ ၇၆၄ မျက်နှာရှိတဲ့ 'မင်္ဂလတ္ထဒီပနီ' ကျမ်းကြီးကို ဖတ်ကို ဖတ်ကြရမယ်"

"အင်း... မင်းပြောတာကို ငါ တစ်ခု သတိရလိုက်မိတယ်။ ကျမ်းကြီး ကျမ်းခန့်တွေကို ရေးသားတော်မူခဲ့ကြတဲ့ ရှေးဆရာတော်ကြီးများ ပြောပါတယ်၊ ဟိုခေတ်ဟိုအခါက စက္ကူခဲတံ စတဲ့ စာရေးကိရိယာများလည်း လွယ်လွယ်ကူကူ မဟုတ်၊ ပေတို့၊ ပုရပိုက်တို့မှာ ကံ့ကူဆန်နဲ့ ကညစ်နဲ့ ခဲခဲယဉ်းယဉ်း ရေးတော်မူခဲ့ကြရတာ၊ ကျမ်းပေါင်းကို နည်းလှတာမဟုတ်ဘူး၊ ငွေကြေးဆိုလို့လည်း တစ်ပြားတစ်ချပ်မှ မျှော်လင့်ကြတာ မဟုတ်ဘူး။ မမျှော်လင့်တဲ့အတိုင်း တစ်ပြားတစ်ချပ်မှ ရကြတာ မဟုတ်ဘူး၊ စာရေးသူ မူပိုင်ဆိုတဲ့ အကန့်အသတ်လည်း ထားတော်မမူကြဘူး၊ ဝေနေယျတို့အတွက် မျက်စိမွဲတဲ့ ဆရာတော်မှာမွဲ၊ အညောင်းဒူလာစွဲတဲ့ ဆရာတော်စွဲ၊ ဒါတွေဟာ တော်ရုံ တော်ရုံ စေတနာကြီးတွေမဟုတ်ဘူးနော်၊ မင်းတို့ စာရေးဆရာဆိုတဲ့ လူတွေနဲ့တော့ ဘဝင်နဲ့ မဟာအဝီစိပဲ၊ ဟဲ... ဟဲ"

"ဒါပဲလား၊ 'ရှဲဒိုး' မရှိတာတို့၊ ခိုးမချတာတို့ပါ ပြောဦးလေ၊

http://www.dhammadownload.com



ထားပါတော့၊ မင်္ဂကို ပြန်ပြီးထုချေနေရရင် ရှည်နေလိမ့်မယ်၊ ဒါကြောင့် ရှေးဆရာတော်ကြီးများကို ကျေးဇူးတင်ရမယ်၊ ဂုဏ်ပြုရမယ်၊ ပူဇော်ပွဲတွေ လုပ်ရမယ်၊ ငါဖြင့် လယ်တီဆရာတော်ကြီးကို 'ပညာရှိ၊ သူတော်ကောင်း၊ စာရေးဆရာ၊ စာဆိုတော်ကြီး' ဆိုတဲ့ ဂုဏ်တော်လေးပါးနှင့် ပြည့်စုံတော် မူတဲ့အကြောင်း စာဆိုတော် ဟောပြောပွဲတွေမှာ အခါအခွင့်ရတိုင်း ကြည်ညို ဟောပြောနေလျှက်ပါ၊ တွဲဖက် ပြောဟောကြတဲ့ စာရေးဆရာများနဲ့လည်း အကြောင်းအရာ မျိုးစုံအောင်ပေါ့"

"ကောင်းပါတယ်၊ ခေတ်စာပေအကြောင်းလည်း ဟောကြ၊ ရှေးစာပေအကြောင်းလည်း ပါမှပေါ့၊ ကဲ... ကာလေနဓမ္မသာကစ္ဆာကို ဆက်ကြစို့၊ ကာလေန=အခါအားလျော်စွာ၊ ဓမ္မသာကစ္ဆာ= တရားဆွေးနွေးခြင်းပေါ့။ အဲသည့် ကာလေန အဓိပ္ပာယ်ကို 'ကာလေန ဓမ္မဿဝနံ' အပိုဒ်မှာ ဖြစ်ပေါ်လာသော အခိုက်အခါရယ်၊ တမင်ဖန်တီးယူရသောအခိုက်အခါရယ်လို့ ငါ ဆွေးနွေးခဲ့ဖူးပါတယ်၊အခု 'ကာလေန' ဆိုတာကိုတော့ 'အချိန်ကန့်သတ်၊ သတ်မှတ်၍' လို့ ဘာသာပြန် ချင်ပါတယ်၊ သဘောက ဘယ်လိုလဲဆိုတော့ အသက်အရွယ်က လေးဆယ်ကျော် ငါးဆယ်ပိုင်း ရောက်လာပြီလေ"

"သြော်... မင်းစိတ်ကူးယဉ်တဲ့ မင်္ဂလာ သတို့သား ကလေးဟာလား၊ ဟုတ်တာပေါ့၊ သားမယားလည်းရပြီ၊ စီးပွား ဥစ္စာလည်း ရှိသင့်သလောက် ရှိပြီ၊ လူကြီး လူကောင်းစာရင်းလည်း ဝင်ပြီပေါ့၊ ဒီတော့ ဘုရားဟိတ၊ တရားဟိတ အာရုံပြုရတော့မှာပေါ့"

"ဒါကြောင့် ယခင်ကလို အရေးပေါ်မှ၊ စိတ်ပါမှ မဟုတ်တော့ ဘဲအချိန်မှန်မှန် ဝတ်တစ်ခုအနေနဲ့ အချိန်ပိုင်းခြား သတ်မှတ်ပြီး ဝိပဿနာ ဘာဝနာ တရားမျိုးကို ကြားနာတဲ့အဆင့်မှ မေးမြန်းစူးစမ်းဆွေးနွေးယူရမှာ ဖြစ်လိမ့်မယ်၊ 'စတ္တာရောမေ ဘိက္ခဝေ ကာလာ

http://www.dhammadownload.com



သမ္မာ အာဒိယမာနာ ဓမ္မသာကစ္ဆာ–သည် အရဟတ္တဖိုလ်ကို ရယူခြင်း၏ အကြောင်းသည်လည်း ဖြစ်သည်သာလျှင်တည်း ’လို့ ညောင်ကန် ဆရာတော်ဘုရား ဖွင့်ပြတော်မူထားပါတယ်။ သာကစ္ဆာ= ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ နှီးနှောခြင်း ညှိနှိုင်းခြင်းလို့ ပါဠိအဘိဓာန်က ဖွင့်ပါတယ်။ ဒါကြောင့် ဆရာတော်ရဟန်းများနှင့်ဖြစ်စေ၊ သပ္ပုရိသ လူသူတော်ကောင်းပညာရှိများနှင့်ဖြစ်စေ နေ့စဉ် နေ့တိုင်း အချိန်ပိုင်းဖြင့် လောကုတ္တရာတရားကို ဆွေးနွေးရခြင်းဟာ မင်္ဂလာဟူ၍ မှတ်ရကောင်းပါတယ်။ ဒါဟာ ကလျာဏမိတ္တသမ္ပဒါလည်း ဖြစ်ပါတယ်။ ‘ဆွေးနွေးမေးမြန်း၍ ရသော သူတော်ကောင်းများနှင့် တွေ့ဆုံပေါင်းသင်းရခြင်းဟာ လောကုတ္တရာ တရားရဖို့ တစ်ဝက်လောက် သေချာတယ် ထင်ပါတယ်...မြတ်စွာဘုရား’ လို့ ဗုဒ္ဓကို အရှင်အာနန္ဒာကလျှောက်တဲ့အခါ၊ မြတ်စွာဘုရားက ‘ချစ်သား တစ်ဝက်မဟုတ်ဘူး ရာခိုင်နှုန်းပြည့် ရနိုင်တယ်’ လို့ အရှင်အာနန္ဒာ၏ စကားကို ပြင်ပေးတော်မူပါသတဲ့။ နိဒါနဝဂ္ဂ သံယုတ် သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးမှာ သပ္ပုရိသ သံသေဝ= မဂ်ဖိုလ်လမ်းပြသူတော်ကောင်းနှင့် ပေါင်းသင်း ရမှု၊ သဒ္ဓမ္မဿဝန=ရုပ်နာမ်နှင့်စပ်သော ဓမ္မတရားကြားနာရမှု၊ ဓမ္မာနု ဓမ္မပဋိပတ္တိ=မဂ်ဖိုလ်ရကြောင်း ကျင့်မှု၊ ယောနိသောမန သိကာရ=နှလုံးသွင်း မှန်ကန်မှုဆိုတဲ့ အကြောင်းတရားများနဲ့လည်း အကျုံးဝင်နေတာပဲမဟုတ်လား ” -

“ ဟုတ်ပေတာပေါ့၊ အားလုံးအကျုံးဝင်နေတာပဲ။ ဒါတွေဟာ ဓမ္မသာကစ္ဆာ၏ ကျေးဇူးတွေပါပဲ ”

“ တရားဆွေးနွေးမေးမြန်းတဲ့အခါမှာ အမေး ငါးထွေ၊ အဖြေလေးပါးဆိုတာလည်း သိထားဖို့ ကောင်းပါသေးတယ်။ ဒါကို သိမထားလျှင် တရားဆွေးနွေးရာက ဒေါသဖြစ်လာ တတ်ကြသေးတယ် ”

http://www.dhammadownload.com



"တို့ငယ်ငယ်က အလှူအိမ်မှာ သင်္ဂြိုဟ်သမားချင်း ငြင်းကြခုံကြပြီး လက်သီးလက်မောင်းတန်းရန်ဖြစ်ကြတာ အများကြီး တွေ့ဖူးတာပေါ့။ ဒါနဲ့ – အမေးငါးထွေ၊ အဖြေလေးပါးဆိုတာ ပြောပါဦး"

"အမေးငါးထွေဆိုတာက ၁ – အဒိဋ္ဌဇောတနာပုစ္ဆာ= ကိုယ်မသိ၍မေးခြင်း၊ ၂ – ဒိဋ္ဌသံသန္ဒနာပုစ္ဆာ= ကိုယ်သိထားသည်နှင့် တူမတူ သိလို၍မေးခြင်း၊ ၃ – ဝိမတိစ္ဆေဒနာပုစ္ဆာ= ကိုယ့်အယူအဆကို သံသယဖြစ်၍ မေးခြင်း၊ ၄ – အနုမတိပုစ္ဆာ=ကိုယ်နှင့် သဘောတူဖြစ်အောင် မေးခြင်း၊ ၅ – ကထေတုကမျတာပုစ္ဆာ=ကိုယ်က ပြန်ဖြေချင်၍ မေးခြင်းလို့ ငါးပါး။

အဖြေလေးပါးဆိုတာက၊ ၁ – ဧကံသ ဗျာကရဏ= မေးသလောက်ကိုသာဖြေခြင်း၊ ၂ – ဝိဘဇ္ဇဗျာကရဏ= မေးခွန်း အကျဉ်းကို အကျယ်ဖြေခြင်း၊ ၃ – ပဋိပုစ္ဆာဗျာကရဏ= သူ့ကို ပြန်မေးပြီး ကိုယ်ကဖြေခြင်း၊ ၄ – ဌပနီယဗျာကရဏ= မေးခွန်းကို ပုံဆောင်သာဓကေ တို့ဖြင့် ဖြေခြင်း၊ အဲသလို မှတ်ရဖူးပါတယ်"

"အချို့ပုဂ္ဂိုလ်တို့က မေးမြန်းစပ်စုလျှင် မကြိုက်ကြဘူးနော်"

"မေးသူရဲ့ စိတ်စေတနာနှင့် အလေးအမြတ်ပြုမှု၊ မပြုမှုမှာမှီ၍ ဖြစ်စရာရှိပါတယ်၊ အချို့ကတော့လည်း လိပ်ပတ်လည်အောင်ဖြေနိုင်စွမ်းမရှိလို့ ဖြစ်တတ်ပါတယ်။ ဖြေတဲ့ပုဂ္ဂိုလ်မှာလည်း စေတနာအမျိုးမျိုး ရှိမှာပေါ့။ စေတနာမှန်တဲ့ ပုဂ္ဂိုလ်များက လက်ငင်း လတ်တလော ကိုယ်တိုင် မဖြေနိုင်သေးလျှင်သော်မှ မိမိ ကိုယ်တိုင် ရှာဖွေမေးမြန်းပြီး မေးသူအား စေတနာထား၍ တစ်ဆင့် ဖြေတတ်တာမျိုးလည်း ရှိပါတယ်။ မြတ်စွာဘုရားကတော့ ပြဿနာအရပ်ရပ်ကို အမေးလာကြလို့ ကိုယ်တော်တိုင် သူတို့ထံ မကြွရဘဲ ကယ်ချွတ်ဆုံးမတော်မူနိုင်ခဲ့တာ အများကြီး ဖြစ်ပါတယ်။ 'စာမတတ်လျှင် လမ်းမှာ

http://www.dhammadownload.com



ဖတ်၊ မသိလျှင်မေး၊ မစင်လျှင်ဆေး' လို့ မြန်မာဆုံးမစကားအတိုင်း မေးမြန်းစပ်စုတာဟာ မိမိအတွက်အလွန်ကျေးဇူးများပါတယ်။ နိုပ်နယ်လို၍၊ ပြိုင်လို၍၊ အရှက်ခွဲလို၍ ခွ မေးတာမျိုးတော့ နှစ်ဦး စလုံး အတွက် မကောင်းပေဘူးပေါ့"

"အေး... မင်းပြောဖူးသားပဲ၊ 'သု, စိ, ပု, ဘာ, ဝိ, လိ, သိ, ခါ၊ ရတနာရှစ်လုံး ပုလဲကုံး' ဆိုတာ"

"ဟော့... မောင်မင်းကြီးသား၊ ငါပြောတာမဟုတ်ဘူးလေ၊ အရှင်မဟာရဋ္ဌသာရဆုံးမစာကို တစ်ဆင့် ဖောက်သည်ချတာပါလို့ဆို၊ ကဲ... ယခုဖော်ပြပါ တရားတို့သည်၊ ဥတ္တမံ = မြတ်သော၊ မင်္ဂလံ = မင်္ဂလာဟူ၍၊ ဂဏှာဟိ = မှတ်လေလော့၊ မင်းတို့ ငါတို့အတွက် ဂဏှိတဗ္ဗံ = မှတ်အပ်၏၊ (ဝါ) မှတ်ကြပါစို့"

http://www.dhammadownload.com

## မင်္ဂလာသုတ်
## (၁၂)
## နိဗ္ဗာန်ကိုမြင်အောင် ကောင်းမှုမျိုးဆောင်လိမ့်

"တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာစ၊
ဧတံမင်္ဂလ မုတ္တမံ။

တပေါစ = မြိုးမြစ်စွာကျင့်ခြင်းသည်လည်းကောင်း၊ (ဝါ) လုံ့လကို အားထုတ်ခြင်းသည်လည်းကောင်း၊ ဗြဟ္မစရိ ယဉ္စ = မြတ်သောအကျင့်ကို ကျင့်ခြင်းသည် လည်းကောင်း၊ (ဝါ) မေထုန်မှရှောင်ကြဉ်သောအကျင့်ကို ကျင့်ခြင်းသည် လည်းကောင်း၊ အရိယသစ္စာနံ = အရိယ သစ္စာလေးပါးတို့ကို၊ ဒဿနံ = မြင်ရခြင်းသည်လည်းကောင်း၊ နိဗ္ဗာန သစ္ဆိကိရိယာစ = နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် လည်းကောင်း၊ အတ္ထိ = ရှိ၏။ ဧတံ = ဤလေးပါးသာလျှင်၊ ဥတ္တမံ = မြတ်သော၊ မင်္ဂလံ = မင်္ဂလာမည်၏"

http://www.dhammadownload.com



"မင်္ဂလာသုတ်တော်ကို နိဂုံးချုပ်တော့မယ်၊ ဗုဒ္ဓမြတ်စွာက အဆုံးသတ်ခါနီးပြီဖြစ်လို့ ဝိမောက္ခ သံသရာမှလွတ်မြောက်ရေးတရားကို ညွှန်ကြားတော်မူတာကိုကြည့်ညိုနိုင်ပေပြီ။ ဆိုလိုတာက လောကီလူ့ကျင့်ဝတ်တွေထက် အဆင့်မြင့်သည်ထက် မြင့်လာလိုက်တာ လောကုတ္တရာပညာကို ရောက်လာပြီ"

"အေး... မင်းရဲ့ မင်္ဂလာ သတို့သားကလည်း လူကြီးပိုင်းကို ရောက်လာခဲ့ပြီလေ"

"ဟုတ်ပါတယ်၊ ဒါကြောင့် 'တပေါစ=တပအကျင့်' ဟု ဖွင့်ဆိုထားပုံကိုကြည့်ကြရအောင်။ ဓမ္မပဒမှာက 'ခန္တီ ပရမံ တပေါ တိတိက္ခာ' သည်းခံခြင်းအကျင့်ကို 'တပ'လို့ ဖော်ပြတယ်၊ 'သမဂ္ဂါနံ တပေါ သုခေါ'လို့လည်း ရှိသေးတယ်၊ ဣန္ဒြေခြောက်ပါးကို အထူးသတိပြု၍ ထိန်းသိမ်းခြင်း၊ ဓုတင်ဆယ့်သုံးပါးကိုကျင့်ဆောင်ခြင်း၊ ဝီရိယအားကြီးခြင်းတို့ကိုလည်း 'တပ'ဟု ဖော်ပြကြပါတယ်"

"ဝီရိယဆိုတာ ကြိုးစားခြင်းကို ပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ မလျှော့သော လုံ့လနဲ့ လှုပ်ရှားထက်သန်တာကိုလည်း ဝီရိယလို့ခေါ်ပါတယ်။ ကြံ့ကြံ့ခိုင်ခိုင် တည်ငြိမ်စွာသည်းခံတာကိုလည်း ဝီရိယလို့ ဆိုနိုင်ပါသေးတယ်။ မဆုတ်မနစ်သော ဝီရိယဆိုတာမျိုးက အရှုံးမပေးတာ၊ ဖွဲမလျှော့တာကို ဆိုလိုပါတယ်။ ငါးရာငါးဆယ် 'ဝဏ္ဏုပထဇာတ်' မှာ ဖွဲမလျှော့ခြင်းကြောင့် အကျိုးခံစားရပုံကို ဟောတော်မူပါတယ်"

"ဩော်... ရွှေမန်းတင်မောင် ကတဲ့ ဇာတ်ကို ငါမှတ်မိပြီ၊ လှည်းကုန်သည်ပေါင်းများစွာ ကန္တာရခရီးကို ဖြတ်တဲ့အခါ မျက်စိလည်လမ်းမှားပြီး ပါလာသမျှရေတွေ ကုန်သွားကြတယ်၊ ရေထွက်နိုင်တဲ့မြေနေရာကိုရှာပြီး ရေတွင်းတူးကြတယ်။ အတောင်ခြောက်ဆယ်

http://www.dhammadownload.com



လောက် တူးပြီးခါမှ မြေအောက်မှာ ကျောက်ဖျာကြီး ခံနေတာကို သွားတွေ့ရတယ်။ သည်အခါ အားလုံးက လက်လျှော့လိုက်ကြတယ်။ ဘုရားလောင်း ဝဏ္ဏုပထက သူတစ်ယောက်တည်း ကျောက်ဖျာကြီးကို ခွဲနေတယ်။ တစ်နာရီလည်းမကွဲ၊ နှစ်နာရီလည်းမကွဲတော့ အခြားသူများက အမျိုးမျိုး ဝေဖန်နေကြတယ်၊ နောက်ဆုံး အချက်ပေါင်းများစွာ ထုခွဲတော့ ကျောက်ဖျာကြီးကွဲပြီး ထန်းပင်အမြင့်လောက် ရေပန်းကြီး ပေါက်ထွက်လာတယ်လေ "

" ဟုတ်ပါတယ်၊ အဲသည်လို ဝီရိယကို ' တပ ' လို့ ခေါ်ပါတယ်။ နောက်ပြီး ရဟန်းတို့တွင် ပျင်းရိခြင်းရှစ်ပါး၊ လူတို့အတွက် ပျင်းရိခြင်း ခြောက်ပါး မရှိအောင်ကျင့်တာကိုလည်း ' တပ 'လို့ဆိုပါသေးတယ် "

" ရဟန်းတို့အတွက် ပျင်းရိခြင်း ရှစ်ပါးတော့ တို့နဲ့ တိုက်ရိုက် မဆိုင်လို့ ထားပါတော့၊ လူတွေအတွက် ပျင်းရိခြင်း ခြောက်ပါး ဆို တာတော့ ပြောပါဦး "

" တို့ဆွေးနွေးခဲ့ဖူးပါပြီကွာ၊ မင်းကလည်း တယ်မေ့တတ်တယ်။ စောလွန်းလှသေးတယ်၊ အချိန်လွန်သွားပြီ၊ ဆာလောင်လှသေးတယ်၊ အစာစားပြီးစဖြစ်လို့၊ ပူလွန်းလို့၊ အေးလွန်းလို့ဆိုတဲ့ ဆင်ခြေတွေ လေကွာ "

" အေး... ဟုတ်သားပဲ၊ တို့ပြောခဲ့ဖူးပြီ၊ မင်းအခုန ပြောပါ တယ်၊ ကြံ့ကြံ့ခိုင်သော ဝီရိယဆိုတာ၊ အဲဒါကို ပိုသိရအောင် နည်း နည်းဖွင့်ပါဦး "

" ကဲ... မြင်းခြံကိုးဆောင်တိုက် ဆရာတော်ကြီးရဲ့ စာမူကို ဖတ်ပြမယ်။ ' တပေါစ = အဘိဇ္ဈာ ဒေါမနဿ စသည်ထိုထို အကုသိုလ် ကို မခိုမကပ် မတန့်ရပ်နိုင်အောင် ဟိရောတ္တပ္ပနှစ်ဦးကို အမှူးတင် မြှောက်၍ ခြောက်ပါးသောဣန္ဒြေ ခြောက်ထွေသော တံခါးကြီးတို့ကို

http://www.dhammadownload.com



အပြီးလုံးခြုံစွာ ဆို့ပိတ်ရခြင်း၊ ပျင်းရိဆုတ်နစ်သော ကောသဇ္ဇရန်သူကို ဆူညံမနေ ပုပန်စေလျက် အရေရွှမ်းညို့ အရိုးငေါငေါ အကြောပြိုင်း ပြိုင်း ဆိုင်းစေကြွင်းစေ သွေးသား ကုန်ပျောက် ခြောက်စေခန်းစေ လေးထွေအင်္ဂါ စဉ်လာအားသွန် တရားမွန်ကို လွန်စွာကျင့်ကြံရခြင်း၊ ယင်းသို့ ဣန္ဒြိယသံဝရ ဝီရိယတို့ဖြင့် ကောသဇ္ဇအဘိဗ္ဗာတို့ ကွာရန် ကင်းရန် အမျိုးမျိုး ကြံပြီးလျှင် မြဲးမြံစွာ ကျင့်ရခြင်း။ ကဲ. . . နားလည်လောက်ပါပြီ "

" ကောသဇ္ဇ ရန်သူဆိုတာတော့ နားမလည်သေးဘူးကွ "

" ကောသဇ္ဇဆိုတာ ပျင်းရိခြင်းဆိုတဲ့ ပါဠိစကား၊ ရန်သူဆိုတာ က မာရ်နတ်က လွှတ်လိုက်တဲ့ အဖျက်အဆီး "

" ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ပျင်းရိတာကို မာရ်နတ်က အဖျက် အဆီး လွှတ်လိုက်တာလို့ ဆိုတာတော့ စကားဥပမာ တင်စား ပြော တာများလား "

" အင်း. . . မင်းနဲ့ဆွေးနွေးရတာ ဆန်စဉ်ရာကျည်ပွေ့လိုက် သလို ဖြစ်ကုန်ပြီ၊ ဘေးကို ဖောက်ထွက်တော့ ပြောလက်စ စကား များ ပျောက်ပျောက်သွားတယ်နော် "

" ဗဟုသုတအလို့ငှာ သဘောထားပါ မောင်မင်းကြီးသားရယ် စကားစပ်မိသမျှ အကြောင်းတိုက်ဆိုင်လာတာမျိုးတော့ မေးကောင်း ဖြေကောင်းတယ် ထင်ပါတယ် "

" ကောင်းပါတယ်၊ ကောင်းပါတယ်၊ ကဲ. . . မာရ်နတ်ဆိုတာ က ၅,ပြောကြစို့၊ ၁ – ဒေဝပုတ္တမာရ်၊ ၂ – ကိလေသမာရ်၊ ၃ – ခန္ဓ မာရ်၊ ၄ – မစ္စုမာရ်၊ ၅ – အဘိသင်္ခါရမာရ်တည်းဟူသော မာရ်ငါးပါးကို အောင်တော်မူသောမြတ်စွာဘုရားလို့ယုံကြည်လက်ခံလျှင် ကိုယ်ထင် ရှားရှိသော ဝသဝတ္တိနတ်သား တစ်ပါးဖြစ်တဲ့ မာရ်နတ်သား တကယ်ရှိ

http://www.dhammadownload.com



တယ်လို့ ယုံလိုက်ပါ၊ အောင်ခြင်းရှစ်ပါးမှာ အပရာဇိတပလ္လင်ကို လာရောက် တိုက်ခိုက်တယ်ဆိုတာလည်း လက်ခံလိုက်ပါ"

"ဟုတ်ပါပြီခင်ဗျာ၊ ဟုတ်ပါပြီ။ အဲသည်မာရ်နတ်က လွှတ်လိုက်တဲ့ ပျင်းရိခြင်းရန်သူဆိုတာသာ ဆက်၍ဖောက်သည်ချ တော်မူပါ၊ တကတည်း ငါ့ထက် စာကလေး နည်းနည်း ပိုဖတ်ထားတော့လည်း အောက်ကျခံရတာပေါ့လေ"

"ငါ့ကို မငေါ့နဲ့ကွာ၊ ဝိပဿနာ ဘာဝနာလုပ်တဲ့အခါ မာရ်နတ်က စစ်တပ်ဆယ်တပ်လွှတ်၍ တိုက်ခိုက်ဖျက်ဆီးလေ့ရှိသတဲ့၊

၁- ကာမ = ကာမဂုဏ်အာရုံတွေ ပေါ်ပေါက်လာတတ်တယ်၊ ယခင်က ခံစားခဲ့ဖူးတာ၊ ယခင်က တောင့်တခဲ့ဖူးတာတွေ ကွက်ကွက်ကွင်းကွင်း ပေါ်လာလို့တပ်မက်နေခြင်း၊

၂- အရတိ = ကိုယ့်အလုပ်ကို မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ အခုထက်ထိ ဘာမှတရားမတွေ့သေး၊ နောင်ဘယ်တော့ ကြာမှ တွေ့မှာပါလိမ့်၊ ပျင်းစရာကြီးဟု ထင်ခြင်း၊

၃- ခုပ္ပိပါသ = ဆာလောင် မွတ်သိပ်ခြင်း၊ ဝမ်းထဲမှာ တကြုတ်ကြုတ်နဲ့ ယခင်စားခဲ့ဖူးသမျှ အာဟာရတွေကို တွေးပြီး သွားရည်ကျတော့မတတ် စားချင် သောက်ချင်ခြင်း၊

၄- တဏှာ = အဆာမခံနိုင်လွန်းတော့ထပြီးရှာဖွေစားသောက်၊ အရသာရှိလိုက်တာ တစ်ခါမှ မကြုံဖူးတဲ့ အရသာမျိုး၊ စားပြီးတော့လည်း ပြန်မထိုင်ချင်အောင် ဖြစ်ခြင်း၊

၅- ထိနမိဒ္ဓ = ငိုက်မျဉ်းအိပ်ချင်ခြင်း၊ သတိ လစ်၍လစ်၍ သွားလောက်အောင် ငိုက်ရတာ အရသာရှိပြီး စိတ်ချ လက်ချ လဲလျောင်းပြီး တစ်ဝကြီး အိပ်လိုက်လိုခြင်း၊

http://www.dhammadownload.com



၆ – ဘီရု=ထိတ်လန့်ကြောက်ရွံ့ခြင်း၊ ချိုးခနဲချွတ်ခနဲ ကြားသလိုလို၊ သစ်ငုတ်ကတစ္ဆေကြီးဖြစ်လာသလိုလို၊ ဆင်းတုတော်ကပဲ မိမိကို လှောင်ပြုံးပြုံးပြီး ကြည့်နေ သလိုလို၊ သစ်ပင်ပေါ်က၊ အဆောက်အအုံဖြစ်လျှင် ခေါင်မိုးပေါ်က၊ မသဲမကွဲအသံကြီးတွေ ကြားနေရသလိုလို၊ မိမိအပါးသို့ တရှပ်ရှပ်ခြေသံနဲ့ လာနေသလိုလို စသည်များ။

၇ – ဝိစိကိစ္ဆာ= ငါအခုလုပ်နေတဲ့ လမ်းစဉ်က မဟုတ်လို့ တရားမတွေ့သေးတာများလား၊ သည့်ထက်ကောင်းတဲ့၊ မှန်တဲ့နည်းများ ရှိနေသေးသလား၊ ဒါကိုထားပြီး တခြားဟာကို ရှာရလျှင် ကောင်းမလားဆိုတဲ့ ယုံမှား သံသယတွေ ဖြစ်လာခြင်း၊

၈ – မက္ခထမ္ဘ= တရားမတွေ့တာကြာတော့ ကိုယ့်ကိုယ်ကို ဒေါသ ဖြစ်လာခြင်း၊ အချိန်ကုန်လူပန်း အလကားပဲ၊ ဘာမှလည်း ကျေးဇူးမရှိဘူး၊ ဗန်းရှုံးတာပဲဟု ထင်ခြင်း၊

၉ – လာဘ သက္ကာရသိလောက= အထက်ပါအကြောင်း တရားတွေ လွန်မြောက်လာပြီးလို့ သမထ သမာဓိ ရလာတဲ့အခါ အကျိုးလိုလားတဲ့ နတ်လိုလို၊ ဝိဇ္ဇာလိုလို၊ အထက်ဆရာကြီးလိုလိုများက စောင့်မပြီး အလှူပစ္စည်းတွေ ပူဇော်၊ ကျော်ကြားတာတွေ ခံရတော့၊ ဘိုးတော်ပွဲထိုးခြင်း၊ ဓာတ်ခန်းဖွင့်ခြင်းဖြင့် သာသနာပြုချင်သလိုလို ဖြစ်ခြင်း၊ ကြည်ညိုသူတွေပေါခြင်း၊ ဈာန်ရနေသလိုလို သတင်းလွှင့်ခြင်း။

၁၀ – အတ္တုက္ကံသန ပရဝမ္ဘန = အဲသည့် အခြေအနေ ရောက်လျှင် မိမိကိုယ်ကို ရဟန္တာတမျှ အထင်ရောက် လာပြီး

http://www.dhammadownload.com



သည့်ပြင်ပုဂ္ဂိုလ်ဟူသမျှ တစ္ဆေ 'နလပိန်းတုံး' ဟု ထင်ခြင်း။
(ဣတိဝုတ်ပါဠိတော်)။

အဲသည့် အဖျက်အဆီးတွေကို ကြံ့ကြံ့ခံနိုင်သော အကျင့်အကြံကို 'တပ' ဟူ၍ဖတ်ရှုကြားနာခဲ့ရပါတယ်။ ဒါကြောင့် ဒုလ္လဘတရားငါးပါးမှာ 'သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘော' နှင့် 'သဒ္ဓမ္မသဝနံ ဒုလ္လဘံ' ကို ဟောတော်မူပါတယ်၊ ကဲ-တပေါ်စကို သည်မျှနှင့် မင်းကျေနပ်နိုင် ကောင်းပါပြီနော်"

"ငါ့အဖို့ အများကြီးကျေနပ်ပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ မင်္ဂလသုတ်ဟာ လင်ယူသားမွေး မယားကို လုပ်ကျွေးဖို့ ဝတ္တရားများက စ,လာလိုက်တာ နိဗ္ဗာန် မင်္ဂဖိုလ် တရားကြီးကိုတောင် ချဉ်းကပ်လာခဲ့ပြီနော် . . . တဖြည်းဖြည်းနဲ့"

"ဒါပေါ့ သူငယ်ချင်း၊ ဒါကြောင့် မြင်းခြံ ကိုးဆောင် ဆရာတော်ဘုရားက 'သုတ်မင်္ဂလ ပုဒ်တွင်ပြတိုင်း ကျင့်ကအမှန် ပစ္စုပ္ပန်က နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးဆောင်လိမ့်' လို့ ဆိုတော်မူတာပေါ့။ ဟော အခု 'ဗြဟ္မစရိယ' ကို ဆက်တော့မယ်၊ ဗြဟ္မစရိယဆိုတာ မေတ္တာ ဗြဟ္မစိုရ်တရားနှင့် နေခြင်း၊ နောက်တစ်နည်း၊ မေထုန်မှီဝဲမှုမှ ရှောင်ကြဉ်ခြင်း မဟုတ်လား"

"ဟုတ်တာပေါ့၊ အဗြဟ္မစရိယ ဆိုတာက ကာမ မေထုန်ပြုခြင်းလို့ ဆိုတာကိုးနော်"

"ဟုတ်ပါတယ်၊ အဗြဟ္မစရိယနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုလျှင်တော့ အသက်အရွယ်ကြီးလို့ အိုမင်းလာတဲ့ အခါမှာ မေထုန်မှီဝဲမှုကို ရှောင်ကြဉ်ရမယ်လို့ မင်္ဂလသုတ်က ဖော်ပြတာ ဖြစ်နိုင်ပါတယ်၊ စကားစပ်မိလို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောဖူးတာ တစ်ခုပြောရဦးမယ်၊ ဇရာဒုဗ္ဗလဆိုတာ အိုမင်းမစွမ်း အရွယ်ကို ပြောတာ၊ 'အို'

http://www.dhammadownload.com



လျှင် 'မင်းမစွမ်း'တော့ဘူးလို့မှတ်ကြ၊ ဒါကို သတိမထားဘဲ 'အို' နေပါလျက် 'မင်း'က 'စွမ်း'သေးတယ်ထင်ပြီး လုပ်ချင်ရာ လျှောက်လုပ်နေရင် ဒုက္ခ တွေ့ပါလေရော' တဲ့လေ၊ ဟဲ . . . ဟဲ"

"အေး... ဆရာကြီးစကားက ရယ်စရာလိုလိုနဲ့ မှတ်သားစရာကြီးပဲ"

"မေထုန်မှီဝဲမှုကို အသက်အရွယ် လွန်နေတဲ့ ယောကျ်ားများကို မဆိုထားနဲ့၊ သန်တုန်း မြန်တုန်း ငယ်ငယ်ရွယ်ရွယ် ယောကျ်ားကလေးတွေအဖို့တောင် အလွန်အကျူးမလိုက်စားသင့်ကြောင်း ဆုံးမ ထားတာတွေ ရှိတယ်။ ဥပမာ–'ဝစ္စအိမ်ခွင် ထွက်ဝင်သွားလာ သုံးဆောင်ရာသို့' လို့ ဆိုတယ်"

"ဝစ္စအိမ်ခွင် ဆိုတာက ဘာလဲ"

"ဝစ္စအိမ်ခွင်ဆိုတာ အခင်းကြီးသွားတဲ့ 'အိမ်သာ' "

"ဟင် . . . သုံးဆောင်ရာ ဆိုတာက ဘယ်လိုလဲ"

"မင်းက သုံးဆောင်တယ်ဆိုတဲ့ စကားကို 'စားတယ်' လို့ တွေးလိုက်မိတယ် ထင်တယ်၊ ဒီနေရာမှာတော့ အသုံးပြုတယ်၊ ဆောင်ရွက်တယ်လို့ ပြောရမှာပေါ့၊ သဘော အဓိပ္ပာယ်က မေထုန်ကိစ္စများကို ဝမ်းနာလို့ နောက်ဖေး သွားရအောင် ရေအိမ်တက်သလို သဘောထားပါတဲ့၊ ဒါကိုပြောတာ။ ထပ်၍ ရှင်းရဦးမယ်ဆိုရင် စားသောက်ခဲ့သမျှ အာဟာရကြေညက်ပြီး အစာဟောင်းအဖြစ်နဲ့ စွန့်လိုတဲ့ကိစ္စပေါ်မှ အိမ်သာကို အသုံးပြုပါတယ်၊ အသုံးပြုပြီး လျှင်လည်း စွန့်ပြီးတဲ့နောက် တပ်မက်ခြင်းမထားဘဲထွက်ခွာခဲ့ကြတယ် မဟုတ်လား၊ ထို့အတူ မိမိ၏မယားအပေါ်၌ကျင့်သုံးရာမှာဖြစ်တယ်၊ မေထုန်စိတ်ဖြင့် အချိန်ရှိသမျှ ချဉ်းကပ်သာယာနေလျှင် စီးပွားရေး ကြီးပွားရေး အလုပ်အကိုင်အကြံအစည်မှာ နှောင့်နှေးပျက်ကွက်တတ်လို့ဖြစ်တယ်"

http://www.dhammadownload.com



"အမယ်လေး . . . တကယ် သိပ္ပံနည်းကျလှပါကလား"

"'ချစ်ဖွယ်မူယာ၊ တွေ့ရာမြူတိုင်း၊ မိုက်မြူဖျင်းသုန်၊ ကာမဂုဏ်၌၊ မေထုန်ပျော်မြူး၊ လိုမကျူးနှင့်။ ၁–ကျေးဇူးမဖြိုး၊ ၂–တန်ခိုးယုတ်စွာ၊ ၃–ပညာယုတ်ကြား၊ ၄–ခွန်အားယုတ်ပျက်၊ ၅–ကိုယ်လက်ပူလောင်၊ ၆–ဆင်းရောင်ပျက်စီး၊ ၇–ကုတ်ဟီးချောင်းဆိုး၊ ၈–နာမျိုး တည်ရာ၊ လွန်ယုတ်မာ၏။ ဓမ္မတာဝန်၊ မလွန်နိုင်ကြ၊ ထိုလောက်မျှ တည့်၊ ဝစ္စအိမ်ခွင်၊ ထွက်ဝင်သုံးဆောင်၊ သွားလာယောင်သို့၊ သားမောင် ဉာဏ်ဖြင့်၊ ပညာချင့်၍၊ အသင့်မမှား၊ ပျော်လိုက်စားလော့' တဲ့။ အဲဒါက သာပြီး သိပ္ပံနည်း ကျသေးတယ်လေ"

"ဟုတ်ပါတယ်၊ ရူပဗေဒပညာတောင် ပါလိုက်သေးတယ်၊ 'တီဘီ' ရောဂါကို ကုတ်ဟီးချောင်းဆိုးလို့ ပြောတာနေမှာပဲ"

"မေထုနအပါအဝင် ကာမသုခလ္လိကက 'ကာမဂုဏ် ခံစားတဲ့ အကျင့်' ကို မြတ်စွာဘုရားက ဟီနော =ယုတ်ညံ့တယ်၊ ဂမ္မော= ပေါက်ပန်းဈေး ရွာသူရွာသားတို့အကျင့်၊ ပေါထုဇ္ဇနိကော= လောကုတ္တရာတရားဆိုတာ ချို့နဲ့လားလို့မှမသိတဲ့ လူစားတွေသာ လုပ်တဲ့ အကျင့်၊ အနရိယော=အရိယာ သူတော်ကောင်း မဟုတ်သေး သူများသာ ကျင့်တဲ့အကျင့်၊ အနတ္ထသံဟိတော=လောကုတ္တရာ အကျိုးကျေးဇူးနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင့်တဲ့ အလုပ်ဟူ၍ အတည့်အလင်း ရှုတ်ချထားတယ်။ မင်္ဂလသုတ်ပါ ဤအဆင့်ရောက်လာခဲ့တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားများကို ကြားနာပြီး ခဲ့လို့ ဝိပဿနာ ဘာဝနာ အလုပ်ကို လုပ်ရတော့မှာ ဖြစ်တယ်လေ၊ အဲသည့်အခါမှာ အဗြဟ္မ စရိယာ အကျင့်ကို ရှောင်ကြဉ်မှ ဝိပဿနာ ဉာဏ် တိုးတက်နိုင်စရာ ရှိတယ်၊ ဒါကြောင့် ဗြဟ္မစရိယ အကျင့်ကို ကျင့်ခြင်းသည်သာ မင်္ဂလာဟု ဟောတော်မူခြင်းဖြစ်တယ်"

http://www.dhammadownload.com



"အာဇီဝဋ္ဌမကသီလနှင့်ရှစ်ပါးသီလတို့မှာ 'ကာမေသု မိစ္ဆာစာရ' အစား အဗြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ထိန်းရတယ်နော်"

"အေး... မြတ်စွာဘုရား အလိုတော်က ဝိပဿနာဘာဝနာကျင့်ကြံ အားထုတ်ရအောင် ဝိကာလဘောဇနနှင့် အဗြဟ္မစရိယကိုရှောင်ခိုင်းတာ၊ အဲသည့် ဥပေါသထဥပုသ်ကို တို့ကအလွဲသုံးစားလုပ်ပြီး မွန်းမလွဲခင် အဝအပြဲစား၊ တရားစာကလေးလောက် ဖတ်လိုဖတ်၊ ပုတီးကလေး တစ်ပတ်နှစ်ပတ်စိပ်ပြီး အိပ်ကြတာပဲ။ ညနေနီးလာတော့ဘိလပ်ရည်၊ အဖျော်ရည်ကို ခွက်ဆင့်ချ၊ မယားနှင့် တစ်ညခွဲအိပ်တာကိုပဲအထင်ကြီးနေတတ်ကြတယ်။ ဘုရားကိုယ်တော်မြတ်က အလဟဿ ထမင်းအငတ်ခံခိုင်းသလိုဖြစ်မနေဘူးလား၊ အမှန်က အာဟာရအဆီယစ်ပြီး လေးလံထိုင်းမှိုင်းနေလျှင် ကမ္မဋ္ဌာန်းအလုပ်မှာ အနှောင့်အယှက် မဖြစ်စေဖို့ နေလွဲညစာ မစားစေတာ"

"ဒါဖြင့်... တို့က ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်နေကြပါပေါ့လား"

"ဒါတော့ မင်းစဉ်းစားဖို့ပါပဲ။ ကဲ... ဗြဟ္မစရိယကို ဤတွင်နား၍ အရိယသစ္စာန ဒဿနံ-ကို ဆက်ကြစို့၊ အရိယသစ္စာနံ = အရိယာတို့ သိအပ်သော အမှန်တရားတို့ကို၊ ဒဿနံ= မြင်ခြင်း။ တစ်နည်းအားဖြင့် မဖောက်မပြန် မှန်သော သစ္စာတရားတို့ကို မြင်ခြင်းပေါ့"

"ပရမတ္ထသစ္စာ၊ သမ္မုတိသစ္စာဆိုတာကကောကွာ၊ ပရမတ္ထသစ္စာနဲ့ အရိယသစ္စာက အတူတူပဲလား"

"ဟုတ်ပါတယ်၊ အရိယသစ္စာကိုပဲ ပရမတ္ထသစ္စာလို့ ခေါ်နိုင်ပါတယ်၊ သမ္မုတိသစ္စာဆိုတာက လောက၏ အမှန်တရား။ ဥပမာ-လူ၊ နတ်၊ သတ္တဝါလို့ ဝေါဟာရသတ်မှတ်ပြီး ယူဆ ထင်မြင်

http://www.dhammadownload.com



လက်ခံနေကြတဲ့ သဘောမျိုး။ ပရမတ္ထသစ္စာ (ဝါ) အရိယသစ္စာက ရုပ်နှင့်နာမ်သာလျှင် ဖြစ်နေကြသည်ဟု အမှန်အတိုင်း သိမြင်နေကြတဲ့ အမှန်တရားမျိုးဖြစ်ပါတယ်၊ အဲသည့် အမှန်တရားလေးပါးရှိတဲ့ အကြောင်း ဘုရားဖြစ်ပြီးခါစ ပဥ္စဝဂ္ဂီတို့ကို တရားဦးအဖြစ် ဓမ္မစက္ကပဝတ္တနသုတ်ဟူ၍ ဟောတော်မူပါတယ်၊ ၁–သတ္တဝါဟူသမျှ ဆင်းရဲနေကြတာအမှန်၊ ၂–ထိုဆင်းရဲဖြစ်လာအောင် ဗီဇ ရှိတာ အမှန်၊ ၃–ထိုဆင်းရဲမှ လွတ်မြောက်နိုင်တာအမှန်၊ ၄–ထိုဆင်းရဲမှ လွတ်မြောက်ဖို့ နည်းလမ်းရှိတာအမှန်။ ပါဠိလိုဆိုတော့ ၁–ဒုက္ခသစ္စာ၊ ၂–သမုဒယသစ္စာ၊ ၃–နိရောဓသစ္စာ၊ ၄–မဂ္ဂသစ္စာပေါ့၊ ထိုသစ္စာလေးပါးကို မသိမမြင်သေးတဲ့ ပုဂ္ဂိုလ်ဟူသမျှ အရိယာ မဟုတ်ဘူး၊ 'ငါဘုရားသည် ထိုသစ္စာလေးပါးကို မသိမမြင်သုတ်သင်ခြင်း မရှိခင်က 'ဗုဒ္ဓ' ဟု ဝန်မခံခဲ့သေး၊ ယခု သိမြင် သုတ်သင်ပြီးသည်ဖြစ်၍ 'ဗုဒ္ဓ' ဟု ရဲရဲဝံ့ဝံ့ ဝန်ခံတော်မူပြီ' လို့ ထုတ်ဖော်မြွက်ကြားတော်မူတယ်"

"အင်း . . . သစ္စာလေးပါးက အရေးကြီးလိုက်တာ ဘုရားကိုယ်တော်တိုင်ပင်လျှင် သူ့အဖြစ်ကို သူဖွင့်၍ ဝန်ခံတော်မူရတယ်နော်"

"လောကအတွက်ရော၊ လောကမှ ထွက်မြောက်ရာဖြစ်တဲ့၊ လောကုတ္တရာမှာရော အရေးကြီးဆုံး ဆိုတာတွေထက် ပို၍ အရေးကြီးတာမို့ အဲသည်လိုပြောရခြင်း ဖြစ်ပါတယ်၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာ တွေ သုံးဆယ်တစ်ဘုံ အကုန်လုံး သိထားကြတာက 'အတ္တ'၊ သစ္စာလေးပါးကို သိမြင်တာက 'အန+အတ္တ=အနတ္တ'။ အားလုံးက အဖြူလို့ ထင်နေကြတာကို ကိုယ်ကအမည်းလို့ သိနေပြီ၊ အဲဒါကို ငါပြောလို့ ယုံကြည်ပါ့မလား၊ လက်ခံကြပါ့မလား၊ အဲသည့် လောက်ခက်ခဲနက်နဲတာကြီးကို သူတို့ သဘောပေါက် နားလည်နိုင်ကြပါ့မလားလို့ ဆင်ခြင်တော်မူသတဲ့"

http://www.dhammadownload.com



"ငါတစ်ခု မေးချင်တယ်၊ မင်းစိတ်မဆိုးနဲ့"

"မင်းမေးမှာ ငါသိပါတယ်၊ သတ္တဝါတွေကို တရားဟောပြ ကယ်ချွတ်နိုင်အောင် လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ကျင့်လာခဲ့ပြီးတရားအပေါင်းကိုသိမြင်တော်မူတဲ့အခါမှ 'သံသယ' ရှိနေရသေးသလားလို့ မေးချင်တာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ငါက ဝေဖန်တာမျိုး မဟုတ်ပါဘူး၊ သိချင်တာပါ၊ မိုက်တယ် ရိုင်းတယ်တော့ မထင်ပါနဲ့ကွာ"

"မထင်တဲ့အပြင် ကျေးဇူးတောင် တင်မိပါတယ် သူတော်ကောင်းကြီး ခင်ဗျား"

"ငါ့ကို မငေါ့ပါနဲ့ကွာ၊ ကြည်ညိုရအောင်စေတနာနဲ့မေးကြည့်တာပါ"

"မင်းကို အပြစ်တင်ပြီး ငေါ့တာမဟုတ်ပါဘူး၊ ခရေစေ့တွင်းကျ စေ့စေ့ငုငု စပ်စုတဲ့ မေးခွန်းမို့ ချီးမွမ်းလိုက်တာပါ၊ မကျေမလည် လိပ်ခဲတည်းလည်း စလုံးစခု ရှိနေတာက မကောင်းပါဘူး၊ ကဲ... ဒီတော့ ဒီလိုကြည့်ကြရအောင်၊ မြတ်စွာဘုရားဟာ အလောင်းတော် သုမေဓာဘဝမှာ သတ္တဝါတွေကို ကယ်ချွတ်တော်မူလိုသော မဟာကရုဏာနဲ့ သမ္မာသမ္ဗုဒ္ဓဆုကြီးကို ရည်မှန်းခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"အဲသည့်အခါက သုမေဓာဘုရားလောင်းဟာ သစ္စာလေးပါးကို သိမြင်ခဲ့ပြီလား"

"ဘယ်သိနိုင်သေးမလဲ၊ သိဖို့သာ ဆုတောင်းခဲ့တာ"

"ဟုတ်ပြီ၊ ကဲ... ဒီတော့ မင်းတို့ငါတို့ နားလည်နိုင်အောင် မနှိုင်းကောင်းနှိုင်းကောင်း လောကဥပမာနဲ့ပဲ နှိုင်းယှဉ်ကြည့်ကြစို့၊ ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးကို တောင့်တပြီး အမျိုးမျိုးသော

http://www.dhammadownload.com



ဖွဲ့လုံ့လနဲ့ ကြိုးစားခဲ့တယ်၊ ကြိုးစားတဲ့အလျောက် လွတ်လပ်ရေးကြီး ကိုလည်းရရော၊ အဲသည့် လွတ်လပ်ရေးနဲ့ လိုက်လျောညီထွေ ပြည်သူ ပြည်သားတွေကလိုက်နာကျင့်သုံးဖို့ စိတ်နေစိတ်ထားနှင့်တကွ တာဝန် ဝတ္တရားတွေကို ကျေပွန်စွာ လိုက်နာကျင့်သုံးနိုင်ကြပါ့မလား ဆိုတဲ့ စိုးရိမ်သောက သံသယ ရှိ၊ မရှိ မင်းပြောစမ်း"

"အေး... ဒါက မိုလ်ချုပ်မိန့်ခွန်းတွေကို ပြန်ပြီး သုံးသပ် လျှင် အလွန်သိသာနိုင်တာပေါ့၊ မူလက မျှော်မှန်းထားခဲ့တဲ့ တာဝန် တွေထက် လက်တွေ့မှာ အများကြီး ခက်ခဲနက်နဲတာကို သူများထက် သိလာလို့ပေါ့"

"အေး... သစ္စာလေးပါး မြတ်တရားကလည်း 'ဂမ္ဘီရော ဒုဒ္ဒသော ဟောတိ=နက်နဲသည်၊ မြင်နိုင်ခဲသည်'တဲ့၊ ဗုဒ္ဓမြတ်စွာမှာ လည်း ဘုံသုံးပါးမှာ ကိုယ်တော်တစ်ပါးတည်းသာ ခက်ခဲ နက်နဲတာ ကို သိလို့ ဆင်ခြင်တော်မူခြင်းပါ။ ဖြစ်တော်မူတာကလည်း တစ်ခဏ ကလေးသာ ရှိပါတယ်၊ အဲဒါကို သိလိုက်တဲ့ သဟမ္ပတိ ဗြဟ္မာက လာပြီးတောင်းပန်လို့ အတူတကွ ကျင့်ခဲ့တဲ့ ပဉ္စဝဂ္ဂီအား အဲသည့် သစ္စာလေးပါးကို ပထမဆုံးဟောတာပါ၊ ဟောလည်းပြီးရော ပဉ္စဝဂ္ဂီ ထဲက အရှင်ကောဏ္ဍည သဘောပေါက်သွားပါတယ်၊ ဒါကို မြတ်စွာ ဘုရားကျေနပ်တော်မူလို့ 'အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော' လို့ နှစ်ခွန်းထပ်ဆင့်ပြီး ဝမ်းမြောက် စကား ပြောလိုက်ပါတယ်၊ အဓိပ္ပာယ်က 'ကောဏ္ဍညကြီး သိသွားပြီ၊ ကောဏ္ဍညကြီးသိသွားပြီ' လို့ ဥဒါန်း ကျူးတော်မူတာပါ"

"အေး... တို့တစ်တွေက ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ ထိန်လင်းပြီး နေ့ခင်းကြီးဖြစ်လို့ ကြားဖူးနားဝ လွယ်လွယ်ကူကူ သဘောထားနေမိကြတာကိုး၊ ပိတ်ပိတ်ပိန်း မှောင်နေတဲ့ကာလမှာ

http://www.dhammadownload.com



လမ်းစရှာတော်မူခဲ့ရတဲ့ ဗုဒ္ဓကိုယ်တော်၏ သီလ ၊ သမာဓိ ၊ ပညာကို အံ့ဩကြည်ညိုလို့ ဆုံးနိုင်စရာမရှိပါဘူး။ မွေစကြာ တရားဆိုလျှင် တို့တစ်တွေ လွယ်လွယ်ကူကူ ကလေးနဲ့ ကြည့်နိုင်ကြပြီ၊ ဖတ်နိုင်ကြပြီ၊ အနည်းဆုံးကြားဖူးနားဝတော့ရှိနေကြပြီ။ သို့ပေမယ့် မင်းတို့ ငါတို့ ကအစ စကြာဝဠာက လူသားတွေအနက်က ဗုဒ္ဓအလိုတော်ကျ သစ္စာ လေးပါးရဲ့အရသာအမြိုက်ကိုခံစားပြီး သံသရာဝဋ်မှ ထွက်မြောက် ကြသူ အလွန်နည်းနေသေးတာဟာ ရင်ထုမနာ ဖြစ်စရာကြီးပါလား"

"အားမလျှော့ပါနဲ့ သူငယ်ချင်း၊ တို့တစ်တွေ ဘာဝနာမယ ဉာဏ် ချက်ချင်းမရသေးသော်လည်း သုတမယဉာဏ်နှင့် စိန္တာမယ ဉာဏ်တော့ အမြဲနှလုံးသွင်းနိုင်လျှင် ရနိုင်ကောင်းပါတယ်။ အရိယ သစ္စာနု ဒဿနံ ဆိုတာဟာ အဲသည့် အဆင့်လောက်ကိုပဲ ပိုင်နိုင်နေလျှင် လုံလောက်စရာရှိပါတယ်။ နောက်ဆက်လာတဲ့ 'နိဗ္ဗာန သစ္ဆိကိရိယာ' အဆင့်ကျတော့ သစ္စာလေးပါးကို ဘာဝနာမယဉာဏ် ဖြင့် သေချာ ပိုင်နိုင် လက်ကိုင်ပြုရမှာ ဖြစ်ပါတယ်၊ ဒါကို 'မျက်မှောက်ပြုတယ်' လို့ ခေါ်ခြင်းပါ"

"ဒါဖြင့် သစ္စာလေးပါးကို သိမြင်ပြီးလျှင် နိဗ္ဗာန်သို့ ရောက်တော့ တာပဲပေါ့"

"သစ္စာလေးပါးကို တကယ်သိမြင်ပြီးသည့်အခါ နိဗ္ဗာန်၏ တံခါးဝလို့ ဆိုနိုင်တဲ့ သောတာပန်အဆင့်ကို ရောက်ပါလိမ့်မယ်။ အဲသည်ကတစ်ဆင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးကို ဆင်ခြင်ကျင့်ကြံပြီးမှ ကိလေသာ အာသဝေါကုန်ခန်းပြီး အရဟတ္တ ဖိုလ်ကို ရောက်ကြောင်း သစ္စာလေးပါးဖွင့်ရာ မွေစကြာတရားကို ဟောပြီး အနတ္တလက္ခဏာသုတ်ကိုဆက်၍ ဟောတော်မူရတာ သတိ ပြုဖို့ဖြစ်ပါတယ်၊ သစ္စာလေးပါး မွေစကြာတရားကို အတိုဆုံး ချုပ်

http://www.dhammadownload.com



၍ မင်းဘူးမြို့လေသာကျောင်းတိုက် ဆရာတော်ဘုရားရေးတဲ့ 'စတုသစ္စ ဒဋ္ဌိကမ္မကထာကျမ်း' မှာ

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကံ။

ဆန္ဒရာဂနိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

ယံကိဉ္စိ = အလုံးစုံ အမှတ်မရှိသော၊ ဒုက္ခံ = ဆင်းရဲဟူသမျှ သည်၊ သမ္ဘောတိ = ဖြစ်၏။ တံသဗ္ဗံ = ထိုဖြစ်ခြင်းရှိသမျှ ဒုက္ခသည်၊ ဆန္ဒရာဂ မူလကံ = ဆန္ဒရာဂတဏှာလျှင် အကြောင်းရင်းရှိ၏၊ ဆန္ဒ ရာဂနိရောဓေန = ဘဝခန္ဓာဇာတိကို အလိုရှိသော ဆန္ဒရာဂကို သမ္မာဒိဋ္ဌိ စသော မဂ်အကျင့်ဖြင့် ချုပ်စေခြင်းကြောင့်၊ ဒုက္ခဿ = ဇာတိစသော ဒုက္ခ၏၊ သမ္ဘဝေါ = ဖြစ်ခြင်းသည်၊ နတ္ထိ = မရှိနိုင် တော့ပြီလို့ – အဲ သည်လို ဂါထာဖြင့် ဖွင့်တော်မူပါတယ်"

"သာဓု... သာဓု... သာဓု၊ ဓမ္မစကြာတရားရဲ့ အဆီ အနှစ် ဖြစ်ပါပေတယ်၊ သည့်ထက်သာ တိုရှင်းရှမှာဖြင့် လယ်တီဆရာတော် ဘုရားကြီးဟောတဲ့ 'သိ၊ ပယ်၊ ဆိုက်၊ ပွား' ဆိုတဲ့ စကားလေးလုံး ပဲရှိတော့တယ်၊ အင်း အရှင်ကောဏ္ဍညမှာ ဓမ္မစကြာတရား ဟောပြ တာကို ကြားနာတာ ဆုံးလည်းဆုံးရော သောတာပန်လည်းဖြစ်ကရော၊ တို့တစ်တွေဖြင့် စာအုပ်တွေသာ တစ်အုပ်ပြီးတစ်အုပ် ဟောင်းနွမ်း စုတ်ပြဲကုန်ပြီ၊ ရွတ်လို့လည်း ဖန်တရာ တေနေပြီ၊ သောတာပန်ရဲ့ အနံ့အသက်ကလေးတောင် မရှူမရှိုက်နိုင်ကြသေးဘူးနော်"

"အားမလျှော့ပါနဲ့လို့ဆိုကွာ၊ ပဉ္စဝဂ္ဂီအစုထဲမှာ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဆိုတဲ့ ရဲရဲတောက် သူတော်ကောင်းကြီးများတောင် အရှင်ကောဏ္ဍညကြီး နောက်မှ ရက်ခြား ရက်ခြား အသီးအသီး သဘောပေါက်တော်မူကြရတာ မဟုတ်လား၊ သူတို့က ရက်ခြားပြီးမှ ရသလို တို့က ဘဝခြားပြီးမှ ရစေဦးတော့ အရှုံးမရှိပါဘူး၊ လွယ်လွယ်

http://www.dhammadownload.com



ကူကူ တွေ့ဖို့ရဖို့ ဆိုတာက ကျောက်စရစ်ခဲမဟုတ်ဘူးလေ၊ ပြည်တန်ပတ္တမြားကြီးမျိုးပေကိုး၊ အရှင်ကောဏ္ဍညလိုပုဂ္ဂိုလ်မျိုးက တစ်သာသနာမှာ တစ်ပါးတည်းရှိတယ်၊ 'ချက်ဆို' နားခွက်က မီးတောက်တဲ့ ဆုထူးပန်ကြီး မဟုတ်လား၊ ဒါကြောင့် 'ဖြတ်ခနဲ' သူသိလိုက်ပုံကို ဘုရားကိုယ်တော်မြတ်က တစ်ခုချင်း ရှင်းပြထားတာ ကြည့်လေ–

'ဒိဋ္ဌဓမ္မော= ကံသေကမ္မ ဒိဋ္ဌမျက်မြင် တွေ့လိုက် သိလိုက်တယ်'၊ 'ပတ္တဓမ္မော= လက်ဆုပ်လက်ကိုင် ရလိုက်တယ်'၊ 'ဝိဒိတဓမ္မော=ကိုယ်တိုင်ခံစားလိုက်ရတယ်'၊ 'ပရိယောဂဠ္ဍဓမ္မော= ကိုယ့်ဉာဏ်ဖြင့်ကိုယ် သက်ဝင် ယုံကြည်သွားတယ်'၊ 'တိဏ္ဏဝိစိကိစ္ဆော= အဲသလို အကြွင်းမဲ့ ယုံကြည်တော့ ယုံမှား သံသယများမှ လွန်မြောက်သွားတယ်'၊ 'ဝိဂတကထံကထော= သည့်ပြင်တရားများ ရှိလေဦးမလားလို့ တွေးကို မတွေးတော့တာ'၊ 'ဝေသာရဇ္ဇပတ္တော= ၂ နဲ့ ၂ ပေါင်းလျှင် ၄ ဖြစ်တယ်ဆိုတာကို ဘယ်ပါရဂူနှင့်ဖြစ်ဖြစ် ပြိုင်ငြင်းဝံ့လောက်အောင် သတ္တိရှိသလိုရှိတာ'၊ 'အပရပ္ပစ္စယော သတ္ထုသာသနေ= ဗုဒ္ဓ၏ အဆုံးအမ သာသနာက လွဲလျှင် ဘယ်မှာမှ မရှိနိုင်တာ၊ မဖြစ်နိုင်တာကို သိလိုက်တာ'။ အဲသလို တစ်ပြိုင်နက်တည်း သိလာလို့ ဗုဒ္ဓထံတော်မှာ ရဟန်းပြုပါရစေ၊ တပည့်ခံပါရစေလို့ မဆိုင်းမတွ တောင်းပန်လိုက်တာပေါ့၊ အေး... တို့တစ်တွေလည်း သူ့လို 'ဒိဋ္ဌဓမ္မောပတ္တဓမ္မော'တကယ်သာဖြစ်လာတဲ့ တစ်နေ့၊ မယားက ဆွဲထားတောင် လူ့ဘောင်မှာနေချင်နေနိုင်တော့မှာ မဟုတ်ပါဘူး၊ သုတမယဉာဏ်မှ စိန္တာမယဉာဏ်ကိုတက်၊ စိန္တာမယဉာဏ်မှ ဘာဝနာမယဉာဏ်ကို တက်နိုင်အောင် ကြိုးစားကြရမှာပဲ။ အေး... တစ်ခုတော့ ဝန်ခံပါရစေ"

"ဘာများလဲ"

http://www.dhammadownload.com



"မင်္ဂလသုတ်ကို တို့ဆွေးနွေးလာခဲ့သမျှမှာ အခု အပိုင်းတွေဟာ အထွတ်အထိပ်ရောက်အောင် မြင့်လာခဲ့ပါပြီ၊ 'လူမိုက်ကို မပေါင်းနှင့်၊ ပညာရှိကို ဆည်းကပ်ပါ' ဆိုတဲ့ မမှားမယွင်းနိုင်တဲ့ ဆုံးမစကားများမှ သစ္စာလေးပါး တရားတော်ကြီးကို တက်ကိုင်ပြောရတဲ့အခါမှာ ငါ ကိုယ်တိုင် ဒိဋ္ဌ မခံစားရသေးတဲ့ အရသာတွေကို ပြန်ပြောနေရတာ မို့ 'အမြိုက်ဩဇာနတ်သုဒ္ဓါ'ဆိုတာ ဘယ့်ကလောက်'အရသာ' ရှိတယ်ကွလို့ မင့်ကို ဖောက်သည်ချနေရတာနဲ့ တူနေပါတယ်။ ဒါကြောင့် ငါပြောသမျှကို နိဒါန်းလောက်သာသဘောထားပြီး အကျော်အမော် ဆရာတော်ကြီးများ ရေးသားတော်မူခဲ့သမျှ ကျမ်းစာကြီးများကို ဆက်လက်ဖတ်ရှုပါ၊ ကြားနာမှတ်သားပါလို့ ပြောရပါမယ်။ အဲဒါ ငါဝန်ခံပါရစေ ဆိုတာပါပဲကွာ"

"ဟော့... သူငယ်ချင်း၊ မင်းနှင့်ငါနှင့် ဆွေးနွေးနေကြတာက မင်းတို့ငါတို့ အဆင့်အတန်းလောက် ရည်မှန်းပြီး ဆွေးနွေးနေကြတာကို သတိမမေ့စေချင်ပါဘူး၊ မင်းက အမြင့်ကိုမျှော်မှော့ကြည့်ပြီး ထိတ်လန့်နေတာ ဖြစ်ပါလိမ့်မယ်၊ ကိုယ့်စေတနာကို ကိုယ်ယုံထားလျှင် စိုးရွံ့စရာ မရှိထိုက်ပါဘူးလေ၊ တို့လောက်မှ မဆွေးနွေးနိုင်ကြသေးတဲ့ လူရွယ်လူလတ်တွေအတွက်အကျိုးပြုပါလိမ့်မယ်၊ ဟဲဟဲ.. ဒီတစ်ခါ တော့ ငါ့သူငယ်ချင်း တောင်းတောင်းပန်ပန်နဲ့ ဝန်ခံဖော်ရသားပဲ"

"ဝန်ခံတယ်ဆိုတာ သစ္စာစကားပါ။ မင်းနဲ့ ဆွေးနွေးရတာ တစ်ခုတော့ အမြတ်ပေါ်ပါတယ်"

"ဆောင်းပါးခ ရတယ်၊ စာအုပ်ထုတ်ရတယ်လား"

"ဒီလောက် မသိမ်ဖျင်းသေးပါဘူးကွာ၊ မိလိန္ဒပဉှာဝတ္ထုတော်မှာ ရှင်နာဂသိန်ရဟန်းတော်ဟာ တစ်ဦးသော ဒါယိကာမကြီးကို တရား ဟောရတော့ ထိုဒါယိကာမကြီး သောတာပန် ဖြစ်သွားသလို ရှင်

http://www.dhammadownload.com



နာဂသိန်မထေရ်လည်း ကိုယ်ဟောတဲ့တရား ကိုယ်ပြန်ဆင်ခြင်ပြီး သောတာပန်ဖြစ်သွားသတဲ့။ ငါလည်း အဲဒါမျိုးကို အားကျပြီး မျှော်လင့်မိတာပေါ့"

"အမယ်... ကိုယ့်ကိုယ်ကို အထင်ရောက်လိုက်လေကွာ"

"ငါဟောလို့ မှင်းသောတာပန် ဖြစ်စမ်းပါလား၊ ငါပါ သောတာပန်မဖြစ်ရင် ပြောချင်သလိုပြောလေ၊ ဟား ဟား၊ အနည်းဆုံးတော့ ကိုယ်ကျင့်တရား ထိန်းသိမ်း နိုင်သလောက် ထိန်းသိမ်းနိုင်တယ်လေကွာ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒါလည်း ဧမွော ဟာဧ ရက္ခတိဓမ္မစာရီ ပေါ့ ဆရာသမားရယ်ဟဲဟဲ"

"မင်္ဂလသုတ်တော်ပါ ကျင့်စဉ်အတိုင်း တစ်ပုဒ်ပြီး တစ်ပုဒ် ကျင့်ဆောင်အောင်မြင်လာခဲ့သူ ဖြစ်လျှင် ယခုအပုဒ်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် မင်္ဂလသုတ် အထွတ်အထိပ်လို့ ပြောရခြင်းဖြစ်ပါတယ်။ ဘာကိုထောက်၍ ပြောရပါ သလဲဆိုလျှင် နောက်ဆက်လာတဲ့ဂါထာက -

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ။
အ သောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ယော= အကြင် ရဟန္တာသည်၊ လောကဓမ္မေဟိ= လောကဓံ တရား ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌော= တွေ့သည်၊ အဿ ဟောတိ= ဖြစ်၏၊ အဿ= ထိုရဟန္တာ၏၊ စိတ္တံ= စိတ်သည်၊ နကမ္ပတိ= မတုန်လှုပ်၊ အသောကံ= စိုးရိမ်ခြင်းလည်းမရှိ၊ ဝိရဇံ= ရမ္မက်ဟူသော မြူလည်းကင်း၏၊ ခေမံ= ကြောက်ခြင်း

http://www.dhammadownload.com



လည်း မရှိ၊ တေံ= ဤလေးပါး သည်လျှင်၊ ဥတ္တမံ= မြတ်သော၊ မင်္ဂလံ= မင်္ဂလာမည်၏။

အဲဒါ 'ဝက်ခုတ် ပရိတ်ကြီးနိဿယ မြန်မာပြန်' ဖြစ်ပါတယ်၊ စကားအရာ တန်ဆာဆင်၍'မကျဉ်းမကျယ် အဓိပ္ပာယ် ဖွင့်ပြတော်မူခဲ့တဲ့ မြင်းခြံကိုးဆောင်တိုက် ဆရာတော်၏ အဖွင့်ကိုလည်း ကြည်ညို နာကြားပါဦး -

လောကဓမ္မေဟိ=ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်နှင့်တကွသော လူအပေါင်းတို့ အကြောင်းအားလျော်စွာ တွေ့ကြုံမြဲဓမ္မတာဖြစ်သော လာဘော, အလာဘော, ယသော, အယသော, နိန္ဒံ, ပသံသံ, သုခံ, ဒုက္ခံတည်းဟူသော လောကဓံ ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ= အကုသလဝိပါက်, ကုသလဝိပါက် ငြိယှက်ထိုက်လိုက်တိုက်ဆိုင် တွေ့ကြုံသော၊ ယဿ= အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ = စိတ်သည်၊ နကမ္ပတိ= လာဘ်ရခြင်း, အခြံအရံများခြင်း, သူတစ်ပါးတို့ ချီးမွမ်းခြင်း, ချမ်းသာသုခနှင့် ပြည့်စုံခြင်းတည်းဟူသော ဣဋ္ဌလောကဓံ လေးရပ်, လာဘ်ပါးရှားခြင်း, အခြံအရံ နည်းပါးခြင်း, သူတစ်ပါးတို့ ကဲ့ရဲ့ရှုတ်ချခြင်း, ဆင်းရဲဒုက္ခနှင့်တွေ့ကြုံခြင်းတည်းဟူသော အနိဋ္ဌလောကဓံလေးလီ, ဤရှစ်ပါးသော ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ကြောင့် တစ်စုံတစ်ခုမျှ တုန်လှုပ်ခြင်း မရှိသည်လည်း တစ်ပါး၊ အသောကံ= ဉာတိဗျသန စသည် အမျိုးမျိုး မီးပြင်းထိုးသကဲ့သို့သော ညှိုးတမှိန်မှိန် ခိုးအရှိန်ကြောင့် စိုးရိမ်ကြောင့်ကြ မရှိခြင်းလည်း တစ်ပါး၊ ဝိရဇံ= ရာဂ, ဒေါသ, မောဟတို့ကို မြူဟုဆိုသဖြင့် ထိုမြူရစ်ထွေး ညစ်အကြေးကို လေးပါးသော မဂ်ရေစင်ဖြင့် သုတ်သင်ဆေးလျှော်ရကား ချေးညှော်ဟူသော မြူကိလေသာ မရှိခြင်း လည်း တစ်ပါး၊ ခေမံ= ဝဋ်ဋ္ဌိမပြတ် ယှဉ်စေတတ်သော လေးရပ်သော

http://www.dhammadownload.com



ယောဂ ကင်းသဖြင့် အချင်းခပ်သိမ်း ငြိမ်းပြီးသော ဘေးရန်ရှိခြင်းလည်း တစ်ပါး၊ ဧတံ= ဤလေးပါးသော တရားကို၊ ဥတ္တမံ= မြတ်သော၊ မင်္ဂလံ= မင်္ဂလာဟူ၍၊ ဂဏှာဟိ= မှတ်လေလော့။

"ကဲ . . . အဲသည့် မြန်မာပြန်ကို ကြည့်လျှင် ကောင်းစွာအဓိပ္ပာယ် ပေါက်နိုင်ပါပြီ"

"နေပါဦး၊ မင်းဟာက ပြောရင်း ပြောရင်း နိဂုံးချုပ် နေပါပြီကော"

"မင့်သူငယ်ချင်းက ဘာများနောက်ထပ် ပြောနိုင်စွမ်း ရှိပါ့မလဲကွာ၊ ဒါကြောင့် ဆရာတော်၏ နိဂုံးနဲ့ပဲအဆုံးသတ်ရတော့မှာပေါ့ –

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံတေသံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ=မင်္ဂလာတရား ထင်ရှားစိမ့်ငှာ မေးလျှောက်လာသည့် ပညာလိုလား အိုနတ်သား၊ ဧတာဒိသာနိ=ဤသို့ သဘောရှိကုန်သော အုသေဝနာစ ဗာလာနံ အစ အသောကံ ဝိရဇံခေမံအဆုံး သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်တို့ကို၊ ကတွာန= သင်အံလေ့ကျက် ဆောင်ရွက်မှတ်သား သိသောအားဖြင့် တရားရှိတိုင်း ပြုကျင့်သောကြောင့်၊ (ဝါ) ပြုကျင့်သည်ရှိသော်၊ သဗ္ဗတ္ထ=မစ္စုမာရ်လျှင်ကြဉ်အပ်သော မာရ်လေးပါးတို့၌၊ အပရာဇိတာ=ရှုံးခြင်းသို့ မရောက်နိုင် အောင်နိုင်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍၊ သဗ္ဗတ္ထ= ခပ်သိမ်းကုန်သော ဣရိယာပုတ် ပစ္စုပ္ပန် တမလွန် ပြည့်နှက်ဥဿုံ အလုံးစုံသောလောက၌၊ သောတ္ထိံ = ဘေးရန်ကင်းကွာ လွန်ချမ်းသာခြင်းသို့၊ ဂစ္ဆန္တိ= ရောက်ကုန်၏၊ တံ= ထို သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော် ကို၊ တေသံ= ထိုလူနတ်တို့၏၊ ဥတ္တမံ= တမလွန်

http://www.dhammadownload.com



နောက်နှောင်း ဘဝဟောင်း၌သာ ကောင်းသောအကျိုး တိုးသည် ပွားသည်များသည် မဟုတ် ပစ္စုပ္ပန်တွင် ကျင့်လျှင်ကျင့်ချင်း ထင်လင်း မျက်မှောက် လက်ရောက်ကောင်းကျိုး တိုးဆဲပွားဆဲ များပြားဆဲ ဖြစ်၍ လွန်ကဲ ထူးမြတ် ချီးမွမ်းအပ်သော၊ မင်္ဂလံ= မင်္ဂလာမည်၏ ဟူ၍၊ တွံ= သင်နတ်သားသည်၊ ဂဏှာဟိ=ကလျာအာဒိ မဇ္ဈိမန္တ ကောဝလ သမ္ဗဒါန် သံသုဒ္ဓိဂိုဏ်း ငါဟောတိုင်းလျှင် ပိုင်းပိုင်းခြားခြား ကျင့်ပွား များရအောင် တရားမှုသေ မှတ်ယူလေတော့။

မင်္ဂလသုတ္တံ= လောကီလောကုတ္တရာ မင်္ဂလာစီးပွား ထင်ရှားဒိဋ္ဌ ကျင့်သူ၌ပြတတ်သော မင်္ဂလသုတ်ပရိတ်တော်သည်၊ နိဋ္ဌိတံ = အပြီး သို့ရောက်ပြီ"

" မင်းနှယ်... ဆွေးနွေးရတာ အာသာတောင် မပြေချင်သေး ဘူးကွာ၊ မင်္ဂလသုတ်ကို အစအဆုံး လေ့လာဘော့ မင်း ပြောခဲ့သလို ကလေးအရွယ်ကစပြီးလူကြီးအရွယ်အထိ မှတ်စရာ, သိစရာ, ကျင့် စရာ, ဆောင်စရာတွေပါပဲ၊ အထင်သေးလို့ မရဘူးနော်"

"အဲဒါကို ဆရာတော်ဘုရားကြီးရဲ့ အာသီသ လင်္ကာကို ကြားနာလျှင် အကုန်ပေါ်လာလိမ့်မယ်–

ဇဝံ– ကစ 'ဗဟူ' ကျအောင် မင်္ဂလသုတ် နိဒါန်းထုတ်၏။ သာမုက္ကံသိက ပုဒ်စဉ်ပြသော်၊ အ–ပ– ဗာ–မာ–ဒါ၊ အာ– ဂါ–ခန်–တ–ဖုဠ်၊ ဧ–ဆုံးဆယ့်တစ်ပုဒ် သုတ်မင်္ဂလ ပုဒ်တွင် ပြတိုင်း ကျင့်ကအမှန် ပစ္စုပ္ပန်က နိဗ္ဗာန်တိုင်အောင် ကောင်းကျိုး ဆောင်လိမ့်၊ ယောင်ယောင်မှားမှား အကောင်များက ထောင်လွှား မြင့်မောက် မချင့်ထောက်ဘဲ အောက်စာကလေး သေးနုပ်ဓိပ္ပာယ် သူငယ်တို့စာ ဆိုတတ်စွာ၏၊ ဒေသနာတော် ရှစ်သောင်းကျော်တွင် ပေါ်ပေါ်ထင်ထင် လျှင်လျှင်ဆောဆော လောကမွေ့ ဒိဋ္ဌမျက်ဝါး

http://www.dhammadownload.com



ကျေးရွာများ၏။ အခြားဒေသနှာ အခြားစာထက် ဦးစွာပထမ သင်ကြားရသား စာ့အဆီခဲ စာလက်စွဲပါဟု နက်နဲဉာဏ်မှာ သိတန်ပါ၏၊ မန္တာဒသက စသည်အသီးသီး ကြီးလေသင့်လေ ကျင့်လေ မြတ်လေ ဖွားသန္ဓေက သေတိုင်စောလတ် တောမသတ်ဘဲ လောကဓာတ်လုံး ဘဝဆုံးတိုင် အသုံးပြုတွက် လွန်စုံမက်၍ ကျက်သရေတန်ခိုး ဆင့်ဆင့်တိုးစိမ့် ကြိုး၍ လေ့လာစေကုန်သောဝ်"

"သာဓု... သာဓု... သာဓု"

သုခီ အတ္တာနံ ပရိဟရန္တု။

သုခ

http://www.dhammadownload.com



## 'အ သော ဝနာစ ဗာလာနံ'

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှီဝဲနှင့် ကင်းအောင်နေ
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ၊
ချမ်းသာကိုပေး ဆက်ဆံရေး–
မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

http://www.dhammadownload.com



'ပတိရူပ'

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ၊
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှုအထူးရှိပါစေ၊
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ၊
ဥစ္စာကိုပေး နေထိုင်ရေး...
မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

'ဗာဟုသစ္စ'

တတ်ကောင်းတတ်ရာ ဟူသမျှကို
ကြားမြင်သုတ ရှိပါစေ၊
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့
အသက်မွေးဖို့ အတတ်သင်လေ၊
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား နားလည်စေ၊
မှန်ကန်ယဉ်ကျေး ချိုသာအေး...
ဆိုရေးတတ်ပါစေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

http://www.dhammadownload.com



## ' မာတာပိတု '

မြင်းမိုရ်ရွှေတောင် မိဘကျေးကို
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ၊
ကြွေးသစ်ချကာ သားနှင့်မယား
မြောက်စားချီးမြှင့် ဝတ်ကုန်စေ၊
အလုပ်တာဝန် မလစ်ဟင်းနဲ့
အပြစ်ကင်းအောင် လုပ်ပါလေ၊
စည်းစိမ်ကိုပေး ပြုစုရေး–
မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

## 'ဒါနဥ'

သုံးတန်စေတနာ ဖြူစင်လန်းလို့
ပေးကမ်းဝေမျှ လှူနိုင်စေ၊
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့
သုစရိုက်တရားကို ကျင့်ပါလေ၊
ဆွေမျိုးတွေကို ပြင်ပမထားနဲ့
သင်္ဂဟတရားနှင့် ချီးမြှောက်လေ၊
သန့်စင်ပြစ်မျိုး လူထုအကျိုး–
သယ်ပိုး ရွက်ဆောင်လေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

http://www.dhammadownload.com



'အာရတိ ဝိရတိ'

မကောင်းမှုတွေ ဟူသမျှကို
မတွေ့ခင်က ရှောင်ကြဉ်လေ၊
တွေ့ကြုံလာလျှင် မလွန်ကျူးနှင့်၊
အထူးသဖြင့် စောင့်စည်းနေ၊
အရက်သေစာ မသောက်စားနဲ့
မှောက်မှားတတ်တဲ့ အရာပေ၊
လုပ်ကိုင်ပြောကြား သတိထား–
တရားမမေ့စေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

'ဂါရဝေါ စ'

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက
ဆည်းကပ်ခစား ရှိသေလေ၊
မာနတံခွန် ဂုဏ်မကြွနဲ့
ကိုယ့်ကိုနှိမ့်ချ အမြဲနေ၊
လောဘအပို လိုမလိုက်နဲ့
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ၊
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး–
အထူးသိတတ်စေ၊
ကောင်းကျိုးဆင့်ပွား မြတ်တရား–

http://www.dhammadownload.com



နာကြားမပြတ်ပေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

'ခန္တီစ'

ဝတ်စားနေထိုင် ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း သည်းခံလေ၊
ကျိုးကြောင်းပြည့်ဆုံ ဆုံးမစကားကို
ပြောကြားလာက နာလွယ်စေ၊
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို
မကြာခဏ တွေ့ဆုံလေ၊
သဘာဝတွေး မှန်ကန်ရေး–
ဆွေးနွေးမပြတ်ပေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

'တပေါစ'

လောကီအာရုံ ဓိမ်ယစ်မူးလို့
ပျော်မကြူးနဲ့ ခြိုးခြံလေ၊
မေတ္တာဖြဟွစိုင် လက်ကိုင်သုံးလို့
သူမြတ်ကျင့်သုံး ယှဉ်းမသွေ၊
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင် ကြိုးစားလေ၊

http://www.dhammadownload.com



ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချင်း–
အလင်းပေါက်နိုင်စေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

'ဗုဒ္ဓသဿ'

ဆင်းရဲချမ်းသာ သဘာဝ
တွေ့ကြုံနေကြ လူတိုင်းပေ၊
ကောင်းဆိုးနှစ်တန် အစုံတွဲလို့
တလဲစီလှဲ့ အမြဲနေ၊
လောကဓံကြုံ မဖြုံတမ်းပေါ့
မတုန်စမ်းနဲ့ စိတ်ခိုင်စေ၊
သောကကိုထိန်း ရမွက်သိမ်း–
အေးငြိမ်းချမ်းသာနေ၊
အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာ့မင်္ဂလာတွေ။

'မင်္ဂလာ၏အကျိုး'

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံး ပန်သူတွေ၊
စီးပွားချမ်းသာ ကျက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့် တဝေဝေ၊
ဘေးကင်းရန်ကွာ ချစ်သူပေါလို့
စိတ်ရောကိုယ်ရော ချမ်းသာမလေ၊

http://www.dhammadownload.com



ပြောဆိုကြဲဆ ဆောင်သမျှ–
အောင်ရမည့်ကိန်းသော၊
အဲဒါကြောင့် ပန်ကြ ဆင်ကြ
'မင်္ဂလာ့ပန်းခိုင်' တွေ။

'နိဂုံးကဗျာ'

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့
ပျက်ပြားနေကြ ကမ္ဘာမြေ၊
ဟိုတိုင်း ဒီပြည် ရန်စစ်ခင်းလို့
လူနှင့်လူချင်း သတ်ကာနေ၊
ငြိမ်းချမ်းပါစေ အာသီသနဲ့
စွမ်းနိုင်ရာက ကူညီသလေ၊
သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား–
ရေးသားဖြန့်ကာဝေ၊
အဖိုးတန်တဲ့ 'ဗုဒ္ဓဝါဒ' ကမ္ဘာက သိပါစေ။

ဒဂုန်ဦးထွန်းမြင့်

http://www.dhammadownload.com

# မင်္ဂလသုတ် ပါဠိတော်

ယံမင်္ဂလံဒွါဒသဟိ၊ စိန္တယိံသု သ ဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံ သဉ္စ မင်္ဂလံ။ ။
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။ ။
ဧဝံ မေ သုတံ–
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။
ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။ ။
အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

http://www.dhammadownload.com



ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
အာရတိ ဝိရတိ ပါပါ။ မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။
ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။ ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com

## ဦးဆန်းထွန်း — အကောင်းဆုံးလူ

| | | |
|---|---|---|
| ၁။ | လူမိုက်ကိုကြဉ် | အ သေဝနာစ ဗာလာနံ |
| ၂။ | ပညာရှိပေါင်း | ပဏ္ဍိတာနဉ္စ သေဝနာ |
| ၃။ | ပူဇော်ကောင်းပူဇော် | ပူဇာစ ပူဇနေယျာနံ |
| ၄။ | လျော်ရာမှီတင်း | ပတိရူပ ဒေသဝါသောစ |
| ၅။ | ကံရင်းမချို့ | ပုဗ္ဗေစ ကတပုညတာ |
| ၆။ | ကိုယ့်ကိုယ်မှတင် | အတ္တသမ္မာပဏိဓိစ |
| ၇။ | ကြားမြင်များစွ | ဗာဟုသစ္စဉ္စ |
| ၈။ | သိပ္ပလက်စွမ်း | သိပ္ပဉ္စ |
| ၉။ | စည်းကမ်းမဖောင်း | ဝိနယောစ သုသိက္ခိတော |
| ၁၀။ | စကားကောင်းဟ | သုဘာသိတာစ ယာဝါစာ |
| ၁၁။ | မိဘလုပ်ကျွေး | မာတာပိတု ဥပဋ္ဌာနံ |
| ၁၂။ | မွေးမြူသားမယား | ပုတ္တဒါရဿ သင်္ဂဟော |
| ၁၃။ | လုပ်အားပြီးပိုင် | အနာကုလာစ ကမ္မန္တာ |
| ၁၄။ | နိုင်သောဒါန | ဒါနဉ္စ |
| ၁၅။ | ဓမ္မကျင့်ရိုး | ဓမ္မစရိယာစ |
| ၁၆။ | ဆွေမျိုးသင်္ဂြိုဟ် | ဉာတကာနဉ္စ သင်္ဂဟော |
| ၁၇။ | ကုသိုလ်မျိုးမျိုး | အနာဝဇ္ဇာနိ ကမ္မာနိ |
| ၁၈။ | စိတ်ဆိုးပ,ထုတ် | အာရတီ |
| ၁၉။ | ကိုယ်နှုတ်မကျူး | ဝိရတီပါပါ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၂၀။ | မှူးယစ်ရှောင်ရှား | မဇ္ဇပါနာစ သံယမော |
| ၂၁။ | တရားမယို | အပ္ပမာဒေါစ ဓမ္မေသု |
| ၂၂။ | ရိုသေလေးစား | ဂါရဝေါစ |
| ၂၃။ | ဝပ်ပြားနှိမ့်ချ | နိဝါတောစ |
| ၂၄။ | ရ,ရာကြည်နူး | သန္တုဋ္ဌီစ |
| ၂၅။ | ကျေးဇူးမမေ့ | ကတညုတာ |
| ၂၆။ | နာလေ့တရား | ကာလေန ဓမ္မဿဝနံ |
| ၂၇။ | စော်ကားသည်းခံ | ခန္တီစ |
| ၂၈။ | ဝန့်မပန်း | သောဝစဿတာ |
| ၂၉။ | ရဟန်းဖူးမြော် | သမဏာနဉ္စ ဒဿနံ |
| ၃၀။ | ခါလျော်ဆွေးနွေး | ကာလေန ဓမ္မသာကစ္ဆာ |
| ၃၁။ | ဆေးလေးခြိုးခြံ | တပေါစ |
| ၃၂။ | ဗြဟ္မ*စရိယ ) | ဗြဟ္မစရိယဉ္စ |
| | မဂ်လမ်းစဥ် ) | |
| ၃၃။ | အရိယသစ္စာ ) | အရိယသစ္စာနဒဿနံ |
| | မြင်လာလေးမဂ် ) | |
| ၃၄။ | လေးချက်သောဖိုလ် ) | နိဗ္ဗာနသစ္ဆိကိရိယာစ |
| | ဝင်ခိုနိဗ္ဗာန် ) | |
| ၃၅။ | အရဟန်ခေါင်ဖျား ) | |
| | ဘုရားပစ္စေကဗုဒ္ဓါ ) | |
| | ရဟန္တာအား ) | |
| | ရှစ်ဖြာလောကဓံ ) | ဖုဋ္ဌဿ လောကဓမ္မေဟိ |
| | ဝိုင်းအုံရုံလည်း ) | စိတ္တံ ယဿ န ကမ္ပတိ |

* ရိုညွတ်ကျိုးနွံ၊ ဆုံးမခံလျက်၊ အမြဲဗြဟ္မာမှာ။ ပါရမီခန်း။

(B)

http://www.dhammadownload.com



ခံနိုင်ကြွံကြွံ )
တုံ့တုံ့မတုန့် )
မခုန်သည့်စိတ် )
၃၆။ မထိတ်စိုးပူ အသောက်
၃၇။ မြူမကပ်လီမ်း ဝိရဇံ
၃၈။ ငြိမ်းချမ်းအေးကွာ ခေမံ
ဘယ်ဂါထာက
မင်္ဂလာပေါင်းရုံး
တကြောင်းချုံးသော်
အကောင်းဆုံးလူ
အဖြူဆုံးနတ်
အမြတ်ဆုံးဗြဟ္မာ
နတ်ရွာနိဗ္ဗာန်
ရောက်ကြောင်းမှန်သား
ကျင့်ရန်ကိုးသွယ်
အနှုန်းခြယ်သော
သုံးဆယ်ကျော်သာ
ရွှဲဆင်ပါက
ရန်ဘယာအလုံး
ငြိုင်လာရှုံးသည့်
ပျက်ဆုံးကြွေပျောက်ကင်းကွာသောဝ် . . . ။ ။

ဦးဆန်းထွန်း